www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သခင်မတင်

# ဘဝသက်တာ

၁၉၅၆-ခု

သီဟရတနာ-စာပုံနှိပ်တိုက်

၁၃၆-ဘိဂင်းဒက်လမ်း

ရန်ကုန်မြို့

★

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ။ပဏာမ။

နှိုင်းယှဉ်မရ အတုလဘဂဝါ စောတွင့်ချာနှင့် ကိုးပါးသောလောကုတ္တရာတရားတို့ကို၎င်းလဇ္ဇီပေသလသိက္ခာကာမ ဖြစ်တော်မူသော သံဃာတော် အရှင်မြတ်တို့ကို၎င်း၊ ကြည်ညိုဆွသဒ္ဒါရှိခိုးပါ၏။

ငယ်စဉ်ကစ ယနေ့ကျအောင် သွန်သင်ဆုံးမ ဩဝါဒပေးလေ့ရှိသော အနန္တဂုဏ်ဝင် ကျေးဇူးရှင် မိဘများအား၎င်း ဂန္ထန္တရ၊ ဘာသန္တရ၊ စသည်စေ့ငှ သုတမျိုးစုံ ပညာရိပ်မြုံတို့ကို သွန်သင်ပြသတော်မူသော ကျေးဇူးရှင် ဆရာအပေါင်းတို့ကို၎င်း ရိုသေစွာရှိခိုးပါ၏။

လူမှုရေးရာ၊ ခက်ခဲစွာသား လူ့ပြဿနာ၊ လူပုဂ္ဂိုလ်ကို၊ သေချာစေ့ငု၊ နည်းစုံရှု၍၊ ခက်ခဲမှုမှန်သမျှ ကင်းစင်ကြစေရန်၊ ရည်သန်ရိုးရင်း၊ နှလုံးသွင်းလျက်၊ လူ့ဘာဝဟု မည်ရသမုတ်၊ ဤစာအုပ်ကို၊ ရေးထုတ် စီရင် ပါအံ့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

ဤကျမ်းပြုသူသည်သခင်အမည်ခံ နိုင်ငံရေးသွားဘဝ ဗိုလ်အမည်ခံ စစ်သားဘဝ၊ ဦးအမည်ရ ကုန်သည်ကြီး ဘဝ ဟူသောအားဖြင့် သုံးဘဝပြောင်းခဲ့ပေပြီ။ ကျမ်းပြုသော ခေတ်မှာလည်း အင်္ဂလိပ်စိုးစံသောခေတ်၊ ဂျပန်စိုးစံသောခေတ်၊ ဗမာ စိုးစံ သောခေတ် ဟူ၍ သုံးခေတ် ပြောင်းခဲ့လေပြီ။

သို့ပါသော် ဤကျမ်းသည် ယခုခေတ်တွင်လည်း မရိုး နောင်ခေတ် များတွင်လည်းမဆိုး၊ ယခုဘဝတွင်လည်း အသုံးတန့်၊ နောင်ဘဝတွင်လည်း အကျိုးမှန်မည့်ကျမ်း ဖြစ်ပေသည်။

အဘယ်ကြောင့်နည်း......။

ဤကျမ်းတွင်ပါရှိသော အကြောင်းချက် များသည် "လူ့ဘဝ" တွင် လူပြီပြီနေထိုင်သွားနိုင်အောင် ဖြောင့်မတ် စင်ကြယ် လွယ်ကူသော နည်းလမ်းကောင်းများကို ညွှန်ပြထားပေသည်။ ထိုမျှမဟုတ်တုံ့ နောင်သံသရာ ဖြစ်လေရာ ဘဝတွင်ဘာသာအခြားခြား၊ တရားအရပ်ရပ်၊ ချမှတ်သည့်အတိုင်း လူဖြစ်မှုလည်း လူ့တကာထက်မြတ်သော "လူ့ဘဝ" နတ်ဖြစ်မှုလည်း နတ်တကာထက်မြတ်သော နတ်ဘဝ၊ ဗြဟ္မာဖြစ်မှုလည်း ဗြဟ္မာတကာထက်မြတ်သောဗြဟ္မာ့ဘဝကိုရရှိစေပြီးလျှင် "ငြိမ်းချမ်းရေးဘုံ

www.burmeseclassic.com

ဗိမာန် ” သို့အမှန်ရောက်နိုင်အောင် ဖြောင့်မတ်စင်ကြယ် လွယ်ကူသော နည်းလမ်းကောင်းများကို ညွှန်ပြထား ပေးသေးသည်။

ထို့ပြင်အထက်ပါနည်းလမ်းကောင်းများကို ညွှန်ပြရာ၌ အနောက်နိုင်ငံ ပညာရှိတို့၏ ဆိုးမစကား အဆုံးအမ၊ အရှေ့နိုင်ငံပညာရှိများ၏ ဩဝါဒအစုံစုံတို့ကို အင်္ဂလိပ်စာပေ၊ သက္ကတစာပေ ပါဠိစာပေ၊ မြန်မာအနုစာပေများမှ အထောက်အထား အကိုးအကား ကောက်နှုတ်ချက်များနှင့်တန်ဆာဆင်၍ရှင်းလင်းလွယ်ကူသောစကားဖြင့် ဝေဆာစွာ ရေးသားထားပေသည်။

ဤသို့ဝေဆာစွာရေးသားထားသောကြောင့် ကျမ်းပြုသူကရိုးသားစွာ “ လော့ဆဲပါမြို့ဒို့ရေး စာအုပ်ကိုမှီငြမ်းပြုသည် ” ဟုဝန်မခံခဲ့ပါမူ စာဘတ်သူတိုင်းပင် ကျမ်းပြုသူ၏ ပင်ကိုယ်ဉာဏ်တွက် လက်ရာ ဖြစ်ပေသည်ဟု ရုတ်ချည်းဆိုကြပေလိမ့်မည်။

ယခုအခါ စကားကြောင့်တရားကွယ် ပရိယာယ်နှင့် ကုန်ကိုရောင်း၊ မင်းနှင့်ပေါင်းပြီး လူတတ်လုပ်၊ ဆင်ဖြူမိကြံစုတ်သောခေတ်တွင် မှန်မြတ်သောပညာကို ရိုးသားစွာ ဖေါ်ထုတ်သူအား သဒြေပန်းနှင့် လက်လှမ်းကြို၍ဆိုသင့်ပေသတည်း။

မောင်ကျော်ရင်
ကထိက
ရန်ကုန်တက္ကသိုလ်

ဂျာနယ်ကျော် မမလေး အမှာ

မှတ်စရာ၊ သိစရာ၊ ဆင်ခြင်စရာ၊ တွေးတောစရာ၊ ဥပမာ၊ ဥပမေယျ တို့ဖြင့် စကားပြောတတ်သော သခင်ဗတင်နှင့်၊ ဂျပန်ခေတ်ကစ၍ သိကျွမ်းရသည်။

ကျမမှာ သူစကားပြောနေစဉ် ငေး၍နားထောင်နေရသည်၊ ပြောနေသော အကြောင်းအရာတွေနှင့် စပ်လျဉ်းတိုင်း ဥပမာ ခိုင်းကာနှိုင်းကာ ပြောလေရာ၊ ဥပမာကြွယ်ဝလွန်းသဖြင့်၊ သူ့တွင် လူ့လောကနှင့် ပတ်သက်၍ သိမှတ်ဆည်းပူးထားသော အတွေ့အကြုံ ဗဟုသုတများ အတော်စုံရမည် ဟု မှတ်ထင်ထားလိုက်သည်။

သူသည် နိုင်ငံရေးသမားလည်းဖြစ်ခဲ့သည်၊ စစ်သားလည်းဖြစ်ခဲ့သည်၊ကုန်သန်းရောင်းဝယ်ရေးကုန်သည်ကြီးလည်းဖြစ်နေသည်၊ နိုင်ငံရေးလောက၊ စစ်သားလောက၊ ကုန်သည်လောကတို့သို့ မရောက်မီ လွန်ခဲ့သော အနှစ် ၂၀ ခန့်က ဤစာအုပ်ကို ရေးသား ပြုစုခဲ့လေသည်။

နိုင်ငံရေးသမားမဖြစ်မီ စစ်သားမဖြစ်မီ ကုန်သည်မဖြစ်မီ၊ လူငယ်လူရွယ် ဘဝဖြင့် ရေးသားပြုစုခဲ့သော စာတအုပ် ကျမ်းတစောင်ဖြစ်ခဲ့၏။ သူ့ဘဝသတ်တ

www.burmeseclassic.com



အဘိုဌ်လည်း ပြောစမှတ်ဖြစ်လောက်သည့် ထူးခြားချက်တရပ်ဖြစ်လေသည်။

ဤဘဝသက်တာ စာအုပ်မှာ၊ နိုင်ငံရေးသမားများ၊ စစ်သားများ၊ ကုန်သည်များစသည့် သူကျင်လည်ခဲ့သော ဘဝကဏ္ဍမှ လူတန်းစားတွေပါအပါအဝင်၊ ဟျောင်းသားကျောင်းသူ လူငယ်လူရွယ်လောက၊ အလုပ်သမားလောက၊ လူလောက လူ့ဘဝအထွေထွေ၊ လူတန်းစားအသီးသီး၊ လူတိုင်းနှင့်သက်ဆိုင်နေသော၊ လူ့ဘဝကို အကျိုးပြုသောစာတအုပ်ကျမ်းတအုပ်ဖြစ်နေလေသည်။

ကျမထံသို့ ပုံနှိပ်ရန် သူ၏စာမူမိုင်ကြီးကို လာပို့သောအခါ နှစ်ကာလကြာမြင့်နေ၍ အချို့စာရွက်များမှာ ဆွေးမြေ့ရုပ်ပြတ်လျက်ဘတ်၍ပင်မရတော့ချေ။

ဤစာမူကြီးကိုရေးသားပြုစုပြီးဆုံးသည့်နောက်၊ စာမူတွဲကြီးမှာ၊ အစ ရှာမတွေ့အောင် ပျောက်ဆုံးသွားသဖြင့် စာရေးသူကိုယ်တိုင်က မီးလောင်စဉ်က မီးထဲပါသွားပြီဟုမှတ်ယူကာနှစ်အတန်ကြာမျှမေ့ပျောက်ထားလေ၏။

လွန်ခဲ့သည့် သုံးလေးနှစ်ကမှ ဤစာမူတွဲကြီးမှာအင်္ဂလိပ်ခေတ်က မီးလောင်သည့် အထဲမပါဘဲ၊ မိတ်ဆွေတဦးလက်မှ တဦးလက်သို့ ပြောင်းရောက်နေကာ၊ နောက်ဆုံး မိတ်ဆွေတဦးအိမ်တွင် ရှိနေကြောင်းကြားသိရ၍ သွားရောက်သိမ်းယူသာရလေ၏။

ပျောက်ဆုံးပျက်စီးသွားပြီဟု မှတ်ထင် ယူဆထားသော စာမူမိုင်ကြီးလက်ဝယ်သို့ ပြန်ရသည့်အခါတွင်၊ လွန်ခဲ့သောအနှစ် ၂၀-ခန့်က လူငယ်ဘဝဖြင့် ပြုစုရေးသားခဲ့ရခြင်းဖြစ်၍ ငယ်ရွယ်စဉ်က လက်ရာကလေးကို နှစ်လိုမြတ်နိုး ခင်တွယ်ခြင်းလည်းတကြောင်း၊ လူ့ဘဝကြီးတွင် လူလုပ်ကြမည့် လူတွေအတွက် လူကောင်းသူကောင်းဖြစ်ရန် အကျိုးပြုရာ ညွှန်ပြသော နည်းလမ်းကောင်းများစုံလင်စွာ ပါရှိ၍လည်းတကြောင်း၊ စာမူမိုင်ကြီး အလဟဿ မဖြစ်စေဘဲ စာအုပ်တအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေရန် ဆန္ဒဖြစ်ပေါ်ကာ ကျမထံသို့ ရိုက်နှိပ်ပေးရန် လာအပ်လေသည်။

ကျမမှာ၊ ပုံမနှိပ်ခင်စာမိုင်ကြီးကို ဝိတ်ဝင်စားစွာ အစအဆုံးဖတ်ရှုကြည့်လေသည်၊ သခင်ဗတင်နှင့် သိစကျွမ်းစက "အတော်စကားပြောကောင်းတဲ့ ပုဂ္ဂိုလ်ဘဲ" ဟု ထူးထူးခြားခြားအမှတ်ထားခဲ့သူဖြစ်၍ သူ့လက်ရာကို ဖတ်ရှုနေစဉ်အတွင်း "ဒါကြောင့်သဲစကားပြောကောင်းတာဘဲ" ဟုထပ်၍ ဆင့်လောင်းကာမှတ်ချက် ချမိလေသည်။

ဤစာအုပ်တွင်၊ လူ့ကျင့်ဝတ် အဖြာဖြာများအနက် လူလူချင်းမာနမထောင်လွှားရန် လောဘ မတက်ကြွရန်၊ ဒေါသမထားရန် နည်းနိသျှစုံလင်စွာဖြင့် ညွှန်ပြမြစ်တားထားကာ၊ လူလူချင်း မေတ္တာထားရန်၊ တရားလမ်းကြောင်းမဖောင်းမယွင်းစေရန်မပြတ်ပြုလုပ် လုံးလထုတ်နေစေရန် ညွှန်ပြသော အချက်အလက်များမှာ၊ များစွာမှတ်သားထိုက်လှပေ၏။

www.burmeseclassic.com

## အမှာ

လူဖြစ်၍ လူ့ဘဝသက်တာတွင်၊ လူစဥ့်မှီမှီနေပိုင်နိုင်ခွင့်ရဲဘို့မှာ အလွန်အရေးကြီးလေသည်၊ လူဖြစ်ရလျက် လူစဥ့်မမှီလူမပြီခြင်းမှာအလွန်ပင်အဖြစ်နာလှပေသည်။

ဘဝသက်တာတွင် မှတ်အပ်၊ သိအပ်၊ ဆင်ခြင်အပ်သည့်အချက်အလက်များကိုအကိုးအကားများနှင့်အဖက်ဖက်မှ စုံလင်စွာစုဆောင်းရေးသားထား၍ ဖတ်မိသူတိုင်းအကျိုးရှိစေမည့် အပြင် မိမိတို့ သက်တာတွင်၊ ဘဝအရသာကို အောင်မြင်စွာ ခံစား စံစားနိုင်လိမ့်မည်ဖြစ်ပေသတည်း။

ဂျာနယ်ကျော် မမလေး

★

## နိဒါန်း

မြန်မာပြည်၏စာပေခေတ်ကိုပြန်ပြောင်း၍ကြည့်သျှင် ပင်းယခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင် ခေတ်တို့တွင် ဘုန်းတော်ဘွဲ့ စစ်နိုင်မော်ကွန်း၊ နန်းတွင်း အဖြစ်အပျက်များ တမ်းချင်းများ၊ မှာတော်ပုံများကိုတွေ့ခဲ့ရလေပြီ။

နတ်ရှင်နောင်ခေတ်၊ နဝဒေးခေတ်၊ ဦးပုညခေတ်၊ အချုပ်တန်းဆရာဘေခေတ်မှ သည် ယနေ့ တိုင်အောင် ဆရာမှိုင်းခေတ်၊ ဒီမိုးနင်း ခေတ်သို့ ပြောင်းလဲ လာခဲ့လေရာ၊ ခေတ်နှင့်လျော်စွာစာပေတို့မှာလည်း တမျိုးတဖုံဖြစ်လာတော့သဖြင့် အနောက်နိုင်ငံစာပေများမှ ဘာသာပြန် ဆိုချက်များ ကောက်နုတ်ချက်များဖြင့် တိုင်းပြည်၏ ပညာရေး စီးပွားရေး ပေါင်းသင်း ဆက်ဆံရေး တို့ကို တည်ထွင်ရေးသားသော ဘာသာပြန်ခေတ်၊ တိုင်းပြုပြည်ပြု စာစောင်များခေတ်သို့ ရောက်ခဲ့လေပြီ။

ဘောဂဗေဒ၊ ရုက္ခဗေဒ၊ ပထဝီဗေဒ၊ စသော လောကီကြီးပွားမှုအတွက် ပညာရပ်များမှာ များသောအားဖြင့် အနောက် နိုင်ငံ စာပေတို့ ရှိသဖြင့် ၎င်းတို့မှာဘာသာ



www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

ပြန်ဆိုချက် ကောက်နုတ်ချက်များ မင်္ဂလာ အလျှင်အမြန် ပြေးသွား နေသော စက်ခေတ်၊ ဓါတ်ခေတ် ကြီးတွင် ထွန်းကားကြီးပွားလျက်ရှိသော နိုင်ငံများနှင့် ရင်ဘောင်တန်းလိုက်နိုင်ရန်အတွက်ပင် ခဲယဉ်းနေသည်ကို တွေ့ရှိရသဖြင့် ရှေးခေတ်မြန်မာစာပေ အညွန့်အဖူးတို့နှင့်တကွ အနောက်နိုင်ငံ စာပေ အဆီ အနှစ် အရသာ တို့ကို တတ်အားသမျှ ကြိုးကုတ်ရှာဖွေ၍ စီစဉ်ရေးသားပါသတည်း။

အထူးသဖြင့် Lord Avebury ရေးသော Use of Life ခေါ် စာအုပ်ကိုမှီငြမ်းပြု၍ ရေးသားထားသဖြင့် ခေတ်မှီစာစောင်တခုဖြစ်လျက် အမျိုးသားအမျိုးသမီးများအတွက် မိမိတို့၏သက်တန်းတွင် အနှောက်အယှက်မရှိ ပကတိသန့်ရှင်းသော ဘဝခရီးဖြင့် ဖြောင့်ဖြောင့်ကြီး သွားလာနိုင်လိမ့်မည်ဟု အထူးယုံကြည်မိပါကြောင်း။

သံတွဲမြို့ — ။ဘတင်

ဘီတင်းကျွတ်ဆွန်း ၁၃ ရက်။

★

# မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| (၁) | နေမှုထိုင်မှု | ၁ |
| (၂) | နေထားတကျစီမံခြင်း။ | ၁၆ |
| (၃) | ပညာရေး | ၃၂ |
| (၄) | ငွေရေးကြေးရေး | ၆၈ |
| (၅) | လုလ္လဝိရိယ | [illegible]၆ |
| (၆) | အဖျက်တရား | ၁၀၆ |
| (၇) | ကျန်းမာမှု | [illegible] |
| (၈) | ပေါင်းသင်းဆက်ဆံရေး | ၁၅၁ |
| (၉) | ခေတ်ဝါဒ | ၁၇၅ |
| (၁၀) | လူတို့တာဝန် | ၁၈၃ |
| (၁၁) | လောကနိဗ္ဗာန် | [illegible]၀၃ |

www.burmeseclassic.com

အခန်း(၁)

## နေမှု ထိုင်မှု။

လူ့ဘဝတွင်၊ လူမှုရေးရာသည်၊ များစွာအရေးကြီးပေ၏။ ဘယ်ပုံနေ၍ဘယ်ပုံထိုင်ရမည်ကို သေချာစွာသိရန်လိုပေသည်၊ လူမှာ ပေါင်းသင်း ဆက်ဆံတတ်သောသတ္တဝါဖြစ်သဖြင့်၊ အပေါင်းအသင်းနှင့်ကွေကွင်း၍မနေကြကုန်၊ ထိုသို့အပေါင်းအသင်းနှင့် နေရမည်ဟုလောကစဉ်လာ ဓမ္မတာထုံးနည်းရှိရကား၊ အပေါင်းအသင်းစိစစ်ရွေးချယ်ကြရသည်။

ပေါင်းထိုက်သောမိတ်ဆွေ၊ပေါင်းထိုက်သောမယားများရှိသကဲ့သို့ပင်၊ မပေါင်းသင်းထိုက်သော မိတ်ဆွေ၊ မပေါင်းသင်းဘဲ ဝေးစွာခွဲ၍ နေထိုက်သော မယားတို့လည်းရှိပေသေး၏။ ဆည်းကပ်အပ်သော ဆရာ၊ မဆည်းကပ် အပ်သော ဆရာ၊ ထောက်ပံ့ သင့်သော တပည့်၊မကျွေးမွေးမထောက်ပံ့သင့်သော တပည့်ဟူ၍အများအပြားရှိကြရပေမည်။

မိတ်ဆွေကောင်းတို့၏ လက္ခဏာ၊ ခင်ပွန်းယုတ်တို့၏လက္ခဏာ၊ ဆရာဝတ်တပည့်ဝတ်စသည်တို့မှာ၊ ထော



www.burmeseclassic.com

www.burmeseclassic.com



ကိကျမ်းဂန်၌အကျယ်ပြပြီးဖြစ်၍ ဤတွင်မရေးတော့ပြီ။ မိမိနှင့်ပေါင်းသင်းသူဘို့မှာရင်းတို့၏ ကိုယ်ကျိုးကိုသာ ရှေ့ရှုသည်ဖြစ်၍၊ တဖက်သားအတွက် ငဲ့ကွက် ညှာတာခြင်း၊ အလျှော့မရှိခြင်း၊ ချမ်းသာလျှင်အတူ၊ဆင်းရဲလျှင်တခြား၊ အေးအတူပူအမျှ သဘောမထားမူ၍ ဘေး ရောက်သောအခါ မိမိ၌အကျိုးထူးမမြင်သောအခါ၊ စွန့်ခွါတတ်သော သဘောရှိသူများကို စေ့စွာရှောင်ကြဉ်ရမည်ဖြစ်၏။

ထိုသို့သဘောယုတ်ရှိသူများမှာ၊ အဆွေခင်ပွန်းတို့၏ အကျိုးလိုယောင် လှည့်ပတ်ဖျားယောင်းလျက်၊ ကိုယ်ကျိုးရှာသောလူမသမာများဖြစ်ကြ၏၊

ပွက်ဆိုမုသား၊ နှုတ်သံပျားသို့၊ စီးပွားလိုယောင်၊ ရှာဆောင်လျက်၊ မှားအောင်ပြစ်ရှာ၊ ကြံတတ်စွာသား၊ မေတ္တာချိုးနှိုး၊ လူ့ခွေးမြီးနှင့်၊ တသီးမခြား၊တပါးပြည်ရွာ၊မရှောင်သာ၍၊ မကွာပေါင်းဖေါ်၊ပြုရသော်လည်း၊ အပေါ်ကားသွေ၊ အထဲကြည့်၍၊ စိတ်လျှင်နှိမ့်ချ၊ အခါဆ၍ ကာလအလိုက်၊ သူ့အကြိုက်ကို၊ စရိုက်ညီတွေ့ ကျင့်တတ်စေ။

ဂမ္ဘီသာရပျို-ရှင်မဟာရဋ္ဌသာရ

မိတ်ဆွေတုများမှာ၊ အတွင်းဝင်ပြင်ထွက် ပေါင်းသင်းဆက်ဆံ၍၊ အတွင်းရေးတို့ကိုလည်းအသိပေးခြင်းခံရသဖြင့်၊ တကယ်တမ်းအကျိုးမဲ့ကိုပြုစေမည်ဆိုလျှင်၊



မိမိအတွင်းရေးကိစ္စ အပြုအမူတို့ကို မသိသောရန်သူများထက်ဆိုးရွားနိုင်ပေသည်၊ ဤကိုရည်၍မိတ်ဆွေတုသည် ရန်သူတက်ဆိုးဝါး၏၊ ဟူသောစကားပုံကို တည်တွင်ခဲ့ကြလေသည်။

လူတို့သည် အသက်ရှည်စဉ်ပြုလုပ်ရမည့် ဝတ္တရားကားများပြားလှပေ၏။

Lite is short, art is long, opportunity fleeting, expeiment uncertain, and judgement diffieult

Hippocraies

ဟစ်ပိုကရေတီးဆိုသူ ပညာရှိကြီး တဦးက၊ ၎င်း၏ ဗေသဇ္ဇကထာတွင်'အသက်သည့်တိုတောင်း၏၊သုခုမအတတ်ကားရှည်လျား၏၊အခါကောင်းအခွင့်ကားလျင်မြန်စွာပြေးသွားတော့၏၊စုံစမ်းခြင်းကားမသေချာ၊ ဝေဘန်ဆုံးဖြတ်ခြင်းကား၊ခက်ခဲလှ၏' ဟုဆိုထားလေသည်။

သက်တမ်းတွင် ပျော်ရွှင်မှု အောင်မြင်မှု တို့သည်၊ ကျွန်ုပ်တို့ အဖြစ်အပျက်ပေါ်၌တည်သည်မဟုတ်၊ ကျွန်ုပ်တို့ကိုယ်တိုင် ပေါ်တွင်သာတည်ရှိပေ၏။ "ဘယ်သူမ ပြုမိမိမှုဆိုသကဲ့သို့ လူများမှာသူတပါး ဖျက်ဆီးသည့်အတက်၊ ကိုယ့်ကိုကိုယ်ဖျက်၍ပိုမိုပျက်စီး ကြရ လေပြီ၊ ဆိုးမဲများမြို့ကြီးများမှာ၊ လေပြင်းမုန်တိုင်းမြေငလျင်များထက် လူတို့လက်ဖြင့်၊ ဖျက်ဆီးသည်က များပေသေး၏၊ သရက်သီးကိုဖျက်သည်ကား၊ ၎င်း အတွင်း၌ရှိသရက်

www.burmeseclassic.com

www.burmeseclassic.com



ပိုး၊ လှုကိုရောဂါရစေသည်ကား၊ ဝမ်းတွင်းရှိ ပိုးမျိုး (၁၀ ဖြစ်၏။

ပျက်စီးခြင်းကား ၂ မျိုး ၂ စားရှိ၏၊ အချိန်ကပျက်ခြင်း လူကပျက်ခြင်း တို့ပင်တည်း၊ အပျက်တကာ တို့တွင် လူကြောင့်ဖြစ်သော အပျက်သည်အဆိုးဝါးဆုံး ဖြစ်၍ ထို့အပြင် လူ၏ အဆိုးဝါးဆုံးသောရန်သူသည်၊ ၎င်း၏ အတွင်းစိတ် ‐ င်ဖြစ်ပေ၏။

ကျွန်ုပ်တို့သည်၊ မိမိတို့ကိုယ်ကိုပတ်ဝန်းကျင်နှင့်သင့် တင့်အောင်ပြုပြင်ရပေမည်၊ ပတ်ဝန်းကျင်ကိုမိမိနှင့်သင့် တင့်ညီညွတ်အောင်ပြုပြင်ရန်မလိုပေ။

လူတို့မှာမိဘဆွေမျိုးမိတ်ဆွေစသည်တို့အပေါ်တွင်၊ မှီခိုနေသမျှ ကာလပတ်လုံး၊လူ့ရေးရာကို ခက်သည်ဟု မထင်မြင်မယူဆကြချေ၊သစ်ပင်ကိုနွယ်၍ကြီးရသောချုံ နွယ်များကဲ့သို့ဖြစ်၏၊ သစ်ပင်တည်းဟူသောမှီခိုရာလဲကျ မှသာလျှင်၊ နွယ်တည်းဟူသောသူတပါး နှာခေါင် ဖြင့် အသက်ရှူသူတို့မှာ၊ လည်ချောင်းအားကိုးရာမဲ့ ဖြစ် သဖြင့်၊ နေမှုထိုင်မှုဝတ်စားပျော်ပါးမှုစသောဘဝ၏ အ ခက်အခဲတို့ကိုနဖူးတွေ့ဒူးတွေ့တွေ့ရှိသောကြပေ၏။

လူမျိုး၊ အမျိုးဘဝထက်အိမ်ထောင်သည်အဖြစ်တမ်း ဆောင်ရသော တာဝန်သည်များစွာကြီးလေးဘိ၏၊ သား ရေး၊ သမီးရေး၊ မိဘရေး၊ယောက္ခမရေး၊ အိမ်နီးချင်း တို့၏အရေး၊ ဆွေမျိုးအရေး၊ တိုင်းပြည် အမျိုးသား အရေး၊ ရဟန်း၊ ပုဏ္ဏား၊ ဖုန်းတောင်း ယာစကာတို့၏



အရေး၊ အဆွေခင်ပွန်းဆရာတပည့်တပန်းတို့၏ အရေး သာသနာဘာသာ၊ ပညာအရေးစသည်ဖြင့် များမြောင် လှရကား၊

“ဃရာဝါသ၊သမ္ဗာဓောဟု၊ကိစ္စများမြောင်၊ လူတို့ဘောင် တွင်၊ အိမ်ထောင် သက်မွေး၊ ခြနွယ် မြေးသား၊ လူရေး ကျယ်စွ၊လူ့ကိစ္စ”ဟုဆိုစမှတ်ပြုကြ၏၊

လူတို့နေထိုင်ရာ အရပ်သည်လည်း၊ အရေးကြီး ပေ သေး၏၊ လောကီနှင့်သက်ဆိုင်သော အကျိုးစီးပွားမဖြစ် ထွန်းသော အရပ်၊ လောကုတ္တရာနှင့် သက်ဆိုင် သော အကျိုးတရားမပွားများသည့် အရပ်တို့တွင် နေ့ထိုင်ခြင်း ငှာမသင့်ကြပေ၊ အရောင်းကြီးအဝယ်ကြီး၊ ဆိပ်ကြီး ကမ်းကြီးရှိသောနေရာ၊ရထားလမ်း၊ကားလမ်းကျသော နေရာတို့တွင် နေထိုင်မှသာလျှင်၊အကြံအစည် အလုပ်အ ကိုင်ဖွံ့ဖြိုးလျက်ကြီးပွားနိုင်လေသည်၊ ကုန်းခေါင် ရာ အရပ်၊ လှည်းလမ်းဆုံးရာအရပ်၊ ထွက်ကုန်ဝင်ကုန်မရှိ သောအရပ်တို့တွင်သာနေထိုင်ပါမူ၊အလုပ်အကိုင်အကြံ အစည်တို့မှာ အောက်တန်းကျ၍ စိတ်ဆန္ဒဓာတ်တို့မှာ လည်း၊ဖွံ့ဖြိုးတွားကျိုင်းခြင်း မရှိတော့သဖြင့်၊ တဖြည်း ဖြည်းသေးသိမ်သွားရန် သာရှိတော့၏၊ စီးပွားရေးလမ်း ကိုမြင်စွမ်းနိုင်သော ပညာမျက်စိအမြင် တို့မှာလည်း၊ မှေးမှိန်ကျဉ်း မြောင်းလျက်အောက်ကျနောက်ကျဖြစ်ကာ ကြီးပွားရာ ကြီးပွားကြောင်း၊ နည်းကောင်း လမ်းမှန်တို့ ကို၊ မထင်မြင် မကြံစည်းစါးနိုင်တော့ဘဲနေမြဲ ထိုင်မြဲအတိုင်း၊

www.burmeseclassic.com

www.burmeseclassic.com



မိမွေးတိုင်း၊ ဘမွေးတိုင်း၊ လူရိုင်းတို့အလေ့အလာကဲ့သို့ မိမိတို့ဘဝကိုဆုံးရှုံးစေတော့၏။

တကမ္ဘာလုံးအရောင်းအဝယ်ညံ့ဖျင်းလျက် ရှိသောယခုခေတ်အခါတွင် လူတို့သည်၊ အသက်ရှင်မှု အတွက်သာ၍ပင်၊ အားသွန်ခွန်စိုက်လုံးပမ်းနေရသော သမယဖြစ်သဖြင့်၊ နေရာဌာနကိုရွေးချယ်ရန်၊ သာ၍ အရေးကြီးလေသည်၊ မြို့တမြို့ထဲတွင်ပင်အရောင်းအဝယ်သွက်လက်သောလမ်းမကြီးများ၊ ဈေးအနီးအနား တဝိုက်၊ ကားလမ်း၊ ရထားလမ်း၊ လှေလမ်းဆုံရာ အရပ်တို့ရှိ တိုက်တာအိမ်စသည်တို့မှာ၊ အရောင်းအဝယ်မကောင်းသောချောင်ကျသည့်အိမ်များထက်ငှားခ လေးငါးဆ ပိုပေးရသည်မှာ၊ ထင်ရှားသော၊ သာဓကဖြစ်ပေသည်၊ အရောင်းအဝယ်၏ အလယ်ချက်မဗဟိုတွင်၊ ဆိုင်ခန်းကလေးတခန်းရခြင်းဖြင့်၊ မကြာမီကြီးပွား တွန်းကားနိုင်သော်လည်း၊ မြို့ပြင်ဘက်ကျကျအိမ်ကြီးတအိမ်တွင် နေထိုင်ရခြင်းဖြင့်၊ မိုးခ ကာလစရိတ်ကြီးလေးရုံမှတပါး၊ အခြားကျေးဇူးမရှိနိုင်ပေ။

ထို့အပြင် မိမိ၏ အကျိုးကို လိုလားသူတို့နေရာသဘောထားမြင့်မြတ်၍ ကိုယ်အကျိုးသူ အကျိုးကို သိတတ်သူတို့နေရာတွင်၊ ရွေးချယ်၍ နေမှသာလျှင်၊ သူတော်ကောင်းတို့၏၊ အလေ့စရိုက်ကျင့်နည်းယူရခြင်းဖြင့်အကျိုးစီးပွားဖြစ်ထွန်းနိုင်လေသည်။ ထိုသို့သော နေရာများတွင် နေထိုင်စေလိုသော မြတ်စွာဘုရားသည်၊ ပဋိရူပဒေသ



ဝါသ တရားကို ဟောကြားတော်မူခဲ့၏။ ပဋိရူပဒေသဝါသ၊ ဆိုသည်မှာ၊ သင့်တင့်လျောက်ပတ်သော အရပ်ဒေသတို့၌၊ မှီ၍နေထိုင်ရခြင်းကိုဆိုလိုပေကြောင်း၊ ထိုသို့နေရာ၏ ပြည့်စုံခြင်းကိုပင်၊ ဒေသသမ္ပတ္တိဟူ၍၎င်း၊ ဌာနသမ္ပတ္တိဟူ၍၎င်း။ ခေါ်ဆိုအပ်လေသည်၊ မိမိနှင့်သင့်တင့်ညီညွတ်သော မိတ်ဆွေ သဟာယမရှိဘဲ၊ ရန်လိုမုန်းထားသောသူ၊ မိမိအပေါ်၌ မိစ္ဆာဝန်တို များသောသူတို့နေထိုင်ရာအရပ်၊ ရောဂါအန္တရာယ်ထူထပ်ပေါများသောအရပ်၊ သူတော်မဟုတ် လူယုတ်လူမိုက်တို့ နေထိုင်ရာအရပ်၊ တို့တွင်များစွာ ငြိုငြင်ရသည်ဖြစ်၍ မနေအပ်ကြပေ။

မဆိုးနှားနီးမဆိုး။ တံငါနားနီးတံငါ၊ ဆိုသကဲ့သို့ ပတ်ဝန်းကျင်တွင် ရှိသော သူတို့၏ မကောင်းသောအကျင့်စရိုက်ဆိုးတို့မှာမိမိ၏သန္တာန်သို့ကူးပြောင်းလာတတ်သဖြင့် ပုဗ္ဗပုဗ္ဗါန် သံသရာနှစ်ဖြာသော အကျိုးကိုယုတ်လျော့စေ၏။ ထို့ကြောင့်။ 'ခါးတောက်ဖြစ်ချက်ကိုက်ဘက်ကသရက်ပင်မင်းသီးချိုကင်း”ဟုပညာရှိတို့ စပ်ဆိုခဲ့လေသည်။

ထိုကဲ့သို့မကောင်းသောအရပ်၊ လောကီအစီးအပွား လောကုတ္တရာအစီးအပွားတို့ကို ဖြစ်စေခြင်းငှာ မတတ်နိုင်သော အရပ်ဆိုး တို့တွင် နေထိုင်ခြင်းငှာ မသင့်ကြောင်းကို စာတာကျမည်သော ဗြဟ္မဏာဆရာကြီးက။

www.burmeseclassic.com

www.burmeseclassic.com



"ကာမေသုသုဝါ၊ ဆိုးဝါးယုတ်ညံ့သော အရင်းအနှီးကို ဝိစကျွဆော၊ ပညာရှိတို့သည်။ဝိဝဇ္ဇယော၊ ဝေးစွာရှင်း၍ ဖယ်ကြွင်းရာ၏။ဟုမိန့်တော်မူပေ၏။

လူတို့သည် မိမိတို့ ကိုယ် ကို မိမိတို့ အချိန်နှိုးဖြစ် အောင်ပြုလုပ်ကြကုန်၏၊ မနာလိုစိတ်ကိုမွေးမြူခြင်း၊ မရှုး စမ်းဘဲဖြစ်များတတ်ခြင်း၊ ကိုယ်တို့ကိုသာ ကိုယ်ယက် ခြင်း၊စည်းမဲ့ကမ်းမဲ့နေထိုင်သွားလာခြင်း၊ ကြွေးတင်ခံ ခြင်း၊အစားအသောက်တွင် အလွန်ပြုခြင်း၊ကျန်းမာခြင်း ကိုပေလာယျကံသားခြင်းတို့ဖြင့် လူ့ဘဝကိုဆုံးရှုံးစေ တော့၏။

✓မည်သည့်အရာတွင်မှ အလွန် အကြူး မကျင့်ရာ။ အစားအသောက်၏အတိုင်းအရှည်ကို သိခြင်းတည်းဟူ သော ဘောဇနေမတ္တညုတာ တရားကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့လေသည်၊

Courage in exeess becomes foolhardiness, affection weakness, thrift avarice.

Lord Avebury

တင်းလွန်းခြင်း လျော့လွန်းခြင်း မရှိစေရာ။ အလယ် အလတ်ဖြစ်သော မဇ္ဈိမပဋိပဒါတရားကို တဘဝသိုး လက်ကိုင်ထားသင့်ကြလေသည်။ ✓အရာရာတွင် အလွန် အကြူးယူဆအသုံးပြုခဲ့သော်။ ခွန်အားဗလ သတ္တိ အင် အားမှာ မိုက်ရူးရဲဖြစ်တော့၏၊ ဝံ့ညှာထောက်ထားခြင်း သည်၊ညံ့ဖျင်းခြင်းဖြစ်၏။ ချွေတာခြင်းသည် ရမက်



လောဘဖြစ်တော့၏ ဟုပေါ့(ဒ)အဗ်ဗြူရိုက ပြောခဲ့ လေသည်။

လူတို့၏ဘဝသည် ပန်းမွေ့ရာ ခင်း ထား သည့် မဟုတ်။၊စစ်မြေပြင်အရပ်လည်းမဟုတ်ပေ။မရနိုင်သည့် ကိုတောင့်တခြင်း၊၊လွဲရှောင်ခြင်းငှာ မတတ်နိုင်သည်ကို ကြည့်ကဲ ဝမ်းနည်းခြင်း၊ နားမလယ်သည်တို့ကို ပြောဆို ခြင်းတို့ဖြင့်၊လူ့ဘဝကို အရုပ်ဆိုးစေတော့၏။၊ ဖြုန်းတီး ပစ်တော့၏။၊

အသက်မွေးဝမ်းကျောင်းမှာ နှစ်မျိုးရှိ၏။ မကောင်း သောအသက်မွေးခြင်း(အပြစ်ကင်းသော) သမ္မာအာဇီ ဝနှင့်၊၊ မကောင်းသော အသက်မွေးခြင်း။ (မတရား သော)မိစ္ဆာဇီဝဖြစ်ပေ၏။ မကောင်းမှု မတရားသဖြင့် ရရှိအပ်သောကြေးငွေဖြင့်၊ တိုက်တာဥယျာဉ်မြေ၊ မော်တော် ကားစသည်တို့ဖြင့်၊ခမ်းနားကြီးကျယ်စွာနေရခြင်းထက် တရားသဖြင့် ရအပ်သော မိမိ ချွေးနည်းစာ ဖြစ်သော အနည်းငယ်သော ကြေးငွေဖြင့်၊ ထမင်းကို ဆားဖြူး၍၊ စားသောက်ရခြင်းကသာလွန်မွန်မြတ်၍၊လောက သံသ ရာနှစ်ဖြာလုံးတွင်၊ကာယသုခ၊စိတ္တသုခတို့ကို ရရှိနိုင်ပေ သည်။

အချို့သောသူများသည်ကံကိုပုံ၍ယုံကြည်ကြ၏၊လုပ် သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ၊ ဖြစ်ရမည့်ကိစ္စကား၊ ဖြစ်ရမည် ရှောင်လွှဲ၍ မရဟုယူဆကာ၊ စိတ်ကိုလျော့

www.burmeseclassic.com



လိုက်တတ်ကြ၏။ အထက်ဩဇာ အာဏာက ခန့်ခွဲသမျှ စီမံသမျှကိုငုံ၍ ခံကြ၏၊ ဘုန်းသော သိပ္ပံအတတ်သည်၊ လောကတွင်အထင်အရှားရှိရကား အချိန်တည်းဟူသော သမုဒ္ဒရာရေကျောတွင်၊ တက်မကိုနိုင်နင်းစွာကိုင်၍လိုရာ ခရီးသို့ရောက်အောင်သွားရာ၏။ ရေသင့်ရာ၊ လေပင့်ရာ သို့မျောခြင်းတိုင်းမျောစေတော့ဟုလက်လျှော့ကာ၊ မိမိတို့၏ဘဝကို၊ မဖြုန်းသင့်ကြပေ။

လူတို့တွင်၊ ရည်ရွယ်ချက်၊ မျှော်လင့်ချက်၊ ကိုယ်စီကိုယ်ငှ ရှိကြရပေမည်၊ မျှော်လင့်ချက်မရှိသောသူ၏ ဘဝသည် အဘိုးတန် တော့မည် မဟုတ်ပေ၊ မျှော်လင့်ချက်ပင်လျှင်လူ၏ အသက်ကိုဆက်ပေးနေတော့၏၊ အောက်တန်းအကျဆုံးဟု၊ သဘောထားခြင်းခံရသော၊ သူတောင်းစားဒွန်းစဏ္ဍားတို့၌ ပင်လျှင်၊ မျှော်လင့်ချက်ရှိရမြဲဖြစ်ပေ၏၊ စိတ်ကိုလျှော့လျက်၊ မျှော်လင့်ချက်ကင်းသည်နှင့် တပြိုင်နက်၊ အသက်မရှိသကဲ့သို့ ဖြစ်တော့၏။ စစ်မြေပြင်တခုတွင်ဘာမျှဒဏ်ရာမရှိဘဲသေနေသောစစ်သားအလောင်းတခုကိုတွေ့ရှိကြရာ၊ ထိုသူသေရခြင်း အကြောင်းရင်းမှာ မိမိအနီးအနားရှိလူများ ကစင့်ကလျား သေဆုံးကြသည်ကိုမြင်သဖြင့်၊ ငါလည်းလွတ်မည်မဟုတ်၊ သေပေတော့အံ့ သေပြီ၊ ငါသေပြီ၊ မတတ်နိုင် တော့ပြီဟု၊ စိတ်ကိုလျှော့လိုက်သည်နှင့် တပြိုင်နက်၊ စိတ်နှင့် အတူ အသက်ပါ သွားဟန်ရှိကြောင်း၊ စိတ်ပညာဆရာများက ယူဆခြင်းမှာများစွာယုတ္တိတန်ပေသည်။



စိတ်နှင့်ပတ်သက်သောပညာတရပ်ရှိပေ၏။ ထိုပညာကိုဆန္ဒသတ္တိခေါ် စိတ်၏ တန်ခိုးကို သင်ကြားလေ့လာသောပညာဖြစ်ပေသည်။ ထိုပညာ၏ အဓိကလုပ်ငန်းမှာ၊ တခုခုတွင်စိတ်ကိုစွဲစွဲမြဲမြဲဝင်စားစေရန်ဖြစ်၍၊ အာရုံပြုရသောလုပ်ငန်းမျိုးမဟုတ်ချေ၊ အကြောင်းတခုခုအပေါ်တွင်၊ စိတ်ကိုအစဉ်အာရုံပြု၍ ဝင်စားခါ၊ အခြားသောအာရုံတို့သို့စိတ်မကူးရဘဲ၊ မိနစ်ပေါင်းများစွာနာရီပေါင်းများစွာ၊ ရက်ပေါင်းများစွာ၊ အာရုံစိုက်ရသော အလုပ်ဖြစ်ပေသည်။ ထိုဆန္ဒသတ္တိဖြင့်၊ အလိုရှိသမျှ ရယူနိုင်သည်ဟု၊ စိတ်ပညာဆရာကြီးများယုံကြည်ကြလေသည်။

ထိုအယူမှာ၊ ကမ္ဘာဦးဝါဒနှင့် တူညီပေ၏၊ ကမ္ဘာဦးအခါက၊ နေ့တွင်နေ၏ရောင်ခြည်ဖြင့်လင်းနေသော်လည်း ညအခါ မှောင်အတိကျ နေသဖြင့်၊ အလင်းရောင်ပေးမည့်၊ ပစ္စည်းတခုခုကို၊ များစွာ လိုလားတောင့်တလျက် စိတ်ကိုထိုအလင်းရောင်ပေးမည့် ပစ္စည်းတခုထဲတွင်သာ သိမ်းဝပ်စေလျက်၊ အာရုံတစိုက်တောင့်တမျှော်မှန်းကြရာ၊ ကောင်းကင်ပြင်တွင် လမိမာန်ပေါ်ထွက် လာရတော့၏။ ထိုကမ္ဘာဦးသူတို့၏၊ တောင့်တသောစိတ်ဆန္ဒကို ဖြည့်စွမ်းစေနိုင်သော လ ကို အ လို ဆ န္ဒ ကို ဖြည့်ဝစေသောကြောင့်၊ ကမ္ဘာဦးအမည်အားဖြင့် "စန္ဒရ" ပါဠိဘာသာအားဖြင့် စန္ဒဟုခေါ်ဝေါ်ကြလေ၏။ (ဤကား၊ အာဒိကပ္ပမည်သောကမ္ဘာဦးကျမ်းအလိုတည်း၊)

www.burmeseclassic.com

www.burmeseclassic.com



ပညာသင်ကြားသူများအနက်၊ ဝိဇ္ဇာတန်းလောက်မှန်းမှ ၁၀၊တန်းလောက်အနိုင်နိုင်အောင်၍၊ ၁၀ တန်းလော မှန်းနိုင်သောသူမှာ၊ ၇ တန်းလောက်တွင်တင်၍၊ ၇ တန်းလောက်သာ မှန်းနိုင်သော သူမှာ ၃–၄ တန်းကပင် မတက်နိုင်ဖြစ်တတ်လေသည်။

လူ့ဘဝဘွင်၊ ပျော်မွေ့ခြင်း၊ သာသာ ခြင်း တို့မှာ အိပ်မက်မဟုတ် ၊တကယ်အစစ်အမှန်ဖြစ်လေသည်၊ လူတို့သည် (နှစ်လိုဘွယ် ဟု ဇာဖွာရုံ အမည်ရှိသည်တို့ကို အားတက်သရောပြုလုပ်ကြ၏၊ အကယ်၍ထိုအလုပ်မျိုးကို အခြားအမည်တခုခုသို့ ပြောင်းလိုက်ပါက၊ လုပ်လိုကြမည်မဟုတ်၊ မုန်းပင်မုန်းတီး သွားကြပေလိမ့်မည်။ ခွေးသားကိုအမဲသားဟုလိမ်လည် ရောင်းချရာ၊ အလုအယက် ဝယ်ယူစားသောက်ရာ ဘာမျှမထူး ခြားသော် လည်း၊ လူတယောက်က၊ ဒါ ခွေးသားတွေဟုသတိပေးလိုက်သည်နှင့်တပြိုင်နက်၊ မြိန်ရေ ရှက်ရေစားသောက်ခဲ့သူတို့မှာ အော့သူအော့ အန်သူအန်ဖြစ်ကြကုန်၏။

ဗုဒ္ဓဘာသာ တရားတော်သည်၊ နူးညံ့သိမ်မွေ့လှ၏၊ မြန်မာလူမျိုးများမှာ ဗုဒ္ဓဘာသာဟုဆိုစေကာမူ၊ အချို့သောသူများမှာဘာသာရေးပညတ်ချက်များကို၊ ထိထိရောက်ရောက်ဂရုမစိုက်ကြဘဲ၊ မိမိတို့သန္တာန်တွင် နှစ်သက်သမျှတို့ကိုလုပ်လေ့ရှိကြ၏၊ အရက်သောက်ခြင်း၊ ဖဲကစားခြင်း။ အသက်သတ်ခြင်း။ သူများသားမယားနှင့် တတ်မက်ပြစ်မှားခြင်းတို့ကိုပြုလုပ်ကြခြင်းဖြင့်၊ နုစရိုက်မှု



ကိုငွေဖြင့်ဝယ်။ ထောင်တန်းတကျွန်း စသည်တို့ဖြင့်ဝယ်၊ ဝယ်ယူကြသူများဖြစ်ကြလေသည်။

ဘာသာခြားတို့၏တရားမှာ၊ ဗုဒ္ဓဘာသာတရား တော်လောက်ကြပ်တည်း ကျည်းမြောင်းစွာ တားမြစ်ထားခြင်းမရှိရကား၊ အရက်ဆိုင် တည်ခြင်း၊ ဘဲမွေးခြင်း၊ ဝက်မွေးခြင်း၊ စသောဒုစရိုက်မှုဖြင့်၊ အသက်မွေးကြကုန်၏၊ ဒုစရိုက်ကြူးလွန် ခြင်းတူလျှင်၊ ဗုဒ္ဓဘာသာဝင်တို့မှာ ဒုစရိုက်အတွက် ငွေကုန်၍၊ ဘာသာခြားတို့မှာ ဒုစရိုက်အတွက်ငွေရကြပေသည်၊ ထို့ကြောင့် ကျွန်ုပ်တို့သဘောမှာ မြန်မာလူမျိုးတို့သည်၊ ဒုစရိုက်မှုများကို မရှောင်နိုင်ကြပါမူ၊ ဘဲ၊ ကြက်၊ ဝက်၊ မွေးခြင်းတို့ဖြင့်၊ ဒုစရိုက်ကိုငွေဖြင့် ရောင်းစားလဲလှယ်သင့်သည်ဟု သဘောရပေကြောင်း။

ထိုအလုပ်မျိုးမှာ မိစ္ဆာဇီဝ ဖြစ်သည်ကားမှန်ပေ၏၊ သို့သော်မိစ္ဆာဇီဝအတွက်အပါယ်ကျခံရခြင်းမှာ၊ သုရာကံ၊ မုသာဝါဒကံ၊ အဒိန္နာဒါနကံ၊ ကာမေသုမိစ္ဆာစာရကံ၊ တို့နှင့် ဆံသရာဝန်လေးခြင်း၊ အတူတူဖြစ်ရကား၊ မိစ္ဆာဇီဝ အသက်မွေးနည်းက၊ လောကကြောင်းတွင် စီးပွားရေးဘက်က၊ တပန်းသာနေပေကြောင်း။

ငယ်ရွယ်သူများ-ဘဲ၊ ကြက်၊ မွေးမည်ဆိုလျှင်လူကြီးများက၊ မိစ္ဆာဇီဝတရားပြသဖြင့်၊ မလုပ်ရဘဲရှိပေတတ်၏၊ ထိုအသက်မွေးမှုကို၊ ပြင်းပြင်းထန်ထန် ကန့်ကွက်သောသူများနှင့်၊ ပစ္စည်းဥစ္စာချို့တဲ့လျက်၊ သမီး[illegible] ကလေးတယောက်ရှိ၍၊ ဘဲ၊ ကြက်၊ မွေး၍ချမ်းသာလာ

www.burmeseclassic.com

www.burmeseclassic.com



သောသူတယောက်က၊ မယားပြုမည့်တောင်းဆို လာသော်။ ဝတ်သတ်သူမှန်းသိလျှက်၊ ငွေမျက်နှာလိုက်ခါ၊ သမီးချောကလေးအား၊ ဘာသာမတူအယူကွဲလွဲသူ ထံ၀ ကွက်၍အပ်နှံ လိုက်တော့ကြောင်း၊ ဝတ်သတ်သူဘဲ သတ်သူဟု၊ မရှုံနိုင်၊ မမုန်းနိုင်၊မိမိတို့ကိုယ်ကိုတရားမ ချနိုင်တော့ပြီ။

"ဘုရားအကြိုက် တရားသို့လိုက်လျှင်လည်း လူ့၌အရေးညံ့လေသည်း"

( ဦးပုည )

၍ကား၊နစရိုက်မှုကိုအားပေးလို၍မဟုတ်ပေ၊ အခြား လုပ်စရာ အလုပ် မမြင်သဖြင့်၊ အရေမရ အဖတ်မရ နစရိုက်ကောင်ဘ၀ဖြင့်၊ငွေမရဘဲ ရောက်သွားကြရမည် ကိုစိုးရိမ်းသောကြောင့်နစရိုက်ကိုတကယ်တန်း မရှောင် နိုင်က။ဝယ်ယူမည့်အစား။ ရှောင်းစား၊ သင့်ကြောင်း။ ကောင်းမြတ်သောမနသိကာယဖြင့်၊ ဘော်ပြရခြင်းဖြစ် ပေကြောင်း။

နေမှုထိုင်မှုအတွက်၊အိုးအိမ်သည်များ‌စွာအရေးကြီး လေသည်၊အိုးအိမ်အတည်တကျမရှိသောသူမှာ၊ အလုပ် အကိုင်အတွက် ငြိုညင်ရလေသည်၊ အရောင်း အဝယ် သွက်လက်၍ အကျိုး ပေးသော နေရာ၌၊ နေလိုသော် လည်း၊မိမိပိုင်အိမ်ယာမရှိသဖြင့်၊ အိမ်ရှင်က အလိုမရှိ သောအခါ၊ အမြန်ဆုံးပြောင်းရွှေ့သွားရသဖြင့်၊ စိုက်ထူ ပြီး အခြေ အနေမှာ ပျက်စီးခြင်းသို့ ရောက်ပေတော့၏၊



ဆင်းရဲနွမ်းပါးသူတို့မှာ၊အိုးအိမ်ရှိပြီးဖြစ်မှု၊အိမ်အတွင်း စားရသမျှနှင့် တင်းတိမ်လျှက် အခြေမပျက်နေနိုင်သော် လည်း၊အိမ်တည်းဟူသောအရိပ်အာဝါသ ကင်းမဲ့သူတို့ မှာ၊အိမ်ခမပေးနိုင်သောကြောင့် ဟိုပြေးရ သည်ပြေးရ နှင့်၊ များစွာ ငြိုညင်ဘွယ်ဖြစ်တော့၏၊ ထို့ကြောင့် အိမ် ထောင်သားမွေးပြုသူတို့မှာ၊ပဌမ အိုးအိမ်ရှိအောင် ကြိုး စားရပေမည်။

www.burmeseclassic.com

## အခန်း (၂)

## ။နေထားတကျစီမံခြင်း။

လူတို့၏ဘဝသည်၊ ရှုတ်ထွေးလှ၏၊ ကမ္ဘာလောကကြီးကား၊ ပျိုမျစ်နုနယ်သေး၏၊ ကျွန်ုပ်တို့သည် ဘဝ၏အခြေအနေကို၊ နားလည်မည်ဝေးစွ၊ ပတ်ဝန်းကျင်တို့၏၊ အသုံးဝင်ပုံ၊ သဘာဝသဘော၊ အဆီအနှစ် အရသာတို့ကိုပင်၊ ကုန်စင်အောင်မသိနိုင်ကြသေးပေ၊ လူ့ဘဝတွင် အောင်မြင်ရန်လမ်းမှာ၊ ချုံပြုံးသာယာ ညီညာတင့်ဆန်း၊ ပန်းပေါင်းစုံညီ၊ ခင်းအပ်သည်မဟုတ်၊ ဆူးငြောင့်ခလုတ်၊ ကျောက်ဆောင်စသော အခက်အခဲသောအန္တရာယ်တို့ဖြင့်၊ ပြည့်နှက်၍နေရကား၊ လေးပြေကလေးတသွေးသွေးနှင့်၊ အေးအေးသက်သာ အောင်မြင်ပြည့်စုံနိုင်ကြသည်မဟုတ်ပေ၊ ပုခုံးတပြန် ဒူးတပြန်နှင့် ပင်ပန်းကြီးစွာ လုပ်မှသာ အောင်မြင်နိုင်လေသည်၊ ထိုထက်အလုပ်စခန်းတို့၏၊ ပရိယာယ်အချိုးအစားတို့ကို၊ ဂ-ဏ သေချာစွာသိသဖြင့်၊ ပညာဉာဏ်ဖြင့်၊ ဝေဘန်ပိုင်းခြားကာ၊ လုပ်ကိုင်ခြင်းကပို၍၊ ခရီး



ရောက်လေသည်၊ နေထားတကျမစီမံတတ်ကြသဖြင့်၊ မိမိတို့ကိုယ်ကို-မိမိတို့ညှင်းဆဲခဲ့ကြလေပြီ၊ ဥပါဒ်ရောက်စေခဲ့လေပြီ။

သို့သော်ပင့်မအာရုံ၊ အနှောက်အယှက်တွေ့ခြင်းကိုပင်၊ သုမင်္ဂလာဟု ယူဆကြရပေမည်။ လူတို့သည် တခါတရံ၊ လောကကြီးကို စိတ်ဆိုးကြ၏၊ စင်စစ်မှာမူ၊ အသက်မရှိသော လောကကြီးကိုစိတ်ဆိုးရာ၊ ပြစ်တင်စရာမဟုတ်၊ လောကအတွင်း မှီတင်းနေထိုင်ကြသော၊သတ္တဝါအနန္တတို့အထဲတွင်၊ ဉာဏ်ပညာအမြော်အမြင်ရှိသည်ဟု၊ဂုဏ်ယူလျက်ရှိသောလူတို့ကိုသာ၊စိတ်ဆိုးရမည်ဖြစ်ပေ၏။

ကမ္ဘာလောကကြီးကား၊ ကြေးမုံသဘွယ်ဖြစ်၏၊ လူတို့ပြုံးလျှင် ပြုံးခြင်း၊ မျက်မှောင်ကြုတ်လျှင် ကြုတ်ခြင်းလိုက်၍ လုပ်နေတော့၏၊ ကမ္ဘာကိုမျက်မှန်နီတပ်၍ ကြည့်က၊ နှင်းဆီရောင်ထနေ၍၊ မီးခိုးနှင့်ဝေနေသော မှန်ဖြင့်တပ်ကြည့်က၊ကမ္ဘာကြီးမှာ၊ မှုံပြာဒိုင်း၍နေတော့အံ့။

သုခနှင့် ဒုက္ခသည်၎င်း၊မင်္ဂလာနှင့် အမင်္ဂလာသည်၎င်း၊ အကောင်းနှင့် အဆိုးသည်၎င်း၊ အစဉ်ယှဉ်တွဲ၍ နေရာ၊ အကောင်းချည်းသက်သက်၊အဆိုးချည်းသက်သက်ဟုမရှိနိုင်ပေ......။

"Even the darkest cloud has the silver lining"



www.burmeseclassic.com

www.burmeseclassic.com



အမိုက်မှောင်ဆုံးသော မိုးသားတွင်ပင် ငွေရောင် အနားရေးရှိပေသေး၏ ဟု သိုးဆောင်းစကားပုံ တခု ရှိလေသည်၊ လူတို့မနှစ်လိုကြသော မစင်ဘင်ပုတ်သည့်ပင် သစ်ပင်များအတွက်၊ အကောင်းဆုံးသော- ဩဇာဓါတ်ကိုဖြစ်စေ၏၊ အတွင်း အရသာရှိသော၊ ပိန္နဲသီးမှာ၊ အပေါ်တွင်ဆူးရှိ၏၊ အတိုးမတန်အသုံးမဝင်သောကျိုးအာသီး ပေါက်ပန်း ပွင့်တို့မှာ အပေါ်ယံ အားဖြင့် အလွန် ပင်တင့်တယ်လှတော့၏၊ နံစော်လှသော၊ ညွှံဘွက်မှ၊ အခင်းအနံ့နှင့်ပြည့်စုံသော၊ ကြာပန်းပွင့်ပေါက်၏၊ ပညာပါရဂူဖြစ်သော ရှိတ်စပီးယားမှာ၊ ပညာတခုကို ၃ မိုင်း ၃ ဆောင်းသင်မှ တတ်သော သားတယောက် ဘွားမြင်လေ၏၊

ထိုကြောင့်အရာဝတ္ထုတိုင်းတွင်အဆိုးချည်းမယူရာ၊ အကောင်းဘက်ကလည်းယူကြရပေမည်။

We must not complain that roses have thorns, but rather be grateful that thorns bear flowers

Lord Avebury.

မွေးကြိုင်လှသော နှင်းဆီပန်းတွင်၊ ဆူးရှိသည် ဟူ၍ အပြစ်မတင်ရာ၊ ဆူးပင်များတွင်ပင်ယာနံ့ မွှေးသော၊ ပန်းကလေးများ ပွင့်ပါကလား၊ ဟု-ကျေးဇူးပင် တင်ရပေဦးမည်။



Life is a comedy to those who think
And a tragedy to those who feel.

Walpole

လူတို့၏ ဘဝတာသည် စိတ်ကူးယဉ် နေသူများ အတွက်၊ ပျော်ရွှင်ဖွယ် ဖြစ်သော်လည်း၊ လောကဓံကို ခံနိုင်ရည်မရှိသောသူများအတွက်၊ လွမ်းဇာတ်အိမ်ကြီး ဖြစ်တော့၏ ဟု ဝါ(လ)ပို ကပြောခဲ့လေသည်၊ လူ့ဘဝမှာ သာခါတချို့သာ၊ လွမ်းခါ၊ လွမ်းခန်းဖြစ်၍အခါများစွာ သောခန်းဖြစ်တတ်လေသည်။

မျှော်လင့်ခြင်း၊ အားကိုးခြင်း၊ လောဘ်၏ ရှေ့ ပြေးနိမိတ်များမှာ လူ့ဘဝကို ရွှင်ပြုံးစေနိုင်သည်ဟု၊ ယုံကြည် ဆကာမှု၊ နှစ်ပေါင်းများစွာ ပျော်ရွှင်ရသည့် တိုက်အမှုမဲ့၊ အမှတ်မဲ့၊ ကုန်လွန်စေပြီးသျှင်၊ ခေါ်ကာဖြစ်ဖွယ်ရာ တို့ကိုမှ၊ ပေါ်လာတိုင်း ပေါ်လာတိုင်းသော ခဏတာ တလေးများ ကိုပင် ရေတွက် ယူဆ ပူဆွေး ကြကုန်၏၊ ထွန်းမခြင်းကု လုံကြွယ်ဝခြင်းကြောင့်၊ သွေးကြီး မဝင် သင့်ပေ၊ သောကဗျာပါ ဖြစ်ဖွယ်ရာ တို့ကြောင့်လည်း၊ ကောင်းကျိုးတရားကို လက်မလွှတ်သင့်ပေ။

Wide is the gate,
And broad is the way,
That leadth to destruction,
And many there be to go to thereat,
Because straight is the gate,

www.burmeseclassic.com

www.burmeseclassic.com



And narrow is the way
Which lead unto life
And few there be that find it.

(Bible)

ပျက်စီးခြင်းသို့ သွားရာ၊ လမ်းစကား ကျယ်ပြန့်၏၊ လမ်းကြောင်းခရီးကား၊ ထင်ရှားကျယ်ဝန်း၏၊ သို့သော် ထိုလမ်းမျိုးကား များပြားလှ၏၊ ကောင်းသောကတိသို့ သွားရာ လမ်းစကား တည့်မတ်၏၊ လမ်းကြောင်းကား ကျဉ်းမြောင်း လှ၏၊ ထိုလမ်းမျိုးကား၊ ရှားပါး လှန်း သဖြင့်၊ တွေ့ရှိနိုင်သူပင် နည်းပါးစွာ၏ဟု၊ သမ္မာ ကျမ်းစာတွင်ဆိုထားလေသည်။

သုကတိလမ်းကြောင်းကား၊ ကျဉ်းမြောင်း၍၊ တွေ့နိုင်ခဲသည်ဟုသာ ပြဆိုခဲ့၍၊ ကြမ်းတမ်း၍၊ ဒုက္ခများသည်ဟူ၍ကား၊ မဆိုခဲ့ချေ။ သို့သော် အရပ် လေးမျက်နှာသို့ ဖြာထွက်နေသော၊ လမ်းမွှားများအလယ်တွင်၊ ဖြောင့်မှန်တည့် မတ်သော၊ လမ်းတလမ်း ရှိသေးသည် ကား။ အမှန်ဖြစ်ပေ၏၊ သမုဒ္ဒရာထဲတွင် သွားနေသော သင်္ဘောတွင်၊ လမ်းဖြောင့် လမ်းမှန် တခုတည်းသာရှိ၏၊ အိမ်မြှောင်ညွှန်းတိုင်း အခြားမျက်နှာတို့ကို လိုက်မှားမိချေက လုံခြုံရာဆိပ်ကမ်းမှဝေးသဖြင့်၊ မှန်းချေ မပေါက်ရှိတော့မည်၊ လမ်းမှန်မှာ၊ အခြားလမ်းများထက်၊ လှိုင်းလေ-တံပိုး ကြမ်းတမ်းသော်လည်း၊ ထိုလမ်းမှန်ကိုပစ်၍ အခြားလမ်းသို့မလိုက်သင့်ကြချေ။



လူတို့မှာသာယာတိုင်းလုပ်တတ်သော၊ အကျင့်ဆိုးတခုရှိလေသည်၊ ထိုအကျင့်မျိုးမှာ၊ သဘာဝနှင့်များစွာဆန့်ကျင်လေသည်၊ စိတ်ဆောင်ရာသို့လိုက်ပါ ပြုလုပ်ခြင်းမှာ၊ လျှပ်တပျက်မျှ ခံစားရမည့်စည်းစိမ်ကို နောင်ကာလအနှစ်နှစ်အခါလ လခံစားရမည့် ဆင်းရဲဝေဒနာတို့ဖြင့်ဝယ်ယူခြင်းပင်ဖြစ်ပေတော့၏။ မနိုင်းယှဉ်သာအောင်ဆေးငယ်နှုတ်ဖွား မထင်ရှားသော စိတ်သုခကလေးအတွက်များစွာကုန်ဆုံး နစ်နာကြရပေ၏။ မွေးဇာတိပါ၊ အခွင့်အရေးတို့ကို၊ တနပ်စာမျှသော ဟင်းသီးဟင်းရွက်တို့ဖြင့်၊ ရောင်းစားဘိသကဲ့သို့၊ မှတန်မဆ နစ်နာကြရပေတော့မည်ဖြစ်၏။

အခါအခွင့်ကိုကြည့်၍၊ စီမံတတ်ခြင်းသည်၊ အကြမ်းနှုတ်တို့တွင်လက်ဖျားခါထားရသောကိစ္စတို့ကို၊ အခါများစွာနိုင်နင်းခဲ့ဘူးလေပြီ။

လယ်သမားတယောက်လယ်ထွန်နေစဉ်၊ ၎င်း၏လယ်အနီး၊ တောကြက် နှစ်ကောင်ခွပ်နေသည်ကို မြင်သောအခါ၊ ငါ့လယ်လည်းမညက်သေး၊ ကြက်များလည်း မမောသေးပေ၊ ငါ့လယ်လည်းညက်၊ ကြက်များလည်းမောသောအခါမှ၊ အသာတကြည့်ဖမ်းယူမည်ဟု၊ နှလုံးပြု၍၊ ထွန်မြဲထွန်လျက်၊ လယ်ညက်သောကာလမှ၊ ဟိုက်ပန်းထိုးနေသော ကြက်နှစ်ကောင်ကို၊ ဘမ်းယူရရှိဘူးလေသည်၊ ထိုသူမှာ ဘယ်အချိန်တွင် ဘာကိုလုပ်ရမည်ဟု နေထားတကျမစီမံတတ်ဘဲ၊ လယ်မညက်၊ ကြက်မမော

www.burmeseclassic.com

www.burmeseclassic.com



ဓိဖမ်းက၊ လယ်လည်းမပြီး၊ ကြက်လည်း ရရှိတော့မည် မဟုတ်ပေ။

ငွေဖြင့်ဝယ်၍မရသည်တို့ကို လည်း၊ ယဉ်ကျေးသိမ် မွေ့ခြင်းဖြင့်- မေတ္တာရရှိနိုင်လေသည်၊ လူတို့၏သဘော မှာအတင်းအဓမ္မ နှင်ထုတ်ခြင်း၊ အမိန့်ပေးခြင်းတို့ထက်၊ ချော့မော့ သွေးဆောင်ရာသို့၊ လိုက်ပါလွယ်တတ် လေ သည်၊ နိုင်ထက်စီးနင်းမပြုမူ၍၊ ဖြောင်းဖြောင်းဖျဖျ၊ သိမ်း ပြည့်နှံကြားခြင်းမှာ၊ အခါမရွေး၊ အကျိုးရှိနိုင်လေသည်၊

What thou wilt
Thou rather shalt enforce with thy smile,
Thou hew to it with thy sword,

(Shakespeare)

ဒါးနှင့်ချိမ်းချောက်၊ ဝေါက်လိုက်ပြီးခါ၊ ခိုင်း စေရာထက်၊ချိုသာ၍ပြုံး၊ အမှုကသာ၊ ကျိုးပြီး စွာရှင့်။

[ရှိတ်စပီးယား]

ထိုဝါဒကိုနှစ်သက်လေ့လာသူ၊ ဖရန့်စစ်ဟော်နာဆို သူမှာရာထူးဌာနနှ့ရ၊ ကြီးကျယ်စွာမရှိဘဲလျက်၊ ပြည် သူ့လွှတ်တော်အရပ်ရပ်တွင်၊ အာဏာစက်ပျံ့နှံ့ ထင်ပေါ် ခဲ့ဘူးလေသည်၊ သူတပါးစိတ်နှင့် တိုက်ဆိုင် မိအောင် လိမ္မာသလောက်၊ကြိုးစားသင့်ကြပေသည်၊ သို့သော်မိမိ ရည်ရွယ်ချက်နှင့်လုံးဝမတူ၊ဆန့်ကျင်လျက်ရှိသော ကိစ္စ



များတွင်၊ သဘောမှ အရစင်းဖြင့်၊မလုပ် နိုင်ကြောင်းကို ရှင်းရှင်းပြောရပေမည်၊သို့မဟုတ်သူတပါးက၊ လုပ်လိမ့် နိုး၊ဖြစ်လိမ့်နိုး မျှော်ကိုးယုံကြည်နေပြီးမှ၊ အဆုံးတွင်မဖြစ် နိုင်ကြောင်းသိသောအခါ၊ ဒေါသထွက်မိ ပေလိမ့်မည်။

အစကနဦးကပင်၊မိမိလုပ်နိုင်မည် မထင်သော တာ ဝန်ကို၊ မထမ်းဆောင်နိုင် ကြောင်းပြောပြရန် ဝန်လေး ဘွယ်မရှိချေ။

The inhabitants of Asia Minor came to be vassals, only for not able to prononnce one syllable, which was 'No'

(Plutarch)

အေးရှားမိုင်းနား ကျွန်းသားတို့သည်၊ မဟုတ်ပါဟူ သောစကားကလေးတခွန်းကိုမှ၊ မပြောနိုင်သောကြောင့် ကျွန်ဖြစ်ရသေပြီဟု ပလူးတပ် ဆိုသူက ပြော ဘူး လေ သည်။

ကျွန်ုပ်တို့နှင့် ကူးလူးဆက်ဆံသောသူတို့၏ သဏ္ဌာန် ထဲတွင်၊ ကျွန်ုပ်တို့နှင့်၊ ဆက်သွယ်ရခြင်းအတွက်၊ ပျော် ရွှင်ချမ်းမြေ့၍၊ အဆက်မပြတ်၊ ဆက်ဆံလိုသော၊ ဆန္ဒ များတဖွားဖွားပေါ် လာအောင်၊ သတိကြီးစွာနှင့်၊ ကြိုး စား ပေါင်းသင်းရပေမည်။တခါတရံ သူတပါးအတွက် ဆောင်ရွက် ခြင်းဖြင့်ပင်၊ မိမိ အကျိုးပါ ပြီးစီး တတ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကို၊ သူ့အကျိုးဆောင် ကိုယ်အကျိုး အောင်၊ ဟု ဆိုစမှတ်ပြုကြ၏။

လူတို့မှာ၊ အရည်အချင်းချင်း ညီမျှသည်ဟူ၍မရှိ၊ တဦးကပို၍၊ တဦးကလိုလျက်ရှိတတ်လေရာ၊ မိမိထက်သာသူတို့ထံမှ၊ ပညာဗဟုသုတကို ရှာမှီး၍၊ မိမိလောက်အတတ်အလိမ္မာ မရှိသော သူတို့အားလည်း အထင်အမြင်မသေးသင့်ကြချေ။

ရွှေကဲ၊ ငွေကဲ၊ စိန်အကဲထက်၊ လူအကဲခတ်ခြင်းက ပိုမိုခဲယဉ်းလေသည်၊ လူတို့၏အကျင့်စာရိတ္တကို၊ လေ့ကျင့်မှတ်သားရာ၌၊ မျက်စိသည် ခေါင်းဆောင်လမ်းပြ အဓိကအချက်ကြီးဖြစ်လေသည်၊ မျက်စိ အမူအရာက၊ အဓိပ္ပါယ်တမျိုးကိုဖြစ်စေ၍၊ ပါးစပ်က တမျိုးပြောသောသူမှာ၊ လူလိမ်များဖြစ်၍၊ လူ့ရေးရာပညာကိုနားလည်သူများကမူ၊ မျက်စိအမူအရာကို၊ အတည်ယူကြပေ၏။

ရှေ့ဆိုင်မျက်မှောက်တွင်၊ လွန်စွာ ချီးမြှောက်ပြောဆိုသောသူမှာ၊ စိတ်မချရပေ၊ လူတို့မှာ၊ တယောက်ကိုတယောက်မြင်မြင်ခြင်း၊ ချစ်ခင်နိုင်ကြသည်မဟုတ်ပေ၊ သို့ကြောင့် ပြင်ပအမူအရာတို့ကို ဂရုတစိုက် ကြည့်၍၊ ခွဲခြား ဝေဘန်နိုင်ရမည်ဖြစ်၏၊ တစိမ်းတရံစံ လူက အပြင်းအထန်ကန့်ကွက်သော်၎င်း၊ လေးလေးနက်နက် ထောက်ခံရာ၌၎င်း၊ အလုံးစုံပု၍ မယုံကြည် သင့်ပေ၊ အကယ်၍ထိုသူမှာ၊ ဟန်မဆောင်စေကာမူ၊ ပြောသင့်သည်ထက်ပို၍၎င်း၊ ပြောလိုသည်ထက်ပို၍၎င်း၊ ပြော



ဆိုတတ်ကြလေသည်၊ အခါများစွာတခုခုကိုမျှော်ကိုး၍၊ အကျိုးလိုယောင် ဟန်ဆောင်တတ်လေသည်၊ တဦးကခိုင်မြဲစွာဝန်ခံကတိပေးတိုင်း၊ မိတ်ဆွေဟု မမှတ်ရာ၊ မစူးစမ်းဘဲလည်း၊ လူတဦးအား၊ ရန်သူဟု သဘောမထားရာ၊

လူတို့မှာ ဆင်ခြင်တုံ တရား၊ သိမှတ်တတ်သော ဉာဏ်တို့ဖြင့်၊ ပြည့်စုံသည်ဟု၊ ဂုဏ်ယူတတ်ကြ လေသည်၊ သို့သော်အခါခပ်သိမ်း၊ အကြောင်း ယုတ္တိပေါ်မှာတည်၍၊ အလုပ်လုပ်ကြသောသူများမဟုတ်ကြပေ၊ လူတို့မှာရံဖန်ရံခါဒိဋ္ဌိလိုက်မာနပါ၍၊ အကျိုးယုတ်စေမှုများကို၊ပြုလုပ်တတ်သော၊ ဖေါက်ပြန်သည့်သဘာဝများ ဖြစ်လေရာ၊ ထိုသို့ဖေါက်ပြန် ပြောင်းလဲခြင်းကြောင့်၊ လူတယောက်အား၊ အကြောင်းယုတ္တိကို မသိစေဘဲ၊ မိမိအလိုသို့ပါအောင်ဆွဲငင်ယူဆောင်နိုင်လေသည်။

ထိုသို့ဆွဲငင်ရာ၌ ၊တဦးတယောက်ထက်၊ အအုပ်လိုက်၊ အစုလိုက်ကို၊ အအုပ်အစုထက်၊ တတိုင်းလုံးတပြည်လုံးကို ဆွဲငင်နိုင်ခြင်းက ပို၍ ခရီးရောက်လေသည်။

လူတို့၏ဘဝသည်၊ဇာတ်ခုံကြီးသဘွယ်ဖြစ်၏၊ လူတို့မှာ၊ ဇာတ်ကွက်၊ ဇာတ်အိမ်မျှသာဖြစ်၍၊ ပစ္စည်းဥစ္စာ ပြည့်စုံခြင်း၊ ဆင်းရဲမွဲတေခြင်း၊ အုပ်စိုးသောသူ၊ အုပ်စိုးခြင်းခံရသောသူ၊ ဂုဏ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ရှင်၊ မျက်နှာ မွဲတို့မှာ၊ ဇာတ်လိုက်များဖြစ်တော့၏၊ လူ့ဘဝတည်းဟူသောဇာတ်ရုံကြီးကို ယနေ့ပြည့်ဖုံးကား ချလိုက်သည်နှင့်တပြိုင်နက်၊ ပစ္စည်းရှိခြင်း၊ ပစ္စည်းမရှိခြင်း၊ အစရှိသော ဇာတ်လိုက်များမှာ၊ ကြက်ပျောက်၊ ငှက်ပျောက်၊ ပျောက်သွားရသကဲ့သို့၊ သေသည့်၏အခြားမဲ့၌လူမှာလူသာဖြစ်၍၊ ဆင်းရဲချမ်းသာမှာ၊ ဘာမှတတ်နိုင်တော့သည်မဟုတ်ပေ။

✓ပွင့်ပွင့်လင်းလင်းရှင်းရှင်း၊ ကျင့်ရန်လိုပေသည်၊ သို့သော်လျှို့ဝှက်အပ်သည့်တို့ကိုမူ၊ ကြပ်တည်းစွာ လျှို့ဝှက်ထားရမည်ဖြစ်၏၊ မိမိအကြံအစည်ကို၊ အလုပ်မပြီးမီ၊ မည်သူ့အားမျှ မပြောကြားရာ၊ စာဏကျနီတိကျမ်း၌။

မနုသာ-စိတ်ဖြင့်၊စိန္တိတံ၊ကြံစည်အပ်သော၊ကမ္မံ၊အမှုမျိုးတို့ကို၊ဝစသာ၊နှုတ်ဖြင့်။နပကာသယေ၊ဘော်ပြပြောဆိုခြင်းမပြုရာ။ကိံ၊အဘယ်ကြောင့်နည်းဟူမူ၊ ယသော၊ အကြင်သို့သော အကြောင်းကြောင့်၊ အညပိညာတကမ္မံ သား၊သူတပါးတို့ရိပ်မိ သိမြင်လေပြီးသော။ ကမ္မံ၊ အမှုမျိုးတို့၏၊သိဒ္ဓိ၊ ပြီးစီးအောင်မြင်ခြင်းသည်၊ နဇာယတေ၊ မဖြစ်တတ်။ ။ဟုဆိုထားလေသည်။

✓မိမိတွင်၊တာဝန်ဝတ္တရားမရှိဘဲ၊ဝင်ရောက်စွက်ဖက်၍ပြောဆိုခြင်း။ ထင်မြင်ချက်ပေးခြင်း၊ ရှုတ်ချပြောဆိုခြင်းမပြုရာ။



✓သင်္ကာမကင်းသောသူအား၊ တာဝန်လွှဲအပ်ခြင်း မပြုသင့်ပေ။တာဝန်လွှဲအပ်ထားသောသူအား၊ သင်္ကာမကင်း မယုံကြည် မဖြစ်စေရာ။ သက်ဝင် ယုံကြည်မှုမှာ၊ မျက်လုံးစုံမှိတ်၍၊ မယုံကြည်သင့်သော်လည်း၊ လုံးလုံးလျားလျား ယုံကြည်ရမည်ဖြစ်၏။ ။ပေါင်မုန့် တဝက်သည် မရှိသည်ထက်ကောင်းသေး၏၊ ဟူသော သိုးဆောင်းနည်းကိုလိုက်နာလျှင်၊ တဘက်သတ်ကျလှသည်၊ ။မစားရအရှုံး၊စားရဆီထမင်း၊ ဝါဒကိုလည်း မလိုက်နာသင့်ကြပေ။

အကြောင်းနှင့်အကျိုးသည် ဒွန်တွဲလျက်၊ ခွဲခြား၍ရသောအရာမျိုးမဟုတ်ပေ၊ အကြောင်းမရှိဘဲ၊ အကျိုးမထင်နိုင်ရာ၊ မိုးတည်း ဟူသော အကြောင်း ကြောင့်၊ ထယ်တွန်ခြင်း၊ စပါးစိုက်ခြင်း၊ တည်းဟူသောအကျိုးကိုခံစားနိုင်လေသည်။ မိုးခေါင်ရေရှား၊ ရေပ်ဓမ်းဖြစ်သဖြင့်၊ မိုးမရွာခဲ့သော်၊ ရေကိုဆည်အားဖြင့်ရင်း၊ ကန်အားဖြင့်ရင်း၊ သို့လှောင် သွယ်ယူပေးရသဖြင့်၊ ဆည်မြောင်းတို့ပင်အကြောင်းတရားဖြစ်တော့၏။ ထို့ကြောင့်အကျိုးတရားမှာ၊ အကြောင်းတရားမရှိဘဲ၊ ထွက်ပေါ်လာသည်ဟုဘယ်သောအခါမှမရှိခဲ့ပေ၊ ယခုလည်းရှိဆဲမဟုတ်၊နောင်လည်းရှိလိမ့်မည်မဟုတ်ပေ။

လူတို့၌ အခါခပ်သိမ်းမြော်မြင်ရန်လိုပေ၏။ ကိုယ့်ကိုယ်ကိုကိုယ် ရှေ့ဆောင်ပေရမည်။ သူတပါးက ရှေ့ဆောင်မည် မဟုတ်ပေ၊ လူလိမ္မာတို့၏ စကားသည်

www.burmeseclassic.com

www.burmeseclassic.com

သဘောနှလုံး၌တည်၍၊ လူရူး၊ လူမိုက်တို့၏ သဘောနှလုံးသည်ပစပ်၌(စကား၌)တည်လေသည်၊ အဘယ်ကြောင့်ဆိုသော်၊ လူမိုက်တို့မှာ၊ နှုတ်မစောင့်စည်းဘဲ သိ၊သမျှ ထင်သမျှကိုဖွင့်ဟ၍ပြောဆိုသောကြောင့်ပင်ဖြစ်၏။

Think all you speak
But speak not all think

(Delarme)

သင်ပြောသမျှကို၊စဉ်းစားပါ။
သင်စဉ်းစားသမျှ၊ထင်သမျှကိုမပြောပါနှင့်။
ဒီလမ်း [မ]

စကားများစွာပြောဆိုသူတို့မှာ၊ ပြောရန် ကိစ္စရှိ၍ မဟုတ်၊ ပြောလို လှသောစိတ် ထက်သန် လွန်းသောကြောင့်ဖြစ်တတ်လေသည်၊ စကားပြောရာ၌၊ ဿုကို သာအသုံးပြုသည်ထက်၊ ဥဿုကိုပိုမိုအသုံးပြုဘို့အရေးကြီးလေသည်။ စကားများစွာပြောလိုသောဆန္ဒကြောင့်၊ များစွာပြောဆိုခြင်းမှာ၊ အောင်မြင်မှု၏ အန္တရာယ်ဖြစ်စေ၏။ စကားပြော လောကြီးခြင်းကြောင့်၊ နှုတ်လွန်မိသဖြင့်၊ ပြန်လည်ယုတ်သိမ်းတောင်းပန်ရသည်ကတမျိုး၊ ပြောလိုသည့်ကတမျိုး၊ ပြောမိသည်ကတဖုံဖြင့်၊ အလွဲလွဲအမှားမှားဖြစ်စေ၏။

စကားများစွာပြောခြင်းမှာ၊ နဂ္ဂရောက်အောင် ဆွပေးသည်နှင့်တူ၏။ ကိုယ်တိုင်တွင်လည်း၊ မခံချင်စိတ်



များဖြစ်ပေါ်လာတတ်၏။ အချင်းချင်းမကြေနပ်မှု ဂုဏ်ပြိုင်မှုတို့၏၊ မျိုးစေ့ကို စိုက်ထူပေးတော့၏။ ၊စကားများအမှားပါ၊စကားထဲကဓါတ်ပြ၊ ဟူသော အချက်တို့ကြောင့်၊ စကားပြောခြင်းသည်၊ငွေတမျှအဘိုးထိုက်၍၊ဆိတ်ဆိတ်နေခြင်းမှာ၊ ရွှေတမျှအဘိုးထိုက်၏ ဟုသိုးဆောင်းစကားပုံတခု ရှိလေသည်၊ ဒုကနိပါတ် တွင်လည်း၊ နှုတ်မစောင့်စည်း၍၊ ပျက်စီးရပုံတို့ကို ပြော ကြားတော်မူခဲ့လေသည်။

အကျင့်စာရိတ္တ၊ အရည်အချင်းနှင့် ပြည့်စုံပါလျက်၊ ပျက်စီးနစ်မွန်းသော၊ လူတို့၏ အရေးကိစ္စကို၊ စဉ်းစားလိုက်သောအခါ၊ ၎င်းတို့၏ပျက်စီးခြင်းမှာ၊ နှောင့်နှေးခြင်း၊ အချိန်မမှန်ခြင်း၊ သူတပါးနှင့် ပေါ်ရွှေငွေ အလိုက်အထိုက်ကို ကြည့်၍၊ မပေါင်းသင်း မဆက်ဆံတတ်ခြင်း၊ အရေးမကြီးသည်တို့တွင်၊ တဘက်သတ်ခေါင်းမာခြင်း၊ဆိုနိုင်ခက်ခြင်း၊ တည်းဟူသောလုပ်ငန်းမမည်ခြင်းတို့ကြောင့်ဖြစ်ကြောင်း၊သိရှိရလေသည်။

သေးငယ်သော ကိစ္စများကိုလည်း၊ ကြီးလေးသော ကိစ္စများကဲ့သို့ပင်၊ စံနစ်တကျစီစဉ်ရမည် ဖြစ်ပေ၏၊ သတိဟူသည် အခါခပ်သိမ်း လိုအပ်ပေ၏။ မီးကိုငယ်သည် ဟု သတိမမူ မပြု ရာ၊ အမှိုက် က စ ပြ သာ်မီးလောင်ဟူသကဲ့သို့၊ တိုက်ကြီး-တာကြီး-မြို့ကြီး-ပြကြီးတို့ကိုလည်း၊ သေးငယ်သောမီးဖွားကလေးက၊ ပြာကျစေနိုင်လေသည်၊ရန်သူကို၎င်း၊ အဆိပ်ရှိသောသတ္တဝါ

www.burmeseclassic.com

www.burmeseclassic.com



ကိုင်း၊ငယ်သည်ဟူ၍မထေမဲ့မြင်မပြုရာ၊ ပျက်ဆီးပြုခြင်း၊ ထိပါးပုတ်ခတ်ခြင်း၊ စကားတင်စီးနှင့်ပြောခြင်းတို့မှာ၊ အရေးမကြီးဟု ထင်ရသော်လည်း၊ များစွာသောအကျိုးမဲ့ကိုဖြစ်စေနိုင်လေသည်။ သင့်တော်သည့်ကိစ္စကို၊ သင့်တော်သည့်နေရာတွင် နေထားတကျသုံးတတ်ခြင်းမှာ၊ အတိုင်းမဖြတ်နိုင်သောအကျိုးကိုဖြစ်စေ၏။ ဈေးနေရာဈေး၊ ဆောက်နေရာဆောက်၊ သုံးတတ်ရန် လိုပေသည်။

အစီအစဉ်မရှိခြင်းသည်၊ ကျီတခုထဲတွင်၊ စပါးဂျုံပဲတို့ကို၊ ရော၍ထားသကဲ့သို့၊ နောင်ဂျုံကိုအလိုရှိသော်၊ ခွဲခြားသတ်မှတ်ထားသကဲ့သို့၊ (တလုံးတခဲတည်းမရနိုင်တော့ဘဲ၊ တစေ့စီရွေး၍ယူရဘိသကဲ့သို့၊များစွာပင်ပန်းမိုက်မဲနှံ့ရာရောက်ပေ၏။

အမှုမျိုးကို ပေလာသယုကံထားသူတို့မှာ၊ မိုးသက်မုန်တိုင်းကျရောက်လာခါမှ၊ ကုန်းပတ်ပေါ်မှ၊ ပစ္စည်းများကိုချပစ်ရန်၎င်း၊ ရွက်ကိုချရန်၎င်း၊ မတတ်နိုင် တော့သဖြင့်၊ အနစ်အမွန်း အပျက်အစီးခံရသော၊ သင်္ဘောသူကြီးကဲ့သို့၊ ဖြစ်လေတော့၏။ နေထားတကျစီမံထားသူတို့မှာ၊ရှေ့ရေးကို၊ တင်ကြိုမြော်မြင်သည့်အလျောက်ပြုပြင်ထားနှင့်ပြီ ဖြစ်သဖြင့်၊ ထိုဘေးဒုက္ခမျိုး မတွေ့နိုင်တော့ပေ။

အချိန်ကာလ၊ ပမာဏကိုနှိုင်းချင့်ဝေဘန်၍၊ ပြုလုပ်မှသာလျှင် ကာလံ ဒေသံ အညွှံ့ ခနံ ဟူသော၊ မဟာပဒေ



သတရားများနှင့်ညီညွတ်သင့်တင့်သဖြင့်၊ ဘဝ၏အောင်မြင်မှုကိုဖြစ်စေနိုင်၏။ မိုးလွန်မှထွန်ချ၊ လသာခိုက်ဗိုင်းငင် ဟူသောစကားပုံများမှာ၊ အချိန်ကာလကို၊ တော်သလိုသုံးရမည့်အကြောင်း၊ အချိန်သင့်၊ အခွင့်ကောင်းတွင်၊သင့်တော်သောအလုပ်မျိုးကိုလုပ်၍၊ ထိုအချိန်လွန်မှဆိုသော်၊ အချည်းအနှီးအလဟဿ ဖြစ်ကြောင်း တို့ကိုပြဆိုသော၊ ရှေးလူကြီးတို့၏မှန်မြတ်သော၊ ဩဝါဒဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း။ (၃)

## ပညာရေး

လူတို့၏ ဘဝတွင် ပညာသည်များစွာအရေးကြီး ပေ၏။ ပညာကရှေ့ဆောင် လမ်းပြပြုမှသာလျှင် ကိုယ်ခန္ဓာ၏ကြိုးစားမှုမှာ အကျိုးဖြစ်ထွန်းနိုင်လေသည်။ ပညာမဲ့သောသူတို့မှာ တွေးတောကြံဆနိုင်သော အရည်အချင်း မရှိရကား။ စိတ်နောက် ကိုယ်ပါပြုမိသဖြင့် နစ်နာကြသည်မှာ များခဲ့လေပြီ။

လူတယောက်သည် ဝင်းဘခင်၏နဖူးတွင်၊ ခြင်ကိုက်နေသည်ကိုမြင်ရာ၊ ထိုခြင်ကိုသတ်ရန် အလို့ငှါ၊ ဒါးကြီးတချောင်းဖြင့်၊ အားကုန်ခုတ်လိုက်သဖြင့်၊ ဝင်းဘခင်မှာ အနိစ္စရောက်ဘူးကြောင်း၊ ရှေးလူဟောင်းတို့၏ ဒဏ္ဍာရီကိုကြားဘူးလေသည်။ ထိုသူမှာ ခြင်ကိုသာ သတ်လိုလျက်၊ ဝင်းဘခင်သေမည်စသော အချက် အလက်တို့ကို ကြိုတင်စဉ်းစားတတ်သော ပညာဉာဏ် ကင်းမဲ့၍သာ ဤကဲ့သို့စိတ်မချမ်းသာစရာဖြစ်ခဲ့လေသည်။



လောကော၊ လောကဍ္ဍ၊ ဘောဇနာ၊ အစာစားခြင်းသည် ၄င်း၊ မေဂုနာ၊ မေဂုမှီဝဲခြင်းသည်၄င်း၊ နိဒ္ဒါ အိပ်ခြင်းသည် ၄င်း။ ပေါ်သေဝိ ယောက်ျားနှင့်၄င်း၊ ဂေါ်နေပိ၊ နွားနှင့်၄င်း။ ဝိဇ္ဇတိရှိ၏ ပေါ်သသာ ယောက်ျားအား၊ ဝိဇ္ဇာ အတတ် တပါးသာ၊ ပေါ်သဿ၊ ထူး ပါ သ တည်း။ အယ်နော၊ အတတ်မှယုတ်ခဲ့မူ ဂေါဏာသကော၊ နွားနှင့်တူသည်။ ဘဝေ ဖြစ်၏။ [လောကနီတိ]

✓စေတနာမှာ၊ ပညာနှင့်ယှဉ်၍ မသုံးက အကျိုးမဲ့ ကိုသာဖြစ်စေ၏။ ဉယျာဉ်မှူးတယောက်သည် ကိစ္စရှိ၍ နေအိမ်မှထွက်၍မသွားမီ မိမိမွေးထားသော မျောက်များ အား၊ ၄င်း မရှိခိုက် သစ်ပင်များကိုရေလောင်းရန် မှာ ထားခဲ့၏။ ထိုလူထွက်သွား လေသော်၊ မျောက်တို့၏ ခေါင်းဆောင်က။ 'အချင်းတို့၊ သစ်ပင်များကိုရေလောင်း ရာ၌၊ ရေကိုအချိုးနှိုးမကုန်စေလင့်၊ သစ်ပင်ကိုတူးဖော်၍ အမြစ်ကို ကြည့်ပြီးမှ အမြစ်ရှည့်လျှင် ရှည့်လျောက်၊ တိုလျှင် တိုသျောက် ရေလောင်းကြမှ တော်ပေမည်' ဟု ပြောသည့်အတိုင်း သစ်ပင်များကိုတူးဖော်၍ အမြစ်၏ အတိုင်းအရှည်ကိုကြည့်ပြီး ရေလောင်းပြီးလျှင် မြေဖြင့် ဖို့ထားကြကုန်သတည်း။ ဉယျာဉ်မှူးပြန်ရောက်ကာလ သစ်ပင်များညှိုးငယ်နေသည်ကိုတွေ့သဖြင့် မျောက်တို့ကို ခေါ်၍မေးရာ ဟုတ်တိုင်းမှန်ရာပြောကြကုန်၏။ ထိုအခါ ဉယျာဉ်မှူးက၊ "မိုက်မဲတွေဝေ ပညာဉာဏ် ကင်းမဲ့

www.burmeseclassic.com

www.burmeseclassic.com



သောမိတ်ဆွေသည်၊ရန်သူထက်ဆိုးဝါး၏'' ဟုငြီးညူရဘူးလေသည်။

စေတနာခံ၊ကမ္ဘဝိဂ္ဂဝေ၊ဟူသောဒေသနာအရ စေတနာကိုသာ ပဓါနပြု၍ ရဟန်းတု ရဟန်းယောင်တို့အား လှူဒါန်းကြပေ၏။ထိုသို့လှူဒါန်းကြခြင်းဖြင့် အကျိုးတရားမရှိဟူ၍ကား ကျွန်ုပ်တို့ မဆိုလိုပေ၊ သို့သော်၊ မကောင်းမှန်းသိလျက်ပင် ဇွတ်နှစ်၍ လှူဒါန်းကြခြင်းမှာ လူမိုက်အားပေး အဆိပ်ပင် ရေလောင်းရာ ကျသဖြင့်၊ ဗုဒ္ဓမြတ်စွာ သာသနာ တော်ကြီး နစ်မွန်းရာ နစ်မွန်းကြောင်းများဖြစ်ပေ၏။သာသနာရန်သူ ရန်ညှောင့်ဟု ခေါ်ဆိုအပ်သော၊ အချို့သောဒုဿီလ ပုဂ္ဂိုလ်တို့မှာ စားရလမ်းချောင်လေ သင်္ကန်းဝတ်လေဖြစ်သဖြင့် သူခိုးဓါးပြ-မသူတော်တို့မှာ သာသနာတော်ကြီး အတွင်းသို့ ဝင်ရောက်ဖျက်ဆီးခွင့် အရေးသာလျက်နေသဖြင့်။ လဇ္ဇီပေသလ၊သိက္ခာကာမ။သီလဝန္တ ဖြစ်ကုန်သော ရဟန်းကောင်း ရဟန်းမြတ်တို့၏ဂုဏ်မှာ မှေးမှိန် သေးသိမ်ရာဖြစ်၍ ဘာသာခြားတို့ ကဲ့ရဲ့စရာတနေ့တခြား များပြားလာတော့၏။

သဘာဝနှင့်ဆန့်ကျင်သော လူကျင့်ဝတ်နှင့် ဆိုင်ရာကမောက်ကမ တရားတို့ကြောင့် အမှားသည် အမှန်ကဲ့သို့၎င်း။ အမှန်သည် အမှားကဲ့သို့၎င်း ဖြစ်လျက်၊ စိတ်၏ငြိမ်းချမ်းပျော်ရွှင်ခြင်းကို အထူးနှောက်ယှက် တော့၏။



မကောင်းမှုနှင့်ဝမ်းနည်းရခြင်းသည်၎င်း။ ဝမ်းနည်းခြင်းနှင့် ပညာမဲ့ခြင်းသည်၎င်း၊ ခွဲခြား၍ ရကောင်းသောအရာများမဟုတ် ကြ ပေ။

✓လောက၏အလယ်တင့်တယ်သော ယောကျ်ားတို့၏ဂုဏ်နှင့်ပြည့်စုံသော ယောကျ်ားစစ်တယောက်၊တကယ်သူကြီးလူကောင်းတယောက် အဖြစ်နှင့် နေလိုလျှင်သဘာဝနှင့်မဆန့်ကျင်ဘဲ လူကျင့်ဝတ်နှင့် သက်ဆိုင်သည့်ပညာများကိုတတ်ကျွမ်းနားလည်ကြရမည်ဟု [လော့ ဒ်ချက်စတားဖီး] က ၎င်း၏သားထံသို့ ရေးသားခဲ့ဘူး လေသည်။

✓လောကတွင် အကြိမ်ကြိမ်ဖြေဆိုရမည့် ပုစ္ဆာကြီး ၃-ရပ်ရှိလေသည်၊၎င်းတို့မှာ (က) မှားသလား မှန်သလား (ခ) အတုလား အစစ်လား (ဂ) ဆိုးသလား၊ လှသလား တို့ပင်ဖြစ်၏၊ထိုကဲ့သို့သော နက်နဲလှသော လောကီရေးရာ ပုစ္ဆာပြဿနာများကို အသိအလိမ္မာ ဉာဏ်ပညာပြည့်စုံမှသာလျှင် လုံလောက်ကြေနပ်စွာ ဖြေဆိုနိုင်ကြမည်ဖြစ်၏။

လွန်ခဲ့သောနှစ်ပေါင်း (၁၀၀)ကျော်ခန့်ကအနောက်နိုင်ငံတွင် စာအုပ်များမှာ အလွန့်အလွန် အဘိုးကြီး ပေ၏၊စာပုံနှိပ်စက်များမပေါ်သေးရကား၊ ကာလမြင့်ရှည်စွာ၊ လက်ဖြင့်ရေးသား ကြရသောကြောင့် ဈေးကြီးလှသဖြင့် သူဌေးများ မြေပိုင်ရှင် ဘုန်းကြီးများမှတပါး သာမန်ဆင်းရဲသား ကုန်သည်များဝယ်ယူ ဖတ်ရှုခြင်း

www.burmeseclassic.com

www.burmeseclassic.com

ဌာ မတတ်နိုင်ကြပေ။ မြန်မာပြည်တွင်လည်း ထိုခေတ်အခါက ပုရပိုက်ဆူပေါ်တွင် ကန့်ကူဆံဖြင့်၎င်း၊ ပေရွက်ပေါ်တွင်သံချောင်းဖြင့်၎င်း၊ခဲယည်းစွာရေးသားကြရလေသည်။ယခုခေတ်တွင်ကား၊ အဘိုးအနည်းငယ်ဖြင့်လွယ်လင့်တကူဝယ်ယူရရှိနိုင်လေပြီ၊

သို့သော်စာအုပ်များမှာ၊ ပညာရှိရာသို့ ညွှန်ပြသောလမ်းပြမျှသာဖြစ်၍၊ စာအုပ်ကိုဘတ်ခါမျှနှင့် ပညာရှိမဖြစ်နိုင်ပေ၊

သိပ္ပံ၊ အတတ်ပညာနှင့်သာမ`တူသော၊မနုံ ဉာဏ်မည်သည်၊နတ္ထိမရှိ၊ ၎င်းမှာလူတို့ခိုး၍လည်းမရ၊ မေးကမ်း၍လည်းမတုန်၊ ရန်သူမျိုးငါးပါး၏ လက်လှမ်း မမှီရာ၊ ရိပ်ငြိမ်းချမ်းသာသော အခြေတွင် တည်ရှိပေ၏။ ။

✓ <u>ပညာ့ဲ မှု၊ မသိမလိမ္မာမှုသည်၊ မကောင်းမှု၏မိခင်ဖြစ်၏။</u>

ပညာသည်အကောင်းဆုံးဒါနဖြစ်ကြောင်းကို၊ သမ္မဒါနံ၊ ဓမ္မဒါနံဟူသဖြင့် မြတ်စွာဘုရားဟောကြား တော်မူခဲ့လေသည်။

လူတို့သည်ပညာသင်ကြားရာ၌၊ အသက်မွေး ဝမ်းကြောင်းအတွက်သာမဟုတ်၊ လူ့ဘဝကွင် နေမှုထိုင်မှု၊ ကြီးပွားတိုးတက်မှု၊ လူပြိသမှုတို့အတွက်လည်း တတ်မြောက်ကြရပေမည်၊

သွင်ပြင်ရုပ်ဝါ၊ ပြည့်စုံပါလည်း၊ နံ့သာလိုင်ခြင်းပဂုဏ်နံ့ကင်းမှု၊ အဆင်းလှဆန်း-လူပေါက်ပန်းဟု၊ သွမ်းမှန်းသိထွေ၊ကဲ့ရဲ့ပေဖွံ့။လုပ်ခြေလုပ်လက်၊စည်ဆက်နှိုး

www.burmeseclassic.com



မှီး၊ မကျင့်သီးသော်၊ ချည်းနှီးဉစ္စာ၊ လိုခါမရ၊နှောင်တနှလုံးမငြိမ်းတည်။

(ကိုးခန်းပျို၊ ရှင်မဟာရဋ္ဌသာရ)

ခေတ်ကာလအလျောက်၊ ကမ္ဘာသုံး ဖြစ်နေသော၊ ခေတ်ပညာကို၊ အတွယ်အထိပ်တတ်မြောက် သူတို့မှာ၊ မိမိတအိုးတအိမ်ထောင်အတွက်သာ ကွက်၍ သုံးပါမူ၊ စာသူငယ်ကို၊အမြောက်နှင့်ပစ်သကဲ့သို့အဘိုးတန်ပညာမှာ၊ ဘာမှမပြောပလောက်သော ကိစ္စကလေးတွင် နှစ်မြုပ်သွားရသဖြင့် လွန်စွာ နှမြောဘွယ် ကောင်းပေတော့သည်။ထိုသူတို့မှာ၊ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာအုပ်အမျိုးမျိုးမှ၊ စီးပွားရေး၊ ပညာရေး နိုင်ငံရေး စသော၊ ကောင်းနိုးရာရာအချက်များကို ရွေးချယ်၍၊ ဘာသာပြန်ဆိုကြပါက၊အမျိုးသားများအတွက် အထူးကျေးဇူးဖြစ်ထွန်းနိုင်လေသည်။

စုူးလျှက်ရှိသောဒါးကို၊ ကလောင်စွမ်းဖြင့်ထွက်စေ၏။ ။

ထက်မျက်သော စိတ်ကူးဉာဏ်မှာလှ`စွပ်ထက်သည့်ရှိ၏။ ။

(လော့(ဒ)အဗိဗြူးရီး)

ထိုသို့တတိုင်းပြည်လုံး၏ အကျိုးကို မြော်ကိုးလျက်၊ ကျွန်ဘဝမှ လွတ်လပ်ခဲ့သော တိုင်းပြည်များအကြောင်း လွတ်လပ်ရေးတိုက်ပွဲများ၊ မျိုးချစ်အာဇာနည် ပုဂ္ဂိုလ်များ၏ အထ္ထုပ္ပတ္တိများကို၊ ဘာသာပြန်ခြင်း အားဖြင့်၊

www.burmeseclassic.com



မြန်မာနိုင်ငံတွင် အိုးစိတ်အိမ်စိတ်မှ၊ မြို့စိတ်ရွာစိတ်သို့၊ မြို့စိတ်ရွာစိတ်မှ၊ တိုင်းစိတ်ပြည်စိတ်သို့ ပြောင်းလဲလာသဖြင့်၊ တမျိုးလုံးအကျိုးဖြစ်ထွန်းနိုင်လေသည်။ ။

သကျရုပ်၊ ကြိုကြိုသမျှ၊ တောင့်တရာရာ၊ တတ်ကောင်းစွာသား၊ ဝိဇ္ဇာသိပ္ပ၊ ဟူသမျှကို၊ ငယ်ကမသင်၊ ပျော်ပါးလွင့်မူ၊ အကြွင်သူအစား၊ စကားခြေတင်၊ သဘင်မပြဲ့၊ ခံတွင်းမဲ့သို့၊ ချို့တဲ့ပညာ၊ ညှိုးမျက်နှာနှင့်၊ ရှုံ့ရှာလန့်ထိတ်၊ အသံဆိတ်၍၊ တိတ်တိတ်မနေ၊ ဆိုပြန်ချေလည်း၊ မပြေမပြစ်၊ အထစ်ထစ်လျှင်၊ ကျစ်လစ်မရှိ၊ အငြိငြိတည့်...... (ကိုးခန်းပျို့)

Ignorance is the Curse of god,
Knowledge the wing,
Wherewith we fly toheaven..
(Shapespeare)

ရှိတ်စပီးယားက၊ "မသိမလိမ္မာ၊ ပညာမရှိခြင်းသည်၊ ဘုရားသခင်၏အပြစ်ဒါဏ်ဖြစ်၏၊ ပညာမှာမူ၊ ကောင်းကင်ဘုံသို့၊ ပျံတက်နိုင်ရန်တပ်ဆင်ပေးသောအတောင်ဖြစ်၏"ဟု ဆိုထားလေသည်။ ရှာမှီးအပ်သောပညာနှင့်၊ အထင်မှန်အမြင်မှန်တို့မှာ၊ များစွာမွန်မြတ်ကြပေ၏၊

ပညာ၏လက်ျာဘက်တွင်၊ အသက်ရှည်ခြင်းတည်၍၊ လက်ဝဲဘက်တွင်၊ ချမ်းသာခြင်းဂုဏ်ရှိခြင်းတို့ တည်ကြကုန်၏။ ။

{လော (ဒ) ချက်စတားဖီး}



The wardrobe was the library of women. German Proverb)

ဂျာမန်စကားဟောင်းတခုကမူ၊ မိန်းမတို့၏ အဝတ်ခန်းမှာစာကြည့်တိုက်၊ ဖြစ်ရမည်ဟူ၍ဆိုင်း။ ။

Girls should be kept either within the four evangelists or four wills.

ပြင်သစ်စကားပုံတခုကလည်း၊ မိန်းကလေးများကို ဆရာ ၄ယောက်ကြားတွင်၊ သို့မဟုတ်နံရံ ၄ဘက်ကြားတွင်ရှိစေရမည် ဟူ၍ဆိုင်း၊ ဆိုကြလေသည်။ ။

ရှေးအခါက ပညာ သင်ကြားခြင်းမှာ၊ ဘုန်းကြီးရဟန်းအတွက်ဟု အနောက်နိုင်ငံများတွင် ယူဆခဲ့ကြ၏။ ဆင်းရဲသားနှင့်လူဂုဏ်တန်၊ ပစ္စည်းရှင်တို့မှာ၊ ပညာနှင့်ပတ်သက်ကဘာမျှမခြားနားဟု၊ ယူဆကြသည်မှာ ပင်များစွာမကြာမြင့်သေးပေ။ ။

ကျောင်းမှာမကြီး၊ နွယ်ဖျားသီးသည်၊ ဘူးသီးမွေးနှု၊ လက်သတ်ပြုသို့၊ ရှုပညာ၊ ငယ်ရွယ်စွာက၊ ဆရာထက်ကြပ်၊ မဆည်းကပ်မိ၊ နှမ်နှမြော၊ လွန်လှမော်ဟု၊ အိုသောင်ကာလ၊ နောင်တရလိမ့်၊ သောကမကောင်း ဘွယ်သာတည်း။ ။

(ဘြဝါဒထူးပျို့)

ပဋ္ဌမ အင်္ဂလိပ် အဘိဓာန် ကြီး ကို စီ စဉ် ရေးသားခဲ့သော ဒေါက်တာဂျွန်ဆင်က လူတိုင်းလူတိုင်းသာ ပညာ

www.burmeseclassic.com

www.burmeseclassic.com



သင်ကြားတတ်မြောက်ခဲ့ပါမှ ကမ္ဘာပေါ်တွင် လက်လုပ်လက်စားများရှိတော့မည်မဟုတ် ဟု ပြောဆိုခဲ့လေသည့် သို့သော်ဒေါက်တာဂျွန်ဆင်မှာ စာပေဘက်တွင် အထူးဝါသနာထုံသူဖြစ်ရကား၊ကိုယ်နှင့်ရင်းနှီး၍လုပ်ရသော အလုပ်၏၊တန်ဘိုးကိုတကယ်မသိနားမလည်ရှာခဲ့ပေ။

အာဠဝက အမေးရှိ၍၊ မြတ်စွာဘုရားက.........

ဇီဝိတံ၊ ဇီဝန္တာနံ၊အသက်မွေးတကာတို့တွင် ပညာဇီဝါ၊ပညာဖြင့် အသက်မွေးခြင်းသည်၊သေဋ္ဌ၊မြတ်၏ဟူ၏၊ ကုသလာလိမ္မာကျန်သော ပညာရှိတို့သည်၊ အာဟု ဆိုကြကုန်၏ , ဟု ဖြေဆိုတော်မူခဲ့ လေသည်။ အဘယ်ကြောင့် ဆိုသော် ကိုယ်ကိုရင်းနှီး ပင်ပန်း ကြီးစွာ လုပ်ရသော ကူလီ သူရင်းငှား ထွန်ယက် လှေထိုး၊ အလုပ်မျိုးတို့မှာ လူတယောက်အတွက် တနေ့လျှင် ၁၀ ၂၀ သာရတတ် ကြသော်လည်း ဉာဏ်ရှင် ပညာရှင်များမှာမူ တရက် ထည်းနှင့်ပင် တရာတထောင် မက ရတတ်သောကြောင့် ဖြစ်လေသည်။

စာပေမှာ သင်လျှင်တတ်စမြဲဖြစ်၏၊ လူတို့မှာ ပညာတတ်နှင့်စာတတ် ခွဲခြားသိဘို့ရန်လိုပေသည်၊ဝိဇ္ဇာ မဟာဝိဇ္ဇာအောင်သူတို့မှာ စာတတ်များဖြစ်ကြ၏၊ ၎င်းတို့မှာ သင်ခန်းစာများကို အစမှအဆုံးရွတ်တတ် ဖတ်တတ်ကြသူများဖြစ်ပေ၏။



မြန်မာပြည်၌ စာမေးပွဲအောင်မြင်သူများသလောက် ပညာရှိနည်းကြကုန်၏။

— ပီမိုးနင်း

ရွတ်တတ် ဖတ်တတ်ကာမျှနှင့်တတ်သည်မမည်၊
ဒဏ်သဘောပေါက်မှ တတ်သည်မည်၏။

—လယ်တီဆရာတော်ဘုရား

ခေတ်ပညာတတ်ဟူသောအခဲ့ထူး သညာကလေးများ ရကြသူများမှာ သက်ကြီးရွယ်ကြီးတို့အား၊ ကိုင်းရှိုင်း ရိုသေရသော ဂါရဝတရားပျက်ကွက်ခြင်း၊ ကိုယ်ကျိုးနှိမ့်ချသော သန္တာဓိဇ ဂုဏ်ပျက်ခြင်း၊လက်အုပ်ချီခြင်း တည်းဟူသော အဉ္စလိကရဏီ စသောဂုဏ်ဖြင့် ပြည့်စုံသော ရဟန်းတော်တို့အား မိမိတို့ဂုဏ်ဖြင့် မထိုက်တည်သေဟန်၊ ဝတ်ပြုခြင်း၊နေရာပေးခြင်း၊တို့ကိုမျှမပြုခြင်းစသည်ဖြင့် ဘယ်ယဉ်ကျေးမှု၊ ဘယ်ဘာသာ ဝေရေးတို့ကမှ၊ ချော်လွန်နှိပ်ကွပ် ခြင်းငှာမတတ်ရာ မတတ်ကောင်းသော မင်္ဂလာတရားတော်အစစ်များကို ကျူးလွန်တတ်ကြကုန်၏၊ထိုသို့သောသူများမှာ ရာထူးဂုဏ်သိမ် မည်မျှ ငင်ရှိစေကာမူ ပညာရှိဟုခေါ် ဆိုနိုင်ကြသည် မဟုတ်ပေ။

ခေတ်ပညာကိုမတတ်ဘဲ ဘာသာရေး စာပေတို့ကို သာတတ်သော ရှေးလူကြီးများအား အထင်အမြင်သေး



www.burmeseclassic.com

www.burmeseclassic.com



လျက် မခံ့လေးစားပြုတတ်သူများလည်း ရှိပေသေး၏။ ထိုသူများမှာ မိမိတို့ဥာဏ်တို့ဥာဏ်စ တတွာတမိုက် မှု ဖြင့် မိုက်ကန်းကန်းပြုလုပ်တတ်ကြလေသည်။

ယော်စဉ်အခါက နွားကျောင်းရန် ဈေးရောင်းရန် နိုင်းစေရန်ကိုသာ ရှိသည်ဟု ကျောင်းတွင်အပ်နှံ၍ ပညာသင်ကြားခွင့်မရသော ကလေးများမှာ ကြီးပြင်း လာသော အခါ လောကတွင် လူဖြစ်ရှုံးရတော့၏။ ၎င်းတို့မှာ အများနှင့်အမြန်ကို စေဘန်ပိုင်းခြားတတ်သော အမြော်အမြင် ပညာဉာဏ်ကင်းမဲ့သဖြင့် ကုသိုလ်ဒုစရိုက်မှုများ ဖြစ်ပွားခြင်း၊ မိဘဆွေမျိုးတို့၏ ဂုဏ်သက်ပန်အနှောက်အယှက် အပုတောင်များဖြစ်လျက် ရာဇဝတ်မှုစသည်တို့ကို ကျူးလွန်တတ်ကြကုန်၏။

မိဘများမှာသားသမီးများ၏ ရှေ့ရေးကို မြော်တွေးသဖြင့် ပညာတည်းဟူသောအမွေအနှစ်ကို ပေးအပ်ခဲ့မှသာလျှင် သားငယ် သမီးငယ်များ ကြီးပြင်းလာသောအခါ လောကတည်းဟူသော လှိုင်း လေ ထန်းပိုး ကြမ်းထမ်းသောခရီးလမ်း၏ ပညာတည်းဟူသော ကျွမ်းကျင်သည့် မာလိန်မှူးသည် ရှေ့ဆောင်လမ်းပြရှိသည်ဖြစ်၍ အောင်မြင်ခြင်းတဘက်ကမ်းသို့ တက်လှမ်းနိုင်ကြပေမည် ဖြစ်၏။

သားသမီးကို ငယ်ကပညာ သင်ကြားခြင်း မရှိသဖြင့်၊ မိဘနှင့်တကွ၊ ဆွေမျိုးသားချင်းများပါ၊ ပူဆွေး ဒုက္ခ



ရောက်သဖြင့် သားကို ငယ်က မဆုံးမ မိဘတလည်း ရန်သူမည့်၏ ဟု ဆိုစမှတ်ပြုကြကုန်၏။

သွန်သင်လွယ်ရာ၊ ငယ်စဉ်ခါက၊ ပညာမရ၊
ဒုတိယသတွင်၊ ဥစ္စာမဲ့ထ၊ ကြီးရင့်လှလည်း၊ ဓမ္မမ
ပျော်၊ကျင့်ယွင်းချော်မှု၊ မှည့်ပျော်သက်ကြီး၊ သေ
ချိန်နီးသော်၊ ကိုယ်သားလက်ချ၊ သုံးမကျတည့်။

လောကနီတိပျို

မိဘတို့ ဝတ္တရားတွင်လည်း၊ မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ သိမ်းမြန်းခြင်းဟုရှိရကား၊ပညာသင်ပေးခြင်းမှာ၊ အထူးမျက်ကွက်အပ်သောဝတ္တရားကြီးဖြစ်ပေ၏။ကုဋေ ဂဝကြွယ်ဝသော ဗာရာဏသီသူဌေးသားမှာ အတတ်ပညာ လုံးမပါသူဖြစ်သဖြင့် ခွက်လက်စွဲကာ၊ တောင်းစားရသောဘဝသို့ ရောက်သွား သော်လည်း၊ ပညာတည်းဟူသော အမွေစစ်အမွေနှစ်ကို ရလိုက်သော သူဆင်းရဲ ဘယောက်မှာ ဘယ်နည်းနှင့်မျှ ပညာမဲ့ သူဌေးသား၏ အခြေမျိုးသို့ ရောက်နိုင်မည် မဟုတ်ပေ၊ ပိုမိုထွန်းကားကြီးတတ်လာရန်သာ ရှိလေ၏။ ကမ္ဘာကျော်မှုးရှင်ကြီးများဟုခေါ်ဆိုအပ်သော ဖဲ(က) ဗာအက်ဒ်ဆင် ဆားဆင်ပြူရဲ(လ်)သမိုင်း၊အိုအက်(စ)မာဒင် မဟောသခသုခန်တို့မှာ မိဘဆွေမျိုးလက်ထက်က၊ ပစ္စည်းဥစ္စာများကို အမွေခံစားလိုက်ရသူများမဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com

✓ပညာသည် နေ့စဉ်လုပ်ကိုင် နေရသော အလုပ်နှင့် အများဆုံး ဆက်သွယ်လျက်ရှိပေ၏၊ အလွန်ဆင်းရဲသော ကလေးများအဖို့မှာ စာရေးခြင်း၊စာဘတ်ခြင်း၊ ဂဏန်းတွက်ခြင်းတို့ကို အနည်းဆုံးထား၍ သင်ကြား ပေးရပေမည်၊စာရေးခြင်း၊စာဘတ်ခြင်းတို့မှာ အသေးစိတ် လုပ်ငန်းအရပ်ရပ်အတွက် ဖြစ်၍ဂဏန်းသင်္ချာမှာစာရင်းအင်း နိုင်နှင်းရန်အတွက် ဖြစ်ပေ၏။ ကျွန်ုပ်တို့သည်ပညာကို အားပေးကြရာ၌ လူတယောက်အား၊ အလုပ် သမား ကောင်းတယောက် ဖြစ်စေရန်မဟုတ်ဘဲ၊ အလုပ်သမား တယောက်အား ပိုမိုကောင်းမွန်သော လူတယောက်ဖြစ်စေရန်ရည်သန်၍ ပြုလုပ်အားပေးကြရာသည်။

✓ကျောင်းတည်ထောင်သူသည်၊ ထောင်တံခါးကိုပိတ်သည်မည်၏ဟု ဝိတာကြူ ရိုဂိုသူ ပညာရှိကြီးကမိန့်မြွက်ဘူး လေသည်။ မြန်မာပြည်ရှိ ဘုန်း တော် ကြီး ကျောင်းများတွင် အခမဲ့လောကီ လောကုတ္တရာ နှစ်ဖြာ သောပညာ ရပ် များ ကိုသင် ကြား ပို့ ချ ပေး သဖြင့် ဘုန်းကြီးကျောင်း ဆောက်လုပ်ခြင်းသည်၊ထောင်တံခါး ကိုသာမဟုတ် အပါယ်တံခါးကိုပါပိတ်သည်ဟုခေါ်ဆိုနိုင်ပေကြောင်း။

ဆွီဒါလန်နိုင်ငံရေးပါရဂူတယောက်က 'ကျွန်ုပ်တို့၏ ကလေးများမှာ ဆင်းဆင်းရဲရဲပင် မွေးလာကြစေကာမူ ကြီးပြင်းလာ သောအခါ မသိမလိမ္မာဟု မရှိကြစေရန် သတိထား၍ ကလေးများကို ပညာ သင်ပေးရမည်'ဟု ပြောဘူးလေသည်။

မက်သူအာနို့ ရေးသားသော "တတ်သိလိမ္မာခြင်းနှင့် တရား လက်လွတ်ပြုခြင်း" ခေါ်စာအုပ်တွင် 'တတ်သိလိမ္မာခြင်း၊ဉာဏ် အလင်းရောင် ပေါက်ခြင်း၊ ချိုသာကောင်းမွန်ခြင်းတို့မှာ လရောင်သဘွယ် လွှမ်းတင့်တယ်၏'ဟုဖော်ပြပါရှိလေသည်။

✓ပညာရေးနှင့် ရာဇဝတ်မှုများ ဆက်စပ်နေပုံကိုမူ အင်္ဂလန်ပြည်ကိုဥပမာတင်ရပေမည်၊အင်္ဂလန်ပြည်တွင် ပညာသင်ကြားရေး အက်ဥပဒေကို တင်သွင်း သော ၁၈၇၀ ခုနှစ်သည် ပေါင်းသင်း ဆက်ဆံရေး ရာဇဝင် တွင်ဦးဒါန်းတွင်ရစ်သော နှစ်ဖြစ်ပေ၏။ ထိုစဉ်အခါက အင်္ဂလန်ပြည်တွင် မူလတန်းပညာ သင်ကြားနေသော ကလေးပေါင်း ၁ သန်း ၄ သိန်းရှိ၍ ၁၉၁၂ ခုနှစ်တွင် ၅ သန်းရှိလေသည်၊ထိုသို့ ပညာသင် ဦးရေ များပြားလာသဖြင့် အကျိုးခံစားရသော ရာဇဝတ်မှုဦးရေ စာရင်းကိုပမြှုမကြည့်ကြပါစို့။၁၈၇၇ ခုနှစ်တွင်ရာဇဝတ်မှုပေါင်း ၂ သိန်း ၈ ထောင်ရှိရာဦးရေတဖြည်းဖြည်းယုတ်လျော့လျက်၊ ၁၉၁၂ ခုတွင်မှ အမှုပေါင်း ၁ သိန်း ၃ သောင်းသာရှိတော့၏။ ဆုံးချုံးတချုံးမှာ လုံးလုံးခဲခဲ လျော့သွားသည်ကိုတွေ့ရ၏၊တဘက်ကရာဇဝတ်မှုဦးရေ ယုတ်လျော့နေသလောက် တဘက်က လူဦးရေများပြားလာသည်ကိုလည်းဂရုပြုကြရပေမည်။များပြားတိုးတက်



www.burmeseclassic.com

www.burmeseclassic.com



လာသော လူဦးရေအချိုးအစား အတိုင်းသာ ရာဇဝတ်မှုများပြား လာမည်ဆိုပါက ယခုရှိရင်း အမှုပေါင်း ၁၃၀၀၀၀ အစား ၂၈၀၀၀၀မျှရှိရပေလိမ့်မည်။ ထိုသို့ဖြစ်ဘိမူကား အကျဉ်းထောင်နှင့် ပုလိပ်အဖွဲ့များအတွက် အသုံးစရိတ်မှာ ယခုကုန်ကျလျက်ရှိသောပေါင် ၄ သန်းအစား ပေါင်၈ သန်းမျှ ကုန်ကျ ရပေမည် ဖြစ်၏၊ ၁၈၅၆ ခုနှစ်တွင်လူငယ်များ၏ စွဲချက်တင်ရသောပြစ်မှုများမှာ ၁၄၀၀၀ ရှိ၏။ ၁၈၆၆ခုနှစ်တွင် ၁၀၀၀၀၀ထိ လျော့ဆင်းလျက်၊ နောက်ဆုံးစာရင်းအရမူ ၅၁၀၀ သာ ကျန်တော့သည်ကို တွေ့ရ၏၊ ၁၈၇၀ ခုနှစ်တွင်စားရာမဲ့ သောက်ရာမဲ့ လူဆင်းရဲများမှာ၁၀၀၀လျှင်၄၇ ယောက်ကျရှိ၏။ ယခုမူ ၅၂ယောက်ကျငင် ရှိခဲ့ဘူးလေသည်၊ ထိုအချိန် ကစ၍ တဖြည်းဖြည်း လျော့ဆင်း လာရာ ၁၉၁၂ ခုနှစ်မှာမူလူ ၁၀၀ပလျှင် ၂၂ ယောက်ကျသာ ရှိတော့၏၊ထိုလူဆင်းရဲ များအတွက် တနှစ်လျှင် ပေါင် ၈ သန်းမျှအစိုးရက ကုန်ကျလာခဲ့ရာ ယခုကဲ့သို့ ဦးရေမယုတ်လျော့ဘဲ လူဦးရေ အချိုးအစားအတိုင်းသာ များပြားလာမည်ဆိုပါကယခုအခါပေါင်၁၆သန်းမျှသုံးစွဲကြရပေမည်၊ဤသည်ကိုကြည့်၍ လွန်ခဲ့သောနှစ်ပေါင်း ၂၀ ကျော်က နှုန်းအတိုင်း လူဦးရေ များပြား ၌လောက် ရာဇဝတ်မှု ဆင်းရဲသားဦးရေများပြား လာမည်ဆိုပါက ရာဇဝတ်မှုဌာနတွင် ပေါင်၄သန်း၊ ဆင်းရဲသားရုံပုံငွေ



တွင်ပေါင် ၈ သန်း၊ ပေါင်းပေါင် ၁၂ သန်းမြန်မာငွေ ၁၆ ကုဋေ ၈ သန်းပိုမိုကုန်ကျရပေမည်။

၁၇၅၉ ခုနှစ်တွင် ထောင်ဒဏ် အပြစ်ပေး ခံရသူ ပေါင်း ၂၈၀၀ရှိ၍၅နှစ်အတွင်းယုတ်လျော့လာရာ၁၇၄၆ခုနှစ်တွင် ဤမျှတိုးတက်နေသော လူဦးရေတို့အကြားတွင်၇၂၉ ယောက်သာကျန်တော့၏၊

✓ပြစ်မှုကျူးလွန်ခြင်းနှင့်၊ မသိမလိမ္မာ မိုက်မဲမှုတို့၊ မည်မျှနီးကပ် ဆက်သွယ်နေကြောင်းပြရမည် ဆိုလျှင်၊ ထောင်ဒဏ်အပြစ်ပေးခံရသူပေါင်း-၁၅၇၀၀၀-အနက် စာရေး စာဘတ်တတ်သူ—၅၀၀၀ ပါ၍၊ပညာတတ်ဟု ခေါ်ဆိုနိုင်သော အရည်အချင်း ရှိသူ ၂၅၀ သာပါဝင်၍၊ကျန် ၁၅၁၇၅၀ မှာ ပညာမတတ်သူများ ဖြစ်ကြောင်းတွေ့ရလေသည်။

အောက်ပါဇယားကိုကြည့်ခြင်းအားဖြင့်၊ တဘက်က နှစ်စဉ်နှင့်၊အမျှတိုးတက်နေသော၊လူဦးရေနှင့်၊ တဘက်က၊ ရာဇဝတ်မှုမည်မျှ ဆုတ်ယုတ်လာကြောင်းကိုတွေ့နိုင်လေသည်။

၁၈၉၄ ခုနှစ်၊ အကျဉ်းထောင်မင်းကြီး အစီရင်ခံစာ

| နှစ်သက္ကရာဇ် | အင်္ဂလန်နှင့်ဝေလနယ် ထောင်ဒဏ်အပြစ်ပေးခံရသောဦးရေ။ | အင်္ဂလန်နှင့်ဝေလနယ် လူဦးရေ |
|---|---|---|
| ၁၈၅၉ ခု နှစ်-ဒီဇင်ဘာ ၃၁ ရက်နေ့တွင် ကုန်ဆုံးသောရှေး-၅-နှစ် အတွင်း | ၂၅၈၉ | ၁၅,၂၅၇,၀၀၀ |
| ၁၈၆၄။........ ။........ | ၂၈၀၀ | ၂၀,၃၇၀,၀၀၀ |
| ၁၈၆၉။........ | ၁၉၇၈ | ၂၁,၆၁၈,၀၀၀ |
| ၁၈၇၄။........ | ၁၆၂၂ | ၂၃,၀၈၈,၀၀၀ |
| ၁၈၇၉။........ | ၁၅၃၄ | ၂၄,၇၀၀,၀၀၀ |
| ၁၈၈၄။........ | ၁၄၂၇ | ၂၆,၀၀၃ ၀၀၀ |
| ၁၈၈၉။........ | ၇၉၁ | ၂၇,၀၃၉,၀၀၀ |
| ၁၈၉၄။........ | ၅၄၀ | ၂၀,၀၅၅,၀၀၀ |

www.burmeseclassic.com



ဤကဲ့သို့အသေးစိပ်၍ စာရင်းအင်းနှင့် ပြခြင်းမှာ၊ ပညာသင်ကြားရသဖြင့်၊ စရိုက်ကြီးလေးကြောင်း၊ မိဘများငြိုးတွားသံကို မကြာခဏကြားသိရသောကြောင့်။ ဖြစ်ပေ၏။

အနည်း ငယ် သော ရာဇဝတ်မှုများမှာသာ၊ သည်းခံနိုင်ခြင်း၊ ဒေါသလွန်ကဲခြင်းတို့ကြောင့်ဖြစ်၍၊ အခါများစွာမှာမူ၊ သောက်စားမူးယစ်ခြင်း။ ပညာမဲ့ခြင်းတို့ကြောင့်ဖြစ်လေသည်။ ။

မြန်မာပြည်၌မူ၊ စာသင်ကျောင်းများလည်း များစွာတည်ထောင်ဖွင့်လှစ်ပေးခြင်း မရှိသေးသဖြင့်၊ ရာဇဝတ်မှုဦးရေမှာ၊ များစွာ ယုတ်လျော့ခြင်း မရှိပေ။ သို့သော် သက္ကရာဇ် ၁၈၂၇ ခုနှစ်မှ၊ ၁၈၃၆ ခုနှစ်ထိ–၁၀နှစ်အတွင်း၊ အလုပ်ကြမ်းနှင့်ထောင်ဒဏ် အပြစ်ပေးခံရသူဦးရေ=၁၇၅၀=ခန့်ယုတ်လျော့သည်ကို တွေ့ရကြောင်း။

အလုပ်ကြမ်းနှင့်ထောင်ဒဏ်အပြစ်ပေးခံရသောဦးရေမှာ

၁၉၂၀......ခုနှစ်......၁၉၆၀၀။......ယောက်

၁၉၂၈......။..........၁၉၅၅၀။......။

၁၉၂၉......။..........၁၉၁၀၀။......။

၁၉၃၀......။..........၁၉၀၅၀ .....။

※၁၉၃၁......။.... .....၁၉၁၀၀။......။

※၁၉၃၂......။..........၂၁၃၀၀။......။

※ အထက်ပါစာရင်းတွင်၁၉၃၁ခု၊၃၂နှစ်များတွင်အကျဉ်းသားဦးရေများပြားကြောင်းတွေ့ရပေမည်။ ထိုနှစ်များမှာ သာယာဝတီ သူပုန်ထသော နှစ်များ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၃၃......။............၁၈၉၀၀။......။
၁၉၃၄......။............၁၇၂၅၀။ ....။
၁၉၃၅......။............၁၇၆၀၀။......။
၁၉၃၆......။............၁၇၇၅၀။......။

ဖြစ်လေသည်။ ။

လူတို့မှာ ရုပ်နှင့် မျက်စိရှိတိုင်း မြင်ကြသည် မဟုတ်၊ ရုပ်မျက်စိအလင်းရောင်၊ အကြည်ဓာတ်တို့ ပြည့်စုံ မှမြင်ကြရပေ၏၊ မျက်စိကြောင့်မြင်သည်ဟုဆိုသော်၊ လူသေမျက်စိ အိပ်ပျော်နေသူတို့၏ မျက်စိများမှာ၊ အဘယ်ကြောင့် မမြင်ဘိသနည်း၊ သာဒ၊ ဟူသောအကြည်ဓာတ်မှာ၊ပို၍အရေးကြီးဘိ၏။ ထို့အတူ စာအုပ်များကို၊ တွင်တွင်ကြီးဘတ်ရုံနှင့်၊ ပညာ မရှိနိုင်သေးချေ၊ ဉာဏ်နှင့်သုံ့၍ယူမှ၊ပညာရှင်ဖြစ်နိုင်လေသည်။ ။

ခံ့ညားပြေပြစ်သောစကားတန်ဆာ၊ ဝါစာသိလိပ္ပ၊ တို့မှာ အရေးပင်ကြီးငြားသော်သည်း ပညာ၏ အစိတ်အပိုင်းမျှသာဖြစ်ပေ၏။ ပညာသင်ကြားရေးသည်၊ လူတို့၏ကျင့်စဉ်နှင့်၊ သင့်တင့်သိဉ္ဉတ်၊ သပ္ပါယ မျှတရမည်ဖြစ်ပေ၏၊ လူအချင်းချင်းဆက်သွယ်ပေါင်းသင်းခြင်းကို၊ ပညာက စီမံပေးရမည်။ ။ပေါ်ပြူနှင့် ပေါရာဏ တို့မှာ၊ ခံ့ညားသော်လည်း နေရာတကာတွင် ကောင်းသည် မဟုတ်ပေ။ အထူးသဖြင့်ပေါရာဏကို ရှောင်ကြဉ်သင့်ကြပေသည်၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်သီလဝံသ၊ တို့၏ စာများတွင်ပေါရာဏနည်းပါး၍၊ ရှိက္ကစပ်းယား၏ စာများတွင်လည်း ယက်တင် ဂရိ၊ စသောဘာသာများ နည်းပါးကြောင်းကိုတွေ့ရှိရပေမည်။



အလုပ်များတွင်လည်း၊ ဥပဒေသအလုပ်၊ ကိုယ်ထိလက်ရောက်၊ အလုပ်ဟူ၍ရှိရာ၊ စာအုပ်များကိုသာ တဘတ်ဘဲဘတ်နေပြီး၊ ကိုယ်တိုင်စမ်းသတ်လုပ် ကိုင်ခြင်းမရှိသူမှာ၊ ဥပဒေသနည်းကိုကြိုက်သူဖြစ်၍၊အတွေ့အကြုံနည်းပါးသဖြင့်၊ ကိုယ်ထိ လက်ရောက်ဝါဒသမားနှင့်တွေ့က၊ အရည်အခြင်းချင်းတူလျှင်၊ ဥပဒေသနည်းသမားကရှုံးရမြဲဖြစ်ပေ၏။

ပညာဟု ခေါ်ဆိုသည်မှာ၊ လေရဟတ်အောက်တွင် ထိုင်၍ရုက္ခဗေဒ စာအုပ်ကိုဘတ်ပြီး၊ သစ်ပင်များကြီးအောင်စိုက်၍ ရသောအတတ်မျိုးမဟုတ်ပေ၊ ဥပဒေသတို့ကို မှီငြမ်းပြု၍၊ အလုပ်ကို တကယ်လက်တွေ့ လုပ်ကိုင်မှသာလျှင်၊ပညာ၏အကျိုးတို့ကိုခံစားရလေသည်၊

ကလေးသူငယ်များအား၊ သဒ္ဒါ၊ သင်္ချာစသည်တို့ကို သင်ကြားခြင်းမှာ လွယ်ကူသလောက်၊ တကယ်ပညာ၏ အရင်းခံတို့ကိုသင်ကြားရန်ခက်ပေ၏။ ၎င်းတို့၏ သေးငယ်သော ဦးနှောက်ကလေးများထဲသို့၊ အားအင်ဖြည့်သွင်းခြင်း ရေ့ တက်လမ်း ရှိအောင် ပြုပြင်ပေးခြင်း၊ အကျင့်ဆိုးများကို ရွေးချယ်နုတ်ပယ်၍၊ အကျင့်ကောင်းများကို မျိုးစေ့ ချပေးခြင်းများမှာ လွယ်ကူ သည် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ပညာ သင်ကြားခြင်းမှာ ဝတ်လုံတော်ရ၊ တရားသူကြီး၊ ကျောင်းဆရာ၊ လွှတ်တော်ဝန် စသည့် အသီးသီး ဖြစ်ကြရန် ရည်ရွယ်၍ သင်ကြားရသည် မဟုတ်ပေ၊ ယောက်ျားတို့၏ ဂုဏ်အင်္ဂါနှင့် ပြည့်စုံသော ပြည့်ပြည့်ဝဝ ယောက်ျားတယောက် ဖြစ်စေရန်၊ ဗေဒင်ပိုင်းခြားတတ်သော အသိဉာဏ်ရှင်တယောက် ဖြစ်လာရန်သာ၊ ပဓာနထားရမည်ဖြစ်ပေ၏။

လူတယောက်အား သေချာစွာ တရားသဖြင့်ပြုလုပ်စေခြင်း၊ အရေးကိစ္စ ဟူသမျှတို့တွင် သိက္ခာရှိရှိ တည်တည်ကြည်ကြည် ပြုလုပ်ဆောင်ရွက်နိုင်ခြင်း ပရိစာဂ၊ ဂုဏ်နှင့် ပြည့်စုံခြင်းတို့ကိုပင် ပညာဟု ခေါ်ဝေါ်အပ်လေသည်၊

ကြက်မနှင့်ကြက်ဥ၊ ဘာကအလျင် ဖြစ်ပေါ်သနည်း မေးခွန်းတို့တွင်၊ ပညာရှင်တို့မှာ ကြက်မကအလျင်ဖြစ်သည်ဟု ရတိပြတ်ဖြေဆိုနိုင်ကြ၏၊ အဘယ်ကြောင့်ဆိုသော်ဝေါဟာရ၊ ပညတ်အားဖြင့်ပင် ကြက်မ၏,ဥ,ဟုသာရှိ၍ ကြက်ဥ၏ ကြက်မဟုရှိလည်းမရှိ ခေါ်လည်းမခေါ်သောကြောင့်ဖြစ်ပေ၏။

ပန်းချီတို့၏ မျက်စိကျက်စားရာတောတောင်ရေမြေ လောကဓါတ်၏ လှို့ဝှက်ဆန်းကြယ်သောအဖြစ် သနစ်တို့ကို၊ မသိစေသောကလေးသူငယ်များအား၊ မကြီးပြင်းပါစေနှင့်၊



စာအုပ်များထဲတွင်၊ မျှော်ခေါ်စဉ်းစားနိုင်ခွင့်၊ အကြံအစည်များလွန်စွာနည်းပါးလေသည်။ ထိုအကြံအဉာဏ်တို့မှာ၊ တောတောင်ရေမြေ သမုဒ္ဒရာ လရောင်ခြည်၊ နေရောင်ဝါ၊ လေပြေလေသွေး၊ တောပန်းတောင်ပန်း၊ ဂနိုင်ဟောမာတို့တွင်၊ ပုံမိတွေ့ရှိနိုင်၏ ဟု လော(ဒ)ချက်စတားဖီး-က ရေးသားခဲ့လေသည်၊

ကျွန်ုပ်တို့မှာအသက်ရှင်နေသမျှကာလပတ်လုံး၊ ပညာသင်ကြား ရန် လိုပေ၏၊ ၁ ပြားသတင်းစာ၊ တမူးတန်ဝတ္ထုတို့မှ၊ အတိုအထွာသတင်း းတို့ကို၊ ပေါ့ ပေါ့ ဆသသင်ကြားခြင်းနှင့်၊ ကိစ္စမပြီးမြောက်ချေ၊ "ပညာသင်ကြားရန်၊ အနွယ်လွန်ပြီဟု၊ ဘယ်တော့မှမရှိ၊" ဟုသိုးဆောင်းစကားပုံတခုရှိလေသည်။

ပညာဟူသည်မှာ မိမိနိုင်ငံအကျိုး သယ်ပိုးလိုသော စိတ်ရှိခြင်း၊ သဒ္ဓါရှိခြင်း၊ မိမိကိုယ်ကိုမိမိစိုးပိုင်ခြင်း တို့အတွက်ဖြစ်လေသည်။ ပညာမှာလူတို့အား တိုင်းရင်းဘာသာကိုအလွယ်တကူ ရေးတတ်နိုင်၍ ဝါစာသိသိဖြစ်သော စကားယှဉ်စကားနှ အထက်တန်းစား စာပေတို့၏ သဘော၊ အနက်၊ ရသ၊ အြဇာတို့ကို သိစေနိုင်၏။ မိမိတိုင်းပြည်၏ ရာဇဝင်နှင့်၊ ပေါင်းသင်းဆက်ဆံရေး၊ နေ့ထိုင်မှုတို့၏နည်းကောင်း ဥပဒေတို့ကိုတတ်သိကျွမ်းကျင်စေနိုင်၏၊ သဘာဝဓမ္မ၊ လောကဓံတရား၊ ကိုယ်လက်လှုပ်ရှားခြင်းတို့၏ အခြေခံတရားတို့ကိုသိစေတတ်၏၊ အကျိုးအကြောင်း ဆင်ခြင်တုံတရားဟုခေါ်သို

www.burmeseclassic.com

အပ်သော၊ လောဂျစ်-ပညာကိုစာတွေ့ထက်၊ ကိုယ်တွေ့ကများသဖြင့်၊ ဗဟုသုတ ဖြစ်စေ၍ဟု- ပါမောက္ခပ်လေးကပြောခဲ့ဘူးလေသည်။

လော့(ဒ)ချက်စတာ ဖိုးက၊ ငယ်စဉ်အခါက မိုးသားတိမ် တိုက်အကြောင်း၊ မြက်ပင်များ အကြောင်းတို့ကိုသိလိုလှ၍၊ နွေဦးပေါက်စတွင် အဘယ်ကြောင့်ရွက်သစ်ပြောင်း၍-ရွက်ဟောင်းကြွေကျသည်ကို သိလိုလှ၍၊ ပရွက်ဆိတ်ကလေးများ၊ ဘားလောင်းကလေးများတို့၏အမူအရာကိုစောင့်စားကြည့်ရှုခဲ့၏၊ မည်သူမျှအရေးတစိုက် ဖြေကြားမည်မဟုတ်သော မေးခွန်းများကို မေးခြင်းဖြင့်၊ လူကြီးများအား၊ အနှောင့်အယှက် ပေးမိ၏။ ထိုသိလိုမြင်လို တတ်ကျွမ်းလိုသော စိတ်များ ကပင်၊ ယုတ္တိကိုရှာသဖြင့်၊ ပညာ၏အရင်းခံကြီးဖြစ်လာပေတော့၏၊ ဟုပြောဘူးလေသည်။

စာအုပ်များမှာ သူ့ချည်းသက်သက် အသုံးပြုရမည်ဆိုသော် ပြုလုပ်ခဲ့ခဲ့ တဲ့အိမ်ကလေးသဘွယ် တည်တည့်ခိုင်မြဲသော သတ္တိရှိမည်မဟုတ်ပေ။ ပညာနှင့်တွဲ၍ဘက်၍သုံးရမည့်အရာ ၂ ခုရှိလေသည်။ ၎င်းတို့မှာ နှိုင်းချိန်ခြင်းနှင့် ဝေဘန်ခြင်း တို့ဖြစ်ပေ၏။ ထိုတရား ၂ ပါးတည်းဟူသော ကျားကန် ထားမှ သာလျှင် စာအုပ် တည်းဟူသော ပညာမှာ မယိုင်မလဲ တည်မြဲ တည်ရှိ ပေလိမ့်မည်၊ စာအုပ်မှာ အကြွမ်းသဘောအားဖြင့် ခုတ် အရော ရောကျောက်အရော ရောသေါင်းပြောင်းစုဆောင်းခြင်းမျှသာ



ဖြစ်၍ တကယ်စိစစ်က အသုံးမဝင်သည်တို့ များစွာပါဝင်ကြောင်းတွေ့ရပေ၏။

ချင့်ချိန်စဉ်းစားခြင်းမှာ ရွေးချယ်စိစစ် သဏ္ဍာန်ချပြီး၊ လျှင် ရှုးနေရာစုံ ဆောက်နေရာဆောက် ဝေဘန်သုံးသွဲခြင်းအားဖြင့် ပညာမဏ္ဍိုင်ကြီးကို ဆောက်လုပ်နိုင်လေသည်။ တရားစစ် တာဝန်မှန် မဘောက်ပြန်သောသဘောတို့ကို အပတ်တကုတ်ကြိုးစားရှာဖွေ၍ ကျွန်ုပ်တို့၏ သဏ္ဍာန်တွင် ကိန်းအောင်းစေတော့၏။

ကျောင်းတွင်ပညာသင်ကြားခြင်းမှာ၊ နမောဗုဒ္ဓါယနှသာ ဖြစ်တုံသေး၏။ သို့ပ ကျောင်းများမှ ဂုဏ်ထူးဆွဲထူးများရသောအခါ ပညာမှာ ဆုံးခန်းတိုင် ရောက်ပြီဟုမယူဆရာ၊ မြန်မာများ ထိုသို့ယူဆသဖြင့် အညွန့်တုံးကာ ဘာကိုမျှရှုပ်ရှုပ်ချွံချွံ မလုပ်နိုင်ကြပေ။ ၎င်းတို့မှာကျောင်းကထွက်လျှင် ပညာဆုံးပြီဟု ယူဆသဖြင့်၊ အလုပ်တခုခုတွင် မိမိကိုယ်နှင့်တကွသော ပညာကိုရောင်းစား ခြင်းဖြင့် ပညာကို အညွန့်တုံးစေ၏၊ လူ၏တက်လမ်းကို ပိတ်ဆို့ပေတော့၏။ ရှေ့ကို ဆက်လက်သင်ကြားရန် အိပ်မက်မှ မမက်တော့ချေ။ စင်စစ်မှာမူထိုသို့မဟုတ်ချေ၊ ကျောင်းများ မှအတန်းတဆုံး သင်ပေးလိုက်သောပညာမှာ တကယ့် အစစ် အမှန် ဖြစ်သောဘဝ့ပညာကို စုံစမ်းရှာဖွေနိုင် လာက်သော အရည်အချင်းမျှသာဖြစ်သေး၍၊ ပညာ၏ တံခါးဝသို့ ရောက်ရုံသာရှိပေသေး၏၊ ထိုသို့သောအရည်အချင်းကိုလက်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



ပြု၍ ရှာဖွေ ကြိုးစားမှ သာလျှင် လောကကြီး၏ အံ့ဩဘွယ်ဆန်းကြယ်ပုံ သဘာဝမှ သစ္စာတရား ပညာ၏ အသီးအနှစ်ကို ခံစားရမည်ဖြစ်၏။

ပညာမှာ အစားအစာကဲ့သို့မဟုတ် ဆားငံရေကဲ့သို့ ဖြစ်၏။ အစားမှာဝအောင်စားပြီးလျှင် စားလိုသောစိတ် မရှိသော်လည်း ဆားငံရေမှာ သောက်လေ သောက်လေ ငတ်မပြေဖြစ်ပေတော့၏။ ထိုအတူ ပညာမှာ လည်း၊ ရလေ လိုလေ တတ်လေ နက်နဲမှန်းသိလေ၊ နက်နဲမှန်း သိလေ လိုခြင်လေဖြစ်ပေ၏။ သူတော်ကောင်း တရား ကျင့်သူနှင့် လည်း တူပေ၏။ တရားကောင်း ကျင့်သူမှာ တတ်လေ မြတ်နိုးလေ ဖြစ်သဖြင့် လက်မလွှတ်နိုင် ကြတော့ပေ။

အရစ္စတိုတီး (Aristotle) စသူတို့မှာ ပညာ ကိုသာ အလုံး လေ့လာ နေကြ ရကား ထိုသူများမှာ ခန္ဓာ ကိုယ်သာ လောကလူ့ပြည်တွင်ရှိ၍ စိတ်ဝိဉာဉ်ကား လောကကြီး ပြင်ဘက်သို့ ထွက်ပြီးလျှင် လောကသူ လောကသားတို့အား၊ တောင်ထိပ်မှ နေ၍ တောင်အောက်ကလူများကိုကြည့်သကဲ့သို့ အကွင်းသား အကွင်းသား မြင်နိုင်ကြပေ၏။ ထိုပုဂ္ဂိုလ် များ ကို လူလွန် များ ဟု ခေါ်ဝေါ် သင့် ကြောင်း။ ၎င်းတို့၏ အလို ဆန္ဒတွင် မင်း အစိုးရ၊ တရားသူကြီး ယောင်တန်း၊ နှောင်ဇိမ်တို့ကို ပြစ်ပယ်၍၊ မွေးသည့်နေ့မှ သေသည့်



ကိုင်အောင်၊ ချုပ်ချယ် ခြင်းအလျှင်း မရှိသော ပကတိ လွှတ် လပ် ခွင့် ကို လိုလားတောင့်ကြပေ၏။

We are but as children, playing on the sea shore, and gathering here and there, a prettier shell or a more delicate sea-weed than usual,
while the great ocean of truth lies all undiscovered before us.
- Sir Issac Newton

လောကဓါတ်၏ ဘခင်ဖြစ်သော၊ .... အိုင်ဇက်နျူးတန်က 'ကျွန်ုပ်တို့သည်၊ ပင်လယ်ကမ်းစပ်တွင် ကလေး များသဘွယ်တနေရာမှတနေရာသို့ ကူးပြောင်းကာဂုံးခွံ ကလေးများ ရေညှိများကို စုဆောင်း သယ်ယူ၍ ကစား ကာသာ နေကြသေး၏။ မဖေါက်မပြန် မှန်သော တရား စစ်တို့၏တည်ရာ အပြောကျယ်ဝှာသော မဟာသမုဒ္ဒရာ ကြီးကား၊ ကျွန်ုပ်တို့ ဘာမျှမစုံစမ်းမရှာဖွေ မလေ့လာ ရသေးဘဲ၊ ကျွန်ုပ်တို့ရှေ့တွင် တည်ရှိပေ၏' ဟု ပြောဆို ခဲ့ရ ကျောင်း ကထွက်လျှင်ပင်၊ ပညာတတ်ပြီဟု ယူဆ သဘော ထားကာ လေလုံးကြွား သူတို့မှာ များစွာပင် ရှက် ဘွယ်ကောင်းပေကြောင်း။

ကျွန်ုပ်တို့တွင် နောက်ထပ်စုံစမ်း ရှာဖွေရန်၊ ကိစ္စ ပေါင်း ထောင်သောင်းများစွာ၊ သိန်းပေါင်းများစွာရှိပေ သေးသည်ကို မည်သူမျှ မငြင်းနိုင်ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



It it not then astonishing that the so called christion nations waste and worse than waste millions of money to ruin one another, and fight like beasts for territory "while thegreat ocean of truth lies undiscovered before then."
- Lord Avebury

သစ္စာ တရားတို့၏ တည်ရာ ကျယ်ပြန့်သော မဟာ သမုဒ္ဒရာကြီးမှာ ဘာမှမရုံစမ်းမရှာဖွေရသေးဘဲ၊ ကျွန်ုပ်တို့ရှေ့တွင် တည်ရှိနေဘည့်ကို ပမာဏ မထားဘဲ၊ ခရိယာန် ခေါ်ဆိုအပ်သော လူတို့သည်၊ တဦးကို တဦး သားရဲတိရိစ္ဆာန်ကဲ့သို့ လက်နက်နိုင်ငံအလို့ငှာ လောဘဇော တိုက်တွန်း ရကား၊ သန်းပေါင်း များစွာသော ငွေများကို အကုန်အကျခံကာ ဖြုန်းတီး နေကြခြင်းမှာ အံ့ဩဘွယ်မဟုတ်ပါလော။

— လော့(ဒ)အဗီးဗြူးရီး

စာဘတ်ခြင်းမှာပဌည်းဉစ္စာ ဘဏ္ဍာတို့ထားရာတိုက်ခန်းကို ဖွင့်နိုင်သော သော့ကိုရရှိသည်နှင့်တူ၏၊ ဘာသာ အရပ်ရပ်တို့ တတ်မြောက်ခြင်းမှာ တိုက်ခန်း အမျိုးမျိုးကို ဖွင့်နိုင်ခြင်းဖြစ်၏။ ထိုသို့ ပညာ တည်းဟူသော သော့ကိုရရှိရုံနှင့် ကိစ္စပြီးသည်မဟုတ်သေးပေ၊ ရတနာတိုက်ခန်းတို့သို့ သွားရောက်ဖွင့်ယူသုံးစွဲခြင်း တည်းဟူသော စောာန့်နိုင်းချိန်ခြင်း၊ လုံးလ ဝီရိယ စသည်တို့ လိုအပ်သည်ကိုလည်းသတိမူကြရာသည်။

www.burmeseclassic.com



လူတို့၌ မိသ မျက်စိဟုဆိုပ်သော မျက်စိရိုးရိုးမှာ၊ သာမန်ဝတ္ထုတို့ကို ရိုးရိုးမြင်နိုင်၏၊ ထိုသက်မှန်ပြောင်း မှန်ဘီလူးတို့ကို တတ်ဆင် ကြည့်ပါက၊ သာမန်ဝတ္ထု ဝေးလန်သော ဝတ္ထုတို့ကို ထင်ရှားစွာ မြင်စွမ်း နိုင်၏။ ထိုသက် ပညာမျက်စိ ဟူသည်မှာ မှန်ဘီလူး စသည့်တို့ဖြင့်မမြင်နိုင်သည့်တို့ကိုပင်တွေးတောမြော်မြင်နိုင်၏။ ထို့ကြောင့် "ပညာရှိတို့တွေးက ပြေးကြည့်သည်ထက်မှန်၏" ဟု အမတ်ကြီး ဘိုးရာဇာက မိန့်ဆိုလေသည်။

ဘေကွန် ဆိုသူပညာရှိကြီးက ၎င်း၏ စာစီစာကုံးကျမ်းတွင် ...။ အချို့စာအုပ်များမှာ ဘတ်ကြည့်ရ၏။ အချို့မှာ နှုတ်တက်အာဂုံဆောင်ရ၍ အချို့မှာ အတန်တန်၊ မှတ်သားလေ့လာ မှတ်ထားရာ၏။ ဟု ဖေါ်ပြထားသေသည်။

ပညာရှိတို့၏ အလိမ္မာသည် နှလုံးအိမ်တွင် တည်၍၊ လူမိုက်တို့၏ သဘောမှာ ပါးစပ်တွင် တည်လေသည်။ ပညာရှိများမှာ စကား အလွန် နည်းကာ စည်ကြီးများ သဘွယ်ကျင့်ကြ၏၊ စည်ကြီးများမှာ၊ အကြောင်းမရှိ၍ မတီးသောအခါ အနည်းငယ်မျှပင် မမြည်သော်လည်း၊ တီးလိုက်သောအခါ ကျယ်လောင်စွာ မြည်ဟီးတတ်၏။ ပညာရှိတို့သည်လည်း အကြောင်း မတိုက် ဆိုင်သော အခါ သူတပါးအမေး မရှိသောအခါ ဆိတ်ဆိတ်နေသလောက်၊ သူတပါးက မေးလာ၍ အခွင့် သင့်သော

www.burmeseclassic.com

အခါ အကျိုး အကြောင်း စုံညီ စွာဖြင့် ဗဟုသုတ ဟင်းလေး အိုးကြီးကဲ့မှု ပိုင်ပိုင် နိုင်နိုင် အချက် ကျကျ ပြောဆိုတတ်ကြလေသည်။ ပညာမဲ့ သူများမှာ မိမိစိတ် တွင်ထင်သမျှ မြင်သမျှ သိသမျှကို ဖွင့်ဟ ပြောဆိုကြ၏။

ထိုထက် ဆိုးဝါးသော ကိစ္စတခုကား။ စိတ်မပါဘဲ လှည့်ပတ်ဖြားယောင်းပြောဆိုခြင်းဖြစ်၏။ 'ပစပ်ပြောက၊ ပျားသကာ၊ စိတ်သဘောက၊ ခါးဘမာ' ဟူသောစကား ပုံကဲ့သို့ ပြောသလောက် အလုပ်က မပါသူများဖြစ်ကြ လေသည်။ မပြည့် ဘဲ ဆိုး......ဖောင်ဖင်ခတ်-ဟူသကဲ့သို့ ပညာအရည်အခြင်း ပြည့်စုံစွာမရှိရကား၊တဖောင်ဖောင် ပြောနေသဖြင့် ၎င်းတို့မှာ သကြံ့ န် အခေါက် ကဲ့သို့ပင် ဖြစ်၏။...... သကြံ့ န် အခြောက်မှာ အဆံမပါသဖြင့် အသံ ကျယ်သလောက်တန်ဖိုးမရှိပေ၊ နှံ့ပြီစုတ် ၄က်ကလေး တကောင်ကိုပင် သေအောင် သတ်နိုင်သည် မဟုတ်ပေ။ အလုပ်မပါ အပြော သက်သက်သာ ရှိသော လူများ မှာလည်း ထိုနည်းနှင် နှင်ပင် ဖြစ်တော့၏ ။ လူပြော မသန် လူသန်မပြောပေ၊ ရွာမဲ့ မိုးလည်းမချုန်း။ ။ချုန်း သည့်မိုးလည်းမရွာပေ။ ထို့ကြောင့် လုပ်နိုင် သလောက် ကိုပြော၍ ပြောသမျှကိုလုပ်ရန် အရေးကြီး လေသည်။ အပြောနောက်မှထက်ကြပ်မပါ အလုပ်ပါသောသူကိုသာ လျှင် လူတို့ ယုံကြည် ကြ၏။ အားထား မှီခို လိုကြ၏။ ထို့ကြောင့် လူတိုင်း သကြံ့ န်အခြောက် မဖြစ်ကြရန် ကြိုး စားကြရာသည်။



အစစ အရာရာတွင် နှုတ်စောင့် စည်းရန် လည်း လိုပေ၏။ နှုတ်မစောင့်စည်းက မပျက်စီး သင့်ဘဲ ပျက်စီးရလေသည်။

ဒုကနိပါတ်၌ ရှေးအခါက ဘုရင်တပါးမှာ အလွန် စကားများရကား၊ အချိုးအနှိုး အကျိုးခဲ့ စကားကိုသာ ဆိုတတ်သော ဘုရင်အား ဘယ်ပုံ ဆုံးမရ မည်ကို အမတ်တို့ ကြံဆလျက် ရှိကြကုန်၏။ အခါတပါး ဟိမ ဝန္တာဝယ် ဟင်္သာညီနောင်နှင့် လိပ်တခု အဆွေခင်ပွန်း ဖြစ်ကြ၍ ဟင်္သာညီနောင်တို့ ဂိဇ္ဈကုဋ်တောင်သို့ပျံသွား ကြမည်ရှိရာ လိပ်က လိုက်လိုကြောင်းပြော၏။ ထိုအခါ ဟင်္သာညီနောင်တို့က အဆွေ လိုက်မည် ဆိုက ငါတို့ ဆောင်ယူခြင်းငှာ ဝန်မလေးပေ၊ သို့သော် လူတို့ပြော သမျှကို အဆွေကသည်းခံ၍ နှုတ်စောင့်စည်းရပေမည်။ နှုတ် စောင့် စည်း နိုင်အံ့ လော ဟု မေး၏ လိပ် က ဝန်ခံ သဖြင့် တုတ် တချောင်း ကို အလယ် က လိပ် အား မြဲ စွာ ကိုက် စေ၍ ။ ဟ င်္သာ ညီ နောင် က ၊ တုတ်နှစ်ဘက်ကိုကိုက်ချီပြီး ဗာရာဏသီပြည်ကို ဖြတ်၍ ပျံသွားရာ၊ ပြည်သူတို့မြင်သဖြင့်၊ လိပ်ပုတ်ကို ဟင်္သာ ချီလာသည်ဟု၊ လိုက်၍ကဲ့ရဲ့ကြရာ-လိပ်မှာ နှုတ်မစောင့် စည်းဘဲ 'မိတ်ဆွေ ဖြစ်၍ချီသည်၊ အသင်တို့နှင့် ဘာဆိုင် သလဲ' ဟုဆို၍၊ ပါးစပ်ကိုဟလိုက်ရာ၊ မင်းရင်ပြင်သို့ကျ၍ ကွဲသေလေ၏ ။ထိုအခါ မင်းကြီးက၊ အကြောင်းခြင်းရာ တို့ကိုမေးသဖြင့် မှူးမတ်တို့က နှုတ်မစောင့်စည်းသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ချက်စီးပုံ အသုံးစုံကို ဗျောက်ထင်သဖြင့် ဘုရင်မင်းမှာ သတိသံဝေဂရ၍၊ ထိုနေ့မှစ၍အသက်ထက်ဆုံး၊ စကားနည်းသောအဖြစ်၊ နှုတ်စောင့်စည်းသောအဖြစ်သို့ရောက်လေ၏။

လောကတွင် ပစ္စည်းဂုဏ် ရာထူးဂုဏ်တို့မှာ များစွာတင့်တယ်ပေ၏။ ထိုဂုဏ်ကြီးရှင်တို့ခေါင်ဆောင်ကာ ပြုလုပ်လျှင် အောင်မြင်ထမြောက်သည့်ကများ၏။ ထိုဂုဏ်ကြီးရှင် အာဏာရှင် များမှာ၊ မိမိတို့၏ တန်ခိုးအာဏာများကို၊အလွဲသုံးစား မပြုကြရာ၊လင်က ဝန်ကြီးဝန်ထော် ဖြစ်သဖြင့်၊ မယားလုပ်သူက လက်အောက် ငယ်သားတို့အား၊ ၁ိ-တန်ကို- ၅ ဖြင့် မရမက အတင်းရောင်းချက်၊ နှိပ်စက်ကြသည်ကို တွေ့ရဘူးလေသည်။ လက်အောက် ငယ်သားတို့မှာမူ၊ အလုပ်နှင့်ပတ်သက်၍ ငြူစူမည့် အပြစ်ရှာမည်ကို ကြောက်ကြရကား၊ မဝယ်ချင့် ဝယ်ချင်နှင့် မျက်စိမှိတ်ခါ ဝယ်ကြရှာ၏။

ထိုသို့ မဟုတ်မူ၍၊ မိမိဩဇာအာဏာကို ငယ်သားတို့ အကျိုးအတွက် အသုံးပြုက၊ လူသာရခေါ် နတ်သာရခေါ် ဖြစ်နိုင်လေသည်။ တခါက ဝန်ထောက် တဦးကို တွေ့ဘူး၏၊ ထိုဝန်ထောက် လက်အောက်တွင် အရက်ကို အစွဲကြီး စွဲသဖြင့် အမြဲကြီး မူးနေသော စာရေးကြီး တယောက်ရှိရာ ဝန်ထောက်က မိမိဩဇာကို အသုံးပြု၍ အရက်ကို ဖြတ်လျှင်ဖြတ် မဖြတ်လျှင် အလုပ်နှင့် မထိုက်တန်ကြောင်း အရေးယူမည် ဟု ချိမ်းချောက်ပြီးလျှင်၊



အရက် မသောက်တော့ပါ ဟု ဘုရားရှေ့တွင် သစ္စာဆိုနိုင်းသဖြင့် စာရေးကြီးမှာ အရက်ပြတ်သွားသဖြင့် များစွာ ကျေးဇူး ဖြစ်ထွန်းဘူးလေသည်။ ပစ္စုပ္ပါန် သံသရာ နှစ်ဖြာသောကျေးဇူးကို ဖြစ်စေတတ်သော မိမိ ဩဇာ အာဏာကို အဘိုးတတန် သုံးစွဲနိုင်ကြရန် မင်းစိုးရာဇာ အရာရှိ ဩဇာရှင် ဂုဏ်ကြီးရှင်တိုင်း ကြိုးစားသင့်ကြပေသည်

ပညာဟူရာ၌၊ စာအုပ်စာတမ်းများမှရင်း၊ သုတပါး ထံမှရင်း၊ကြားနာသင်မှတ်ရသော သုတပညာ၊မိမိကိုယ်တိုင် ထိုး ထွင်း သိမြင် ဝေဘန် နှိုင်းချိန် တတ် သော ပကတိပညာဟူ၍- ၂ -မျိုးရှိလေသည်၊ ပဌမ အမျိုးမှာ လေ့လာ သင်ကြားသဖြင့် တတ်လွယ်ကြသော်လည်း၊ ဒုတိယအမျိုးမှာလွယ်ကူစွာတတ်မြောက်ကြသည်မဟုတ်ပေ၊ အပေါ်ယံမျှသာ သိ ခြင်း မှာ [ပညာဉာဏ်နှင့် မယှဉ်က] တကယ့် ပညာ တကယ့် အသိ မဟုတ် နိုင်ပေ၊ လက္ခဏာရေးတရားသုံးပါးကို၊ စာအုပ်တွင်တွေ့သဖြင့် တကယ်သိသည်မဟုတ်၊ဒေသနာသိမျှသာဖြစ်၍၊ အနိစ္စ- ဒုက္ခ-အနတ္တ၊တို့၏၊သဘောအနက်အဓိပ္ပါယ်ရသာတို့ကို၊ ထိုးထိုးထွင်းထွင်း သိမြင်နိုင်မှသာလျှင်၊ တကယ်အသိ- ဝါ—ပညာသိဖြစ်နိုင်လေသည်။

စိတ်နှင့်ပတ်သက်သော ပညာရပ်တခု ရှိပေသေး၏။ ထိုပညာကို-စိတ်၏ တန်ခိုး-ဝါ-ဆန္ဒသတ္တိဟုခေါ်ဆို၏၊ လူတယောက်သည် တခုခုကိုစွဲစွဲမြဲမြဲအလိုရှိမှု၊ထိုနည်း

www.burmeseclassic.com

www.burmeseclassic.com



ကို၊ ရယူခံစားရေးအတွက်စိတ်ကိုအခြားသို့၊ အာရုံမပြန့်ပွားစေဘဲ၊ ထိုကိစ္စတွင်သာ၊ အစဉ် ဝင်စား စေ၍ ဖြင့်၊ မကြာမီထိုပစ္စည်းကို၊ ရယူနိုင်သော ဝညာပင်ဖြစ်၏၊ ထိုဆန္ဒသတ္တိဖြင့်၊ အလိုရှိသမျှ၊ ရယူနိုင်ကြောင်း။ စိတ်ပညာဆရာများက ယုံကြည်ကြလေသည်။ ထိုအယူမှာ၊ များစွာယုတ္တိတန်ကြောင်း၊ တွေ့ရှိရ၏။

ကမ္ဘာဦးအခါက နေ့တွင် နေကအလင်းရောင် ပေးသဖြင့်၊ လင်းနေသော်လည်း၊ ညအခါ၊ မှောင်အတိကျနေသဖြင့်၊ နေ့ကဲ့သို့အလင်းရောင်ပေးသော၊ ပစ္စည်းတခုခုကိုများစွာ လိုလားတောင့်တချက်စိတ်ကို ထိုအလင်းရောင်ပေးမည့်၊ ပစ္စည်းတခုထဲ တွင်သာ၊ ကမ္ဘာဦးလူကမ္ဘာဦးသားတို့က၊ အာရုံတစိုက်တောင့်တ မြော်မှန်းကြရကား၊

တနင်းလာဂြိုလ်မင်းတည်းဟူသော လမှာ တပေါင်းလ ပြည့်ကျော် ၁-ရက် တနင်းလာနေ့ ည အ ချိန် ...... တွင်တင့်တယ်သော အဆင်းကိုဆောင်၍၊ ထွက်ပေါ်လာရပေကြောင်း။ ထိုလကိုပင်လူဘို့၏ အလိုဆန္ဒကိုပြည့်ဝစေတတ်သောကြောင့်၊ ကမ္ဘာဦးအမည်အားဖြင့်၊ စန္ဒရပါဠိဘာသာအားဖြင့်စန္ဒ၊ ခေါ်ဝေါ်ကြောင်း၊ အာဒိကပ္ပစသောကမ္ဘာဦးကျမ်းတို့၌ ဆိုလေသည်။ ဤသည်ကိုထောက်၍၊ ဆန္ဒသတ္တိမှာ၊ ကမ္ဘာဦးဝါဒနှင့်၊ လျော်ညီတူမှုသည်ဖြစ်၍၊ တကယ်စွမ်းဆောင်နိုင်ကြောင်း၊ ထိရှိရပေ၏။



အမှတ်တရဖြင့် သတိမမေ့ ခြင်းသည် လူတို့ အား အကျိုးရှိစေသကဲ့သို့၊ စာအုပ်မှာ၊ လူသတ္တဝါအပေါင်းတို့၏အကျိုးကိုဖြစ်စေ၏။ စာအုပ်များတွင်၊ ကျွန်ုပ်တို့၏အမျိုးဇာတိ၊ ရာဇဝင်၊ ရှာဖွေစုဆောင်းခြင်းများ၊ သိုမှီးခဲ့သည့်ပညာရပ်များ၊ တွေ့ကြုံဖြစ်ပျက်ရသည့် အဖြစ်အပျက်များပါဝင်လေသည်။ သဘာဝဓမ္မ၏နက်နဲဆန်းကြယ်ပုံတို့ကို၊ သရုပ်ပေါ်အောင်ပြသနိုင်ပေ၏၊ ပင်ပန်းနွမ်းနယ်ညှိုးငယ်စွာနေရသောအခါ၊ ဖျော်ဖြေအားပေး၊ သွေးအားကိုမွေးစေ၏၊ မပျော်ရွှင်ခြင်း၊ ငြီးငွေ့ခြင်းတို့ကို၊ ကြည်လင် ရွှင်လန်းခြင်း ဖြစ်အောင် ပြုပြင် ပြောင်းလဲ ပေးတော့၏။

ဖလက်ချား-ဆိုသူက 'ကျွန်ုပ်အားကိုယ်ပိုင်လွတ်လပ်ခွင့်ကိုပေးပါ၊ ထိုလွတ်လပ်ခွင့်ကားအခြားမဟုတ်၊ စာအုပ်များပင်ဖြစ်၍ စာဘတ်ခြင်းတည်းဟူသော ရိပ်မြိုမ်ချမ်းသာအောက်တွင်၊ ပညာရှိကဗိ၊ ပါရဂူများနှင့်၊ စကားလက်ဆုံကျ၍နေရတော့အံ့' ဟုပြောဘူးလေသည်။

ဥဿာ၊ ဖွေငွေတိုက်တာကျိုကျလယ်ယာမိုးမြေ၊ ပညာခွန်အား၊ သ တ္တိ စွမ်း စသော၊ ကမ္ဘာ့တန်ဆာများနှင့်၊ ပြည့်စုံသောများစွာသောသူတို့သည်၊ ၎င်းတို့၏ အပြစ်ကင်းသော၊ ပျော်ရွှင်မှုများ၊ ခံစားရခြင်းသည် စာအုပ်များ၏ကျေးဇူးဖြစ်ကြောင်း၊ ဝန်ခံကြရလေသည်၊



www.burmeseclassic.com

www.burmeseclassic.com



※ (ပလက်တို)ရေးသားသော၊ ဆိုကရစ်တီး၊ သေဆုံးရခြင်းအကြောင်းရင်း။ ခေါ်စာအုပ်တွင်၊ စာအုပ်များ၏ အဘိုးတန်ပုံကို၊ နိုကာသဘွယ်သိုင်းဖိုင်းချွတ္တင်၍ ရေးသားထားခဲ့လေသည်မှာ၊ ဘတ်ခြင်စဘွယ်ဖြစ်ပေ၏။

If anyone whould make me the gratest king that ever lived, with palaces and garbens and fine dinners and wines and cooches and hundreds of servants, on condition that I should not read books- I would not be a king I would rather be a poor man in a garret with plentyof books than a king who di-t not love reading.
- Macaulay

မာတော်လေးက၊ လေးကျွန်းစကြာဝတေး၊ မန္တာတ်ခင်း အဖြစ်ကိုပေး၍ နန်းတော်၊ ဉယျာဉ်တော်၊ မောင်းမမိဿ ရွှေရံသင်းပင်းရထားမြင်းပျံတို့ဖြင့်၊ သူမတူသောစည်းစိမ်ချမ်းသာကိုခံစား၍၊ စာမဘတ်ဘဲနေရသော၊ ထိုမင်း အဖြစ်ကိုကျွန်ုပ်လက်မခံလို၊ ကျွန်ုပ်သည်စာအုပ်ပုံကြီးရှေ့တွင်၊ ဆင်းရဲသား အဖြစ်ဖြင့်နေလိုပါ၏။ စာအုပ်နှင့် မဆက်ဆံသော၊ မင်းစည်းစိမ်ကိုမခံစားလိုပါဟုပြောခဲ့လေသည်။

စာအုပ်ကောင်းရွေးချယ်ရာ၌၊ မိတ်ဆွေကောင်းရွေးချယ်သကဲ့သို့ပင်အရေးကြီးလေသည်၊ မိတ်ဆွေတို့လုပ်သမျှမိမိကတာဝန်ခံရသကဲ့သို့ မိမိတို့ဘတ်သမျှစာအုပ်

※ Plato's Beautiful account of the death of Socrates.



အတွက်သည်းတာဝန်ခံရပေမည်၊ စာအုပ်ကောင်းတအုပ်သည်၊ လူတယောက်၏အသက်သွေးခဲဖြစ်ပေ၏။

ဆာ ဂျွန် ပဿရှယ် လ)ဆိုသူက 'ကျွန်ုပ်တွင် အခြေအနေပြောင်းလဲခြင်းကြောင့်၊ ခံစားရသော အရသာ၊ ပျော်မွေ့နှင်ကြည်သော စိတ်၏အရသာ၊ မုန်းတီးဘွယ်ရာ မကောင်းကျိုးကိုဖန်တီးနေသော ကမ္ဘာကြီး၏ရန်ကို တာကွယ်နိုင်ခြင်းအရသာ၊ စသောအရသာ စည်းစိမ်အမျိုးမျိုးသည်၊ စာဘတ်ခြင်းကြောင့်ခံစားရသောအကျိုးထူးတရားများဖြစ်ကြလေသည်၊ ထိုအရသာမျိုး၏ခံစားခွင့်ကိုသာပေးပါ။ ။လူတိုင်းအားကျွန်ုပ်ပျော်ရွှင်အောင်လုပ်နိုင်ပေ၏၊ အသင်လည်းလုပ်နိုင်ပေလတံ့၊ ထိုသူ၏လက်တွင်းသို့၊ လမ်းလွဲ၍ ချောက်ကမ်းပါးသို့ကျစေသော စာအုပ်များကိုသာမပေးပါနှင့်၊ ထိုသူအား ပေါင်းသင်းဆက်ဆံရေး၊ ရာဇဝင်တွင် အကောင်းဆုံးသော မိတ်သင်္ဂဟတို့ကို ပေးနိုင်လတံ့၊ လူသားလူတို့၏၊ တန်ဆာဖြစ်သောအလိမ္မာဆုံး၊ အဖြော်မြင်ဆုံး၊ အမြင့်မြတ်ဆုံး၊ အကျင့်သိက္ခာအရှိဆုံး၊ သောသူတို့နှင့် ဆက်စပ်ပေးနိုင်ပေ၏၊ တမျိုးလုံး၏ မှီခိုအားထားရာ၊ ပညောင်ပင်ကြီး ဖြစ်စေလတံ့၊ ခေတ်ဟူသမျှတို့နှင့်၊ ချောက်ပတ်ညီညွတ်စွာ၊ စခမ်းသွားတတ်သူတယောက်ဖြစ်စေအံ့၊ ကမ္ဘာကြီးမှာ ထိုသူအတွက် ဖန်ဆင်းထားသကဲ့သို့၊ ကြီးကျယ်မြင့်မြတ်ပေအံ့'ဟုပြောဘူးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း ။ (၄)

## ငွေရေးကြေးရေး

ကမ္ဘာ့ပေါ်ဦးစ အခါသမယတို့တွင်၊ လူတို့သည်၊ တင်းတိမ်ရောင့်ရဲသောသန္တာန်ရှိ၍ ဂုဏ်နှင့်ပြည့်စုံကြ၏၊ တရားစောင့်ကြ၏၊ ဆန်ရှိသူကဆေးကိုလိုသော် ဆေးရှိ၍ဆန်လိုနေသောသူနှင့်၊ ပစ္စည်းချင်း လဲလှယ် ကြ၏။ ထိုအတူ၊ အဝတ်အစားအသုံးအဆောင် ဟူသမျှတို့ကို၊ တန်ဘိုးထား၍လဲလှယ်ခြင်းဖြင့်၊ ဖေါက်ကားရောင်းဝယ်မှုကို ဖြစ်စေတော့၏၊ ယခုခေတ်တွင်ကား၊ ထိုကဲ့သို့မဟုတ်တော့ပေ၊ ပစ္စည်း၏တန်ဘိုးကို ငွေအားဖြင့်ဆုံးဖြတ်ကြလျက်၊ ရောင်းကြ၏၊ဝယ်ကြ၏၊ ထိုနည်းနှင့်ပင်၊ အမြတ်အရှုံးဟူသော စံနစ်ပေါ်လာတော့၏၊ ငွေမှာရောင်းဝယ်ဖေါက်ကားရေး၏ (စံ) ဖြစ်လာတော့၏၊ ထိုအချိန်အခါကစ၍၊ လူတို့သည်၊ အသက်မွေးမှုလုပ်ငန်းတို့တွင်၊ ငွေကိုသာပဓာနထားကြတော့၏။ ငွေရှိကဘာကိုမဆို၊ အချိန်မရွေးရရှိခံစားနိုင်တော့သဖြင့်၊ ငွေ၏အင်အားတန်ခိုးမှာ အတိုင်းမသိကြီးလာ ပေတော့၏။ ငွေကြောင့်ပင်ပုန်းကြီးစွာ လုပ်ကိုင်ကြရ၏။ ငွေကြောင့်ခိုက်ရန်ဒေါသဖြစ်ကြ၏၊ မိတ်ပျက်တတ်၏၊ ညီသားရင်းချာများမသင့်မတင့်ဖြစ်ရ၏၊ တားပြုမှု၊လုယက်မှု၊ လူသတ်မှုတို့ပေါ်ပေါက်လာကြကုန်၏။

ငွေမှာတန်ခိုးကြီးလေ၊ လူတို့အလိုရှိလေ၊ လူတို့အလိုမပြည့်ကြောင့်၊ငန်းငန်းတက်ရှာဖွေကြလေ၊ ငွေမှာတန်ခိုးကြီးလေဖြစ်သဖြင့်၊ကမ္ဘာ့ပေါ်တွင်၊ ငွေနှင့်ယှဉ်ပြိုင်စရာမရှိသကဲ့သို့၊ သူမဘူသောကြိက်သရေနှင့် ပြည့်စုံလာဘော့၏၊ ငွေသည်တရားသူကြီးဖြစ်တော့၏၊ ငွေသည်အချစ်၊ငွေသည်သေမင်း၊ငွေသည်ပညာဖြစ်လာတော့၏၊ ဤသည်ကိုရည်၍၊ ဘိုးသူတော်ဦးမင်းဘရင်း၏ ကာလဘွဲ့လေးချိုးတွင်၊အောက်ပါအတိုင်းစပ်ဆိုခဲ့လေသည်၊

"အမှန်သာမှားတော့တယ်၊အခါးချိုကြသဲ့ ကာလဥဘက်။ ။ငွေမှုကားပျောက်၊ဖါးသာမောက်လို့၊ ထက်အောက်ပြောင်းပြန်၊ လူမတရားငွေစများမှစကားသာ မှန်တော့တယ်၊ ကျမ်းဂန်ကပေစာကို၊ လူတာကာ၊ ကဗျာရေးလို့၊တေးဆိုကြပြန်။ ။ငွေနှင့်ခဲခဲ၊ တန်ခိုးပြလို့၊ဥာနက်ဒွါး၊ကျားနှင့်နွားလည်း၊ ဆားနှင့်ဆပ်ပြာ၊ဤအရာကို၊ပမာပုံဆောင်၊သူတော်ညီးလို့၊ လူဆိုးသာ အောင်တော့တယ်၊

www.burmeseclassic.com

www.burmeseclassic.com



တဘောင်သံမှာ၊ပြောင်းပြန်ကာလ၊ခေတ်ပေ
ပ။ ၊လူပဉ္စင်တ၊ နောက်ဆုံးကျလို့၊ဗာလရှေ့
သွား၊ ငွေစများ၍၊ တရားမညီ၊ တဒင်္ဂသာအီ
တော့တယ်၊ ရွှေနီနှင့်ဆပ်ပြာကို၊ ပြိုင်လာ
လျှင်၊ ပဏ္ဍာမဲ့ သူကား၊ ရှုံးတဲ့ ကာလ။

ရှေးအခါက၊ လူဦးရေကလည်းနည်းပါး၊ လယ်ယာ
မိုးမြေကလည်းပေါများသဖြင့်၊ လူတို့မှာ၊ လောဘသဏ္ဍာ
ယနည်းပါးကြသဖြင့်၊ ငွေကိုယခုခေတ်လောက်၊ ငန်းငန်း
တက်မစွဲမက်ကြချေ၊ ယခုခေတ်မှာမူ၊ တနေ့တခြားများ
ပြားတိုးတက်၍လာသော ကမ္ဘာ့လူဦးရေမှာ၊ အစား
အသောက် အနေအထိုင်ခဲ ယဉ်းကြပ်တည်း လာရကား၊
လူတို့၏အလိုဆန္ဒတို့ကိုဖြည့်စွမ်းနိုင်သော၊ ငွေကိုအရေး
တကြီးသိမ်းစုဆောင်းရန်လိုပေတော့၏။

ခေနှစ်ဝ ါဒ၊ကြီး နိုင်ငယ်ညှင်းဆဲ ဝါဒကလည်း၊ တနေ့
တခြားလွှမ်းမိုးလာပြီဖြစ်ရကား၊ ဆန်ပေးဆေးရ၊ ငွေ
ပေး အပျိုကလေးရ။ ။ဟူသောစကားပုံပင် ပေါ်
ပေါက်လာရတော့၏။

ငယ်ရွယ်သူမိန်းမပျိုကလေးများမှာ၊ ဇရာအို သက်
ကြီးလူမျိုးခြားပင်ဖြစ်စေကာမူ၊ ငွေပါလျှင် ပြီးတမ်းဟု
သဘောထားခါ၊ ကြည်ဖြူနိုင်ကြသည်ကို ရည်၍၊ ရှေး
ပညာရှိများက။



ကုမ္မာရီ ရွယ်တမေ့တွေကား၊ မဖွယ်ခပ့်ကြံစည်
ငယ်စသေ့၊ ဟန်ပလီတယ်၊ ဥဘဏ်နိတော်ဆဲ
ရှေး။ဆံ ဘွလို့ သွားကြွေခေ၊ သားအခြေ့တွေ
စေ့၊ ငွေရှိတဲ့ သက်ကြားအိုကို၊ မျက်ထားချိုမြ
ထေ့ ရက်အားဆို မြှုမငွေ့ပြီဘု၊ လူတတွေ့ဆိုဆို၊
သေမင်းကို ယူခါနီးပေမဲ့၊ ဘူတာကြီး မက်ကြ
သကို၊ ရွှေမိနံ့များမောက်မိလျှင်၊ မျောက်အိုလို၊
ဘိုးအေကြီး သေဘ်မှ၊ ချစ်ဇနီးဖြစ်ဘို့ ကြည်ဖြူ။
ချစ်လို့ရည် ဘု၊ သက်ကြားကြီးသေတော်မူလျှင်၊
မြေဖျော်သူ့ရာကိန်းထင့်လေး။

ဟု စပ်ဆိုလေသည်၊

ပစ္စည်းပါလျှင်အရာရာတွင် ပညာရှင်ဖြစ်နိုင်ကြောင်း
ကိုရည်၍ ဃိတောပဒေသကျမ်း၌။

''ဓနဝါ ဗုသဝါလောကေ ဓနာဘဝတိ ပဏ္ဍိတော။
လောကေ၊ လောကကြီး၌ ဓနဝါ၊ ပစ္စည်းဥစ္စာရှိသော
သူသည် ဗလဝါ၊ အားအင် အမျိုးမျိုးနှင့် ပြည့်စုံသည်
ဟောတိ၊ ဖြစ်၏၊ ဓနာ၊ ပစ္စည်းဥစ္စာဟူသော အကြောင်း
ကြောင့် ပဏ္ဍိတော၊ ပညာရှင်ပုဂ္ဂိုလ်ကြီးသည်၊ဘဝတိ
ဖြစ်နိုင်လေ၏ ဟု ဆိုလေသည်။

When poverty comes in at the door
Love flies out at the window

www.burmeseclassic.com

www.burmeseclassic.com



"ဆင်းရဲခြင်း တံခါးဝသို့ရောက်လာလျှင် အချစ်မှာ ပြူတင်းပေါက်မှ ထွက်ပြေး တော့၏" ဟူသော သိုးဆောင်းစကာ ပုံမှာ အချစ်ကိုငွေလောက်မှ အသိုး မတန်အောင်ယူဆသဖြင့် သိပ်ဖျင်းရာကြပေ၏၊သို့သော် သားမယား တို့တွင် အငတ်၏ ချို့တဲ့ခြင်း အစား၏ ချို့တဲ့ခြင်း ဆေးဘိုး ဝါးခ မရှိခြင်း၊ အနားအနေ မရှိ အချိန်မရွေး ပင်ပန်း ကြီးစွာ လုပ်ကိုင်ရခြင်း တို့ကို တွေ့မြင်ပါက စိတ်ကောင်းနိုင်ဘွယ်မရှိချေ။

ဥက္ကာခဲမှုံ ၊မဖွဲ့ မိတ်ဆွေ၊ ချစ်ကြီး ခွေသည်၊ အိမ်နေမယား၊ မွေးသည့်သားနှင့်၊ ညီဘွားညီချစ်၊ နှမဖြစ်လည်း၊ စွန့်ပစ် ကြည်ဖဲ၊ လွတ်ရာ ခုံ၏၊ ဆင်းရဲဒုက္ခ၊ ညှိုးနွမ်းကျလျက်၊ နေနှဥ်း၊ ကြေးမရှိ သော်၊ မွေးမိဖြစ်သူ၊ မှုလျှင်မူလည်း၊ သားဟူ၍ပင်၊ ပြောခေါ်ငင်လျက်၊ တော်ချင်စွာခဲ့၊ အနိုင်တဲ့၏၊ လွန်ခဲ့ ပေါ်ယာယ်၊ ဥက္ကာ ကြွယ်သော်၊ မျိုးနွယ် အွေဝါး၊ မဟုတ်ငြားလည်း၊ နီးပါးလေအောင်၊ အဟန်ဆောင်၍၊ မရှောင်မလွဲ၊ ခိုမှီဝဲ။

— သားရွှေဥ=ဆုံးမစာ

သင့်အတွက်ငွေကို အလုပ် လုပ်ပါစေ၊ ငွေထက် ကောင်းသော ငွေထက်ရိုးသော အစေခံသည် လောက၌ မရှိ၊ ငွေသည်ပူလှသေးသည် ချမ်းလှသေးသည်၊ စောလှ



သေးသည်။ စသော ဆင်ခြေများ မရှိ၊ အပျင်း မဘက် တသက်လုံးခိုင်းစေခံရန်အသင့်ရှိ၏။

—ဒေါက်တာအင်ဒြူး

ငွေကိုသာငန်းတက် တပ်မက်သဖြင့် ချေတာခြင်းမှာ ဘဲ့ဖျင်းစေကာမူ၊သူတပါးကို မရှိခိုလိုသော စိတ်ထား ဖြင့် စုဆောင်းပါက ယောကျ်ားပီသရာ ရောက်ပေ၏။

အခါခပ်သိမ်း စာရင်းအင်း ကျကြ နှ ဏ ထားရန် လိုလေသည်။ ငွေများဘယ်ပုံဝင်၍ ဘယ်ပုံထွက်သည် ကို လူတိုင်းသိသင့်ပေသည်။ ဝင်ငွေမည်မျှရှိ၍ မည်မျှ သုံးစွဲသည်ကို သိသောသူသည် မည်သည့်အခါမှ အလွန် အကျွံ သုံးစွဲ၍မဖြစ်ကြကုန်။ ငွေဖြုန်းတီးသူတို့မှာ အရာ ရာကို မျက်စိမှိတ်၍ ပြုလုပ်တတ်သူများဖြစ်ကြရာ၊ အသုံး စာရင်းသိနေသောသူသည် အရမ်းဖြုန်းတီး ပစ်တော့ မည် မဟုတ်ပေ။ ဖျက်ဆီးခြင်းချောက်ကမ္ဘားသို့ မည်သူမျှ မျက်စိမှိတ်၍ ဇွတ်အတင်း ဆင်းလိုကြသည် မဟုတ်ပေ။

အလွန်အဘိုးထိုက်တန်သော ရှေးလူဟောင်းတို့၏ ဆိုးမစကားတခုရှိ၏။ ၎င်းကား။ ဥက္ကာရှာဖွေရာ၌ ကမ္ဘာ ကို ဆက်၍ အသက်ရှည်မည့်ကဲ့သို့ သဘော ထား၍ စုဆောင်းရမည်၊ ကုသိုလ်ကောင်းမှု သင်္ခါရ တရားကို ရှုသောအခါ ယခုချက်ခြင်း သေအံ့ဟု တခရေးရေး တွေးကာအခါမလတ်ကုသိုလ်ပြုရမည်၊ ဟူသတည်း။



www.burmeseclassic.com

www.burmeseclassic.com

မည်သည့်အလုပ်ကို လုပ်လုပ် ဝင်ငွေနှင့် မျှအောင် နေနိုင်ကြရမည်၊ မည်မျှနည်းသောဝင်ငွေပင် ဖြစ်စေကာမူ၊ လစဉ်စုဖြစ်အောင်စုပါ၊ အနည်းငယ်ပင်ဖြစ်စေကာမူ စုပါများလျှင် များပြားလာနိုင်ကြောင်း၊ မိုးစက်၊ ပျားစသည်တို့ကိုပမာတင်၍လောကသာရဆိုရာသည်။

စေ့ဖြေ့ ဆိပ်သည်း၊ ရွှေရွှေ့ ဆည်းသော
စရည်းအိုးခွက်၊ ကြီးစွာလျက်လည်း၊ တံစက်ကျ
များ၊ ပြည့်သော လားသို့၊ ပျားတို့ နည်းထုံး၊
မှတ်ကျင့်သုံး၍၊ ခြပုံးတောင်ပို့၊ မို့သည့်ခြင်းရာ၊
လူလိမ္မာတို့၊ ဥစ္စာစီးထွေ၊ ဘက်လှစေလော။

ငွေရေး ကြေးရေး ကိစ္စတွင် အရေးကြီးဆုံးကား ကြွေး တင် မခံ ရန် ဖြစ် ပေ ၏။ လူ တို့ ဘ ဝ သည် စိတ် မ သက် သာ စရာ စိုးရိမ်ဘွယ်ရာ များပြားလှ၏။ မွတ် သိပ် ဆာလောင်ခြင်း၊ ချမ်း အေး ခြင်း၊ အဝတ် အဆင်စုတ်ပြတ်ခြင်း၊ ကိုယ်ကို ရင်းနှီး၍ ပင် ပန်း ကြီး စွာလုပ်ကိုင်ရခြင်း၊ မသိလေစား အပြုခံရခြင်း၊ မတရား ကဲ့ရဲ့ အပြစ်တင် ခံရခြင်းတို့မှာ စိတ်ညစ်ငြူးဘွယ်ရာ ဖြစ်ပေ၏။ ၎င်းတို့ထက် အကြွေးက များစွာပိုမိုဆိုးဝါး လှပေ၏၊ အချေးအငှါး သွားခြင်းသည် ပူဆွေးရန် သွား ခြင်းဖြစ်၏၊ ဟုသိုးဆောင်းစကားပုံတခုရှိလေသည်၊

ယခုခေတ် ငွေတိုးမှာ၊ သာလွန် ကြောက်မက်ဘွယ် ကောင်းလေသည်၊ နေ့ရှင်ဝါဒမှာ၊ လူဆင်းရဲငွေနင်းပြား တို့အားတတ်နိုင်သမျှ ညှင်းဆဲလျက်ရှိတော့၏၊ ငွေ ၁၀၀



အပေါ်တွင်တလကိုအတိုး ၄၀၊ ၅၀၊ ၁၀၀ စသည်ဖြင့် မြို့ရှင်တို့၏ လောဘရမက်ကိုလိုက်၍ ပေးဆောင်ကြရကား၊ မြို့စားတို့မှာ တနှစ်ဆပ်လည်းအတိုး၊ တနှစ်ဆပ်လည်း အတိုးဖြင့် အရင်းမကျေ နိုင်တော့ဘဲ နောက်ဆုံးတွင် အပေါင်ပင် ပစ္စည်းဖြစ်သော ရွှေအိမ်လယ်ယာစသည် တို့ကိုမြို့ရှင်များလက်သို့ အပ်လိုက်ရခြင်းဖြင့်အဆုံးသတ် ရပေတော့၏။

ရှေးခေတ် အခါကမူ ကြွေးမြီကို မပေးဆပ်နိုင်ခဲ့ သော် မြီစားမှာ သားသမီး ကိုဉ်း မိမိ ကိုယ်တိုင် သော်၎င်း၊ မြီရှင်အား ကျွန်အဖြစ်အပ်နှင်းရလေသည်၊ ဥပမာ- မပေးဆပ်နိုင်သောကြွေးငွေ ၃၀ ပိအတွက် ၃ နှစ် ကျွန်ခံရ၏၊ ၃ နှစ်စေ့သော် ကျွန်ဘဝမှ လွတ်ကင်းချမ်း သာခွင့်ရကြ၏၊ သို့သော် ထိုခေတ်အခါက ယခုကဲ့သို့ စာချုပ်၊ စာတမ်း၊ မှတ်ပုံတင် လက်မှတ်တို့မရှိကုန်၊ နှုတ် ကတိမှာ မှတ်ပုံတင်ထက် စိတ်ချရသော သစ္စာခေတ် ဖြစ်၍နှုတ်ကတိကြိမ်ဝန်ခံမိသော် ထိုကတိကိုအသက်နှင့် လဲ၍စောင့်ရှောက်သွားကြလေသည်၊ မုသားပြော၍ မြေ မျိုသောစေတီယမင်းကို ထောက်၍ သိအပ်ပေ၏၊ ယခု ခေတ်မှာသာမုသားပြောသူ မိဘအား သတ်ပုတ်ညှင်းဆဲ တိုင်းထွာ ပုတ်ခတ်သူတို့အား မြေမျိုရမည် ဆိုသော် ကမ္ဘာမြေကြီးမှာ မြေမျိုရသောလုပ်ငန်းဖြင့်ပင်တဖြုန်း ဖြုန်းမအားမလပ်ရှိနေသဖြင့် ကမ္ဘာကြီးကို စောင်း၍ သွန်မှောက်ရန်သာ ရှိပေတော့၏။ ထိုခေတ်ကြွေးမြီ

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စနှင့်ပတ်သက်၍ရှေးပညာရှိတို့က ကြွေးတင် ကျွန်ဖြစ် ဟူသောစကားပုံကိုထားခဲ့လေသည်။

ချစ်ခင်ပေါင်းသင်း၊ မိတ်ဆွေချင်း၊ ငွေချေးခြင်းက ဖျက်တတ်သည်။

"Never a borrower nor a lender he,
for loan often losesboth itself and friends
and borrowing dulls the edge of husbandry.
- Shapespeare

သူတပါးထံမှလည်း ငွေမချေးပါနှင့်၊ သူတပါးအား လည်းထုတ်၍ မချေးပါနှင့်၊ သူတပါးကို ငွေချေးလျှင် ငွေဆုံးမိတ်ပျက်ဖြစ်တတ်၏၊ သူတပါးထံမှ ချေးငှါးလျှင် မိမိ၏ကြိုးကြိုကိုကုန်ခမ်းစေ၏။

— ရှိတ်စပီးယား

ကြွေးသည် လူ့အညွန့်ကိုတုန်းစေသဖြင့်ကြွေးကြွင်း ကြွေးကျန်မထားသင့်ကြောင်းကိုနီတိကျမ်းတို့၌

လေးကော၊ လောကနီ၊ ကုဏာသေသောဝ၊ ကြွေးမြီ အကြွင်းအကျန် သည့်ငှင်း၊ အဂ္ဂိသေသောဝ၊ မီးကြွင်း မီးကျန်သည့်ငှင်း၊ဗျာဓိသေသောဝ၊အနာကြွင်းအနာကျန် သည့်ငှင်း၊ပုနပ္ပဝ၊တဖန် ဝဍ္ဎနတေ၊တိုးပွားလာပြန်၏။ ထသ္မာ၊ထိုကြောင့်၊ သေသ်ကြွေးကြွင်း၊ မီးကြွင်း၊အနာ ကြွင်းချန်ထားခြင်းကို၊ နကာရယေ၊ မပြုမလုပ်ရာသည် သာတည်း၊ဟုဆိုထားလေသည်။



ကမ္ဘာပေါ်တွင် ရသူနှင့် သုံးသူဟူ၍၎င်း၊ ချေးတာသူ နှင့် လက်ဖွားသူ ဟူ၍၎င်း၊ နှစ်မျိုး နှစ်စား ရှိပေ၏၊ အဆောက်အအုံကြီး၊ တံတားကြီး၊ စက်ကြီး၊ သင်္ဘော ကြီးများနှင့်လူတို့၏ယဉ်ကျေးခြင်းနှင့်ပျော်ရွှင်ခြင်းတို့၏၊ အခြခံများဟုခေါ်ဝေါ်ကြသောအလုပ်ကြီးအကိုင်ကြီး အံ့ဘွယ်သရဲဟူသမျှမှာ စုဆောင်းချေးတာသူတို့၏ လက် ရာဖြစ်၏၊ငွေကို တွင်တွင် သုံးနေသူများမှာမူ၊ ကျွန်ပု ပေါက်လျှက်ရှိတော့၏။

ပဌမအဘို့တွင် ငွေရနည်းသည်ဟု စိတ်မပျက်ရာ၊ တဖြည်းဖြည်းဝင်ငွေကောင်းလာမည်ဖြစ်ပေ၏၊ အလုပ် အကိုင်တို့တွင် ပဌမကောင်းလွန်း၍၊ ပျက်စီးရှုံးဆုံး သွားကြသူများ ရှိပေသေး၏၊၎င်းတို့မှာ အလွန်ကောင်း သောဝင်ငွေကို မြင်ရကား၊ တသက်လုံး ထိုဝင်ငွေမျိုးရှိ တော့မည်အထင်နှင့် ရတိုင်းရတိုင်း သုံးဖွဲ့ပစ်သဖြင့် ရရ စားစား ဝါးဝါးမြှိုမြှိုသာ ဖြစ်ရကား၊ ဝင်ငွေနည်းသော အခါ၌၎င်း၊ ဝင်ငွေမရှိသော အချိန်၌ သော်၎င်း၊ အခဆ တေနပင်ပန်းကြီးစွာပင်ပန်းရတော့၏၊

သို့ပင်ဖြစ်လင့်ကစား၊ငွေကိုသာငန်းငန်းတက် မမက် ရာ၊အကျင့် စာရိတ္တ၊ အပေါင်း အသင်း၊ ကျေးဇူးရှင်၊ တိုင်းကျိုးပြည်ကျိုးစသည်တို့နှင့် ပတ်သက်က ဘာဖြစ် ဖြစ်ငွေကိုသာဖွတ်နှစ်၍ချစ်သော သူမှာများစွာသိမ်ဖျင်း ယုတ်ညံ့ရာကျပေတော့၏၊

www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံ ပေါ်များတိုင်း ချမ်းသာ သည်မဟုတ် ပေ၊ ချမ်းသာခြင်းဟူရာ၌၊ စိတ်၏ချမ်းသာခြင်း၊ မိဘ သူခ ကိုယ်၏ချမ်းသာခြင်း၊ ကာယသုခဟုရှိရာ ...... စိတ်ချမ်းသာခြင်းမရှိက၊ ရွှေပုံပေါ်မှာနေ၍၊ မြန်းကိုဆောင်းရသော်လည်း၊ ချမ်းသာခြင်း အစစ်မဟုတ်ပေ၊ အပေါင်းအသင်းချစ်ခင်ယုယခြင်း၊ အပြစ်ကင်းသော ပျော်ရွှင်မှုများမှာလောကနိဗ္ဗာန်ဖြစ်ပေ၏။

မဟာမက်က၊ ဘုရားသခင်သည်တမန်တော်အတွက် နွားကျောင်းသား၊ လူဆင်းရဲကလေး၍၊ မည်သူကိုမျှမရွေးချယ်ချေ ဟုဆိုလေသည်၊ သည့်ထူးရှိသောယောက်ျားတိုင်း၊ ဆင်းရဲခဲ့ကြောင်းကို၊ ထုံးဟောင်း သက်သေ ရာဇဝင်အကိုးအကားဖြင့် သိနိုင်ရာ၏၊

ဝါ(ဒ)ဝပ်(သ)နှင့်ဂုင်း၏ နှမတို့သည်တသိတင်းလျှင် သျှိုလင်၃ဝမျှဖြင့်၊ နှစ်ပေါင်းများစွာ၊ အပျော်ရွှင်ဆုံးသောဘဝကိုဖြစ်စေ၏၊ ဘုံဝါဒ၏ဘခင်ဖြစ်သောဆရာကြီး ကား(လ်)မတ်သည်၊ ဆင်းရဲသားဘဝဖြင့်ပင် သက်တမ်းကိုကုန်လွန်စေတော့၏၊ ၊မဟာဗန္ဓုလ၊ ဦးအောင်ဇေယျတို့မှာ၊ ဆင်းရဲသောအမျိုးအနွယ်မှ၊ ကြီးပွားတင့်တယ်လာကြသူများဖြစ်ပေ၏။ ပစ္စည်းဥစ္စာနှင့် တကယ်တမ်းပြည့်စုံသူ သူဌေးကြီးများမှာ၊ စည်းစိမ်ယစ်ကာ၊ လောက၏ ကြီးပွားရာကြီးပွားကြောင်းကို၊ မလုပ်နိုင်ကြတော့ပေ၊



ငွေမရှိ၍ ခိုးမှု၊တိုက်မှု၊ လူသတ်မှုများဖြစ်ရသကဲ့သို့ပင်ငွေကြောင့်(ငွေရှိသဖြင့်)ဆွေမျိုးသားချင်း မသင့်မတင့်ဖြစ်မှု၊ သားခန်းသမီးခန်းဖြစ်မှု၊ခိုးမှုတိုက်မှု၊ လူသတ်မှုများဖြစ်ပေါ်ရပေ၏၊

If thou art rich, thou art poor,
For like an ass whose back with Ignots boos,
Thou bear'st thy beavy riches but a journey,
And beath unloads thee.

\- Shakespcare

လားမှာရွှေငွေအပြည့်ပါသောဝန်ထုပ်ဝန်ပိုးကိုတမ်းဆောင်ရသော်လည်း၊ ခရီးကြမ်းသွားရသဖြင့်၊ သေဆုံးခြင်းမှအပ၊ ကျေးဇူးအထူးခံစားရခြင်းမရှိပေ၊

ရှိတ်စပီးယား

ရောဂါဗျာဓိနှိပ်စက်သောသူအား၊ ရွှေငွေရတနာ တို့က၊ မကျန်းမာသောနှလုံးကို၊ ရွှင်ပြုံးခြင်းငှာမတတ်နိုင်ပေ၊ သက်သာခွင့်ကိုမပေးနိုင်ပေ၊ သေပြီးကာလ၊ ကျန်ရှိသောသူတို့၏ ပူဆွေးခြင်းသောက မီးကို၊ ငြိမ်းအေးခြင်းငှာမတတ်နိုင်ပေ၊

ငွေကိုသာအပတ်တကုတ်ကြိုးစားသူ၊ ငွေဖြင့်ပြီးသောသူ၊ ငွေဖြင့်ရောထွေးလိမ်ယှက်နေသူတို့မှာ၊ ငွေ၏စည်းစိမ်အရသာကို၊ခံစားရသည်ဟုမကြားဘူးချေ၊ ငွေရှာသူ

www.burmeseclassic.com



မှာ၊ မိမိအတွက်မဟုတ်သည်ကများ၏၊ စုသူတယောက် သုံးသူတယောက်ဖြစ်တတ်လေသည်။

လက်ထိပ်ခြေကျဉ်းစသော အနှောင်အဖွဲ့ များမှာ၊ နဝရက်ဖြပါးချယ်လှယ်ထားသော်လည်း နှစ်ချိုက်ဖွယ် ရာမဟုတ်ချေ။

ပစ္စည်းဥစ္စာမည်သည်၊ လောကတွင်၊ အလိုရှိသမျှသုံး စွဲရန်ဖြင်း၊ လောကုတ္တရာအကျိုးကို မြှော်ကိုး ရည်မှန်း လှူဒါန်းရာဖြစ်ဖြင်း၊ သုံးစွဲကြရပေမည်၊ ထိုကဲ့နှစ်ရပ်လုံး တွင်၊ မသုံးစွဲဘဲထားသောငွေမှာ၊ အတိုးအပွားလည်း မရှိသဖြင့်၊ ငွေသေဖြစ်၍နေတော့၏၊ သံသေတ္တာကြီးထဲ တွင်၊ အသုံးမပြုဘဲထားသော၊ ငွေသည်၊ တောင်းတလုံး တွင်ကျောက်ခဲများထည့်ထားသကဲ့သို့၊ အချီးနှီး ဖြစ်ပေ ၏။ လူသူမနီး တောကြီးအလယ်တွင် သုံးဆောင်သူမရှိ သောရေကန်ကြီးကဲ့သို့ဖြစ်တော့၏။

သင်္ခါရတရားကိုလွန်ဆန်နိုင်ကြသည် မဟုတ်ရကား၊ တနေ့နေ့တွင်၊ လူကငွေကိုသော်ဖြင်း၊ ငွေကလူကိုသော် ဖြင်း၊ခွဲနှုပ်သွားရမည်ဖြစ်ရာ၊ မသုံးဆောင်မိက၊ အလ ဟဿဖြစ်တော့၏၊ အမွေစားအမွေခံတို့မှာသာ သဘော ကျသုံးဆောင်လှူဒါန်းရတော့၏။ မိမိတွင်မူကား၊ မျက် မှောက်သံသရာနှစ်ဖြာသောဘဝတို့တွင်၊ဆုံးရှုံးနှစ်နာကြ လေ၏။ သားသမီးစသော အမွေခံတို့က၊ ကွယ်လွန်သူကို ရည်မှန်း၍လှူဒါန်းကြသော်လည်း၊ ဘဝခြားပြီးသောသူ



နှင့် ဆိုင်တော့သည် မဟုတ်ပေ၊ သူလုပ်က၊ သူရသော အကျိုးဖြစ်သဖြင့်၊ စုဆောင်းရသူမှာ စုရကျိုးမနပ်ပေ၊ ဖြစ် လေရာဘဝက၊ သာဓုခေါ်ခြင်းမှာလည်း၊ အားလုံးသော သတ္တဝါအနေဖြင့်ခေါ်ရသော သာဓုဖြစ်၍၊ မိမိအတွက် ထူးခြားသောအကျိုးခံစားခွင့်ကားမရှိပေ။

ကွယ်လွန်သူများမှာ၊ အမွေစားအမွေခံ မရှိပြန်လျှင် လည်း၊မိမိတို့သေသည်နှင့်တပြိုက်နက်၊ ပစ္စည်းဥစ္စာမှာ၊ ခင်းဘဏ္ဍာဖြစ်ရလေတော့၏၊ ဤသည်ကိုရည်၍၊ ရှေး ပညာရှိများက၊ 'မင်းဘဏ္ဍာကိုယ်ဟာမှတ်လို့ တပြုံး ပြုံး' ဟုဆိုစမှတ်ပြုကြကုန်၏၊ ဥစ္စာပစ္စည်း ရှိလျက်၊ မသုံးစွဲတတ်သူမှာ၊မျောက်ဒုန်းသီးရသကဲ့သို့၊ အချီးနှီး ဖြစ်ရတော့၏၊ ထိုသို့ဥစ္စာရှိလျက်၊ မသုံးဆောင်မခံစား သောသူတို့ကိုရည်၍၊စာဏကျမည်သောနီတိကျမ်း၌၊

အဘောဂေန၊ မိမိချမ်းသာသော အတိုင်း၊ မသုံး ဆောင်မခံစားသောသူသည်၊

ဓနံ ။ကိုယ်ပိုင်ပစ္စည်းကို

ဟတံ။ ဖျက်ဆီးအပ်လေ၏။

ဟုဆိုထားလေသည်၊ ထိုကျမ်း၌ပင်၊ဓနံ။ စည်းစိမ် ဥစ္စာများကို၊ဘောဂေါ၊ သုံးဆောင်ခံစားခြင်းသည်၊ ဘူ သယာတော၊ လှအောင်ပြုပြင်တန်ဆာဆင်၏၊ ဟုဆိုထား ပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

အလုပ်တခုကိုလုပ်ရာ၌၊ မိမိအကျိုး ယောင်ယောင်နှင့်၊ သူတပါးအကျိုးလည်းပြီးတတ်လေသည်၊ ထိုအလုပ်မျိုးမှာအလုပ်ကြီးဖြစ်သဖြင့်၊ ပစ္စည်းအင်အားနှင့် ပြည့်စုံသောသူတို့မှ၊ လုပ်ကိုင်နိုင်သည်ကများပေ၏။ ဥပမာ ။ တိုက်တာ အဆောက်အဦကြီးများ၊ ဆောက်လုပ်ရာ၌၊ အဆောက်အဦးရှင်၌သာ၊ အကျိုးရှိသည်မဟုတ်၊ ရေတ်ရောင်းသူ၊ ပျဉ်ရောင်းသူ၊ ပန်းရံ၊ ကူလီမှစ၍၊ များစွာသောသူတို့အားအလုပ်ပေးရာ၊ ထမင်းကျွေးရာ ရောက်တော့၏။ ဆည်းမြောင်း၊ ကန်ချောင်း ဖို့ဆည်ရာတွင်လည်း၊ လက်လုပ်လက်စားကူလီ၊ ဝန်ထမ်း များအား အလုပ် ရစေသဖြင့်၎င်း၊ တောအုံ-အင်း-အိုင်-တို့ကို၊ လယ်မြေ ဖြစ်စေသဖြင့် ၊ကောက်ပဲသီးနှံ ပိုမိုထွက်ကာ တိုင်းပြည်တပြည်လုံးကိုခြုံ၍ စဉ်းစားသော်၊ တိုးတက်ကြီးပွားနေကြောင်းတွေ့ရှိရသဖြင့်၊ အတ္တ။ ပရ၊ နှစ်ဝသောအကျိုးကိုဖြစ်တွန်းစေ၏။

ပစ္စည်းဥစ္စာမှာ၊ သုံးစွဲနေသမျှသာ အဘိုးထိုက်တန်၍၊ မသုံးမစွဲသမျှ၊ အဘိုး မထိုက် တန်ချေ၊ ။ချမ်းသာသလောက်၊ ယိမ္မာစွာ၊ သုံးစွဲကြရန်လိုပေ၏။

နှော်ဝေပြည်သား၊ သူဌေးကြီးရနောင်းမှာ၊ ကမ္ဘာပေါ်တွင်၊ လောကဓါတ်၊ ဓါတုဗေဒ၊ ကဗျာ၊ ရူပဗေဒ၊ စသောပညာရပ်တို့တွင်၊ အထူးချွန်ဆုံးသော ပုဂ္ဂိုလ်တို့အား၊ တနှစ်လျှင် ၅ ယောက်ကျ၊ တယောက်လျှင် ပေါင်



၈၀၀၀ ကျပေးကမ်းရန်၊ ဘဏ်တွင်သီးသန့်လျာထားခဲ့သဖြင့်၊ "ရနောင်း" မှာလူပင်သေသော်လည်း၊ အမည်မှာမသေဘဲ၊ ကမ္ဘာမကြေမချင်း တည်ရှိပေတော့မည်၊ ထိုမှုနောင်းဆုကိုခံစားခွင့်ရှိသောလူမျိုးမရွေး၊ ဘာသာမရွေး၊ ကမ္ဘာသူကမ္ဘာသားတို့မှာ၊ ထိုမှုသောဆုကိုငွေတန်ဘိုးဖြင့်၎င်း၊ ဂုဏ်တန်ဘိုးဖြင့်၎င်း၊ မည်မျှကြိုးစားလိုးပမ်း သဖြင့် ပညာရေး အခြေအနေ တိုးတက် လာမည်ကို၊ တွေးကြည့်နိုင်ပေ၏၊

မြန်မာပြည်တွင်လည်း၊ ※မဂ္ဂရီကာ သူဌေးကြီးကဆင်းရဲသားရံပုံငွေအဖြစ်ဖြင့် ဆင်းရဲသားများအား ..... ဝေငှပေးရန်၊ ငွေပေါင်း ၁၁ သိန်းကျော် ရန်ကုန်မြို့နိုင်ငံပါယ်သို့အပ်ထားခဲ့လေသည်။

အလှူတွင်ဆိုပင်ကောင်းသကဲ့သို့၊ သောက်စားယစ်မူး၊ အပျော်ကြူးခြင်း၊ ငွေဖြင့်ပေါက်၍၊ အမျိုးသမီးများအားဖျက်ဆီးခြင်းတို့မှာ၊ ငွေရှိသူတို့အဘို့၊ အဆိပ်ဖြစ်တော့၏။

What we give, we have, what we spent,
we had what we left we lost.

- Earl of Devonshire.

※ မဂ္ဂရီကာရံပုံငွေမှာ ၁၁၀၃၅၇၅ ကျပ် ၁၃ ပဲ ၀ ပိုင်ဖြစ်၏။ ၁၉၃၈၊ ၃၉ ခုနှစ်တွင်၊ ဆင်းရဲသား ၁၂၉၃ ယောက်တို့အား စုစုပေါင်းငွေ ၁၉၉၈ ကျပ်ထုတ်ပေးခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလန်ပြည် {အက်(ဒ) ဝပ်ကတ်တနီ} ဆိုသူ၏ သင်းချိုင်းကမ္ဗည်းတွင်၊

✓ ပေးကမ်းခြင်းဖြင့်......ကျွန်ုပ်တို့မြတ်၏။
သုံးစွဲခြင်းဖြင့်............ကျွန်ုပ်တို့ရရှိခံစားရ၏။
မပေးကမ်းမသုံးစွဲခြင်းဖြင့်............ရှုံး၏။

ဟုဒိဗ္ဗန်းရှိုင်းယား နယ်စားက ရေးသား ထားလေသည်။

ဦးခေါင်းခွံမှာ၊ဘုရင်ခေါင်းခွံဟူ၍ သရဖူဆောင်းရာ၊ အမှတ်အသားမပါပေဟု သိုးဆောင်းစကားပုံတခု ရှိလေသည်။ မြန်မာပညာရှိ အမတ်ကြီး ဦးပေါ်ဦးမှာလည်း၊ သူသေလျှင်ခေါင်းပြင်ဘက်သို့လက်ဝါးနှစ်ဘက်ကိုထုတ်၍ဖြန့်ကာသင်္ဂြိုလ်ရန်မှာထားခြင်းဖြင့်၊ လောကတွင်ဘယ်မျှပင် ချမ်းသာကြွယ်ဝသော်လည်း၊ သေသည့်၏အခြားမဲ့၌၊ ကုသိုလ်တရားမှတပါး၊ဘယ်ဘဏ္ဍာ၊ ဘယ်ပစ္စည်း၊သင်းပင်းကျေးကျွန်တို့ကိုမျှ၊ ယူဆောင်သွားခြင်းငှာမတတ်နိုင်၊ လက်ချည်းသက်သက်သွားရကြောင်းကို သတိသံဝေဂရရှိစေရန်၊ သေပြီးကာလမှ ဆုံးမတော်မူဘူးလေသည်။

<u>သမ္မာကျမ်းစာများတွင်၊ ငွေကိုအလွန်အကျွံ မက်မောမှုမှာ ဒုစရိုက်ဖြစ်၏</u>။ ။ဟုပညတ် ထားသည် ကို တွေ့ရှိရသဖြင့်၊ငွေကိုရှာကြရာ၌၊ လောကီအကျိုး၊လော



ကုတ္တရာအကျိုး၊ တိုင်းကျိုးပြည်ကျိုးတို့ကိုမျှော်၍၊ ရှာကြံနိုင်ကြစေကုန်သတည်း။

ဥစ္စာကြောင့်၊ သွေးကြီးဝင်ခါ၊ ကိုယ့်ပစ္စည်းနှင့်ကိုယ်၊ လူမုန်းခံရသူ တွေများစွာ တွေ့ဘူး လေသည်၊ ပစ္စည်းဂုဏ်ရှိန်ကြောင့်၊ အသက်အားဖြင့် ကြီးသောသူ၊ ပညာအားဖြင့်ကြီးသောသူ၊ ဟူ၍ခွဲခြားမသိဘတ်သဖြင့်၊ ဗိဒေဟာရာဇ်ပုတ်သင်ဖြစ်ခါ၊အကျိုးနဲတတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း-၅-

# လုံ့လဝီရိယ

အလသဿသ ကုတော သိပ္ပံ အစအပညာသကုတော နိဗ္ဗာနံ အဆုံး ရှိသောအပိုဒ်များဖြင့်၊ ပျင်းရိခြင်းမှာ နိဗ္ဗာန်နှင့်ပင်၊ ဝေးကြောင်းပြဆိုခဲ့ပြီဖြစ်ရကား၊ ပျင်းရိခြင်း၏ ဆန့်ကျင်ဘက် ဖြစ်သော လုလ္လ ဝီရိယ၏ အကျိုးကို ဖော်ပြရန်လိုပေသည်။

ဝီရိယဝတော၊ ကိံ၊ နာမကမ္မံ၊ နသိဇ္ဈတိ။

ဝီရိယဝတော လုံ့လဝီရိယ ရှိသောသူအား ကိံနာကမ္မံ အဘယ်မည်သောအမှုမျိုးသည်၊ နသိဇ္ဈတိ၊မပြီးစီး မအောင်မြင်ရှိအံ့နည်း၊များစွာသောပညာရှင်တို့မှာ အလိမ္မာထက် လုံ့လကြောင့် အောင်မြင် ကြသူများ ဖြစ်ကြလေသည်။ ဝိလင်တန်၊ နပိုယိုယန်၊ ကလိုက် (ဗ) စသော ပုဂ္ဂိုလ်ကျော်တို့မှာ ကျောင်းသား ဘဝက များစွာထိုင်းမှိုင်းကြလေသည်။



လူတို့တွင် ဦးနှောက်သုံးမျိုးသုံးစားရှိသည်ဟု ယူဆကြသော်လည်း လူတသောင်း တွင်မှ ပဌမ တန်းတယောက် ဒုတိယတန်းတယောက် ရှိ၍ ကျန် ၉၉၉၈ ယောက်မှာ ဒုတိယတန်းစားအလယ်အလတ်များဖြစ်ကြပေ၏။ တယောက်ထက်တယောက်က အနည်း ငယ်နှဲ ချော့ခြင်းကို ရှိပေလိမ့်မည် သို့သော်ဝိရိယကား၊ပင်ရင်းတရားဖြစ်ပေ၏၊

လူတယောက်မှာ ဉာဏ်ထက်မြက်၍ အရည်အချင်းရှိ၏၊ သို့သော်ပျင်းရိ၏၊ သတိမရှိ မိမိကိုယ်ကို များစွာ အလိုလိုက်တတ်၏။ ကျန်တယောက်မှာမူ နှေးကန်၏။ ဉာဏ်ကား ပဌမကလူလောက် မထက်မြက်သူပေ။ သတိတရားရှိ၏၊ လုံ့လဝီရိယ ထက်သန်၏၊ ထိုသူတို့ နှစ်ဦး ညှိပြိုင်သော် ရေရှည်စခမ်းသို့ရောက်က ပဌမလူမျိုးမှာ ရှုံးပြဲမွတာပင်တည်း၊

"နှလုံးရည်မရှိသော လုလ္လသည် လုလ္လမရှိသော နှလုံးရည်ထက် ခရီးတွင်လေသည်။"

ဝီရိယသည် ကမ္ဘာလောကကြီး၏ အင်အားဖြစ်၏၊

ဝီရိယနှင့် ကင်းသော လောကကား အသက်မရှိ ဖြစ်တော့၏။ လူတို့သည် မိမိတို့သဏ္ဌာန်၌ရှိသော ဝီရိယဓါတ်အလျောက် အားထုတ်လုပ်ကိုင်ခြင်းဖြင့်ကမ္ဘာကြီးကို တည့်တန်နိုင်မြဲစေ၏။ နေရာတိုင်းတွင် ဝီရိယလိုပေသည်။ရှုးပြီးသော ထမင်းပင် ရှိလင့်ကစား ယူဝင်စားသုံး

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဟူသော ဝိရိယမရှိက ကိစ္စ ပြီးမြောက်မည် မဟုတ်ချေ။ ဝိရိယ စိတ်ကိုသာ တမြှင့်တည်း လက်လျော့လိုက်မည်ဆိုပါက ကမ္ဘာကြီး၏ အခြေအနေမှာ များစွာ ယုတ်လျော့ ပျက်ပြားသွားမည်ကား မလွဲပေ။ မည်မျှပင် ဉာဏ်ကောင်း စေကာမူ ဝိရိယ မပါက ဘာကိုမျှ ဖြစ်မြောက်အောင် လုပ်နိုင်ကြမည်မဟုတ်ပေ။

အီဂျစ်ပြည်ရှိ ပိရမစ်များ၊ ခက်ခဲစွာ တူးရသော စူးအက်တူးမြောင်း ပနားမားတူးမြောင်း ရွှေတိဂုံစေတီတော်ကြီး၊ မင်းကွန်းခေါင်းလောင်း စသော အဆောက်အဦ၊ ကြီးများ ရေခိုး ရေငွေ့ လျှပ်စစ်ဓါတ် စကားပြော သံကြိုး၊ မိုတိုစက် ကြိုးမဲ့ကြေးနန်း(ဝိုင်ယာလက်) စသော နည်းသစ်တွင်မှုများမှာ ဝိရိယ သမားတို့၏ လက်ရာ ဖြစ်ပေ၏။

လူတယောက် လုံ့လရှိလျှင် တယောက်အတွက် အကျိုးရှိ၍ တရွာလုံး တမြို့လုံး လုံ့လရှိမူ တရွာလုံး တမြို့လုံး အကျိုးရှိ၍၊ တပြည်လုံး လုံ့လရှိက တတိုင်းပြည်လုံး အကျိုးရှိလေသည်။ ဝိရိယ မထက်သန်လှသော အိန္ဒိယပြည် မြန်မာပြည် တို့ကို ဝိရိယ ထက်သန် လှသော ဥရောပက လွှမ်းမိုး၍၊ ဝိရိယမရှိသော တရုပ်ပြည်ကို ဝိရိယ သမား ဂျပန်က နိုင်နင်းလာသော်လည်း ဝိရိယ စိတ်ခြင်း တူမျှသော တိုင်းပြည် အချင်းချင်း ကား၊ တပြည်ကို တပြည်က စတင်ဝံ့သည် မဟုတ်ပေ။



ပညာရှိသူက ပညာမရှိသူအား ခွဲခြမ်း၍ ပေးနိုင်သော်လည်း လုံ့လ ဝိရိယမှာမူ ထိုကဲ့သို့ မျှတ၍ ခုကောင်းသော အရာ မဟုတ်ပေ၊ ဘယ်သူမပြု မိမိမှု ဟူသကဲ့သို့ ကိုယ်တိုင်ကပင် ကိုယ့်ဘူ ကိုယ်မ ကြိုးစားမှသာ အကျိုးခံစားရလေသည်။

ကမ္ဘာလောကကြီးကား၊ ရပ်တန့်၍ နေသည်မဟုတ်၊ အစဉ် တိုးတက် လျက်ရှိပေ၏၊ တနေ့မျိုး၊ တညတမျိုး အသစ်အဆန်းများ ထွက်ပေါ်လျက်ရှိတော့၏။ မကြာမီက အဆန်းဆုံးသောအရာများမှာ ယနေ့ရိုးလေပြီ၊ ယနေ့ တွင်လိုက်သောအဆန်းမှာ ရှေ့လတွင် ရိုးသွားတော့ လတံ့။ အဆန်း တွင်ကာ လုပ်ကြ သူတို့ များပြား သလောက် လုံ့လဝိရိယ၏ တန်ဘိုးမှာ ကြီးမြင့်လာလေ သည်။

ရှေးအခါက ဂရိတ်လူမျိုးများသည် လောကဓါတ် ဆရာကြီးများဖြစ်ကြ၏။ ထိုခေတ်အခါ သစ်ခေါင်း များကို ထွင်း၍ အခဲဟင်းတို့ကို ချက်ပြုတ်ကြရာ ဂရိတ်လူမျိုး လောကဓါတ်ဆရာကြီး တယောက်က မြေကို အိုးဖုတ်၍ ထိုအိုးတွင် ထမင်းဟင်းများကို ချက်ပြုတ်ရန် တွင်လိုက် ခြင်းကိုပင်လျှင် အများတကာတို့၏ ရင်တသတ်သတ်နှင့် အံ့သြချီးမွမ်းခြင်းရခံလေသည်။ နောက်ခေတ် ပေါ် ဝိရိယ သမားများမှာ ထိုထက်လွန်၍ မြေအိုး၊ ဒန်အိုး၊ ကြေးအိုး၊ သတ္တုအိုး စသည်ဖြင့် အဆန်းတွင်လာကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားတံခွန်၊ လူရည်ချွန်က
မိုးယံစွန်ဘမွတ်၊ ကြယ်ကိုဆွတ်လည်း
မလွတ်စတမ်း၊ ရမြဲလမ်းတည်း။

(ရဲတင်းလင်္ကာ)

အမှီခိုတကာတို့တွင် မိမိကိုယ်ကို မိမိမှီခိုရခြင်းသည် စိတ်အချမ်းရဆုံးဖြစ်၏။ သူတပါးနှာခေါင်းဖြင့် အသက်မရှူပါနှင့်။ မိမိနှာခေါင်းဖြင့်ပင် အသက်ကိုရှူစေပါလော။ သူတပါးကိုခို၍ ရပ်ချခြင်းထက် ကိုယ့်ဘာသာ ထိုင်၍ နေရခြင်းက ပိုမိုစိတ်ချရ၏၊ ဂုဏ်ရှိသေး၏။

All the world cries,
where is the man who will save us?
we want a man. Don't look
so far for this man.
You have him at hand,
This man - It is you - It is I - It is each
of us.

- Alexandre Dumas

တကမ္ဘာလုံးက ကူညီပါ ကယ်မပါဟု တစာစာ အော်ဟစ်တောင့်တကြ၏။ ကျွန်ုပ်တို့သည် တကယ်ကူညီရန် လိုသလော။ ကူညီမည့်သူကို အဝေးအလံ အခြားတပါးတွင် လိုက်၍မရှာပါနှင့်။ ထိုသူကား အသင့်အနီးတွင် ရှိ၏။ သင့်လက်ထဲတွင် ရှိ၏။ ထိုသူကား အသင်



ဝင်ဖြစ်၏၊ ကျွန်ုပ်ပင်ဖြစ်၏၊ ကျွန်ုပ်တို့အားလုံးပင်ကိုယ်စီကိုယ်ငှ ကျွန်ုပ်တို့အဘို့ ကူညီမည့် သူများဖြစ်ကြ၏။

—အလက်ဇန်ဒါး ဒူးမတ်

မိမိ ကိုယ်ကို မိမိ ယုံကြည်ခြင်း၊ အားကိုးခြင်းကို ကိုယ်ဒူးကိုယ်ချွန်(ဝါ)ကိုယ့်ကိုကိုယ်မ ဟု ခေါ်ဆိုလေသည်၊ ကိုယ့်ဒူးကိုယ် မချွန်လိုသူတို့သည် သူတပါး၏ အကြံဉာဏ် ပညာဥစ္စာပေါ်တွင်သာ အခုံမိုက်ကြသဖြင့် မိမိ၏အကြံဉာဏ်တို့မှာ သေးသိမ် ညှိုးဖျင်းလျက် အသုံးမကျဖြစ်တတ်လေသည်။

အတ္တာဟိ အတ္တနော နာထော ကောဟိနာထော ပရောသိယာ။

ဓမ္မပဒပါဠိတော်

အတ္တာဟိ အတ္တာဝေ၊ မိမိကိုမိမိသာလျှင်၊ အတ္တနော နာထော၊ မိမိ ကိုးကွယ်ရာဖြစ်၏၊ ပရော၊ မိမိမှ တပါးသော။ ကော၊ အဘယ်မည်သောသူသည်၊ နာထော၊ မိမိ ကိုးကွယ်ရာသည်။ သိယာ၊ ဖြစ်ချိမ့်မည်နည်း။

ဘုရင့်နောင်သည် နောင်ရိုးတိုက်ပွဲတွင် မြစ်ကိုကူးပြီးလျှင် လှေဖောင်များကို ဖျက်စေရာ စစ်ကဲစစ်ကြပ်တို့က အရှင့်သား အဘယ်ကြောင့် လှေဖောင်တို့ကို ဖျက်ဆီး သနည်း၊ အကြောင်း ရှိက (စစ်ရေးနိမ့်က) တပ်ဆုတ်ရန် အတွက် ဖောင်မလို တော့ပြီလော ဟု ပြောရာ ဘုရင့်နောင် က သင်တို့သည် စစ်မြေပြင်သို့

www.burmeseclassic.com



ရောက်ကာလအကယ်၍ အရေးနိမ့်သော် ပြေးစရာ လှေဘောင်ရှိ၏ဟု လှေဘောင်ကိုအားကိုးကာ ပေါ့လျော့နေမည်။ဟုတ်လေသော၊ ထိုကြောင့် ဘောင်တို့အားငါဖျက်၏၊ င တို့ကားမရှုံးကောန်အောင်ပွဲရမည်ဟုပြောကြားလေ၏၊ ထိုနောက် ငါမရောက်သီ တပ်ဦးမဖွင့်နှင့်ဟု မှာထားသော မင်းကြီးရွှေဘီးအား စောင့်ဆိုင်းမနေဘဲ တိုက်ခိုက် မည်ရှိရာ စစ်ကဲများက အရှင့်သား ရွှေနန်းရှင်ကသူမရောက်မီ တပ်ဦးမဖွင့်နှင့် မှာထားပါလျက် အဘယ်ကြောင့်အမိန့်တော်ကို မပန်ဆင်တိ သနည်း။ အရေးနိမ့်သော်မခက်ပါလော ဟု လျှောက်တင်ရာ၊ ဆချင်းတို့စစ်မက်ဟူသည် လူနည်းသည်များသည် ပမာဏမဟုတ် ရဲစွမ်းသတ္တိ လုံ့လဝီရိယနှင့် အကြံဥာဏ်သာလိုပေသည်။ ဤပွဲတွင်ငါတို့ကိန်းသေ အောင်ပန်းဆွတ်ခူး နိုင်မည်ကိုယုံကြည်သောကြောင့် ရွှေနန်းရှင်မလာမီပင်တပ်ဦး ဖွင့်အံ့ဟုပြောဆိုပြီးလျှင် မဆုတ်မနစ်သောလုံ့လဖြင့် ရှုပ်ရှုပ်ရှဲရှဲ တိုက်ခိုက်ရာ၊ မိမိတပ်အင်အားထက် လေးဆမျှသာသော ရန်သူ တပ်ကို နှိမ်နင်း အောင်မြင်တော်မူခဲ့ဘူးလေသည်။

"ချမ်းတယ်တဲ့ပူတယ်။ ။မိုးချုပ်ကယ်ပါပြီဟု၊ ခါနာချိန်ကိုရွေးလို့၊ လုပ်ရေးဆောင်တာခင်း၊ ယွင်းရလျက်ကယ်။ ။ထိုသူဝယ်၊ လွယ်ကာကိုယ်တွင်း။ ။ကျိုးစက်ကယ်ဘယ်မပေး၊ ဝေးပါဘိခြင်း။

—ဝမ္မနီတိချိုး





(အပျင်းကိုသတ်ပါအပျင်းကိုနိုင်က ကမ္ဘာကိုနိုင်နိုင်ဘော့၍)ဟုသိုးဆောင်းစကားပုံရှိလေသည်။ "ကျွန်ုပ်၏အားကိုးရသော လက်ျာလက်" ဟူသော အင်္ဂလိပ်လင်္ကာ ကလေးတွင် 'ကျွန်ုပ် ဒုက္ခ ရောက်သောအခါကယ်ဆယ်မည့်သူကို အနှံ့အပြား လိုက်လံ ရှာဖွေရာတဦးတယောက်မျှမတွေ့ပါ၊ နောက်ဆုံးတွင်ကား ကျွန်ုပ်အားကိုးသသောက် ကျွန်ုပ်အား ကျေးဇူး ပြုပေသော၊ ကျွန်ုပ်၏လက်ျာလက်ကိုတွေ့ရှိသဖြင့် အခက်အခဲဟူသမျှကို ကျော်နင်းနိုင်လေပြီဟု' ပါရှိလေသည်။

ဝီရိယ ဓါတ်ကို ထူထောင်ရာ၌ ပဌမအချို့ အတော်အတန် ခဲယဉ်း ပေ၏၊ ရှေးရှေး ဝီရိယ များသည်။ နောက် နောက် ဝီရိယများကို ကျေးဇူး ပြုတတ်၏၊ ထောက်ခံတတ်၏၊ အနန္တရပစ္စည်းများကဲ့သို့ တဦးကိုတဦး အကြောင်းပြုကြ၏။

ပဌမနှစ်သူထောင်သော ဝီရိယမှာ။ အားနည်းသေးငယ်သော်လည်းနောက်တနှစ်တွင် ထိုထက်မြဲမြံ၍ နောက်နှစ်များတွင် ပိုမို ခိုင်ခန့် လျက် မပြို မပျက် နိုင်သော အဆောက် အအုံ ကြီးများကို တည်နိုင် လေသည်၊ မည်သည့်အမှုမျိုးမဆို မစတင်မီ အားမကုတ်ရသေးမီ ခဲယဉ်းသော်လည်း စ၍ကြိုးစားမိသောအခါ လွယ်ကူသက်သာ၍ လာတတ်ပေသည်။

ကျွန်ုပ်တို့ မြန်မာ လူမျိုးများမှာ ရွှေဘွင်း- ငွေတွင်း ပယင်း၊ဒုဗ္ဗာ၊ရတနာ-၇-ပါးတို့ဖြင့် ပြည့်စုံသောအင်းရ

www.burmeseclassic.com



ပေါ၊ ကျိပြည့်ထားရသည့် ရွှေဘိုး ရွှနန်းရွှေကြာဌာန်းဖြင့် အသာဘိန္ဒ ခတ္တိယ ဟုအနွယ် အဆက် မပျက်သော နေနတ်မျိုးနွယ်များ ဖြစ်ကြသည်ဟု လွှန်လေခဲ့ပြီးသည် တို့ကို ဂုဏ်ယူလွှမ်းဆွတ်နေရန် အချိန်မဟုတ်တော့ပြီ၊ ဝိရိယာ သမား တို့နှင့်.....ပခုံးချင်းယှဉ် ရင် ဘောင်ချင်း တန်းလျက် ခြေလှမ်း မှီမှီ လိုက် နိုင်ရန် ကိုယ် ထိ လက်ရောက် ကြိုးစားသင့်ပြီဖြစ်ကြောင်း၊

ဝိရိယအကျိုးကား တိမ်ကော ပပျောက်သည်ဟူ၍ မရှိ၊ တနည်းမဟုတ် တနည်းအားဖြင့် အကျိုး ရှိမြဲ ဖြစ်ကြောင်းကို မဟာဇနက္ကဇာတ်ဖြင့် သိသာ နိုင်လ သည်။ မေခလာနတ်သမီးက အသင်မင်းသား ကမ်းမမြင် လမ်းမမြင်သော အပြောကျယ်စွာ မဟာ သမုဒ္ဒရာကို အဘယ်အကျိုး ရှိအံ့ဟု-တပင်တပန်း ကူးဘိသနည်းဟု မေးသောအခါ ဇနက္ကမင်းသား က 'အဘယ် နတ်သမီး ကောင်းစွာ ထုတ်အပ်သော လုံ့လဟူသည် အချီးအနှီးမ ရှိ၊ အလိုရှိအပ်သောရည်ရွယ်ချက်ပင် မပြည့်စုံစေကာမူ ပြုအပ်သောလုံးလ၏ အကျိုးကိုမူ ခံစားရမည်မှာ မလွဲ တည်း' ဟု ပြန်ကြားဖြေဆိုလေသည်၊

အကျင့်မှာ လူကလုပ်ရသော အလေ့အထာဖြစ်လေ သည်။ ပါရမီမှာ လူကဖြည့်မှ ပြည့်ဝလေသည်၊ ပါရမီ မရှိ၍ ပညာမတတ် သူဌေးမဖြစ်ဟု ပါရမီကို ရိုးမယ် ဖွဲ့နေသော သူများမှာ ဘယ်ဘဝမှ ပညာရှင် သူဌေး သူကြွယ်မဖြစ်နိုင်တော့ပေ၊ပါရမီသည်အဆောက် အအု



သမ္ဘာရဖြစ်၍ ယနေ့ကစ၍ ပြည့်က ယနေ့အတွက်ပြည့်၍ ယခုဘဝဖြည့်လျှင် ယခုဘဝအတွက်ရလေသည်။ ပါရမီမှာ တစတစ တဖြည်းဖြည်းစုဆောင်းသိမ်း လာရသောကိစ္စ မျိုးဖြစ်၍၊ တလုံးတခဲ တထိုင် ရာထဲတွင် ရရှိကြခြင်း မဟုတ်ချေ၊ ပါရမီ မရှိဟုယူဆပြီး မဖြည့်ပါက မဖြည့် သောကြောင့်လည်း၊မပြည့်ဘဲရှိနိုင်လေသည်။ပါရမီမှာ ထီပေါက်သလို နတ်ရေကန်မှာ ရေချိုးသလို မဟု ်ပေ၊ အုန်းပင်စိုက်သကဲ့သို့ဖြစ်၏၊ နတ်ရေကန်မှာ ရေချိုး၍ ၁၆-နှစ်သားချက်ခြင်းဖြစ်လာသော်လည်း၊ အုန်းပင်ကို ယခုစိုက်၍ ယခုမစားရချေ၊ နှစ်ပေါင်း ၂၀-၃၀ ကြာမှ အုန်းပင်မှ အကျိုးကျေးဇူးများကို တဖြည်းဖြည်း ခံစား ရလေသည်၊ ယခုအုန်းသီးမစားရ၍ အုန်းပင် မစိုက်က ဘယ်သောအခါမှ အုန်းသီးစားရမည် မဟုတ်ပေ။

လုံ့လဝိရိယမှာ ငွေကဲ့သို့အသေးစိတ်၍ အသုံးပြုရ လေသည်၊ 'မှုးစ ဝဲစ ကိုအရေးစိုက်သောသူသည် ကျပ်စ မတ်စ ဆယ်တန် ရာတန်တို့ကို အရေးမစိုက်မှာ မစိုးရိမ် ရသကဲ့သို့ နည်း များ မဆို လုံ့လ ထား သူ တို့ မှာ တကယ် တန်းအဘိုး တန်လေသည်။ရေမချိုးမီ ၃ မိနစ် ထမင်းပြီးစ ၅ မိနစ် လာဘက်ရည် ရေသောက် ချိန်ကြာင် ၂ မိနစ်အားလပ်ချိန်တွင်၈ မိနစ် အိပ်ယာမဝင်မီ ၆ မိနစ် စသည်ဖြင့် အချိန်အသေးအဖွဲ့ကလေးများကို အသုံး[illegible] တတ်ဘို့လိုလေသည်။

www.burmeseclassic.com



ကြိုးစားက ဘုရားဖြစ်နိုင်၏ဟုဆိုထားရကား။ ဘုရားအဖြစ်မျှ နက်နဲခက်ခဲသောဘဝကိုပင် လို့လပင်စည် အရင်းတည်သဖြင့် ရနိုင်ခဲ့ပါမူ လို့လ၏ လက်လှမ်းမမှီသောအမှုကိစ္စမည်သည် ရှိတော့မည်မဟုတ်ပေ။

ဗုဒ္ဓဘာသာကျမ်းဂန်များတွင် (၁) အာရဒ္ဓဝိရိယ (၂) ယုဥ္ဇနဝိရိယ (၃) နိဋ္ဌမဝိရိယ ဟူ၍ သုံးမျိုးလာလေသည်။ အာရဒ္ဓဝိရိယမှာ စ၍လုပ်ခြင်းကို ခေါ်သည်။ ယုဥ္ဇနဝိရိယမှာ လုပ်သွားသော အလုပ်စဥ်ကို ခေါ်၍၊ နိဋ္ဌမဝိရိယမှာ အဆုံးတိုင်ကျွတ်ကျွတ်လွတ်လွတ်ပြုလုပ်ခြင်းကိုခေါ်သည်၊ အတိုနည်းနှင့်ဆိုသော် အစလုံးလ၊ အလယ်လုံ့လ၊ အဆုံးလုံးလဟူ၍ ဆိုလိုသည်။ မိုးဦး၊ မိုးလယ်မိုးနှောင်း၊ သုံးတန်သောမိုးတို့ ကောင်းမွန်ညီညွတ်မှသာလျှင် ကောက်ပဲသီးနှံ အောင်မြင်ဖြစ်ထွန်းသကဲ့သို့ လုံးလထုတ်ရာတွင်လည်း အစ၊ အလယ်၊ အဆုံး၊ သုံးပါးလုံး ကောင်းမှသာလျှင် ထမြောက်အောင်မြင် လေသည်။ အစတွင် ဟုတ်တည့်မှတ်တည့် ခမ်းခမ်း နားနားကြိုးစားလုပ်ကိုင်၍အလယ်နှင့် အဆုံးတွင်ဆက်လက်၍မလုပ်ကိုင်ဘဲ၊ ပစ်ထားတက်သူများ ပေါများ တတ်သေသည်။ ထိုသူ များမှာ (လူပျင်း လုံ့လ တခဏ) ဟူသကဲ့သို့ ရေရှည်တွင် ဖွဲ့မရှိတော့သဖြင့် အဆုံးမသတ်ဘဲထားခဲ့သဖြင့် နစ်နာပျက်စီးကြရလေသည်။

က°၊ ဥဿာ၊ ဝိရိယ ဟု ရှေးလူကြီးများ လက်သုံးစကားမှာ၊ မျှားစွာ ယုတ္တိ တန်လေသည်။ ဝိရိယပင်



ရှိပါသော်လည်း အဆင်ခြင်ဥာဏ်က ပဲ့ပြင်၍မပေးက မှားယွင်း တတ်လေသည်။ (လူမိုက် ဝိရိယ သုံးဆကျ) ဆိုသကဲ့သို့ လူမိုက်တို့အားထုတ်မှုမှာ အချိုးအနှိုးဖြစ်ကြောင်းကို။

စတုဓမ္မသာရပျို့တွင်

ဖြစ်ခေါင်ဖြင်ခဲ၊ ကျောက်စစ်သဲကို၊ ရွဲရွဲ ဆီရည်၊ ထွက်စိမ့်သည်ဟု၊ ဆုံကျည် အဝ၊ ပွတ်မှား ကြသို့၊ ထိုမှတပါး၊ ယောက်ျားမိးရှာ၊ ညဥ့်အခါ ဝယ်၊ ရောင်ဝါထွန်းမြူးပိုးစုန်းကြူးကို၊ မှုးထူးမင်တင်၊ ကယ်ဖ ဘောင်းထင်၍၊တောက်ရှင်နိုးနိုး၊ မှိုက်ကောက်ရိုးဖြင့်၊ မှုတ်ကြိုးသံပ၊ လက်မချသို့၊ ဗာလအစစ်၊ သူမိုက်ကယ်ညစ်လျှင်၊ ဆန်ဖြစ်စေကြောင်း၊ ဖွဲ့ကိုထောင်းသော်၊ ပန်းညောင်းကာမျှ၊ဆန်မရသို့၊နွားမနို့ရည်၊ ချိုခွဲတည်ဟု၊ ကြိုးရှည့်များလျား၊ တိုင်ချည်ထား၍၊ ရိရှား ပန်းလျှ၊ ညှစ်လှည့်ထသို့ မောဟထူထပ်၊ တောသွားသွပ်လျှင်၊ တံလျှပ်ကိုရေ၊ မက်မပြေသည့်၊ပန်းခြေ လက်ချ၊ သောက်ချင်ထသို့......စသည်ဖြင့်ရှင်မဟာရဋ္ဌသာရ စပ်ဆိုတော်မူခဲ့သည်။

ဝိရိယသည် သင့်တော်သည့် နေမျိုး၌ မည်မျှပင် အားသွန်ခွန်စိုက် သုံးစေကာမူ အပြစ်မရှိနိုင်သော်လည်း အရာမဟုတ်သည်တို့တွင် ဝိရိယ အပြုမှားက အကျိုး



www.burmeseclassic.com

www.burmeseclassic.com



မထင်ဘဲ များစွာပင်ပန်းရလေသည်။ ဝီရိယလွန်သော် ဥဒ္ဒစ္စ ဟူသကဲ့သို့ တခါတရံ အကျိုးမဲ့ ကိုသာ ဖြစ်စေ၏။

တခါက၊ လူတယောက်တွင်၊ ကော်ဖီများစိုက်ထားရာ၊ ကော်ဖီပွင့်ဖူးချိန်မတိုင်မီ၊ ဖူးစေလို သောကြောင့်၊ ကော်ဖီရွက် အချင်းချင်း တုတ်ချောင်းကလေးများဖြင့် စပ်၍ပေး၏၊ ၎င်းဝိတ်ကူးတွင်ထိုကဲ့သို့လုပ်ခြင်းအားဖြင့်၊ ကော်ဖီရွက်များမှာ၊ အလယ်သို့ကုတ်၍ သွားပြီး၊ ဖူးမည်ဟု ယူဆသောကြောင့်ဖြစ်ပေ၏။ သို့သော်ကော်ဖီများ မှာ သဘာဝကို၊ မလွန်ဆန်နိုင်ရကား မဖူးမည့်အပြင်၊ ပုတ်၍သာသွားတော့၏။ ထိုလူမှာ ကော်ဖီကို၊ အချိန်မတိုင်မီဖူးစေလိုသော်၊ မြေဩဇာကျွေးခြင်း၊ ရေပေးခြင်း၊ စသော၊ သင့်တော်သည့်ကိစ္စများကိုသာ ပြုလုပ်သင့်ရာ၊ ယခုမှာမူဝီရိယကို အသုံးမှားချေ သောကြောင့်၊ နစ်နာရဘူးလေသည်။ မြတ်စွာဘုရားက မှာနှာနကောသလ္လဉာဏ်ဖြင့်၊ ဝေဘန် ပိုင်းခြား ရမည်ဟု ဟောတော်မူခဲ့ပေ၏။

Enthusiasm no doubt is one of the levers which move the world, but it is sad to reflect how much time and money have been wasted on vain experiments which have failed over and over again before, and which have been worse than useless.

- Lord Avecury.

စိတ်အားထက်သန်ခြင်းသည်၊ ကမ္ဘာကို ရွေ့ရှားစေနိုင်သောတုတ်မောင်းလက်နက်ဖြစ်သည်ကား မှန်ပေ၏၊



သို့သော် ကောင်းကျိုးကိုမပေးမူ၍၊ ဆိုးကျိုးကိုသာအခါ မရွေးပေးတတ်သော၊ ဈေးအစဉ်အဆက်ကပင်၊ လုပ်သမျှပျက်စီးခဲ့ဘူးသည့်ကိစ္စများတွင်၊ စိတ်အားထက်သန်ခြင်းကြောင့်၊ ငွေကုန်အချိန်ဖြုန်းဖြစ်ရခြင်းမှာ များစွာနှမြောဘွယ်ကောင်းလေသည်။

—လော့(ဒ)အဗ်ကြူးရီး

၅-နှင့်-၅-ပေါင်း၍ ၁၀ ရသော်၊ ၈ ကို ၅နှင့် မြှောက်၍၄နှင့်စားခြင်းဖြစ်သာ၁၀ကိုရအောင်ကြိုးစားရာ၏၊ ၃ နှင့်၄ပေါင်းခြင်းဖြင့်၁၀ရအောင်ကားမကြိုးစားသင့်ပေ။

'သမာဓိလွန်လျှင်ကြောက်၊ ဝီရိယလွန်လျှင် မျောက်' ဟူသော စကားအတိုင်း၊ အချို့မှာ အလုပ် တခုကို၊ အတည်တကျ ပြီးဆုံးတိုင်မလုပ်ဘဲ၊ တခုမပြီးမီတခုကို ကူးပြောင်းလုပ်ကိုင် တတ်သဖြင့်၊ ဘာတခုမျှ ဖြစ်ဖြစ်မြောက်မြောက် အကျိုးမခံစားရချေ။ အရှူးမီးပုံး ဟူသကဲ့သို့ အတည်တကျမဟုတ်ဘဲ၊ ဟာလှုပ်လှုပ်ဟာရှားရှားဖြင့်သာအချိန်ကုန်ရတော့၏။

သတိတမန်၊ ဉာဏ်မြေကတုပ်—ပညာစွမ်း ချွန်းကဲ့သို့အုပ် ဟူ၍လည်းရှိပေသေး၏။

သတိမှာ အစခပ်သိမ်းတွင် လိုအပ်သော တရားဖြစ်ကြောင်း။ သတိဟူသည် ပိုသည်မရှိအမြဲတစေ လိုလျက်ပင်ရှိကြောင်းထုံးဟောင်းသာဓကများစွာရှိလေသည်။

"သတိကိုလက်ျာ၊ ပညာကိုလက်ဝဲ၊ တဘက်လက်လုံးနှလုံးလုံးလောက်၊ ဝီရိယ ကူလျောက်၍၊ မြော်ထောက်

www.burmeseclassic.com

www.burmeseclassic.com

တော်မူပါ။ ဝိရိယလုံ့လသည့်ငါးတဖုံ၊ကံကိုယုံသည့်ငါးတဝ ကံဝိရိယ၊ နှစ်မွှာနကို၊ မျှတ၍ယုံသည့်ငါး၊ ဤသုံးပါးတည်း''ဟူ၍၊မုံရွေးဇေတဝန်ဆရာတော်က၊ဘကြီးတော်ဘုရားအား၊ ဆုံးမသောမေတ္တာစာတွင် ရေးသားခဲ့လေသည်။

ထိုမေတ္တာစာအရ နိပါတ်တော်လာ ဝတ္ထုတရတွင်၊ မြစ်တခုတွင်း၌၊ ကံကိုများစွာယုံသော ငါးတကောင်၊ ဝိရိယကို အလွန်ယုံသော ငါးတကောင်၊ ကံနှင့်ဝိရိယ ၂ ပါးလုံးကိုမျှတယုံကြည်သောငါးတကောင်ရှိရာ၊ တနေ့သောအခါ တံငါတဦး၏ကွန်ပိုက်အတွင်းတွင်၊ ထိုငါး၃ ကောင်လုံးအမိခံကြရလေ၏၊ ထိုအခါဝိရိယကိုအားကိုးသောငါးသည်၊လှေပေါ်မှခုန်ဆင်းရန်၊တလှုပ်လှုပ်တရွရွ ဖြစ်နေသဖြင့်ဦးခေါင်းကိုရိုက်နှက်၍၊ သတ်သဖြင့် သေလေ၏။ကံကိုသာအယုံကြီးယုံသောငါးကလည်း၊ငါ့ဘာမှအားမထုပ်သော်လည်း။ ကံအားလျော်စွာ လွတ်လိမ့်မည်ဟု ယုံကြည်ဝိတ်ချ၍၊ငြိမ်သက်စွာနေသဖြင့်၊အတန်ကြာလျှင်ပင်၊လှေထဲတွင်ပင်သေဆုံးရတော့၏။ ကံနှင့်ဝိရိယကိုမျှ တ၍ယုံကြည်သောငါးမှာမူ၊ အချက်ကောင်းကို စောင့်လျက်နေ၏။ ထိုအခိုက်လှေစောင်းလေရာ၊ လှေစောင်းခိုက်တွင်၊ ယုတ်တရက်ခုန်ဆင်းလိုက်သဖြင့်၊ ရေသို့ကျ၍၊ အသက်ချမ်းသာရာရဘူးကြောင်း၊ဤဝတ္ထုကိုထောက်၍၊အရာရာတွင်၊သတိပညာနှင့်မျှတ၍၊ ခေတ်ဟူသမျှတို့နှင့်၊ သင့်ဘင့်မျှတအောင်၊ နေထိုင်ကြိုးစားသွားခန်လိုပေကြောင်း။



လူပျင်းများမှာ မိမိတို့ကိုယ်ကိုအားမကိုး လိုကြချေ၊ ဉာဏ်နှင့်ဝိရိယမည်မျှပင် ကောင်းစေကာမူ၊ ကံမရှိက ဖြစ်နိုင်မည်မဟုတ်၊ ကံရှိကဉာဏ်ဝိရိယရှိစရာ မလိုဟု ယူဆကြလေသည်။ 'လူတွင်းတဲ့ ငရုပ်ဆုံပင် ယောင်းစရာရသေး၏။ နတ်တွင်းတဲ့လူခံတွင်းတွင်စားစရာမရပြီလော'၊ 'ငတ်၍သေသောမသာမရှိ'။ 'ကံမခိုင်၊သံတိုင်အိမ်ဆောက်သော်လည်း၊ကံမြောက်လျှင်ကျိုး'၊ဟူသော စကားပုံတို့ကိုးကိုးကားကားလျက်အပျင်းမွေးကြကုန်၏။

ဝိရိယသမားများ၏ကျေးဇူးကြောင့်သာလျှင်၊ ကမ္ဘာပေါ်တွင်၊ လောကဓါတ် စသောပညာ များတွန်းကားလျက်အစစအရာရာ လွယ်ကူစွာ၊ သွားလာ သုံးဆောင်နေ နိုင် ကြ ရာ၊ ကမ္ဘာ ဦး အစက၊ ယနေ့တိုင်လူများမှာ၊ ဝိရိယ ဓါတ် နှံ့နဲ့ သူများသာ ဖြစ် ခဲ့ ပါ လျှင်၊ ကမ္ဘာကြီး၏ အခြေအနေမှာ၊ တိုးတက်သည်ဟူ၍မရှိဘဲ၊ ရေးကျောက်ခေတ် ရေခဲခေတ် သံစိုးနှင်းခေတ်တို့ကကဲ့သို့ပင် ကျောက်တိုင်များကို ကာရံ၍၊ အိုးအိမ်တည်ထောင်ခြင်း၊ ကျောက်များကို ချွန်အောင်၊ ထက်အောင်သွေး၍၊ ဓားအဖြစ်သုံးစွဲခြင်း တို့မှပင် တိုးတက်တော့မည်မဟုတ်ချေ။

www.burmeseclassic.com



✓အစစအရာရာတွင်၊ ကြိုတင်စီမံခြင်းမှာ၊ အောင်မြင်ကြောင်း နည်းကောင်းတခု ဖြစ်လေသည်၊ အရေးကြီးသောကိစ္စတို့တွင်၊ ကြိုတင်စီမံခြင်းမရှိက၊ များစွာနစ်နာတတ်လေသည်၊ ဥပမာ၊ မီးရထားရုံမိုင် တယောက်သည်၊ ရထားလာက၊ သွားခွင့်ပြုရန် အလံစိမ်းကိုချရမည်ဖြစ်ရာ၊ ရထားမလာမီကပင်၊ အလံချရန် ခလုတ်ကောင်းမကောင်းကြည့်၍ ပြင်ဆင်သင့်သည်တို့ကို ကြိုတင်ပြင်ဆင်ထားရပေမည်။ မပြင်ဆင်မူ၍ ပေါ့ပေါ့ဆဆနေလိုက်သဖြင့်၊ ရထားအလာတွင် တစုံတခု ချို့ယွင်းကာ၊ အလံမချနိုင်ရသော်၊ မိနစ်စက္ကန့်ထိ၊ အချိန်မှန်ထားရသောရထားမှာ၊ ထွက်ချိန်တွင်မထွက်ရတော့သဖြင့်၊ ကုန်တင်ကုန်ချ အသွားအလာတို့မှာ များစွာနှောင့်နှေး၍၊ လမ်းတလျှောက်လုံးတွင်၊ အချိန်မမှန်ခြင်း ဒုက္ခအမျိုးမျိုးတွေ့ရပေမည်၊ ထို့အတူအချိန်နှင့် တကွ၊ အခါအခွင့်တို့များစွာအဘိုးတန် အရေးကြီးသောစစ်ပွဲများ၊ ၂ ပြည်ထောင်သဘောတူ စာချုပ်များတွင်၊ တင်ကြိုစီမံခြင်းမရှိက၊ လူမြောက်များစွာနစ်နာ ဆုံးရှုံးခြင်း၊ စဖသာ၊ကြောက်မက်ဘွယ်ဘေးဆိုးများနှင့် ငြင်ဆိုင်တွေ့ကြရပေ၏။

ယခုအခါ၊ စစ်သဘောကြီးများတွင်၊ တော်ပ်ဟိုတိုဓေါ် ဗုံးလက်နက်များ၏ဘေးရန်ကိုကာကွယ်ရန်၊ သံကွန်ချာများ တတ်ထားခြင်း၊ ဗုန်းကာ ကွယ် ရန်၊ မြေတွင်းအဆောက်အဦများ ဆောက်လုပ်ခြင်း၊ အဆိပ်ငွေ့ကို



ကာကွယ်သောမျက်နှာဖုံးများပြုလုပ်ကြ၏၊ အထူးသဖြင့် ဥရောပကြီးမှာ၊ စစ်ရိပ်စစ်ငွေ့များဝေနေပြီ ဖြစ်ရကား သာလတ်သောကမ္ဘာစစ်ကြီးတွင်၊ မိမိတို့တိုင်းပြည်ကို ကာကွယ်ရန် တတ်အားသမျှ၊ ကြိုတင်စီမံ ကြရမည်ဖြစ်ပေကြောင်း။

✓ကာကွယ်ခြင်းသည်၊ ကုသခြင်းထက် ကောင်း၏ဟု သိုးဆောင်းစကားပုံတခု ရှိလေသည်။ ပုလိပ်ကပ်ရောဂါ၊ ကျောက်ကြီးရောဂါ၊ ကာလဝမ်းရောဂါ များကို ကာကွယ်ရန်ပုလိပ်ဆေးထိုးခြင်း၊ နွားကျောက်များထိုးနှံခြင်း၊ ရောဂါပိုးမွှားများ၊ ပေါက်ပွားရာဖြစ်သောကြွက်များ၊ စားကြွင်းစားကျန်များ၊ အမှိုက်သရိုက်များကိုရှင်းလင်းခြင်း၊ အစားအသောက်တွင်သတိထားခြင်း စသည်ဖြင့်ကြိုတင် ပြုလုပ်မှသာလျှင် ထိုရောဂါဆိုးများမကျရောက်နိုင်ကြချေ။ မတော်တဆကျရောက်ပြန်သည့်တိုင်အောင်၊ ကြိုတင်ကာကွယ်၍ မထားသော၊ သူများလောက် ပြင်းထန်တော့သည်မဟုတ်ဘဲ များစွာသက်သာချောင်ချိလေသည်။

ယုံးလဗိရိယကို အခါအခွင့်နှင့်ကြည့်၍၊ တော်သလိုသုံးရပေကြောင်း၊ စပါးဈေး အကျကိုစောင့်၍ ဝယ်ပြီးလျှင်၊ ဈေးအတက်တွင်ရောင်းချသူနှင့် ဈေးအတက်တွင်ဝယ်၍၊ ဈေးအကျတွင်ရောင်းသော ကုန်သည်နှစ်ဦးမှာ ဗိရိယခြင်းပင်တူသော်လည်း၊ ဒုတိယလူမှာ အခါမဟုတ်သည်၌၊ လုံးလထုတ်မှားချေသောကြောင့် မမြတ်သည့်

www.burmeseclassic.com

www.burmeseclassic.com



ပြင်ခါးကပင် စိုက်ရဦးမည်ဖြစ်၏။ ထို့အတူ တောရွာကလေးတွင်၊ မျှားစွာပင်ပန်းခံ၍ ရှပ်ဆိုင်ကြီးများ ဖွင့်လှစ်ခြင်း၊ လယ်တီဆရာတော်ဘုရားကြီး၏ သြဝါဒပုံနှိပ်ရာ။ တမြို့လုံးနွားသားရှောင်ကြဉ်သောမြို့တွင်၊ နွားသတ်လိုင်စင်ကိုအလုအယက်ဝယ်ယူသောသူတို့မှာ၊ အကျိုးခံစားသင့်သလောက်မခံစားကြရချေ။

မိုးဦးကျတွင် လယ်ထွန်ခြင်း အကျိုးခံစား ရသော်လည်းမိုးကုန်မှထွန်ခြင်းမှာ၊ အကျိုးတစုံတရာမရှိရကား၊ မိုးလွန်မှ ထွန်ချင်းလွန်မှ ကွန်ပြစ်၊ ဟု၊ ရှေးသူဟောင်းတို့မိန့် ဆိုခဲ့ကြ၏။ ။လသာခိုက် ဗိုက်ငင့်။ ။အချိန်ရှိခိုက်လိုးလဗိုက်။ ။ဟူသော စကားပုံများမှာ မိမိလုပ်ရန်အလုပ်နှင့် အသင့်တော်ဆုံးသောအခါ ကာလတွင်ပြီးစီးတွင်ကျယ်အောင်လုပ်ရမည်ဟုဆိုလိုလေသည်။

ရှေးသူဟောင်းတို့သည်၊ ခုရေတွင်းတူး၊ ခုရေကြည်သောက်လိုသူများ ကဲ့ရှုတ်ချပြစ်တင်ခဲ့ ကြလေသည်။ အတွင့်အထိပ်သို့ရောက်သွားကြသူ ပုဂ္ဂိုလ်ကြီးများမှာ အချိန်မတိုင်မီ တင်ကြို၍ပြုပြင်ထားကြသူများ ဖြစ်ပေသည်။ ။အဘာရာဟင်(မ)လင်ကွန်းသည်၊ အလွန်ဆင်းရဲသောတဲအိုကလေးတွင်နေရသော တောသားကလေးဘဝက အမေရိကန်ပြည်ကြီး၏သမတဖြစ်လာရာ၊ ၎င်းက 'ကျွန်ုပ်အမေရိကန်ကဲ့သို့သောနိုင်ငံကြီးတွင် သမတမင်းအဖြစ်တည်းဟူသော အထွဋ် အထိပ် သို့ ရောက်ရခြင်းမှာ ကျွန်ုပ်၏ ရှေ့သို့တိုးတက်လုပ်ကိုင်ရန် လုပ်ငန်း



များအတွက်၊ ကြို၍တင်လေ့လာကြိုး စားထားသောကြောင့်ဖြစ်သည် ဟု ပြောခဲ့ဘူးလေသည်။

အင်္ဂလိပ်လူမျိုးတို့၏ ကြက်သရေဆောင်စစ်ဗိုလ်ကြီး နယ်(လ)ဆင်ကလည်း၊ 'ကျွန်ုပ်၏ကဲ့သို့ အဟွတ်အထိပ်ရောက်ရခြင်းမှာ ကျွန်ုပ်သည်ဘယ်သောအခါမဆို ပြုအပ်သောကိစ္စတို့ကို ပြီးသင့်သောအချိန်ထက် ၁၅မိနစ်ကြို၍တင် ကြိုတင် ပြီးစီးထားသောကြောင့် ဖြစ်သည်' ဟု ပြောဘူးလေသည်။

စတင်းဒိုးနေဗ်ီးယား၊ စကားပုံတခုမှာမှ 'မိုးရွှေ ငှက်နှင့်အတူထ၊ အလုပ်ဟူသမျှ တင်ကြို၍စီစဉ်၊ သိုးနှင့်အတူအိပ်ရာသို့ဝင်'' ဟုရှိလေသည်။ မိုးရွှေငှက်နှင့်အတူထ၍၊ သိုးနှင့်အတူအိပ်ဟူသည်မှာ စောစောအိပ်၍စောစောထဟု၊ ဆိုလိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း-၆-

## အဖျက်တရား

သုဂတိသို့ သွားရာလမ်းမှာ ကျဉ်းမြောင်း နည်းပါးလှသလောက်၊ ဒုဂ္ဂတိသို့ သွားရာလမ်းမှာ ကျယ်ဝန်း များပြား သာယာလှကြောင်းကို ပြဆိုခဲ့လေပြီ၊ ထို့အတူ ဘဝ၏အောင်မြင်မှု နည်းပါး၍ တွေ့ခဲလှသလောက် ဆုံးဖြုန်းတီးမှုမှာ များပြား၍တွေ့လွယ်လှပေ၏။

"ပါပသ္မိံ ရမတေ မနော"

ဓမ္မပဒပါဠိတော်

မနော၊ စိတ်သည်၊ ပါပသ္မိံ၊ မကောင်းမှုတို့၌သာလျှင် ရမတေ မွေ့လျော်မြဲဘည်း။ဟု ပါရှိပေရာ .................. ..........စိတ်တို့မှာ အားလပ်ခွင့် ရှိတိုင်း မကောင်းမှု ပျက်စီးမှုတို့ကိုသာ ရှေ့ရှုကြကုန်၏။ လူတို့၏ အတွင်းသဏ္ဍာန်တွင် သမာနတ်၊ မိစ္ဆာနတ်ဟု ဆိုအပ်သော



ကောင်းစိတ်၊ မကောင်းစိတ်တို့သည်။ သူနိုင်၊ ငါနိုင် အမြဲ ယှဉ်ပြိုင် တိုက်ခိုက် လျက်ရှိရာ၊ မကောင်းသော စိတ်မှာအခါများစွာအောင်ပန်းဆွတ်ခူးရသဖြင့်၊ လူ့ဘဝတွင် အောင်မြင်သူနည်းပါးသလောက် ဆုံးရှုံးနစ်နာသူများပြားလေသည်။

လူတို့မှာ တိရစ္ဆာန်တို့ထက် အစစ အရာရာ ပညာဉာဏ် ပိုသည်ဟု ဂုဏ်ယူကြ၏။ ဆင်ခြင်တုံတရားနှင့် ပိုင်းခြား ဝေဘန်တတ်သူဟု ကြွားဝါကြ၏။ သို့သော် ကျွန်ုပ်တို့ဂုဏ်ယူကာ ပြောဆိုလျက်ရှိသော အသိဉာဏ် စွမ်းရည် လူတို့၏ပျော်ရွှင်မှုအတွက် မပြောပလောက်ရုံသာ ကူညီဘော်ရပေ၏။ 'စိတ်တခုကိုအစိုးရခြင်းသည် ပျော်ရွှင်ခြင်း၏အစမဟုတ်၊ ဒုက္ခတရား၏ရေသောက်မြစ် ဖြစ်ပေသည်' ဟု ဆီနီကားဆိုသူပညာရှိကြီးကမိန့်ကြား ခဲ့ဘူးလေသည်။

တိရစ္ဆာန်တို့သည် ၎င်းတို့ကိုယ်ကို ၎င်းတို့ဒုက္ခ မရှာကြပေ၊ ကျွန်ုပ်တို့မှာမူ ဤတခုတည်းသော ခန္ဓာကိုယ်ကို အမှုမထား အမှတ်မထင် အနာတရပြုကြ၏။ ကျွန်ုပ်တို့သည်၊ မိမိတို့တတ်အပ်သောပညာမှ ရသင့်ရထိုက်သော အခွင့်အရေးတို့ကို တဝက်မျှမခံစားကြရပေ၊ ကျွန်ုပ်တို့သည်။ ကမ္ဘာလောကကြီး၏ အလှကြက်သရေ ကို၎င်း၊ ကောင်းကင်အဇ္ဈာ၏ တင့်တယ်သော အသရေကို၎င်း။ ခံစားတတ်သည်မဟုတ်ပေ။

www.burmeseclassic.com



လူတို့သည်၊ အချိုးအနှိမ်းသော အရိပ်တွင်ပျောက် သွား၍ မိမိတို့ကိုယ်ကို အချိုးအနှိမ်းဖြစ်စေ၏၊ များစွာ သောဥပါဒ်တို့မှာ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ခြင်း ဖြစ်ခဲလေ၏။ ယုံမှားခြင်း၊ ကြောက်လန့်ခြင်း၊ စိုးရိမ် ကြောင့်ကျခြင်းတို့ဖြင့်၊ မိမိတို့ကိုယ်ကို မိမိတို့၊ ဘာင်းပန်း ကြကုန်၏။ ကျွန်ုပ်တို့အားအခက်အခဲဟူသမျှသည် ဘေး ပတ်လည်ဝန်းရံလျက်သာရှိရာ၏။ ကျွန်ုပ်တို့ကား သည်း မခံနိုင်မရှိရာ၊ လေ ကမ်ကိုခံနိုင်ရည်ရှိရမည်ဖြစ်ပေ၏။

စိတ်ဆန္ဒမှန်မြတ်ပါလျက် စိတ်ခက်ထန်ခြင်း၊ အလှ ဒါနတို့တွင် နှုမြဲ့တွန့်တိုခြင်းတို့ဖြင့် မိမိတို့ အလိုသို့ အလိုက်ကြူးသဖြင့် ပျက်စီးဘူးသူများကို တွေ့ရဘူးလေ သည်။

လော့ (ဒ) ပါမားစတန် ဆိုသူက ‘ကလေးတိုင်း မွေးဇာတိက အကောင်းကလေးတွေဖြစ်၏’ဟု ဝေဘန် ချက်ချရာ ထိုစကားမှာ အားလုံးပင် မမှန်စေကာမူ လုံးဝဆိုးသွမ်းမိက်မဲသွားရန်၊ များစွာခဲယဉ်းလေသည်။ ညစ်ငြမ်းဆိုးသွမ်းသောလောက၏၊ ခဲ့နှံစဥ်တွင် ကျွန်ုပ် တို့မှာ ရုတ်တရက်လတ်တလော ဆိုးသွမ်း သွားသည် မဟုတ်ပေ၊ မိမိတို့ကိုယ်ကို ဖျက်ဆီးရာ၌ပင်၊ ထိုက် သလောက်အချိန်ဖြုန်း၍၊ အနှစ်နာခံရပေသေး၏။ ကျွန်ုပ် တို့သည်နတ်မိစ္ဆာကဲ့သို့ ဥပါဒ်သဍ္ဍေအားဖြင့်ချက်ခြင်း ပေါ်ပေါက်လာရသည်မဟုတ်၊ မကောင်းသောစိတ်မိုက်



စိတ်ရိုင်းတို့ကို တဖြည်းဖြည်းသိမ်းသွင်း လက်ခံလာကြ ရခြင်းဖြစ်လေသည်။

ကောင်းကျိုးတရားအခွင့်အခါတို့ကို ပေလာယျက ထားခြင်းမှာ လူတဦးတယောက်အရေးမှ၊ တမျိုးလုံး၏ အရေးသို့ ဘက်လှမ်းစဥ်းစား ရသည်ရှိသော်၊ မည်မျှ ဆိုးဝါး၍၊ နှမြောဖွယ် ကောင်းမည်ကို တွေးကြည့်နိုင် လေသည်။

ကိဋ္ဌအလသျ ဘီသေဝါ၊ သရောဂတစာဘိ၊ ဘူမိဝါသသျ၊ သန္တောသောဘီရုဘ္ဘ၊ ဆဗ္ဗာ ဿာတ၊ မဟန္တသော။

[ဟိတောပဒေသကျမ်း]

အနက်ကား

၁ အပူအပင်မရှိပျင်းရိလှခြင်း။

၂ ကာမဂုဏ် အကြိုက်၊ တဏှာမိုက်ကြောင့်၊ အပျော်လိုက်ခြင်း။

၃ အမြဲထာဝစဥ် အနာရောဂါစွဲကပ်နေရခြင်း

၄ နေရင်းဇာတိကိုရပ်မြေကို၊ မခွဲနိုင်မခွါရက် ဖြစ်ခြင်း။

၅ ရပြီးသော ပစ္စည်းဖြင့်၊ ရောင့်ရဲ တင်းတိမ် ခြင်း (ဝါ) တရားသဖြင့် ရှိအပ်သော လောဘ မရှိခြင်း။

တို့မှာ၊ ကြီးပွါးတိုးတက်မှုကို ဖျက်ဆီး နေသော အကြောင်းရင်းကြီးများဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက် မရှိသောသူသည်။ အသက်မရှိသော သူနှင့်တူလေသည်။ ကမ္ဘာပေါ်တွင်မည်သူမျှ အမှားနှင့် ရှင်းရှင်းကြီးကင်းသူများမရှိနိုင်ပေ၊ လတ်တလောင်ဒါဏ်ရာ ရသော စက်ဆရာ သည့်ဇင်း၊ မှားပါပြီ၊ ဝန်ချပါ၏၊ ယုတ်သိမ်းပါ၏၊ နှုတ်ပါ၏။ စသည်ဖြင့် ကြော်ငြာရသော စာရေးဆရာသည့်ဇင်း၊ ပြင်ဆင်ချက်ဥပဒေကို လက်ခံ ရသော သူများသည့်ဇင်း၊ ※ (အဟံဘန္တေ၊ သဗ္ဗအာပတ္တိ ယော၊ အာရောစေရာမိ) ဟု ရွတ်ဘတ်လျက် ရှိသော ရဟန်းတော်များသည့်ဇင်း၊ ကမ္ဘာသည်အမှားနှင့်မကင်း နိုင်ကြောင်း ဝန်ခံကြသူများဖြစ်ပေ၏၊ တခါမှမမှားဘူး သောသူသည်၊ ဘာကိုမှ မလုပ်ဘူးသူ ဖြစ်ရ ပေမည်၊ အာပတ်မသင့်ဘူးက၊ ဘုန်းကြီးပင်မဟုတ်ဟု ပြောစမှတ် ပြုကြကုန်၏။ သို့သော်ထပ်ခါထပ်ခါ မမှားသင့်ကြပေ၊ အမှားမှာမိမိ၏နောင်ရေးအတွက် သင်ခန်းစာဖြစ်ပါ စေ၊ အမှားကိုပြုမိမည့် ရှိသောအခါ စ၍ပြုနေစဉ်အခါ။ မှားကြောင်းသတိရဘို့ရန်လိုလေသည်။ နောင်တရသည် ဟူသော စကားမှာ လွန်ပြီးမှ တ နေရသောကြောင့်၊ များစွာ အကျိုးရှိတော့မည် မဟုတ်ပေ။ ရဲရင့်ခြင်းမှာ အမှားများကို ရှောင်မှတ်သားခန်မဟုတ်ပေ၊ ရင်ဆိုင် တွေ့ဘို့ရန်သာဖြစ်လေသည်။

※ ရဟန်းတော်များ အာပတ်သင့်သဖြင့် ဒေသနာကြားကာ အာပတ်ဖြေရ ခြင်းဖြစ်သည်။ ။



သောကကြီးကား အကောင်းအဆိုးခွန်တွဲလျက်ရှိပေ ၏၊ မိုးကုန်လျှင် ဆောင်းရောက်၍ ညလွန်က မိုးသောက် ရပေမည်၊ မိုးသက်မုန်တိုင်းကျပြီးလျှင် ငြိမ်သက်ရမြဲ ဓမ္မတာ ဖြစ်သဖြင့်၊ ဆင်းရဲ ရောက်နေစဉ်၊ မျှော်မွေ့ ဘွယ်ရာတို့ကို၊ကြံဆနေပါက စိတ်သောကရောက်ဘွယ် မရှိတော့ချေ။

သစ္စာဓမ္မ၊ ဝိရိယနှင့်၊ စာဂဟူသည့် ရန်သူအောင်မှု ကြောင်းလေးခု။ ။ (သာသနာတော်ကျမ်းအလို)

ဒုက္ခကိုမကြောက်ရာ။ ဒုက္ခနှင့် ရင်းနှီး၍ သုခရကြပေ မည် အနာမခံက အသာမစံရပေ။

အလင်းရောင် မရောက်ခင်ကလေးအချိန်မှာ အမိုက် မှောင်ဆုံးဖြစ်၏။ အဆိုးဆုံးဟုထင်နေရာက၊ တခါတရံ အကောင်းများပေါ်ထွက်လာတတ်လေသည်။ မွှေးကြိုင် သန့်စွာသော ကြာပဒုမ္မာမှာ၊ ရွှံ့သဲမှာ ပျိုး၍၊ ငွေမိုးရွာပေး ရသည်မဟုတ်၊ နံစော်လှသော နွံပုတ်မှ ပေါက်လာ ပေ၏၊ မဏိဇောတ၊ ပြည်ဘန်မြမှာ၊ တိုက်ကြီးတာကြီး မြို့ကြီး လယ်ခေါင်တွင် တွေ့နိုင်သည်မဟုတ်၊ လူသူမနီး တောကြီးဂနိုင်အတွင်းမှာသာ တွေ့ရှိနိုင်လေသည်။ ဒုက္ခ သည် သုခ၏ ဘခင်ဖြစ်ပေ၏။ ဒုက္ခများများခံလေ၊ သုခ များများစံရလေဖြစ်၏၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း အစ၊ ၁၆ သင်္ချေနှင့် ကမ္ဘာ တသိန်း အဆုံးရှိသော၊ ရှည်ဗျားလှသောနှစ် ပရိစ္ဆေဒ အတွင်းတွင် ပါရမီ ၁၀ ပါးတို့ကို အယုတ် အလတ် အမြတ် အားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြည့်ကျင့်တော်မူပြီးမှ ၆ နှစ်တိုကာလပတ်လုံး ဆင်းရဲလှစွာသော ဒုက္ကရစရိယာကိုကျင့်တော်မူပြီးမှ၊ လေးပါးသော သစ္စာကို အကြွင်းမရှိ ထင်မြင်တော် မူရသော မြတ်စွာဘုရားသခင်မှာ အကောင်းဆုံးသော သာဓကဖြစ်ပေ၏။ မင်းစည်းစိမ်ကို အကြိမ်ကြိမ် ခံစားနေခြင်းစသော သုခရိပ်ငြိမ် အောက်တွင် ဘုရားမဖြစ် နိုင်ပေ။ ပန်ကာအောက်တွင် ဇိမ်ခံ၍ နေသော သူများမှာလည်း လွတ်လပ်ရေးအောင်ပန်းကို၊မဆွတ်ခူးနိုင်ကြပေ။

အောင်မြင်ခြင်းတည်းဟူသော ပန်းတိုင်သို့သွားရာလမ်းသည်၊ ဆူးညှောင့် ခလုပ်တို့ဖြင့် ပြည့်နှက်လျက်ရှိကြောင်းဘော်ပြခဲ့လေပြီ၊ ထိုအန္တရာက်အယှက်တို့တွင် အကြီးဆုံးသောအန္တရာက်အယှက်ကား။ လေးပါးနှင်နှင်ရှိသတည်း။ ၎င်းတို့ကား (၁) သေရည်၊ (၂) အပျင်း၊ (၃) လောင်းကစားခြင်း၊ (၄) အပျော် ကြူးခြင်းတို့ဖြစ်ပေ၏။

သေရည်သေရက်မှာမူ ကမ္ဘာပေါ်ရှိ ဘာသာကြီးဟူသမျှက ပညတ်ထားသော မကောင်းမှုကြီးဖြစ်ပေ၏၊ ဗုဒ္ဓဘာသာကျမ်းဂန်တို့၌၊ သေအရက်ကို မကောင်းမှုတို့၏ ရေသောက်မြစ်ကြီးဟုဖေါ်ပြထားလေသည်။ သေအရက်သောက်စားလိုက်လျှင်ပင် အကျော်ကြီးအကျော်ငယ်တို့မှာ ထကြွ သောင်းကျန်းပြီးလျှင် ဟုတ် မဟုတ်မှန် မမှန်ကို ဝေဘန်စဉ်းစားတတ်သော ဉာဏ်အလင်းမပေါက်နိုင်တော့ဘဲ ထင်မိထင်ရာဒွတ်ဒရွတ် လုပ်တတ်



တော့ကြောင်းဆိုးရန်၊ တိုက်ရန်၊ သတ်ရန်၊ သူတပါးသားမယားတို့အပေါ် စော်ကားကြူးလွန်ရန်၊ မုသားပြောဆိုရန်၊ အမှုးသမားတို့၌ ဝန်မလေးတော့ပေ၊ အရက်သည် စိတ်ကောင်းဟူသမျှတို့ကို နှင်ထုတ်လျက်စိတ်ငြင်းစိတ်မိုက် စိတ်ဘီလူးတို့အား ဝင်စေသဖြင့် မှုးမူးနှင့်ပြုလုပ်သော ကောင်းကျိုးဟူ၍မရှိသလောက်ရှားပေ၏၊ မူးလျှင်ရမ်းတတ်သည် ဟူသောစကားကဲ့သို့ကောင်းမှုဟူသမျှကို ပြုလုပ်ရန်ဝန်မလေးတော့ချေ၊ အချို့မှာမသောက်မစားတကယ်လူကောင်းတယောက်ဖြစ်လျက်မူးရစ်လာပါက သူသတ်ယောက်ျားသဘွယ် လွန်စွာကြမ်းကြုပ်ခက်ထန်လာတတ်လေသည်။

မြန်မာ ရာဇဝင် တွင်၊ မင်းတရား ရွှေထီးသည်ဘုန်းတန်ခိုးသတ္တိဉာဏ်ပညာနှင့်ပြည့်စုံသော မင်းတပါးဖြစ်လင့်ကစား သေအရက်ကိုအလွန်အကြူးသောက်စားခြင်းဖြင့် ရာထူးရှိသူကိုအပြစ်မရှိဘဲ ရာထူးမှချ၍အမြော်အမြင်မရှိသော မထိုက်တန်သည့် လူမိုက်တို့ကို ခန့်ထားခြင်း၊ လူတယောက်အား ၎င်းမယားကို ကွာစေ၍သူတပါးမယားကို ယူစေခြင်း၊ မိမ္ဗအားလည်း ထိုကဲ့သို့ပင် မိမိလင်ကိုကွာ၍ အခြားယောက်ျား တယောက်ကိုယူစေခြင်း စသည်ဖြင့် မအပ်မရာ ဘောက်လွဲ ဘောက်ပြန် ကျင့်သည်၏ အဆုံး၌ သူတပါး လက်ချက်ဖြင့်ကံကုန်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမှုးရစ်စေသော အစားအသောက်တို့ကို တဦးမှိဝဲကား တဦးပျက်စီး၍၊ တရွာတမြို့မှိဝဲက တရွာတမြို့ပျက်စီးပြီးလျှင်၊ တတိုင်းပြည်မှိဝဲက၊ တတိုင်းပြည်လုံး ပျက်စီးရလေသည်။

ကျွန်ုပ်တို့၏ အိမ်နီးချင်းဖြစ်သော တရုပ်ပြည်ကြီးမှာ အစဉ်အဆက်ကပင် ဘိန်းကိုသုံးစွဲလာခဲ့ကြရာ၊ ပျင်းရိလေးတွဲ့ခြင်း၊ ထိုင်းမှိုင်းတွေဝေခြင်း သူ့တပါး ကြူးလွန်စော်ကားသည်ကို အရေးမစိုက် နေလိုခြင်းတို့ကြောင့်၊ ဂျပန်လူမျိုးတို့၏ မတရားနှိပ်စက်ခြင်းကိုခံ၍နေရလေပြီ။ ကမ္ဘာပေါ်တွင် အများဆုံးသော လူဦးရေဖြစ်သော ၄၇၅-သန်းရှိပါလျက် မိမိလူဦး၏ ၅-ပုံတပုံ မျှသာရှိသော ဂျပန်တို့က တဖြည်းဖြည်းမြို့၍လာလေပြီ။

ကမ္ဘာကြီးကား အပြိုင်အဆိုင် တိုးတက်ကြီးပွား၍ နေဘိ၏။ ကမ္ဘာ့လူဦးရေမှာ များပြားတိုးတက် လာရကား တိုးဘက်လျက်မရှိသောတိုင်းပြည်များမှာ ထူထပ်လှသော တောအုပ်အတွင်း နေရောင်ခြည် အလင်းဓါတ်ကို မခံစားရဘဲ သစ်ပင်ကြီးများဖုံးလွှမ်း ခြင်းကို ခံနေရသော သစ်ပင်ငယ် ချုံနွယ်ပိတ်ပေါင်း များနှင့် တူတော့၏။ ထိုအပင်ငယ် များမှာ နေရောင်ခြည်ကို မတွေ့ရလေ၊ သေးသိမ်နွယ်လှ လျက်လာလေ ဖြစ်သဖြင့် သေဆုံး ကွယ်ပျောက်သွားရန်သာရှိပေတော့၏။ ကမ္ဘာ၏ တိုင်းရေးပြည်ရေးပြဿနာ၊ စစ်မက်ရေးပြဿနာနှင့် ကုန်သန်းရောင်းဝယ်ရေးပြဿနာတို့၏ အခက်အခဲတို့ကို



တွန်းလှန်ဖြိုဖျက်နိုင်ပါမှ ကမ္ဘာပေါ်တွင် လူမျိုးတမျိုး တိုင်းပြည်တပြည့် အဖြစ်တည်ရှိနိုင်လေသည်၊ ကမ္ဘာမှာ ယခုအခါ အသင့်တော်ဆုံးများနေရန် အတွက်သာဖြစ်ပေ၏။

ထိုအခါ တနေ့ခြား အင်အား တိုးတက် လာသော တိုင်းပြည်များ အလယ်တွင် လူသာများ၍ ပွဲမဝင်သော တရုပ်ပြည်ကြီးကို သူနိုင်ငါနိုင် သား ကောင် သ ဘယ် ဖျက်၍ ခြယ်လှယ်နေတော့မည်ကို စိုးရိမ်လှသော ..... မာရှယ်ချန်ကေရှိတ်သည် ဘိန်းတားမြစ်ရေး ဥပဒေကို အဆောတလျင် အတည်ပြုပြီး ဘိန်းဖြတ် ဆေးရုံ ကိုတည်ဆောင်ဖွင့်လှစ်ကာ ရာဇပြစ်ဒဏ်ခြင်းဖြင့် အတင်းအကြပ် ကွပ်ညှပ် လိုက်တော့သဖြင့် ဘိန်းစားဦးရေမှာ သိသိ သာသာကြီး လျော့ဆင်းသွားတော့ကြောင်း၊

ထိုသို့ တိုင်းပြည်၏ ကြီးပွားတိုးတက်မှုမှာ မူးယစ်စေတတ်သော အစားအသောက်တို့ကြောင့် နှောင့်နှေးပျက်စီးရကြောင်းကိုသုံးကြည့်သော် တို့ဘောအဖိုးရသည် သေရည်သေရက်ပိတ်ပင်ရေး ဥပဒေကျမ်းကို တင်သွင်းဆုံးဖြတ်မည်ဟု ကြံစည်ကြိုးစားလျက် ရှိပြီဖြစ်ကြောင်း အိန္ဒိယပြည်ရှိ အသီးသီးသော နယ်ပယ်တို့ ကလည်း ကြိုးစားပြုပြင်ကြပေတော့မည်။

မြန်မာပြည်တွင် လက်မှတ်ရဘိန်းစားဦး ရေမှာ၊

၁၉၃၁-၁၉၃၂-ခုနှစ်တွင် =၁၅၄၈၈—ယောက်ရှိ၏

www.burmeseclassic.com



၁၉၃၅—၃၆ ။ ။=၄၁၆၀၉—။

ရှိလေသည်။ ထိုသို့လူမျိုး ပေါင်းစုံ ဦးရေမှာ ၅—နှစ်အတွင်း ၆ ထောင်ကျော်မျှ များပြားလာရာတွင် မြန်မာလူမျိုး ဘိန်းစားဦးရေက တရုပ်ကုလား တို့ထက် များပြားနေသည်ကိုတွေ့ရသဖြင့် သာလွန်ဝမ်းနည်းဘွယ် ကောင်းပေတော့ကြောင်း။

လူမျိုးအလိုက် ဇယားမှာ

| နှစ်၊ | မြန်မာ၊ | တရုတ်၊ | ကုလားနှင့် အခြားလူမျိုး |
| --- | --- | --- | --- |
| ၁၉၃၁ .... ၃၂-၃ | ၉၆၇၄ | ၁၂၅၂၂ | ၁၃၂၉၂ |
| ၁၉၃၅ .... ၃၆-။ | ၁၆၅၁၀ | ၁၃၁၀၀ | ၁၂၀၇၁ |

၃၁ ခု ၃၂ ခုနှစ်တွင် မြန်မာလူမျိုး ၁၀၀၀ လျှင် လက်မှတ်ရဘိန်းစား ၉-၁/၂ ယောက်ကျှရှိ၍၊ ၃၅-၃၆ ခုနှစ်တွင် ၁၆-၁/၂ ယောက် ကျ မျှ ရှိပေ ကြောင်း။ တိတ်တိတ်ပုံး ဘိန်းစားများအနက် မြန်မာ တိတ်တိတ် ပုန်းက အများဆုံး ဖြစ်တော့ သဖြင့် မြန်မာ လူမျိုး ဘိန်းစားဦးရေကို ခန့်မှန်းနိုင်ကြပေတော့၏။

ဒုတိယ အဖျက်မှာ အပျင်းဖြစ်ပေကြောင်း။ အပျင်း တရား၏ အပြစ်ကိုထင်ရှားပြလိုသော နိတိဆရာသည်။

✓အလသ သ........ကုတောသိပ္ပံ :

အသိပ္ပသ........ကုတောခနို



အခနသ........ကုတောမိတ္တံ

အမိတ္တသ........ကုတောသုခံ

အသုခသ........ကုတောပုညံ

အပုညသ........ကုတောနိဗ္ဗာနံ

ဟူ၍ပြဆိုခဲ့လေသည်။ အဓိပ္ပါယ်ကား၊ ပျင်းရိသော သူမှာ ဉဿာမရ၊ ဉဿာမရက၊ မိတ်ဆွေ ကောင်းမရှိ၊ မိတ်ဆွေကောင်းမရှိက၊ ချမ်းသာသုခမပြည့်စုံ ချမ်းသာ သုခမပြည့်စုံက၊ ကုသိုလ် ကောင်းမှုမပြုနိုင် ကုသိုလ် ကောင်းမှုမပြုနိုင်က၊ နိဗ္ဗာန်မရောက်ဟူသတည်း။

အသိအလိမ္မာ ဉာဏ်ပညာအရာမှာ တဦးက တဦး ထက် များစွာ မပိုကြချေ။ ။ပျင်းလို့ဖျင်းသည့် ဟူသော စကားအရ အမှုမျိုးတို့၌ လုံ့လဝိရိယမထားဘဲ ပျင်းရိ ပင့်ခွဲနေလျှင်၊ ထိုလူမှာအလိုလိုပင်ဖျင်းသွားပေတော့၏။ ပျင်းရိခြင်းသည် ဒုက္ခအပေါင်းတိုကိုဖန်တီး၍ ပေးတော့ ၏၊ပျင်းရိသဖြင့် မျက်စိကိုမဖွင့်ချင်ဖွင့်ချင်နှင့် မှေးမှိတ်၍ သာ နေခြင်း၊ အကျိုးမရှိသောစကားသိမ် စကားဖျင်း တို့ကို သောင်စဉ်ရေမရပြောနေခြင်း၊ ယောက်ျားပျင်း ကျောခင်းမိန်းမပျင်း ခြေဆင်း ဟူသကဲ့သို့ လဲလျောင်း ဖိုကပ်၍သာနေခြင်းတို့မှာ အချိန်ကုန်စေရုံသာ မဟုတ်၊ နောင် တသက်လုံး အကျင့်ပါသွားပြီးလျှင် အကျိုးမရှိ သည့် ကံ္ဘတွင်သာ မိမိတို့၏ မွန်မြတ်သော ဘဝကို ဖြုန်းတီးပြစ်လိုက်ကြကုန်၏။

www.burmeseclassic.com



⟨မိန္မများအတွက်မှာဆိုလျှင် တအိမ်တက် တအိမ်ဆင်း၊ သန်းရှာရင်း အတင်းပြောရင်း မိမိတို့စိတ်ကိုအလိုလိုက် မိသဖြင့် ကာမရာဂနှင့် ပတ်သက်သော စကားများကို လင်သားများမရှိခိုက် အကောင်ကြံသမားတို့၏၊ လူယုံမိန္မ များနှင့် တွေ့သဖြင့် တနေ့ တလုံးပြော နှစ်လုံးပြော၊ စသည်ဖြင့် ပြောဘန်များသော မိုက်ဘက်သို့ ပါကာ ပျက်စီးတတ်လေသည်။ မိန်းမတို့၏ ဝတ္တရား ဖြစ်သော အိမ်တွင်း အုလုပ်ကိစ္စများတွင်လည်း ပေါ့လျော့တော့ သဖြင့် အကျိုးပျက်စီးရလေသည်။⟩

အလုပ်တခုကို ယနေ့လုပ်ပါ။ နက်ဖြန်မှ လုပ်မည်ဟု မချိန်းပါနှင့်၊ အခွေချိန်းသောနက်ဖြန်ဟာ ရောက်တော့မည်မဟုတ်ပေ။

ယခုအချိန်မှာ ယခုကိစ္စကိုပြုလုပ်မှ ဟိုနေ့ ဟိုအခါမှ ဟိုကိစ္စ ဟိုအလုပ်များကိုလုပ်ကိုင်ကြရပေမည်။ ယနေ့ လုပ်ရန် ကိစ္စမှာ ယနေ့ လုပ်ရန် ဖြစ်၏။ နောက်တနေ့ တွင် နောက် တ ကိစ္စ ရှိ မည် ဖြစ် ၍၊ မ လုပ် နိုင် ကြောင်းကို၊အထူးသတိထားအပ်ပေသည်။

စောသေးသည်၊ မောသေးသည်၊ပူသေးသည်၊ အေးသေးသည်၊ နောက်ကျလွန်းပြီ စသောဆင်ခြင်များမှာ လူပျင်းတို့၏ဆင်ခြေသာဖြစ်ကြောင်း။

လူတို့မှာ အပေါင်း အသင်းများ၏ စိတ်ဓါတ် နှင့် ရောယှက်တတ်လေသည်။လူပျင်းနှင့်ပေါင်းလျှင် လူပျင်း ဖြစ်၍ ဝိရိယရှိသူနှင့်ပေါင်းလျှင် ဝိရိယရှိတတ်လေသည်။



လူပျင်းများဖြင့်မပေါင်းသင့်ကြောင်း၊ ၎င်းတို့၏နည်းကို မမှီးသင့်ကြောင်းကို၊လောကသာရပျို့၌......

"ပညာချို့တဲ့၊ လိုးလုမဲ့မှု၊ ကဲ့ရဲ့သင်္ဂြိုဟ်၊ လူမှုအား ဆို၏၊ ကိုယ်ကိုမချစ်၊ ကျင့်မှုညစ်နှင့်၊ အပြစ်ဘွဲ့ဘွဲ့၊ လူ့ဘွဲ့ခေါ်း တို့ကား၊ ငါတို့ရှိရာ၊ စီးပွားလာဟု၊ ကြံ မှာ ကိုချည်း၊ မှတ်တင်ရည်းရှင့်၊ ကျင့်နည်းညစ်ဆုံး၊ လူပျက်ထုံးကို၊ နှလုံးမပြုတွယ်စေနှင့်မင်း" ဟုလာရှိလေသည်။

ပျင်း၍မလုပ်၊ မလုပ်၍ဖျင်း၊ ဖျင်း၍မစား ရသော လူပျင်းတို့မှာ၊ ကံကိုရိုးမယ်ဖွဲ့ကြကုန်၏။ လုံ့လဝိရိယနှင့် အောင်မြင်မှု၊ဆက်ဆံသကဲ့သို့၊ အပျင်းနှင့်ဆုံးရှုံးနစ်နာ ခြင်း၊ လူစဉ်မမှီခြင်းတို့မှာ၊တွဲ၍နေပေ၏။

အလသသသယာကုတောသိပ္ပံစသောပုဒ်တို့ဖြင့် ပြခဲ့သည့် အတိုင်း၊အပျင်းကြောင့်နိဗ္ဗာန်နှင့်ပင်၊ ဝေးရပြီဟုဆိုထား ရကား ဒိတ်မသက်သာစရာ တွေ့သမျှသော ဆိုးကျိုး တရားတို့မှာ၊ပျင်းရိခြင်းနှင့်မကင်းလွတ်နိုင်ကြပေ။

"ဟိုကိစ္စများခြောင်၊ လူတို့တောင်တွင်၊ အိမ်ထောင် သက်မွေး၊ ခြံနှယ်မြေးသား" ဟူသကဲ့သို့ များခြောင် သော၊ လူကိစ္စအိမ်ထောင်ရေးအခက်အခဲ လိုအပ်သော အသုံးအဆောင်၊ အစားအသောက်တို့ရရာ ရကြောင်း၊ ကောင်းမြတ်သော ကုန်သည်လယ်လုပ်မှုဖြင့်၊ မရှာကြ လိုဘဲ၊ ပျင်းရိသောသူမှာ၊ သူတပါးဝင်ငွေအပေါ်တွင် အားကိုး၍၊ လက်ဝါးတဖြန့်ဖြန့် တောင်းခံ ကြကုန်၏၊ တောင်းခံချေးငှား၍မရသော်၊ လုယက်တိုက်ပူတ်၊ သိမ်

www.burmeseclassic.com

www.burmeseclassic.com



လည့်ရတော့၏။ ထို့ကြောင့်လုံ့လဝီရိယရှိသူတို့မှာ တိုက်ကြီးတာကြီးအဆောက်အဦကြီးစသော ကမ္ဘာ့တန်ဆာ ဆုံဘွယ်ရာတို့ကိုပြုပြင်ရာ၌၊ ကန်ခိုးရှိသကဲ့သို့၊ လူပျင်းတို့မှာလည်း၊ လက်ထိပ် နံပါတ်တုတ် ထောင်တန်း၊ တကျွန်း၊ စက်တိုင်စသည်တို့ကို ဖန်တည်း နိုင်သော သတ္တိကောင်းများဖြစ်ကြပေ၏။

တတိယအဖျက်မျိုးကား လောင်းကစားခြင်းဖြစ်၏၊ အချို့ကဗုဒ္ဓဘါသါ၌လောင်းကစားခြင်းကို မပညတ်ခဲ့လေဟန်ပြောဆိုနေကြကြောင်းကိုကြားသိရလေသည်။ သူတပါးဥစ္စာပစ္စည်းပျက်၍၊ မိမိထံသို့ရောက်စေလိုသော အဘိဇ္ဈာတရားမှာ ဆယ်ပါးသောဒုစရိုက်တွင်၊ အပါအဝင်ဖြစ်ပေ၏၊ ရှုံးလို၍လောင်းကစားသော သူကားမရှိပြီ၊ ကစားဘော်ကစားဘက်တို့၏၊ ရှေ့တွင်ချထားသောငွေပုံကို မိမိတံသို့ရောက်စေလိုကြသော၊ လူ၁၀၀ လျှင်၁၀၀မျှသောကစားသမားများမှာ၊ အဘိဇ္ဈာကံမှ၊ အဘယ်နည်းနှင့်လွတ်ကင်းနိုင်ပါမည်နည်း။

ထို့အပြင် လောင်းကစားခြင်းဖြင့်၊ ရှုံးလျှင်မိမိအိပ်ထဲကစိုက်ရ၍ နိုင်သောအခါမူ၊ လွယ်လွယ်ကူကူနှင့်၊ ဖျာပေါ်မှရသောငွေ၊ ဖျာပေါ်မှာကုန်၊ ဟူသကဲ့သို့သော် စားသုံးဖြုန်းပစ်လိုက်တော့၏။ ကစားဝိုင်းမှနိုင်သောငွေကို၊ ပင်ပန်းတကြီးရှာဖွေရသော၊ ဈေးတွက်စာလေးကော် မည်သူမျှ နှမြောကြမည်မဟုတ်ပေ၊ ဖဲဝိုင်းတဝိုင်းပြီးစီး သွား သော အခါ၊ အနိုင် အရှုံးစိစစ် လိုက် သော်



ငွေ၁၀ပိ၊ ဇပိစားမှာပိုင်း၊ သော့ပိုင်း၊ ခိုင်းစေခ၊ အကော့ စသည်တို့တွင်၊ ပတ်ကြားရေယိုဖြစ်သွားတော့၏။

ယခုအခါရန်ကုန်မန္တလေးတို့တွင် မြင်းပွဲများခေတ်စားနေရာ ၂ ကောင်စွပ် ၃ ကောင်စွပ်စသည်ဖြင့်နည်းအမျိုးမျိုးတွင်ခါ၊ တိုင်းပြည်အားအရွဲကြီးရွဲစေတော့၏။ အစိုးရအခွန်၊ မြင်းပြိုင်ကွင်းစရိတ်၊ စာရေး၊ စာရင်းကိုင်၊ ခဲပေးအရာရှိ၊ မြင်းဆုငွေတို့ကိုနှုတ်ပြီးမှ၊ ကျန်ငွေကိုနိုင်မြင်းများအား ခွဲဝေ၍ပေးရာ၊ ငွေ ၂ သိန်းဘိုးကစားလျှင်၊ ၁ သိန်း၊ ၆သောင်းမျှသာပြန်၍ရကြသဖြင့်၊ ရှုံးပေါက်ကြီးဖြစ်နေကြောင်းကို၊ မြင်းအများဆုံး လောင်းသူမှာ၊ အများဆုံးသိသူဖြစ်လျက်၊ စနေဂြိုဟ်မဂ္ဂဇင်းဟုခေါ်ဆိုအပ်သော မြင်းစာအုပ်ကိုယ်စီနှင့်၊ ခေါင်းခြင်းရိုက်ခံနေကြသည်မှာ၊ သနားစရာကောင်းပေတော့၏။

မွန့်တိကာလို ဆင်ကာပူစသောမြို့များတွင်၊ ကမ္ဘာပေါ်တွင်အကြီးဆုံးသောကစားဝိုင်းများရှိကြ၏၊ ထိုဝိုင်းများတွင်၊ သူဌေးကြီးများသာကစားကြသဖြင့်၊ စက်ရုံကြီးများ၊ မီးရထားလမ်းများ၊ သင်္ဘောများ၊ ရေနံတွင်းကြီးများကို၊ သိန်း ၃၀၊ သိန်း၄၀ စသည်ဖြင့် အတိုးထားကာ၊ လောင်းကစားခြင်းပြုကြရကား၊ ရှုံးသူမှာတဖွဲ့တည်းတွင်၊ သိန်း ၄၀၀-၅၀၀ စသည့်ရှုံးတော့သဖြင့်၊ မိမိတို့ကိုယ်ကိုသတ်၍သေမှုများမကြာခဏ ပေါ်ပေါက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စထုဒ္ဒာ့အဖျက်ကား၊ အပျော်ကြူးခြင်းဖြစ်လေသည်၊ ပွဲလမ်းသဘင်တို့သို့ ပျော်ရွှင်မြူးထူး အသွားကြူးသော သူ၊ အပေါင်းအဖော်များနှင့်၊ စည်းမဲ့ကမ်းမဲ့ ပေါင်းသင်းကာအချိန်ကာလမှန်းမသိ လယ်ပတ်ပျော်ရွှင်ခြင်း၊ အစားအသောက် ဝိုင်းများတည်ကာ ပျော်ရွှင်ကြခြင်း၊ ကြွေအံ၊ ဖဲ၊ ဆစ်အနိုတော၏၊ ခြောက်ကောင်၊ ထီ၊ မြင်း၊ နွား၊ သောင်းစားခြင်းတို့တွင်၊ အလွန်ကြူးပျော်မြူးကြခြင်း၊ ဘိန်းဘင်းကဖော်တို့ကို သောက်စား၍၊ များစွာ အပျော်ကြူးခြင်း၊ ယောက်ျား များအဖို့မှာ၊ တပါးသောမိန်းမတို့နှင့် ပျော်ပါးကြူးလွန်ခြင်း၊ မိန်းမများမှာလည်းတပါးသော ယောက်ျားများနှင့် ဖောက်ပြားကြူးလွန်ခြင်း၊ ပျော်ပါးခြင်းစသည်ဖြင့်၊ ပျော်ပါးမှုများစွာရှိလေသည်။

လူတို့မှာ ပုထုဇဉ်များဖြစ်သဖြင့်၊ မျက်စိတွင်မြင်ရသော တင့်တယ်သော အဆင်းနားတွင်ကြားနေရသည့် သာယာသောအသံ၊ လျှာတွင်ခံစားရသော၊ ရသာချိုတို့ကို၊ ချုပ်တီး၍မထားနိုင်တော့ဘဲ၊ ပျော်ပါးမှုတို့တွင်သာ ဇွတ်နှစ်၍နေတတ်ကြလေသည်၊ မျက်စိ၊ နှာခေါင်းနား၊ လျှာကိုယ်စိတ်ဟု ဆိုအပ်သော၊ ဒွါရခြောက်ပါးတို့ကို၊ လောကီအရေးဖြင့်၊ ပျော်ပါးလေအောင် သွေးဆောင်ခြင်းခံရသဖြင့်၊ ထိုခြောက်ပေါက်သော တံခါးတို့ကိုဟာလာဟင်းလင်းဖွင့်ထားခြင်းဖြင့်၊ ပျက်စီးကြရလေသည်။



အပျော်သမားများမှာ၊ ပျော်ရွှင်မှု၊ တေးသံ၊ ဂီတသံ၊ တို့ကိုသာ ကြားယောင်ခြင်း၊ မျက်စိထည်းတွင်လည်း၊ လှပသောအဆင်းအာရုံတို့ကိုသာမြင်ယောင်ခြင်း၊ လျှာဖြင့်တွေ့ထိခဲ့သောအရသာကိုတောင့်တခြင်း၊ ကိုယ်တွေ့တွေ့ခဲ့ရသော ဖေါဋ္ဌဗ္ဗါရုံကိုသာ၊ တပ်မက်နေခြင်း တို့ကြောင့်၊ ကိုယ်ကျိုးစီးပွားအတွက်၊ နားမျက်ဗြဲ တို့ကို ဖွဲ့ငင်၍မရတော့ဘဲ၊ အတင်းရုန်းကန်၍နေပေ၏။

"စိတ်သွားတိုင်း ကိုယ်ပါ" ဟူသော စကားမှာ၊ အပျော်သမားများအတွက်ဖြစ်၏။ ထိုသူတို့မှာ မူးသော အားဖြင့်၊ လူလေလူလွင့်များဖြစ်၍ နေရာတကာတွင် ဂုဏ်ရွှေမရနိုင်ကြပေ၊ အလုပ်ခွင်တွင်မြဲ၍၊ သိက္ခာ ဂုဏ်ရွှေရှိသောလူကြီးလူကောင်းတို့ကမူ၊ မည်သည့် နေရာတွင်မှ အသုံးမချမယုံမကြည်ကြတော့ပေ။

သေရည်သေရက် လောင်းကစားခြင်းတို့၏၊ အပြစ်များကို ဖေါ်ပြခဲ့ပြီးဖြစ်ရကား ပွဲသမ်းသဘင်တို့တွင်၊ အပျော်ကြူးသူများ၏ အပြစ်ကိုပြရန်လိုပေမည်။ ထိုသူများမှာအချိန်ကုန်ခံ၍ အအိပ်ပျက်ခံရသဖြင့်၊ တညအိပ်ပျက်၊ ၂ ရက် ၃ ရက်လိုက်မမှိတော့ဘဲ၊ အလုပ်အကိုင် လစ် ဟင်း ပျက် စီး ရ လေ သည်၊ ဆင်းရဲ သားများ အဖို့မှု "တနေ့ချက် တလမွတ်" ဆိုသကဲ့သို့၊ တရက် အလုပ်ပျက်၍၊ ဝင်ငွေမရှိလိုက်ပါမူ၊ ကြွေးခံ၍ယူငင်စား သောက် ကြရသဖြင့်၊ ရက်ပေါင်းများစွာ ဆင်းရဲ သဖြင့်၊ များစွာပင်ပန်းကြရကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



ပွဲလမ်းသဘင်မှာ ကျန်းမာမှုကို များစွာထိခိုက်စေ၏၊ တနေ့ရာထဲတွင်၊ အချိန်ကြာမြင့်စွာထိုင်၍ နေရခြင်း၊ နှင်းတဖြိုက်ဖြိုက်ကျသည့်အထဲတွင် ကြည့်ရှုနေ ရခြင်းတို့ကြောင့်ကို လက်မအိမသော၊ မကျန်းမမာ ဖြစ်တတ်လေသည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင်၊ ပွဲလမ်းသဘင်များမှာသာလွန်၍ဆိုးဝါးပေသေး၏။ နေ့ဝင်ကနေ့ထွက်အထိ ကပြသူများကလည်း ကပြ၍ ကြည့်သူများ ကလည်း၊ ကြည့်နိုင်ကြပေ၏၊ အနောက်နိုင်ငံများတွင်မူ ၊ည၇ နာရီမှ ၉ နာရီခွဲအထိခွင့်ပြု၍ ဘာသာရေးပွဲများကိုသာ အထူးအခရေး ပေး ကာ၊ ည-၁၂-နာရီအထိ ခွင့်ပြုလေသည်၊ ပွဲလမ်းသဘင်တို့ကြောင့် အလုပ်အကိုင် ပျက်စီးကြောင်းကို လယ်ဘီပဏ္ဍိတဆရာဦးမောင်ကြီးက ၎င်း၏ စာအာကျနီတိကျမ်းတွင်။ .......

''ဟောလာပတိကမ္မနာသာယ ပတိ၊ စင်စစ်၊ ဟောလာ၊ မြူးထူးပျော်ပါးခြင်းသည်၊ ကမ္မနာသာယ၊ အလုပ်အကိုင်ပျက်စီးခြင်းငှာ ဟောတိဖြစ်၏ဟုဆိုထားခဲ့ လေသည်၊ သို့သော်အဆိုက်အလျောက်အားဖြင့်၊ တခါတရံပွဲသဘင်တို့တွင်၊ မပျော်ပါးရဟု မဆိုလို၊ အလွန်အကြူးမြူးထူးပျော်ပါးခြင်းကိုသာဆိုလိုပေ၏။

ပျော်ပါးသောက်စားမှုကြောင့်၊ ပျက်စီးရသောမဟာဓနသူဌေးသား၏ခွက်လက်စွဲတောင်းစားရပုံကို၊ ဓမ္မပဒအဋ္ဌကထာတွင်၊ ထင်ရှားစွာ ပြထားခဲ့လေသည်၊ ။



ထိုသူဌေးသားမှာ မိဘဘက်မှအမွေ ကုဋေ ၈၀ ၊ ယောက္ခမဘက်မှ ကုဋေ၊ ၈၀ ၊ပေါင်းကုဋေ ၁၆၀ ရှရှိခံစားရရာ၊ လောကတွင် ကြောင့်ကျ ပူပန်ဘွယ်ရာဘာမျှမရှိပြီ အထင်နှင့်၊ အခြား အကြီးအစည် အလုပ်အကိုင်တို့ကို၊ ဘာမှကြံစည် ဆောင်ရွက်ခြင်း မရှိဘဲ၊ ကခြင်း ၊သီခြင်း၊ တီးမှုတ်ခြင်း၊ ပွဲသဘင်တွင်အပျော်ကြူးခြင်းတို့ဖြင့်၊ အချိန်ကို ကုန်လွန်စေ၏။ ထိုအပျော်အပါးမှတဆင့်၊ သောက်စားယစ်မူးလျက်၊ စည်းမဲ့ ကမ်းမဲ့ တရားလက်လွှတ်နေထိုင်လာရာ။ ဇနီးဖြစ်သူ သူဌေးသမီးမှာလည်း၊ သမဘောနှသမဘော၊ ဂေါဘောနဂေါဘော ဟူသကဲ့သို့အသွင်မတူအိမ်သူမဖြစ်ရကား လင်နှင့်အတူပင်အပျော်ကြီးပျော်ခဲ့ကြလေရာ၊ ဝင်ပေါက်ပိတ်ကွယ်၊ ထွက်ပေါက်ကျယ်နေသောကြောင့်၊ ကုဋေ ၁၆၀ မျှသော ဥစ္စာတို့မှာ၊ တပြားတချပ်မှမကျန်သော ဘဝသို့ရောက်တော့သဖြင့်၊ယခင်ကပျော်ခဲ့သမျှ၊ရွှင်ခဲ့သမျှသည်၊ 'ကြည်သာရွှင်ပြ၊ ချမ်းသာကြလည်း၊ သောကနောက်ဆုံးရှိချေသည်' ဟူသောလောကဓံလင်္ကာအရဆင်းရဲပူပင်ငြိုငြင်ညည်းတွား၊ သူတောင်းစားဘဝဖြင့်သာ အဆုံးသတ်ကြရလေသည်။

ထိုကြောင့် ပွဲလမ်းသဘင်စသော ပျော်ရွှင်မှုများမှာ ပျက်စီးကြောင်း ဖြစ်ကြောင်းကို၊ သတိတရ ရှောင်ရှားစိမ့်သောငှာ၊ ရှေးလူကြီးများက မစည်ကားရာ သေအရပ်ငါးပါးကို။

www.burmeseclassic.com

www.burmeseclassic.com



ပွဲလမ်းနွှင်ပြိုင်၊ သေရက် ဆိုင်နှင့်၊ မှုပြိုင် ရှုံးပြင်၊ ကစားခွင်တည်း၊ပူပင်သုသာန်၊ရပ်ငါးဌာန်မှာ၊ ကြွက်ညံ့များစွာ၊မစည်ရာသည့်၊လူလာခိတ်သုဉ်း၊နည်းရာသော ဟူသောဆောင်ပိုဒ်ဖြင့်၊

၁။......ပွဲလမ်းသဘင်၊

၂။......သေရည်သေရက်ဆိုင်၊

၃။......ကစားဝိုင်းမြင်းပွဲလည်းဟူလို၊

၄။......ဩွတ်ရှုံးတရားရုံး၊

၅။......သုသာန်သင်းချိုင်း၊

များဖြစ်ကြောင်းကို ပြဆိုတော်မူခဲ့ကြလေသည်။

အခန်း ၇

## ကျန်းမာမှု

လူတို့ဘဝတွင်ကျန်းမာမှုသည်အောင်မြင်မှု၏အရင်း ခံပခာန ဖြစ်ပေ၏။ မည်မျှ လောက်ပင် တတ်မြောက် လိမ္မာသော ပညာရှင်ဖြစ်စေကာမူ နာမကျန်းက လုပ်မှု ဆောင်တာတို့ကို ပြီးစီးအောင် ဆောင်ရွက် နိုင်တော့ မည် မဟုတ်ချေ။ ကျန်းမာခြင်း၊ အသက်ရှည်ခြင်းမှာ လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ပြီးစေ ကြောင်း၊သိစေလိုသော မြတ်စွာဘုရားသည်၊ ။အာရော ဂျံ ၊ ပရမံ၊ လာဘံ ၊ စသည်ဖြင့် ဟောတော် မူခဲ့လေပြီ၊ အနာရောဂါနှိပ်စက်သောသူသည် မသေမီကပင် သူသေ ခေါ်ကြောင်း၊ စိန္တကျော်သူသည် ဩဝါဒထူးပျိုတွင် အသက် ရှင်စဉ်သေသူ လေးဦးစသည်ဖြင့် ပြဆိုခဲ့လေ သည်။

လူတို့၏ကိုယ်ခန္ဓာသည် စက်အိမ်ကြီးသဘွယ်ဖြစ်၍ တခုခုက ချို့ယွင်းလျှင်ပင် ချက်ခြင်း နေမကောင်းခြင်း

www.burmeseclassic.com

www.burmeseclassic.com



စသည့် တို့ကို ခံစား ရသောကြောင့်၊ ခန္ဓာ စက်အိမ်ကို သတိပြု၍ကြည့်ရှုပေးမကြရပေမည်၊ လူတို့မှာ စားလိုက်သောအဟာရ ကောင်းစွာမကြေညက်က လူကို ဥပါဒ်ပေးနိုင်လေသည်။ အဆိပ်ပ် အချိ စသည့် အစာတို့မှာ ဝမ်းတွင်းဓါတ်မီးဟု ခေါ် ဆိုအပ်သော ပါစက တေဇောဓါတ် မီးကချေဖျက်ခြင်းငှာမတတ်နိုင်သဖြင့်၊ အန္တရာယ်ရောက်ရလေသည်။ နွားတို့၏အစာဖြစ်သော နွားသုံးမှာ အလွန်ထူးကဲသော အရသာနှင့် ပြည့်စုံ စေကာမူ လူ၏သဏ္ဍာန်ရှိ ပါစက ဓါတ်နှင့်မမျှသောကြောင့်၊ လူတို့ မစားနိုင်ကြပေ၊ လူတို့၏ခန္ဓာကိုယ်မှာ ရုန့်ကြမ်းသလော် အတွင်းမီးအား နည်းပေ၏။ နွားတို့၏ ခန္ဓာနွဲ့နယ်၍ ပါစက အားကြီးလှသဖြင့် နွားတို့စုတောဗိတ် ကျူလျှင် ဓါတ်မီးက ခန္ဓာကိုယ်ကို လောင်ကျွမ်း နိုင်ရကား အကောင်အထည်မတွေ့ရတော့ချေ။

သဗ္ဗေ၊သတ္တာ၊အာဟာရဋ္ဌိတိကာ။

သဗ္ဗေ၊ ခပ်သိမ်းသော၊ သတ္တာ၊ သတ္တဝါ တို့တွင် အာဟာရ၊ အစာ အာဟာရ သည်သာ၊ ဋ္ဌိတိကာ၊ ထောက်ရာ တည်ရာရှိ၏ ဟု ဆိုထားသည့်အတိုင်း လူတို့သည် အစားအသောက်ကို များစွာဂရုစိုက်ရမည်ဖြစ်ပေ၏။ စားမြိုလိုက်သောအစာမှာ ဝမ်းတွင်းရှိဓါတ်သဘောဖြင့် သင့်တင့်မျှတခြင်းမရှိက အစာမကြေခြင်း အဆိပ်ဖြစ်ခြင်းစသော ဥပါဒ်တို့ကို ရရှိတတ်လေသည်။ ရာသီဥတုနှင့်လျော်ညီသော အစားအသောက်တို့ကို ရွေးချယ်မှသာလျှင် ကျန်းမာဖွံ့ဖြိုး နိုင်လေသည်။



မြန်မာလူမျိုးတို့မှာ အစားအသောက်တွင် များစွာ လေ့မကြလေသည်၊ တရုပ်စားသော ဝက်သား၊ ကုလားစားသောဝဲ၊ အင်္ဂလိပ်စားသောကြက်ရိုး (ဆ) မြန်မာစားသော ငါး ငါးပိကြော် ဟင်းတို့ ဟင်းရေသောက်တို့ကို တနပ်ထည်းတွင် အလုံးစုံစားတတ်လေသည်၊ လူမျိုးခြားတို့မှာမူ နှစ်သက်စရာ တဦးကောင်းနှစ်ဦးကောင်းတို့ဖြင့် ရောင့်ရဲကြပေ၏။ ဥပမာ တရုပ်တွင် ဝက်သားကြော်တခွက်၊ ဘူးသီးချက် တခွက်ဖြင့်ရင်း၊ အင်္ဂလိပ်တွင် ထွတ်ပြုတ်တခွက်၊ ကြက်သားရိုး (ဆ) တခွက်၊ အမဲသား ကက်တလစ် တခွက်ဖြင့်ရင်း၊ ကုလားတွင် ဘူးသီးနှင့်ငါး ရောချက်သော ဟင်းလေးခွက် ဆိုလျှင် လုံလောက်ကြတော့၏။

မြန်မာလူ ဂုဏ်တန် တယောက်အား ထမင်းစားပွဲ တည်ခင်း ကျွေးမွေးသောအခါ လက်လှမ်းမမီလောက်အောင် စားပွဲတွင်ပြည့်ကြပ်နေသော ဟင်းခွက်များဖြင့် ကျွေးမွေးသော်လည်း အင်္ဂလိပ်ဂုဏ်ရည်ကျ တယောက်ကိုမူ ဟင်းရေသောက် သစ်သီးချိုချဉ်နှင့်မှ၊ ၇ မယ် ၈ မယ်ထက်မများပတ်ပေ၊ မြန်မာများတွင် ဧည့်သည် ငါးယောက် ရောက်လာက ဝက်သား ၂၅ ကျပ်သား၊ ငါး ၂၀ သားကြက် ၂ ကောင်၊ဝမ်းဘဲဥ ၈ လုံး၊ဝမ်းဘဲ

www.burmeseclassic.com



ကင် တကောင်စသည်ဖြင့် ဦးရေများစွာ ဝယ်ချမ်းချက်ပြုတ်၍ မကုန်နိုင် ကုန်နိုင် ကျွေးမွေး ကြသော်လည်း၊ ဂျပန်လူမျိုးအင်္ဂလိပ်လူမျိုးတို့မှာ ညှော်သည်လေးယောက်အတွက် ဆုတ်လေးခွက်၊ ဘိစတစ်လေးခွက်၊ကာဒီလေးခွက် မျှဖြင့်သင့်တော်ရုံကျွေးမွေးပေ၏။ ထိုသို့လုံလောက်ရုံ ညှော်ခံခြင်းဖြင့်သဒ္ဓါတရားမရှိဟုမဆိုနိုင်ပေ၊စည်းကမ်းတကျ အရမ်းမဖြစ်စေခြင်းသာဖြစ်ပေ၏။

နိုင်ငံခြားမှ တင်ပို့ရောင်းချလျက်ရှိသော မုံ့သေတ္တာ၊ ငါးသေတ္တာ၊အမဲသေတ္တာ၊ယိုအမျိုးမျိုးတို့ကို အခါမရွေးလက်မနှေးဘဲ ဝယ်ယူစားသောက်ခြင်းကြောင့် မြန်မာပြည်မှ ၁၉၃၇-၃၈ ခုနှစ်က*ငွေသိန်းပေါင်း ၅၀၀.၈၆ ဘိုးမျှ ( 500 . 86 lakhs ) နိုင်ငံခြားသို့ရောက်ရပေ၏။

သုဒ္ဒ၊ဝေဿ၊ခတ္တိယ၊ဗြာဟ္မဏဟူ၍ဟိန္ဒူလူမျိုးတို့တွင် ဇာတ်ကြီးလေးဇာတ်ရှိရာ ဗြာဟ္မဏဇာတ်မှာ အကြီးဆုံးသော အယူဝါဒ အရင့်သည်းဆုံးဖြစ်၍ အခြားလူမျိုးတို့ဖုံပြင်စီမံသောအစာအာဟာရတို့ကိုအသက်ပင်သေသေမစားမသောက်ကြပေ၊ ထိုဥပဒေမှ ပျက်ကွက်သောသူသည် ဇာတိဝါဒမှ ချွတ်ချော်တိမ်းပါးသူဖြစ်၍ အမျိုးဇာတ်ပျက်လေသည်၊အပေါင်းအဖေါ်မလုပ်ကြတော့ဘဲ တမျိုး တနွယ်လုံးက ကြဉ်ခြင်းကို ခံရတော့၏၊ အဘပင်ဖြစ်သော်လည်း ဇာတ်ပျက်သောသူ့ကို ပြန်၍ကြည့်ရှု

*Report on the Trade and Customs administration (1937-38) of Burma



ရတော့သည် မဟုတ်ပေ။ ချွေတာခြင်း နည်းဖြင့်ကြည့်သော်ထိုအယူမှာ ကြေးငွေအကုန်အကျနည်းပါးကြောင်းတွေ့ရှိရပေ၏။

ဘုရားရှင်လက်ထက်တော်အခါက ကောသလမင်းကြီးမှာ ဆန်တဗိတ်နှင့်ဆိုက်တကောင်မျှစားလျက် မအီမသာဖြစ်လျက် ဘုရားတရားတော်ကိုမျှ ဖြောင့်တန်းစွာ မနာယူနိုင်ဘဲ အစားကြူးခြင်း၏ ဒုက္ခဝေဒနာကို ခံစားနေရကြောင်း၊ ထိုအခါမြတ်စွာဘုရားက သင့်ဘင့်မျှတချိုသာ စားရမည်ဖြစ်ကြောင်း၊ အစာအာဟာရ၏ အတိုင်းအရှည်ကို သိခြင်းဟည်းဟူသော ဘောဇနေမတ္တညုတာ၊တရားတော်ကိုဟောကြားမှသာလျှင် သင့်တော် မျှတချိုစားသောက်လေသည်၊

ထင်တိုင်းလည်း မဆိုနှင့်၊ ပင်ဘိုင်းလည်း မမျိုနှင့်ဟူသောစကားပုံအတိုင်း အရသာရှိတိုင်း များစွာ မစားသောက်ရာ၊ ။ တန်လျှင်ဆေး၊ လွန်လျှင်ဘေး ဟူသကဲ့သို့ ဗုဒ္ဓကာပုညားအ၏ ဘေးရောက်ပုံကို သာဓကတင်ကြရာသည်။

အစား အသောက် တွင်သာမဟုတ်၊ အားလုံးသောကိစ္စတို့တွင် ကာလ၊ဒေသ၊ဥတု၊သပ္ပါယ တို့ကိုနှိုင်းချင့်၍ မယုတ်မလွန်သော မဇ္ဈိမပဋိပဒါ၊ တရားတော်ကိုမြတ်စွာဘုရားဟောကြားတော်မူခဲ့လေသည်။

ပဉ္စမေ၊ဘိက္ခဝေ၊ဓမ္မအာယုဿာ။
ကာတမေပဉ္စ၊သပ္ပာယ၊ကာရီဟောတိ။

www.burmeseclassic.com

www.burmeseclassic.com



သပ္ပါယေစ၊ မဇ္ဈံ ဇာနာတိ။
ပရိဏာတဘောဇိဝဟောတိ။
ကာလဇာနိစ၊ ပြဟ္မစာရိစ၊
ဈာမေခေါ၊ ဘိက္ခဝေ၊ ပဥ္စဓမ္မာအာယုဿာတိ။

— ပဥ္စင်္ဂုတ္တရပါဠိတော်

အနက်ကား၊ ၊ ရဟန်းတို့

၁။ သင့်တင့်သော ဆေးဝါး၊ အစား အသောက်ကို မှီဝဲခြင်း၊

၂။ အတိုင်း အရှည်ကိုသိခြင်း၊ ကြေလွယ်သော အစာကိုစားခြင်း။

၃။ ဥတုကာလကိုကြည့်၍စားခြင်း။

၄။ ငါးပါးသောသီလကိုလုံခြုံခြင်း။

၅။ လင်မယားတို့၌ တဦးကိုတဦး၊ လွန်ကြူး၍ လင်ငယ်၊ မယားငယ်မနေခြင်း။

တို့မှာအသက်ရှည်ကြောင်း၊ နည်းကောင်း၊ နိသျည်းများဖြစ်ပေ၏ ဟုဟောတော်မူခဲ့လေသည်။

လူတို့မှာကျန်းမာမှုအတွက်၊ ကိုယ်ခန္ဓာစက်အိမ်ကို အစဉ်သတိပြုကြရပေမည်။ ထိုစက်အိမ်အဆက်မပြတ်၊ မမှားမယွင်း အလုပ်လုပ်သွားနိုင်ရန်၊ ကိုယ်လက်အင်္ဂါ တို့ကိုလှုပ်ရှားပေးရပေမည်။

အလုပ်ချည်း လုပ်၍ အားလပ်ခွင့် မရခြင်းသည်၊ ကလေးသူငယ်များအား၊ ထိုင်းမှိုင်းထုံ အ စေ၏၊ အလုပ်မှာအိမ်တွင်းအလုပ်ဖြစ်မူ၊ ထိုသူငယ်မှာ၊ နူးညံ့အားနွဲ့၊



နိုနဲ့သေးသိမ်၍ သွားပေတော့၏။ က စား ခြင်းသည် ကျန်းမာမှုကိုသာ ဖြစ်စေသည်မဟုတ်၊ အလုပ် အကိုင် အတွက်လည်း၊ ဖြတ်လတ်လျင်မြန်စေ၏။ လူနှင့်ပေါင်း သင်းဆက်ဆံရေးကိုသင်ကြားပေ၏။ မဖြစ်လေ့ကသည် တို့ကို၊ အရေးမယူခြင်း၊ တရားသဖြင့် ကျင့်ဆောက် တည်ခြင်း၊ စိတ်သဘောဖြင့်မြတ်တည်ကြည်ခြင်း၊ ကိုယ် ကောင်းမကြံခြင်းစသော၊ အကျိုးထူးတရားတို့ကို ခံစား ရလေသည်၊

ကျန်းမာခြင်း၊ ခွန်အားဗလရှိခြင်းတို့နှင့် ရဲရင့်ခြင်း တို့ တွဲနေသကဲ့သို့၊ မကျန်းမာခြင်း၊ ချူခြာခြင်းမှာ၊ ကြွန် ဘဝနှင့်ပျော်မွေ့ကာ၊ ကြောက်ရွံ့တုန်ခြင်းနှင့်တွဲ၍နေ၏။

-- ဦးဇော်ဝိတ်

ကစား ခြင်း သည်၊ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်း၊ ရဲရင့်ခြင်း၊ နှင်ပြကြည်လင်ခြင်း၊ တည်းဟူ သောဘယ်ဆရာ၊ ဘယ်စာအုပ်ကမှ၊ ပေးစွမ်းခြင်းငှာ မတတ်နိုင်သည်တို့ဖြင့်၊ ပြည့်စုံစေ၏။

The battle of Waterloo was won,
in the playgrounds of Eton.

- Duke of willinton

ဝါတာလူး စစ်ပွဲကြီးကို၊ အီတွန်ကျောင်းတော်ကြီး ၏ ကစားကွင်းမှ အောင်မြင်လေသည်။

ဝိလင်တန်မင်းသားကြီး

www.burmeseclassic.com



ဆိုလိုရင်းအဓိပ္ပါယ်မှာ၊ အီတွန်ကျောင်းမှ၊ ကိုယ်လက်လှုပ်ရှားကစားခြင်းနှင့်၊ စည်းကမ်းသေဝပ်ရေးကို၊ တတ်မြောက်ပြီးဖြစ်သော စစ်သားများ၏လုံ့လဝီရိယအင် ကြောင့်၊ ဝါတာလူးစစ်ပွဲကြီးကို အောင်မြင်ရလေသည် ဟူသတည်း။

ကျောင်းတွင်သင်ကြားရသော ပညာအရပ်ရပ် တို့တွင်၊ ကစားကွင်းမှ၊ သင်ကြားတတ်မြောက်သောပညာသည် အကောင်းဆုံးအဘိုးတန်ဆုံးဖြစ်ပေ၏၊ ကစားခြင်းဖြင့်သာလျှင်. အားသစ်၊ အင်သစ်၊ ပြည့်၍ ရွှင်လန်းပျော်မွေ့ကြပါ၊ အသက်မွေးမှု၊ လုပ်ငန်းများဖြင့်၊ မရွှင်မြူးပါနှင့်။

ဂျိမ်း(ဆ)ပဂျက်ဆိုသူပညာရှိကြီးက၊

အားအင်ပြည့်ဖြိုး၊ ကျန်းမာပျော်ရွှင်မှုများဘက်စပ်ပါဝင်သော၊ ဂုဏ်အရှည်အရှင်းတို့တွင်၊ ကစားခြင်းသည်၊ချီးမွမ်းဘွယ်အကောင်းဆုံးဖြစ်၏ နေ့စဉ်လုပ်ငန်းတို့အပေါ်တွင်၊ များစွာအဘိုးထိုက်တန်သော၊ ဩဇာကိုသက်ရောက်စေ၏၊ အဘယ်ကြောင့်ဆိုသော်၊ ကစားခြင်းဖြင့်၊ ကြေးငွေပစ္စည်းများရရှိမည် မဟုတ်သည်ကို သိလျက်နှင့်ပင်၊ လူငယ်များမှာ၊ လူကြီးများနှင့်တွဲဘက်ကစားကြသောကြောင့်တည်း၊ ကစားခြင်းမှာ၊ ကောင်းမြတ်သောရည်ချက်ဖြင့်၊ ကောင်းမွန်စွာလုပ်ကိုင်ကြရန်၊ လုပ်ပေါ်လုပ်ဖက် အဖြစ်ရောက်ရှိအောင် သင်ကြားပေးပေ၏၊မည်သည့်အခြေအနေတွင်မဆို၊အောင်မြင်ရန်တန်



မိုးအကြီးဆုံးသောအခြေကိုဖြစ်စေ၏၊ ရုပ်ပေါင်းလုပ်ကိုင်ခြင်း၏၊သတ္တိအင်အားကို၊သင်ကြားပြသပေ၏၊ သဘာဝအတိုင်းပင် မဟုတ်စေကာမူ၊ အလေ့အကျင့်အားဖြင့်၊ တော်မှန်ခြင်း၊တရားခြင်းကိုလည်းဖြစ်စေ၏၊တရားလမ်းကြောင်းအတိုင်း၊စံနစ်ကျကျလုပ်ကိုင်တတ်စေ၏၊ ကစားမှုဖြင့်ရရှိအပ်သော အထက်တန်းကျလှသည့် မိုးသားမှုသည်၊ တရားဥပဒေပြင် ဘက်ရှိ အပြုအမူများ ကို၊စက်ဆုတ်ရွံ့ရှာစေ၏ဟုပြောဘူးလေသည်။

ဆာ မချီအယ်ဖေါ့စတားဆိုသူ၊ ရွိုင်ရယ် အသင်းကြီး၏အတွင်းရေးမှူးကမူ၊ လက်ရုံးရည်နှင့် လုပ်ရသောအလုပ်များတွင်ပင်၊အခါများစွာ၊ ဦးနှောက်၏နွမ်းရိပင်ပန်းခြင်းကိုဖြစ်စေ၏၊ကြွက်သားတို့နှင့်ဘာမျှမဆိုင်သော၊သော၊ဦးနှောက်၏မောပန်းနွမ်းရိခြင်းမှာ၊ရိုးလျက်ရှိပေပြီ ဦးနှောက်၏အလုပ်သည်၊ကြွက်သား၏ အလုပ်ကဲ့သို့ပင်၊ ဓါတ်နှင့်ဆိုင်သော၊ပြောင်းလဲခြင်းရှိကြောင်း၊ ထိုပြောင်းခြင်းမှာ၊ အသေးစိပ် အား ဖြင့်၊ ကွဲ ပြား သော် လည်း၊ သဘောအားဖြင့်၊ ကွဲပြားသည်ဟူ၍ မရှိကြောင်း ပြောဘူးလေသည်။

သွေးကြောတို့သည်၊ ကိုယ်အင်္ဂါအစိတ်အပိုင်းတို့ကို၊ သန့်ရှင်းစင်ကြယ်စေ၏၊ ကြွက်သားများတွင် မကောင်းသောသွေးများကို တုတ်ပယ်၍၊ ကောင်းသောသွေးများဖြင့်ထပ်လောင်းဖြည့်စွက်ရ၏၊ ထို့အတူသွေးကြောများမှာဦးနှောက်၏သန့်ရှင်းစင်ကြယ်ခြင်းကိုစီမံနိုင်ပေသည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍၊ လူတို့အသက်ရှင်မှုအတွက်၊ ဦးနှောက်မှာအလုပ်အများဆုံးလုပ်ရ၍။ ၎င်း၏နားနေခွင့်မှာ မရှိသလောက်ရှားပါးတိုတောင်းပေ၏။ ထို့ကြောင့်ကိုယ်လက်အင်္ဂါတို့ကို၊ လှုပ်ရှားစေခြင်းဖြင့်၊ ဦးနှောက်ကို၊ အနားပေးသင့်ကြလေသည်ဖြစ်ကြောင်း။

လေကောင်းလေသန့်နှင့် ကိုယ်လက်လှုပ်ရှား ခြင်းမှာ ခွဲခွါ၍မရသောကြောင့်၊ တခုကိုလုပ်လျှင်အခြား ကျိုးနှစ်ရပ်စလုံးခံစားကြရပေ၏။ လူတိုင်းပင်တနေ့လျှင် အနည်းဆုံး ၂နာရီခန့်အကာအဆီးမရှိသော လေလဟာပြင်သို့ထွက်၍နေရန်အကျင့်ကိုအရေးတကြီးအမြဲတမ်းပြုလုပ်သင့်လေသည်။

ပထဝီမြေကြီး မိုးကောင်းကင် တောတောင်ကွင်းပြင်တို့သည် ကျွန်ုပ်တို့အား စာအုပ်များတွင် မရရှိနိုင်သော ပညာရပ်တို့ဖြင့် ချီးမြှင့်ပေးသော ဆရာများဖြစ်ကြကုန်၏။ တောနယ်များသို့သွားပြီးလျှင် ရေကူးခြင်း၊ တောပန်းခူးခြင်း၊ ပင်လယ်ရေချိုးခြင်း၊ လေညှင်းခံခြင်း၊ ကိုယ်အင်္ဂါလှုပ်ရှားခြင်းတို့မှာ လူတို့အားကျန်းမာစေသည်သာမက စိုးရိမ်ခြင်း၊ ကြောင့်ကျခြင်းတို့ကိုပင်ပပျောက်စေနိုင်လေသည်။

သဘာဝ ဓမ္မသည် ကျွန်ုပ်တို့အား ငြိမ်သက် တည်ကြည်စေ၏၊ အေးချမ်းသာယာစေ၏။ ခင်အား ပြည့်၍၊ သန့်စွမ်းစေ၏၊ စိတ်ဟဒယကို ရွှင်မြူးနှစ်သိမ့်စေ၏။

အနားယူခြင်းသည် ပျင်းရိခြင်းမဟုတ်ပေ၊ တခါတရံ သစ်ပင်များအောက် မြက်ခင်းကလေးပေါ် လဲလျောင်းကာ တတွေတွေစီးဆင်းနေသော ရေကျသံကလေးကို၎င်း၊ ကောင်းကင်ပြင်ဝယ်တရွေ့ရွေ့လှုပ်ရှား သွားလာနေသော မိုးသားတိမ်တိုက် တို့ကို၎င်း၊ စိတ်ပါဝင်စားကာ ကြည့်ရှုနားထောင်နေခြင်းမှာ အချိန်ဖြုန်း သည်ဟုမည်သည့်နည်းနှင့်မျှမဆိုနိုင်ချေ။

သန့်ရှင်းသော လေသည် ကိုယ်ခန္ဓာ၏ အကျိုးကိုဖြစ်စေဘိသကဲ့သို့ စိတ်ဟဒယ၏ အကျိုး ကိုလည်းဖြစ်ထွန်းစေနိုင်၏။ သို့သော်ပျော်ရွှင်မှုသာယာမှုတို့တွင်သာစိတ်ကို ကျက်စားစေခွင့်မပြုသင့်ပေ။ ပျော်ရွှင်သာယာမှုတို့ကို မပိတ်သောတံခါးဖြင့်ခွင့်ပြုထားပါက လူ့ဘဝသည် အရသာရှိတော့မည်မဟုတ်ပေ။

စကားပြောကောင်းသူတို့နှင့် စကားလက်ဆုံကျခြင်းသည်လည်း၊ ထမင်းမြိန်သကဲ့သို့ အရသာရှိ၏။ ပျော်ရွှင်ဘွယ် ကောင်းပေတော့၏။ စကားပြော ကောင်းခြင်း၏အရည်အချင်းမှာ ၁။ မှန်ကန်ခြင်း ၂။ အနက်အဓိပ္ပါယ်ကောင်းခြင်း ၃။ ပျော်ရွှင်နှစ်သိမ့်စေခြင်း ၄။ အသိအလိမ္မာပညာရှိခြင်း တို့ဖြစ်လေသည်။ ပဌမသုံးမျိုးမှာ လူတိုင်းတွင် ရှိနိုင်သော်လည်း စတုတ္ထ အမျိုး ဖြစ်သော အသိအလိမ္မာမှာ နက်နဲခက်ခဲလှပေ၏။

ရုပ်လက္ခဏာမှာ အတွင်းစိတ်ကိုလိုက်၍ ပြုပြင်ပေးရ၏။ စိတ်၏အခြေကိုလိုက်၍ကိုယ်ခန္ဓာမှာ အနုအကြမ်းအကောင်းအဆိုးတို့ကို ဖန်တီးပြုပြင်နေရ၏၊ ကျွန်ုပ်တို့၏

www.burmeseclassic.com

www.burmeseclassic.com



မှုမမှန်သောလက္ခဏာများမှာ နိမ့်ကျသော ဇာတ်ယူစရာများအတွက် တင့်တယ်ကြီးကျယ်နိုင်သော်လည်း ခဏတာမျှသာဖြစ်၍ မကြာမီပျက်စီးသွားတတ်လေသည်။

အလှကြက်သရေကို ခံစားလိုလှသော မျက်စိများအတွက် အလင်းရောင် တချို့ရှိပေသေး၏။ ထိုအလင်းရောင်မှာ ပြာလဲ့လဲ့ ကောင်းကင်ပြင်၏ မိုးကုပ်စက်ဝိုင်းလောက် ဆီက မီးလောင် မည်ကဲ့သို့ ထင်ရသော၊ ကြက်သွေး ဟင်္သာပြဒါးရောင် တိမ်တောင် တိမ်လိပ်များပင်ဖြစ်ပေ၏။ ကောင်းကင်၏အရောင်သည် တိမ်တောင် တိမ်တိုက်တို့အကြားမှ ပေါက်ထွက်လာ လောက ဓါတ်ကြီးအား ဖျော့တော့သော မိမိရောင်ခြည်ဖြင့် ထွန်းလင်း ထိန်ပေလျက် ကြက်သရေ ရှိစေတော့၏။ အနောက်ဘက်ရှိ တောင်ထိပ်များပေါ်မှ လိမ္မော်ရောင်ဆိုးထားသကဲ့သို့ ဝါကျင့်ကျင့် ကောင်းကင် ရောင်မှာ အနှစ်တထောင်ကနေဝင်စများ၏ကျက်သရေကိုမြေပေါ်သို့ တဖန်ခေါ်တိုက်၍ ထွက်သကဲ့သို့ရှိပေတော့၏။

တကယ်ပျော်ရွှင်မှုများမှာလူတို့မပြုံမပြင်သောနဂိုရ်သဘာဝတို့တွင်သာ တွေ့ရှိနိုင်လေသည်။ လူတို့ပြုပြင်ပန်တီး၍ ခံစားရသောပျော်ရွှင်မှုမျိုးမှာ ဝါတ်ရေစိမ်ကဲ့သို့ ကြာရှည်စွာခိုင်မြဲမည်မဟုတ်ချေ။

ပလိုတပ် (ချ) က ပညာရှိကြီး ဆိုကရစ်တီးအား 'စင်စစ် မှန်ကန်သောပျော်ရွှင်မှုများမှာ အဘယ်တို့နည်း' ဟု မေးရာ ဆိုကရစ်တီးက 'လှသည်ဟုခေါ်ဆိုကြသော



အဆင်းရုပများ၊ ရုပ်လက္ခဏာများ၊ အထူးသဖြင့်မွှေးကြိုင်သော ရနံ့များနှင့် အခြားသော မရှိတောင့်တရှိကြောင့်ကျရသော ကိုယ့်ဟူသမျှတို့ကို ဖြစ်ပေသည်'ဟု ပြန်ပြောခဲ့လေသည်။

ပုံပျူးသာယာသောဘဝဟုခေါ်ဝေါ်လေ့ရှိသော မိမိတို့ကိုယ်ကို များစွာ အလိုလိုက်သောသူ၏အဖြစ်သည် အလွန်စက်ဆုတ်ဘွယ်ကောင်းသော ပျော်ရွှင်မှု အတုအယောင်မျှသာ ဖြစ်စေ၏။ ထိုအမှုမျိုးဖြင့် အလှည့်စားခံရသောသူတို့မှာ မိမိတို့ကိုယ်ကို များစွာအပြစ်တင်ရန်အခြေသို့ရောက်မှ ကမ္ဘာလောကကြီးမကောင်းကြောင်း ညည်းတွားပြစ်တင်ကြကုန်၏။

ဒီမတ်ဆက်ဆိုသူက၊ ကျွန်ုပ်သည် ငယ်ရွယ်နုနယ်ပါသေး၏၊ လောက၏ခရီးစဉ်ကိုတဝက်ခန့်သွားမိသျှင်ပင် နွမ်းနယ်ပင်ပန်းခဲ့လေပြီ၊ ရပ်တန့်၍နောက်သို့ပြန်၍ကြည့်မိပါတော့သည် စသည်ဖြင့်လောက၏ ခရီးစဉ်မှာခက်ခဲရှုတ်ထွေးကြောင်းကိုပြောခဲ့လေသည်။ ၎င်းသောလမ်းမှာစွာ သွားလာနေထိုင်ခဲ့ပါမူ၊ နောက်သို့ကြေနပ် သာယာသော အကြည့်မျိုးဖြင့် ကြည့်၍ ရှေ့သို့လည်း မျှော်လင့်ချက်အပြည့်အစုံနှင့်ကြည့်ရှုမျှော်မှန်းနိုင်မည်ဖြစ်ပေ၏။

ဘဝ၏တန်ဘိုးကိုအတွင်းသဘောအနှစ်သာရများဖြင့် အဘိုးဖြတ်ရပေမည်၊ စိတ္တဏ်က လိမ္မာရေးခြားရှိအော မိန့်ပေးခြင်း၊ တရားသဖြင့်ကြင်နာစွာအုပ်ချုပ်ခြင်းအကျိုး

www.burmeseclassic.com

www.burmeseclassic.com



ကို ရှေ့ရှု၍ သတိရှိခြင်းဖြင့် အပြစ်ကင်းသောလူအဘိုး တန်တယောက်ဖြစ်လာစေနိုင်သည်၊ သို့သော်ခန္ဓာကိုယ် ကဥပဒေတွေ ထုတ်ပြီး၊ အာသာဆန္ဒ၏ ပြင်းထန်သော တိုက်တွန်းချက်အရ၊ ပဋ္ဌမသဘောညီညွတ်ခြင်းကို၊ အလွဲ သုံးစားပြုကာစိတ်၏ အလိုနှင့်၊ ရွေးချယ်ထားသည့် တို့ အား၊ နိုင်ထက်စီးနင်းပြုလုပ်ပါက ဝိဉာဏ်နှင့် ကိုယ်ကာ ယမှာ၊မသင့်မတင့်ဖြစ်တော့၏၊ထိုအခါလူမှာအသုံးမကျ ပင်ပန်းရတော့၏။

ဂရိလူမျိုးတို့သည် ကိုယ်လက်ကျန်းမာရေး ပညာ အသိအလိမ္မာ တိုးပွားရေးပညာတို့ကို အရေးတစိုက် သင်ကြား ကြကုန်၏။ အမျိုးသမီးများမှာ ကာလျှ မပျက်အောင်၊ လှုပ်ရှားကစားခြင်းများကိုပြုလုပ်ကြ၏၊ ၎င်းတို့မှာတိုးတက်၍၊ လွတ်လပ်သော ကျန်းမာခြင်းနှင့် ပြည့်စုံကြကုန်၏၊ ယခုအခါကမ္ဘာပေါ်တွင် တနှစ်လျှင် တကြိမ်ပြည်ကျ၊တာဝန်ခံ၍ ကျင်းပလျက်ရှိသော ကျော် ဇော ထင် ရှား လှ သည့် အိုလံပစ် ကစားပွဲ များမှာ၊ ဂရိလူမျိုးတို့၏၊လက်ရာပင်ဖြစ်ပေသည်။

သန့်ရှင်းခြင်းသည် ကျန်းမာခြင်း၏ညီဖြစ်၏ ဟူ၍၊ အင်္ဂလိပ်စကားပုံတခုရှိရာ ထိုစကားပုံကိုဘေသဏ္ဍာသီပွဲ ဆိုင်ရာ ရုံစမ်းရှာဖွေခြင်းတို့က လေးနက်စွာ ထောက် ခံထားလေသည်၊

များစွာသော ရောဂါတို့သည် အင်္ဂါအစိတ်အပိုင်း တို့မှဝင်ရောက် ပူးကပ်လာသောကြောင့် ဖြစ်လေသည်။



ကာလ ဝမ်းရောဂါ၊ ကျောက်ကြီး ရောဂါ၊ စသော ကြောက်မက်ဘွယ် ရောဂါဆိုးကြီးများမှာ၊ အလို အလျောက် ဖြစ်ပေါ်လာသည် မဟုတ်။ ရောဂါ ပိုးမွှားများ ကျွန်ုပ်တို့ကိုယ်တွင်းတွင်အခြေစိုက်လာသောကြောင့်ဖြစ် ပေသည်၊ ထိုကြောင့် ကျွန်ုပ်တို့မှာ ကိုယ်ကိုသာ မဟုတ် ဝတ်သောအဝတ်၊ စားသောအစာ၊ သောက်သောရေ၊ နေသောအိမ်၊ ရှူရှိုက်သောလေတို့အားလုံးကို သန့်ရှင်း စေပြီးမှ သုံးဆောင်ကြရပေမည်။

သည်းခြေကို နိုင်အောင်အိပ်ရမည်၊ လေကိုနိုင်အောင် ကိုယ်ကိုနှိပ်ရမည်၊ သလိပ်ကိုကြေအောင် အန်ဆေးစား ရမည်၊အဖျားကိုနိုင်အောင်ထမင်းနပ်ကျော်စားရမည်။

ဥတုဘောဇနသင်္ဂဟကျမ်း။

ဥပါဒ်၊ ဋ္ဌီ၊ ဘင်၊ အရလူတို့သည် လျှပ်တပြက်ကွင်း၊ ကုဋေတသိန်း ပျက်စီးနေကြောင်း၊ အသစ် အသစ်လျှင် တဖန်ဖြစ်၍ တည်၍ ပျက်၍ အဆက်မပြတ်နေကြောင်းကို ပဋိစ္စသမုပ္ပါဒ် နည်းဖြင့်သိရှိရလေသည်။

ဆား ဂျိမ်း (ဆ)မချက်က ကျွမ်းကျင်သော ဂီတာ ဆရာတယောက်သည် စန္ဒယားကို တစက္ကန့်လျှင် ၂၄ ချက် တီးခေါက်နိုင်ကြောင်း၊ ထိုသို့တီးထိုင်း တီးတိုင်း ဦးနှောက်မှသွေးကြောအယဉ်သည်၊ ခြေဖျားလက်ဖျားများ သို့တိုင်အောင် ရောက်နိုင်ကြောင်း တခါတခေါက်ခြင်း သည်၊လက်ညှိုးကိုနှိပ်ခြင်း မြှောက်ခြင်း၊ ထိခြင်း၊ အားဖြင့် သုံးကြိမ်ဖြစ်တော့သဖြင့် တစက္ကန့်လျှင် ၇၂ ကြိမ်

www.burmeseclassic.com

ထက်မနည်း လှုပ်ရှား နေကြောင်း တွက်ချက် ပြသခဲ့လေသည်။

များသောသူတို့သည်မလှုပ်မရှားခြင်းကြောင့်ရောဂါရသည် ဟုအနောက်နိုင်ငံ ဆေးပိဋကများက ဆိုထားလေသည်၊ ထိုစကားမှန်၏၊ အဘယ်ကြောင့် ဆိုသော်။ မိဖုရား၊ မင်းကတော်၊ သူဌေးကတော် စသည့်တို့ မှာ အေးအေးနေနိုင်သည့် အတိုင်းကြီးကျယ်သော လောကီစီးပွါးကိုခံစားယစ်မူးလျက်မလှုပ်ချင်မရှားချင်ဘဲမြေပြင်ကိုပင် ခြေတင်၍ မသွားလိုတော့သဖြင့်၊ ထူးထွေသောရောဂါမရှိဘဲလျက် အပျင်းရောဂါထခြင်းကို ဆိုလိုလေသည်၊ ကျွန်ုပ်တို့မြန်မာပြည်တွင် ထိုရောဂါမျိုးကို "မဟာဒေဝီနာ"ဟုခေါ်ဝေါ်ကြလေသည်။

တရံရောအခါ ပြည့်ရှင်မင်းတပါး၏၊ ညာနန်းဒေဝီ မဟေသီတွတ်ထားမိဖုရားတပါးသည် အလုပ်မရှိတိုင်း လင်တော်မောင်ကို နှဲ့ဆိုးဆိုးလျက် အပျင်းပွားပြီးလျှင် မဟာဒေဝီနာ စွဲကပ်ရာ သမားတော်ကြီးများပင်၊ လက်လျှော့ရသော အခြေသို့ ရောက်တော့ကြောင်း၊ ထိုအခါ အချက်ကိုသိတတ်သော သူတယောက်က၊ ဆရာယောင်ဆောင်ကာ၊ နန်းတွင်းသို့ ဝင်ပြီးလျှင် မိဖုရားအား ကုသလိုကြောင်း၊ အကယ်၍ တစုံတခု ကြုံးလွန်မိက ဘုရင်မင်းမြတ်က သေးမဲ့ ထားလွှတ်ပြုပါမည့် အကြောင်းလျှောက်ထားသဖြင့်၊ အခွင့်ရလေ၏၊ ထိုအခါ မိဖုရားကြာခြည်ကိုလှစ်ပြီးလျှင်၊ အလကားမိန်းမပေါ့၊ လင်ကို နှဲ့ချင်တိုင်း နှဲ့၊ ဆိုး ချင် တိုင်း ဆိုး ပြီး၊ မဟာ ဒေဝီနာနဲ့ သဲနေတယ် မကြာခင် သေပါလိမ့်မည်ဟု-- ဆဲဆိုကြိမ်းမောင်းပြီး ဘုရင်ညီလာခံဆောင် အရောက်အပြန်ကူးခဲ့လေ၏၊ မဟာဒေဝီကြီးမှာ သာမန်အောက်တန်းစား ကငါကဲ့သို့သော အဂ္ဂမဟေသီ၊ ဒေဝီထွတ်ထားမိဖုရားကို၊ ဤသို့ပြောရာသလောဟု ဒေါသအမျက် ခြောင်းခြောင်းထွက် သဖြင့် ဈေး အ ခါက ရုံ့ရွှေတွေ တကျိပ် မျှ နောက်ကပင့်၍ လိုက်ရသော ဝတ်လွှာကို လက်တဘက်ကမ၍၊ ဘုရင်ထံမှောက်သံတော်ဦးတင်ရန် အရောက်လာခဲ့ပေ၏။ ထိုအခါဘုရင်ကဆီး၍ ဖြောင်းဖျပြောဆိုသောအခါ၊ ဒေါသမှာပြေငြိမ်းလျက် မဟာဒေဝီနာမှာလည်း၊ တခါတည်း ပျောက်ကင်းဘူးသဖြင့်၊ ထိုအဘော်ကြီးသမားမှာ ဆု လာဘ် များစွာ ရခဲ့ဘူးသည်ဟူသတတ်။ ။

ကျန်းမာခြင်း အတွက် အရက်ကို ကြဉ်ရှောင်ရန်လည်း လိုပေ၏။ အရက်ကိုရာသက်ပန် သောက်ခဲ့ကြသူများမှာ သတိမေ့လျော့ခြင်း၊ ရောဂါဘယ ထူပြောခြင်း၊ အသက်တိုခြင်း စသည်ဖြင့်များစွာအကျိုးမဲ့ကို ဖြစ်စေ၏။

Though I look old, yet I am strong and lusty,
For in my youth I never did apply
Hot and rebellious liquors to my blood,

Shakespeare

www.burmeseclassic.com



ရှိတ်စပီးယားက ကျွန်ုပ် မည်မျှပင် အိုစေကာမူ ကျန်းမာဝပြီး အင်အားတိုးလျက် ရှိနေခြင်းမှာ ကျွန်ုပ်သည် ငယ်စဉ်ကစ၍ ယနေ့တိုင် ပူခါးလှစွာသောင်းကြမ်း ထကြွတတ်သော သွေးအရက်ကို ဘယ်သော အခါမှ လျှာပေါ်သို့မတင်ဘူးသောကြောင့် ဖြစ်သည်ဟုပြောဘူး လေသည်။

ထမင်းစားပြီးစတွင် အလွန်အိပ်ခြင်း အလွန်ထိုင်နေ ခြင်း မပြုရာ၊ မီးပူနေပူမခံရာ၊ များစွာပင်ပန်းခံ၍မလုပ်ရာ ခေတုန်မှိဝဲခြင်းမပြုရာ၊ ရေကိုများစွာ မသောက်ခြင်း၊ အနည်းငယ်သာသောက်ခြင်း၊ အလွန်စားခြင်း၊ ကျင်ကြီး ကျင်ငယ် လေပုတ်တို့ကို အောင့်ထားခြင်းကြောင့် အစာ မကြေဖြစ်တတ်၏။

=ဥတုဘောဇနကျမ်း

ဆေးဝါးများထက် အလေ့အကျင့်အစားအသောက် များက ပို၍ကျန်းမာမှုကိုဖြစ်စေနိုင်၏။ သဘာဝတရား အား သာနုညီမျှဖြစ်ပါစေ၊ ၎င်းတဦးတည်း ငြိမ်းချမ်း သာယာစွာရှိပါစေ။

Do not counteract the living principle, leave it at liberty of defending itself. It will do better than any drugs,

- Napoleon



နပိုလီယံက နေထိုင်မှုတို့၏ အခြေခံ ဥပဒေတို့ကို ဆန့်ကျင်ဘက် မပြုပါနှင့်၊ ကိုယ်ခန္ဓာမှာ ဥပဒေ အတိုင်း ၎င်းကို ၎င်းကပင် ကာကွယ်ပေးလိမ့်မည်၊ ဆေးဝါးကား သဘာဝတရားလောက် သတ္တိမကောင်းပေဟု ပြောဆို ခဲ့ဘူးလေသည်။

သန့်ရှင်းသောလေ၊ သန့်ရှင်းသောရေတို့ကို ရှူရှိုက် သောက်သုံးလျက် မျှ မျှ တ တ စားသောက် ကြသော် ကျွန်ုပ်တို့သည် ကျန်းမာခြင်း၊ ခွန်အားကြီးခြင်း။ စသော ကောင်းမြတ်သော အကျိုးတို့ကို ခံစားရ၍ အစဉ်နုပျို လျက် ရှိကြပေမည်၊

သို့သော်ကျန်းမာခြင်းမှာကိုယ်ခန္ဓာနှင့်သာသက်ဆိုင် သည် မဟုတ်ပေ။စိတ်ဆိုးခြင်း၊ မုန်းတီးခြင်း၊ စိတ်သော က ရောက်ခြင်း၊ ကြောက်လန့်ခြင်းတို့မှာ အသက်ရှည် မှု၏ရန်အနှောင့်အယှက် ဖြစ်ပေ၏။ ရွှင်လန်းခြင်း၏ စိတ် ပျော်မြူးခြင်း၊ နှစ်သက်ခြင်း၊ ရောင့်ရဲတင်းတိမ်ခြင်းတို့မှာ အသက်ကိုဆက်၍ပေးနေတော့၏။ စိတ်ဆိုးသူနှင့်မုန်နေသူ မှာ များစွာအရုပ်ဆိုးလျက်၊ စိတ်သောက ရောက်သူမှာ အနှစ်-၂၀-လောက်အိုသွားသည်ဟု ထင်ရပေ၏။

လူတို့သည် အထင်အမြင်ကြီးခြင်း၊ ဘဝင်မြင့်ခြင်း၊ ခက်ထန်သော မာနထောင်လွှားခြင်း တို့ကြောင့် အချိန် မတိုင်မီသေဆုံးကြရ၏။ ကြီးကျယ်သော အလုပ်တို့ကို တိုးတက်အောင်လုပ်ဆောင်ရာ၌ အသက်ရှည်ရန်အရေး



www.burmeseclassic.com

www.burmeseclassic.com



ကြီးလေသည်။ များစွာသောကိစ္စတို့တွင် လူတို့၏ခန္ဓာ ပျက်ပြုန်းခြင်းမှာ ရိုးရိုးအလုပ် လုပ်ခြင်းထက် စိတ်ဆောင်ခြင်း၊ စိုးရိမ်ခြင်း၊ ကြောင့်ကျခြင်းတို့ကြောင့်ဖြစ်လေသည်။ ပျင်းရိခြင်း၊ အပျော်ကြူးခြင်း၊ ကိုယ့်အလိုသို့ ကိုယ်အလိုက် ကြူးခြင်းတို့သည် ကောင်းမြတ်၍ အားသွန်ခွန်စိုက်လုပ်ရသော အလုပ်များထက်လူတို့၏ အသက်ကို တိုစေ၏၊

✓ထမင်းစားပြီးစ ရပ်၍နေသောသူသည် ခွန်အားကြီး၏ စကြံ့န်လျှောက်သောသူသည် အသက်ရှည်၏။ အိပ်သောသူသည် ဝ ၏၊ ပြေးသောသူသည် အသက်တို၏ သေမင်းလိုက်၏။

ဥတုဘောဇနကျမ်း

လူတို့တွင် ကိုယ်ခန္ဓာကြံ့ခိုင်သန်မာရန်လည်းအရေးကြီးလေသည်၊ အထူးသဖြင့် ယောကျ်ားများမှာ ကြွက်သား ရင်သားတို့ မို့မောက်သန်မာ သဖြင့်ပီသသော ယောကျ်ားရုပ်ကို ဆောင်ရပေမည်၊ ရှေးခေတ်ကမြန်မာစစ်သားများမှာ သန်မာပြည့်ဖြိုးသူများဖြစ်ပေ၏။ စစ်သူကြီး မဟာဗန္ဓုလမှာလွန်စွာသန်မာထွားကျိုင်းသည့်ပြင် အရပ်မှာလည်း ၅ပေ ၈ လက်မမြင့်သဖြင့် အင်္ဂလိပ်စစ်သားများအကြောင်းပြောရာ၌ ခွဲ့ခွဲ့နှောင်းနှောင်း ဖြူဖတ်ဖြူရော် မျက်နှာဖြူ ကလေးတွေ ငါ့ဒါး တချက်ကျက ခါးပြတ်သွားမှာဘဲဟု ပြောဘူးလေသည်။



အချို့သောမင်းညီမင်းသား မှူးမတ်များမှာမူ သေးသွယ်နူးညံ့လျက် ရှိကြသေးကြောင်းကို၊ ကြာညွှတ်အသွင်၊ မတ်လုလင်တို့၊ မြင်းဆင်စီးနင်း စသောစိန္တာကျော်သူရတုကိုထောက်၍ သိရလေသည်၊

ကိုယ်လက် ကြံ့ခိုင် သန်မာ ထွား ကျိုင်း သောယောကျ်ားသည် နိုင်ထက်စီးနင်း မပြုလုပ်တတ်ကြပေ၊ ကိုယ့်ထက်အစစရာရာအားသေးသောမိန်းမများအပေါ်တွင် အနိုင်အထက်မနှိပ်စက်ဘဲ တတ်အားသမျှ စောင့်ရှောက် ထိန်းသိမ်း တတ်သည်ကို တွေ့ရှိရလေသည်။ ကိုယ်လက်အင်္ဂါအားဖြင့်ယောကျ်ားမပြီသသူတို့မှာ စိတ်သဘောထားတွင်လည်း ယောကျ်ားမပီသဘဲ သနားစဘွယ် အားငယ်သော မိန်းမသားတို့ အပေါ်တွင် နိုင်ထက်စီးနင်းပြုလုပ်တတ်ခြင်းကြောင့်၊ များစွာ ရှုံရှာဘွယ်ကောင်းလှပေကြောင်း၊ ပဌမလူစားမျိုးမှာ သတ္တိရှိသူများဖြစ်၍၊ လုပ်ချင်းလုပ်လျှင် အားတူသူ သို့မဟုတ် မိမိတက်အားကြီးသူတို့နှင့်သာ ဝံ့ဝံ့ စားစားယှဉ်ပြိုင်လျက်၊ ဒုတိယ လူစားမျိုးမှာ ယောကျ်ား အချင်းချင်း မယှဉ်ပြိုင်ဝံ့ ရကား။ နွဲ့နှောင်းသော မိန်းမသားတို့အပေါ် တွင်သာ မိန်းတောထားကသကဲ့သို့ သတ္တိပြကာ မတော်မတရားပြုလုပ်တတ်ကြသဖြင့်၊ မည်မျှယုတ်မာဆိုးဝါးကြောင်း စဉ်းစားသိရှိနိုင်ကြပေ၏။ ထိုလူစားမျိုးကို မိန်းမလို မိန်းမရဟူသောဝေါဟာရထက် ညံ့ဖျင်းသော ဘွဲ့ထူးများပေးအပ်သင့်ပေကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



''ညှာတန့်နဲ့၊ ပြာလဲ့လဲ့နှင့်၊ ကြာကဲ့သို့ခွေ၊ ဖေါ့ဖယောင်းဥ၊ ပြော့ပြောင်း၍ နူပါတဲ့၊ သမုဒ္ဒေ'' ဆိုသော တေးသွားကဲ့သို့၊ ယောကျ်ားဖြစ်ပါလျက်၊ လေလာလျှင် လဲပြိုတော့မည်အတိုင်း၊ ပေါင်ဒါတဖွေးဖွေး၊ ရေမွှေးတကြုကြုနှင့်၊ ရှက်သလို၊ ကြောက်သလို၊ ခေါင်းအောက်စိုက်လျက်၊ ခလုပ်တိုက်မိသည့်ပမာ၊ နွဲ့နွဲ့ပါးပါး၊ ဆင်မြေသွားသကဲ့သို့၊ သွားတတ်ကြသော ယောကျ်ား များမှာ အဘယ်မည်သော ကိစ္စကို၊ ဝံ့ဝံ့စားစား ပြုလုပ်ရဲတော့အံ့နည်း။ ။နူပေ့၊ ဆန်းပေ့၊ ဆိုသော အဝတ်များဖြင့် မျက်နှာကိုအမျိုးမျိုး ချယ်လှယ်၍၊ အလှမွေးရန် အ လုပ်ကား မိန်းမအလုပ်မျှသာ ဖြစ်ပေ၏၊ မိန်းမ များတွင်ပင် ယခုကဲ့သို့ အသက်ရှင်မှုအတွက် လုံးပမ်း နေရသော ခေတ်အတွင်းတွင်ရှေးကလိုမနူကြတော့ဘဲ၊ယောကျ်ားများနှင့် ရင်ဘောင်တန်းနိုင်အောင် ကြိုးစားနေကြပြီဖြစ်ကြောင်း။ အင်္ဂလန်၊ ဂျပန်၊ တရုပ်၊ ပြည်များတွင် မိန်းမများ ကာကွယ်ရေးအရာရှိ၊ မိန်းမစစ်ဗိုလ် စသည်တို့ကို တွေ့ရှိနိုင်ပြီ ဖြစ်ပေကြောင်း။

မကြာမီကလေးကပင် ယိုးဒယား နိုင်ငံတွင် ကျောင်းသားများ၊ ပေါင်ဒါမရိုက်ရ၊ နှုတ်ခမ်းမဆိုးရ၊ အလှမပြင်ရ၊ စသည်ဖြင့် ဥပဒေဖြင့် ပညတ်လေရာ၊ မြန်မာပြည် အစိုးရ အတုယူလောက်သော ဥပဒေပြဋ္ဌာန်းချက် ဘရုပ်ဖြစ်ပေကြောင်း။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် လူငယ်များမှာ အလှပြင်မှု၊ အလုပ်တခု ပေါ့သျှော့သွားပြီဖြစ်ရကား



တိုင်းပြည် ကြီးပွားမှု အမျိုးကောင်းစားမှု၊ စသော တိုးတက်ရာ တိုးတက်ကြောင်းတို့တွင် အာရုံ စိုက်ရန် အချိန်ပိုရခြင်းကြောင့် တမျိုးလုံးအတွက် ကျေးဇူးရှိမည် ဖြစ်ပေကြောင်း။

မြန်မာပြည် အတ္တိမှာမူ-အတော်ပင် စိတ်ပျက် စရာ ကောင်းပေ၏။ လူ-၁၀၀လျှင်၊ ၁၄ ယောက် ကျမှသာ သန်မာ ထွားကျိုင်း သူများဖြစ်ရကား၊ ယခုနေ အခါ ကိုယ်ပိုင်အုပ်ချုပ်ရေး လွတ်လပ်ခွင့်ကို ရပြီဆိုပါတော့၊ ထိုချင်မျက်စိ ကျယ်ဝန်းလှသော နယ်ချဲ့သမားတို့၏ ဘေးရန်မှာ နေမဝင်မီ ရောက်လာလတံ့၊ ထိုအခါ ဘယ်ပုံ ကာကွယ်ကြမည်နည်း၊ လက်နက်များအရေး၊ စစ်ဘပ်များအရေးကို ထားပါဦး၊ လက်နက်ကိုင်၍ စစ်မှုကို တကယ်ထမ်းဆောင် နိုင်မည့်သူပင် အတော် ရှားခဲ့လေပြီ။ နိုင်ဖယ်စစ်သေနတ်ကို ထမ်း၍မှ ၁၀မိုင် လမ်းမလျှောက်နိုင်သောသူများမှာ အဘယ်ပုံ အောင်ပွဲရအောင် တိုက်ကြမည်နည်း။ ။ထိုပြဿနာမှာ ရှုတ်ထွေးလှ၏။ တိုင်းပြည်ကို ကာကွယ်ရန်ကား ပြည်သူပြည်သားတို့၏ တာဝန်ဖြစ်ရာ ထိုပေါ်ပြူခဲ့ပြီးသော ဖေါ့ဖယောင်းဥ၊ ပြော့ပြောင်းလို့နူတဲ့၊ သမုဒ္ဒေများမှာ.......။

''ဒါးနဲ့ထိုး၊ ဒါးကျိုးလို့လှန်ခွေ၊ ပြောင်နှာဂိန် ဆင်ခင်းများတောင် နှင်းလို့မသေ၊ ကုန်းမှာတဲ့တထွေ၊ ရေမှာတဲ့တခြား၊ ပဒုမ်မာရွှေကြာပန်းလိုလန်းမဲ့ယောကျ်ား'

www.burmeseclassic.com

www.burmeseclassic.com



ဟု ကြံမိးပနိုင်သော သန်မာထွားကျိုင်းသည့် အာဇာနည်ယောကျ်ား၊ ပြည်ကြီးဝန်ကို ထမ်းဆောင်မည့် သားကြီးသားမြတ်များဖြစ်ရန် ကြံဆောင် ကြိုးစားသင့်ကြောင်းကို ကောင်းမြတ်သော စိတ်ထားဖြင့် သတိပေးစကားရေးသားလိုက်ပေကြောင်း။

အခန်း ၈

## ပေါင်းသင်းဆက်ဆံရေး

ကျွန်းကိုင်းမှီ-ကိုင်းကျွန်းမှီ ဟူသကဲ့သို့ လူတို့မှာ အမိကမ္ဘာမြေကြီး၏သားသမီးများချည်း ဖြစ်ကြသဖြင့် (ဝါ) မနုဿ လူသားချည်းများ ဖြစ်ကြသဖြင့်၊ တဦးကိုတဦးက အပြန်အလှန် သဘောဖြင့် မှီခိုအားထား ကြီးပွားလိုကြကုန်၏။

လူကယောက်သည် အစစ အရာရာတွင် လိမ္မာနိုင်ကြသည် မဟုတ်ပေ၊ ဆေးဘက်တွင် ကျွမ်းကျင်သော ဆရာဝန်ကြီးတယောက်မှာ ရှုးဆောက်ကိစ္စတွင် လက်သမားကို ဆရာတင်၍ စက်အလုပ်၌ ကျွမ်းကျင်လှသော စက်ဆရာ၊ စက်သူဌေးများမှာ ဥပဒေအရာတွင် ရှေ့နေကို အားကိုးရပေတော့၏။ ထိုအတူ လူတယောက်တွင် လိုအပ်သော ပစ္စည်းများ အားလုံးစုံလင်စွာ ရှိနိုင်ကြသည် မဟုတ်ပေ၊ သူဌေးတယောက်မှာ မည်မျှပင် ပစ္စည်းဥစ္စာပေါများလှသော်လည်း၊ ထွန်ခြစ်အလို့ငှာ ဥပျှာဥ်

www.burmeseclassic.com

www.burmeseclassic.com



မှုးထံ၌ ငှားရမ်းရ၍ လက်နက် ခဲယမ်း မီးကျောက်နှင့် ပြည့်စုံသော စစ်ဗိုလ်တယောက်မှာ ခဲတန်ချွန်ရန်အတွက် ကျောင်းသားကလေးထံမှ ဓါးကိုငှားရလေသည်။

အလုပ်ရှင် သူဌေးမှာ လုပ်သားတို့အား၊ အခကြေးငွေ ပေးထားသဖြင့် လုပ်သားတို့၏ ထမင်းသခင် ကျေးဇူးရှင် ဖြစ်သည်ကား မှန်ပေ၏၊ သို့သော်- သူဌေး များမှာလည်း ထိုလုပ်သားတို့ အလုပ်မလုပ်က စက် မ လည်၊ စက်မလည်က အလုပ်လည်းပျက်စီးလျက်၊ မိမိဝမ်းရေး ကိုပင် ထိခိုက်မည်ဖြစ်၍ လုပ်သားများမှာ စက်သူဌေး၏ အသက်သခင်များလည်း၊ အပြန်အလှန်အားဖြင့် ဖြစ်နိုင် လေသည်။

ထိုသို့တဦးကိုတဦး အတုံ့အပြန်ဖြင့်မှီခိုရသောအညှ မညှ သဘောမှာ ကမ္ဘာမြေပြင် အနှံ့အပြားဖြစ်သဖြင့် (Darwin's Theory of Evolution) ခေါ် ..... အာဒို မန္တသကျမ်း (လူတို့အစ ဖြစ်ပေါ်လာပုံကို) ကို ပြသောကျမ်းကိုစီရင်ခဲ့သူ ဒါဝင်ဆိုသူ ပုဂ္ဂိုလ်ကြီး က၊ လူသည် အချင်းချင်း ပေါင်းသင်း ဆက်ဆံတတ် သော သတ္တဝါများဖြစ်ကြ၏ဟု ဆိုထားလေသည်။

လင်မရှိသောမိန်းမမှာ မတင့်တယ်၊ မယား မရှိသော ယောကျ်ားမှာလည်း မချောက်ပတ်သကဲ့သို့၊ ရွှေမကွပ် သောမြမှာ အသရေ မရှိဘဲ၍၊ မြ ဖြင့် မနီးရသော ရွှေ မှာလည်း၊ ကြောင်တက်တက် ဖြစ်တတ်လေသည်။



လူ့ဘဝတွင် ပျော်ရွှင်မှု အောင်မြင်မှု အကြွား အပေါင်းအသင်းသိရကား၊ ပဌမအရေးအကြီးဆုံးမှာ မိမိ အိမ်တွင်းရှိ အပေါင်းအသင်းများ ဖြစ်ကြပေ၏၊ သဘာဝ ၏၊ အလှကြက်သရေမှာ ပျော်ရွှင်ခြင်း ထုံးဘွယ်ကောင်း သည်ကား မှန်ပေ၏၊ သို့သော် နဂိုရ်စိတ်ကမှ မပျော်မွေ့ မရွှင်ပြနိုင်သော သူတို့အတွက်မှာမူ ဖြင်ပ ပျော်ရွှင်ဘွယ် ရာတို့က ဘာမျှတတ်နိုင်သည် မဟုတ်ပေ။

ပဌမ အိုးအိမ်အတွင်း သာယာဘို့ လိုပေသည်၊ အိမ် ထောင်မှု၏ များပြား ဆန်းကြယ်လှသော တာဝန်များ ကို ပြဆိုခဲ့လေပြီ၊ ထိုတာဝန် ဝတ္တရားများ အ တွက် ကြောင့်၊ စိတ်သောကရောက်လျက် မရွှင်ပြသော မျက် နှာသည် တအိမ်သားလုံး၏စိတ်ကို ညစ်ငြမ်းထိုင်းမှိုင်း စေတော့၏၊ အိုးအိမ်သာယာ ပျော်ပျူးရန်မှာ တအိမ်သား လုံး၏၊ ကိုယ်စီကိုယ်ငှတာ ဝန်ဖြစ်ပေ၏။

အိမ်သားတစုမှာ တဦးကိုတဦး ရှိသေ၏ ချစ်ခင်၏၊ ကိုင်းရှိုင်း၏၊ ထိုသို့တဦးအကြောင်း တဦးက စင်စစ် နားလည်သည့်အလျောက်ဆက် ဆံကြသော ယဉ်ကျေးမှု ကြောင့် တအိမ်သားလုံး ရွှင်တပြုံးပြုံးနှင့် ပျော်မြူးသာ ယာကြ၏။

အိုးအိမ်၏ဒုက္ခကို သုခဟုမှတ်ထင်ကာ သယ်ပိုးထမ်း ဆောင်ကြရန် အပြစ်အနာတွေ့သောအခါ အထူးသတိ ပြု၍ စိတ်မဆိုးရန် လေ့ကျင့်ပေးကြရပေမည်။ ကလေး သူငယ်တို့အား အထူးသဖြင့် ဘွာတာခါ၊ သာယာသွင်း

www.burmeseclassic.com

www.burmeseclassic.com



ပျောင်းပြောဆိုကြရပေမည်။ မကသ်သူအာနိုးဆိုသူက လူတို့၏ အယဉ်ကျေးဆုံးသော ယဉ်ကျေးမှု(၈)ပါး ကို ပြရာ၌၊ အခါခပ်သိမ်း သနားခွင့်ပြုခြင်း ။ ။ ကျိုးကြောင်းတရားကို နှိုင်းချိန်ခြင်း၊ သက်ညှာစွာ ဆုံးဖြတ်ခြင်းတို့ကို အဓိကထား၍ ပြောခဲ့လေသည်။

အချင်းအရာ အဖြာဖြာတို့ကို အစုံအလင် မှန် သည့်အတိုင်း သိလာလျှင်၊ အပြစ်တင်ရန်ကိစ္စမှာ သနားစရာကိစ္စသို့ ကူးပြောင်းသွားတတ်လေသည်၊

If you are irritable do not be in a hurry to speak. If you are angry do nothing in haste.

Proverb.

စိတ်ဆိုးစရာရှိလျှင်၊ သည်းခံ၍ အကြောင်းယုတ္တိ ညီညွတ်ပါစေ၊ အဆွေနှင့် အခင်းဖြစ်သောသူ၏ နေရာတွင် ထား၍တွေးကြည့်ပါ၊ အလျင်စလို မလုပ်ပါနှင့်၊ တခုခု ပြောလျှင် လုပ်လျှင် စိတ်မဆိုးပါနှင့်၊ စိတ်ဆိုးလျှင် ဘာမှ မလုပ်ပါနှင့်ဟု သိုးဆောင်း စကားပုံ တခု ရှိလေသည်။ မပြောမီ မလုပ်မီ အချိန်ကို တတ်နိုင်သမျှ ဆွဲထားရန် လိုလေသည်၊ ညဦးတွင် မည်မျှစိတ်ဆိုး နေစေကာမူ မိုးလင်းလျှင် ပြေပျောက်သွားတတ်လေသည်။

အချို့အိမ်များတွင် ပစ္စည်းတခု ပျောက်ဆုံးကျိုးပဲ့သွားက သူကြောင့်ငါ့ကြောင့်ဟု တယောက်ကိုတယောက် အပြစ်ဖို့ကာ ကိုယ်လွတ်ရုန်းလျက် တကျက်ကျက်စကား



များနေသဖြင့် စိတ်မသက်သာဘွယ်ရာတို့ကို တွေ့ရှိရလေ၏။ လိမ္မာသော အိမ်သူ အိမ်သားများ ဖြစ်ခဲ့ပါမူ ကိုယ် အပြစ်မဟုတ် ဘဲလျက်ပင် ဒါငါ့ကြောင့် ဖြစ်ထာဟု တာဝန်ယူကာ နောင်ကာလကိစ္စ အေးငြိမ်း သွားသော အခါမှ ဒီလိုမလုပ်နှင့် ဒီလိုမထားနဲ့ဟု ဆိုဆုံးမလိုက် သဖြင့် ကိစ္စဟူသမျှမှာ အေးချမ်းစွာ ပြီးပြတ်လျက် တအိမ်လုံးကျက်သရေရှိတော့၏။

ထိုသို့အိမ်အတွင်း ပေါင်းသင်းဆက်ဆံခြင်း အရေး ကြီးသကဲ့သို့ ပြင်ပတွင် ပေါင်းသင်းသော မိတ်ဆွေများ အတွက်လည်း အရေးကြီးလေသည်၊ မိတ်ဆွေများမှာ လောကတွင် အကောင်းဆုံး အဘိုးတန်ဆုံးသော ပရိဘောဂမည်၏။

အသင်မည်သူနှင့် ပေါင်းသင်းသည်ကို ပြောပါက အသင်ဘယ်လို လူစားဆိုတာ ကျွန်ုပ်ပြောမည် ဟု စပိန်စကားပေါင်း တခုရှိလေသည်၊ မိမိကိုယ်တိုင်ပင် မိတ်ဆွေကောင်း မဟုတ်သူများမှာ မည်သူ့မိတ်ဆွေကောင်းမှ မဖြစ်နိုင်ချေ။

မိတ်ဆွေ ကောင်းဖြင့် ပေါင်းသင်း၍ သူချမ်းသာ ၂ ဆတိုးတိုး၍ ဒုက္ခမှာ တဝက်မကာ လျော့ကျသွားနိုင် သကဲ့သို့ မိတ်ဆွေတုများကြောင့် ဆုံးရှုံးပျက်စီးဒုက္ခကြီး ရောက်နိုင်လေသည်။

လူတိုင်းအား သာယာသော အပြုံး၊ ချိုသာသော စကားဖြင့် ခရီးဦးကြိုပြုပါ၊ နီးစပ်သော သူများအား

www.burmeseclassic.com

www.burmeseclassic.com



များစွာချစ်ခင်သောအမှုအရာကို မပြဘဲနေတတ်ကြရာ ချစ်ခင်ကြောင်း ၎င်းတို့သိဘို့ရန် အရေးကြီးလေသည်။ မသိမလိမ္မာမှု အကြံဉာဏ်ခေါင်းပါးမှု နှိုင်းချိန်ခြင်းမရှိမှု တို့ကြောင့်၊ အချစ်ခင်ဆုံးသောသူများအား နာကျည်းစေသော သူတို့ကိုတွေ့ဘူးလေသည်။ ငါကတော့မြို့မလောက် ချစ်ပြီး သူကပြောရက်လေခြင်းဟု အနာကြီး နာသွားတတ်လေသည်။

သူတပါးအား စိတ်မပျက်ပါစေနှင့်၊ မျှော်လင့်ဘွယ် အလျဉ်းမရှိသောကိစ္စမျိုးတွင်ပင် အားပေးခြင်းခံရသူမှာ များစွာဝမ်းသာ အားတက်တတ်ပေသည်။ အလုပ်တွင် ဖြစ်နိုင်သည်ဟု ယုံကြည်ခြင်းမှာ အလုပ်၏လေးပုံတပုံ ပြီးစီး၍ ဖြစ်ရမည်ဟု ယုံကြည်ခြင်းမှာ တဝက်ပြီးစီးခြင်း ဖြစ်လေသည်။

လူတို့သည်မည်ကဲ့သို့ချစ်ရမည်၊မည်ကဲ့သို့မုန်းရမည် ကို မသိကြချေ၊ တခါတရံအချစ်ဆုံးသောသူများအပေါ်၌ ရှာတော့မည်မိုးကဲ့သို့ ရှစ်ခေါက်ချိုး၍ထားသောမျက်နှာ ထားမှာ ခံရသူ၏နှလုံးကို ယူကျုံးလိုက်သကဲ့သို့ ဖြစ်စေ၏။ မှားယွင်းသောစိတ်တို့ကို အလိုလိုက်မိမှု၊ တဖောက် ကန်းလုပ်တတ်မှုတို့ဖြင့် မိမိချစ်ခင်သူ အကျိုးလိုသူတို့ အား နစ်နာစေတတ်၏။

များစွာသော သူတို့သည် ဘာကြောင့်ပြုံး၍ ဘာ့ ကြောင့်ညည်းငြူကြသည်ကိုမသိကြပေ။



နှင်ပြုံးသောမျက်နှာ၊ သာယာသော စကားတို့မှာ တွက်ပေါ်စဖြစ်သော နေ၏ရောင်ခြည်ကဲ့သို့ ကမ္ဘာသူ ကမ္ဘာသားတို့၏ နှလုံးကို နှင်ပြုံးကြည်လင် ဟာဒယ နှင်စေသကဲ့သို့ ရှုန့်တွညိုညို မျက်နှာထားအိုတို့မှာ လူ အပေါင်းတို့၏ နှလုံးကို တိမ်ဖုံးသကဲ့သို့ဖြစ်စေ၏။

ကျွန်ုပ်တို့သည် ရာသီဥတု၊ ကောက်ပဲသီးနှံ၊ နောက် ဆုံးပေါ်ဝဿ၊ နိုင်ငံရေးအခြေအနေ၊ အိမ်နီးချင်း တို့၏ ကျန်းမာရေးပျက်ကွက် ချို့ယွင်းခြင်းစသော တကယ့် ဘဝ၏အစစ်အမှန်အတွင်းသဘောနှင့် မသက်ဆိုင်သည် တို့ကို ဆွေးနွေးတိုင်ပင်ကြ၏။ အရေးမကြီးသောအသေး အနှုတ်ကိစ္စများကို အများဆုံးပြောကြ၏။ အရေးအကြီး ဆုံးဖြစ်၍ အများဆုံးပြောရမည့်ကိစ္စအတွက် ပြောစရာ မှာ အနည်းဆုံးဖြစ်ပေ၏။

စကားပြောဆိုခြင်းပင်လျှင် ပညာတရပ်ဖြစ်ကြောင်း ကို သိသူနည်းပါးကြကုန်၏။

သုဘာသိတ၊ ပိယဝမ္မာ၊ သင္ဂဟာတ်မှန်၊ အင်
လေးတန်နှင့်၊ ပြည့်နှင့်ထုံးဟောင်း၊ မကြွားကောင်း
ကို၊ ကျိုးကြောင်းစုံစွာ၊ ဉာဏ်ပညာဖြင့်၊ မိတ်ဖြာ
ခွဲဝေ၊ သိတတ်စေ။

-ဂန္တိသာရပျို့ ရှင်မဟာရဋ္ဌသာရ-

(၁) ဗဟုသုတနှင့်ယှဉ်သောစကား။
(၂) ချစ်ဘွယ်စရာ သာသာပြေပြစ်သောစကား။

www.burmeseclassic.com

www.burmeseclassic.com



(၃) တရားသဘောနှင့်တိုက်ဆိုင်သောစကား။

(၄) ဟုတ်မှန်သောစကား။

ထိုကိုသာလျှင် ထုံးဟောင်းသဓကတို့ဖြင့်မှီး၍ နက်နဲခက်ခဲလှသော အကြောင်းတို့ကို ဆင်ခြင် တိုင်းထွာ၍ ပြောတတ်ရန်လိုပေ၏။

မိသားတစုတို့မှာ တပေါင်း တစည်းတည်း ဖြစ်၍ တဦးနှင့်တဦး ညှာတာ ထောက်ထားဘို့အရေးမှာ စိတ်ကောင်းစေတနာနှင့် ချစ်ခင်မှုသာလိုသည်မဟုတ်၊ စကားပြောရာ၌ ဆိုလိုရင်းသဘောကို ပေါ်လွင် စေခြင်း၊ လိုရင်းသဘောကိုရအောင် နိုက်နိုက်ချွတ်ချွတ် မေးမြန်းတတ်ခြင်း၊ စသောအရည်အချင်းများလည်း လိုပေသေး၏။ မိမိကိုယ်ကို ရွှင်ပြုံးအောင် မတတ်နိုင်သူသည် သူတပါးကိုလည်း ရွှင်ပြုံးစေနိုင်မည်မဟုတ်ပေ။

သက်ညှာထောက်ထားကြင်နာသနားသော အပြုအမူသည်၊ အံ့ဩဖွယ်သောအကျိုးကိုဖြစ်စေနိုင်၏၊ အချို့သောစကားမှာ နေရောင်ခြည်နှင့်တူ၍အချို့မှာ ဘဟက်ပါသော မြှားကဲ့သို့ရင်း၊ မြွေဆိပ်ကဲ့သို့ရင်း ရှိပေ၏၊ အဓိပ္ပါယ်ခြင်းတူသော်လည်း အသံထွက် ပြင်းထန်ခြင်း၊ သဘာဝ မကျခြင်း တို့ကြောင့် နှစ်ဦး နှစ်ဘက် စိတ်မသက်သာစရာ တွေ့ရပေ၏၊ မင်းအဖေဘယ်သွားသလဲ ဟုမေးမည့်အစား မင့်အမေလင်ဘယ်သွားလဲ ဟုမေးကမည်မျှပင်နာကျည်းစရာကောင်းသည်ကို တွေ့ရှိရပေမည်



အဖေနှင့် အမေလင်ကား အညီမြင်သားများ အတွက် အတူတူဖြစ်သည်ကားမှန်ပေ၏။

မြွေခွေးအရုသံကဲ့သို့သော အသံဆိုးကို မည်သူမျှနားထောင်လိုကြမည်မဟုတ်၊ ကြိုးကြာ၊ ဥဩ၊ ကရဝိတ်တို့၏သာယာသော တေးသံကလေးများကိုမူ လူတိုင်းလက်ခံလိုကြ၏၊ နေ့စဉ်သုံးစွဲနေကြစကားမျိုးတွင်ပင် စားပြီးပါပြီလား-မဟုတ်ပါ အမိန့်ရှိပါဦးစသည်ဖြင့်၊ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုတတ်သောသူကို လူချစ် လူခင်များတတ်လေသည်၊ ယဉ်ကျေးသိမ်မွေ့စွာဆက်ဆံခြင်းအေးမြကြည်သာစွာပြောဆိုခြင်းတို့မှာ ပီယသို့ ဆောင်စရာ မလိုတော့ပြီ၊ နှုတ်ချိုသျှို တပါးဟူသကဲ့သို့ အခက်အခဲတို့ကိုနှိမ်နင်းနိုင်လေသည်။

နှုတ်မင်္ဂလာ၊ စကားမှာကား၊ အသာအချို။
သူနာလိုအောင်၊ မိန့်ဆိုခြင်းလျှင်၊ တန်ဆာဆင်၏။
စာဏကျနီတိကျမ်း။

သို့သော် ပင်ရင်းသဘောထားက ကောက်ကျစ် ၍ အပြင်ဘန်းအားဖြင့် ပိယဝါစာ ချိုသာသော စကားဖြင့် သူတပါးအား လှည့်ဖြားတတ်သူများလည်း ရှိပေသေး၏ ၎င်းတို့မှာပစပ်ပြောကပျားသကာ စိတ်သဘောတခါး တမာ ဆိုသူများဖြစ်၍ များစွာ ကြောက် မက် ဘွယ် ကောင်းလေသည်။ ပျားရည်နှင့်ဝမ်းချသည်၊ ဟူ၍လည်း ရှိပေသေး၏၊ ပူစပ်သောဝမ်းနှုတ်ဆေးများကို ငြင်းဆန် တတ်သူအား ပျားရည်တွင် ဝမ်းသက် စေတတ်သော

www.burmeseclassic.com

www.burmeseclassic.com



ဆေးကိုထည့်၍ တိုက်ရာ ချိုသောပျားရည်ကိုသာ မြင်၍ သောက်လေ့ရှိကြသောကြောင့်၊ အကောင်းကိုဘန်းပြ၍ အကျိုးမဲ့ကိုဖြစ်စေခြင်းကိုဆိုလိုလေသည်၊ ထို့ကြောင့် နက်ယောင်နှင့်တိမ်သော သူများကိုခဝေးစွာ ရှောင် ကြဉ် သင့်လေသည်။

မီးကို ရေအေးနှင့်လည်း သတ်နိုင်၏၊ ရေပူနှင့်လည်း သတ်နိုင်၏၊ ဒေါသထွက်သောသူတို့ကားဒေါသဖြင့်ပြန်၍ ရန်ငြိမ်ဘွယ်မရှိချေ၊ သာယာညှင်းပျောင်းသကာလောင်းသော စကားဖြင့် သာ အောင် နိုင် ၏၊ မြတ် စွာ ဘုရား ကလည်း။

အကောဓေန ဇိနေကောဓံ ဟုဟောတော်မူ၏၊ ကောဓံအမျက်ဒေါသမာန်မာနကြီးသူအား၊ အကောဓေန၊ မိမိကအမျက်မထွက်သဖြင့်၊ ဇိနေ၊ အောင်ရာ၏။

ရန်သူလှုယှတ်နှင့်၊ ကြမ်းကြုတ်တဲ့ သူကို၊ သိမ်မွေ့နူးညံ့စွာဖြင့်၊ ခုမကြာအောင်စေရမည်ဟု၊ ကျမ်းကမှာဆို၊ များထိုထို၊ မှုဆိုမှုခပင်း၊ နူးညံ့ခြင်းရာဖြင့်၊ မအောင်ရာ ဘယ်မရှိ၊ တားသတိသွင်း၊ —ဓမ္မနီတိကျမ်း

မိမိကောင်းကြောင်းကိုငှင်း၊ မိမိဆိုးကြောင်းကိုငှင်း၊ မိမိအတွက်ငွေငှင်း၊ မိမိနှင့်ဆန့်ကျင်၍ငှင်း ဘာသာတော့မှ များစွာမပြောပါနှင့် ဟုဆိုနိုကားဆိုသူ ပညာရှိကြီးက မှာထားဘူးလေသည်။

ဦးရေများ-ဟင်းဟုန်ဆိုသကဲ့သို့ များစွာပြောသော စကားမှာ အနှစ်သာရများစွာပါနိုင်တော့သည် မဟုတ်



ပေ၊ အသိုးတန်သောရွှေသည်ရှား၍ အသိုးမတန်သော ကျောက်ခဲတို့မှာပေါများကြရာ ရွှေမှာရှား၍ အသိုးတန်သည်ဟု ယူဆက များစွာတရားလွန်မည် မဟုတ်ချေ၊ ကျောက်ခဲများမှာရွှေလောက်အသိုးတန်သည်ဟု တနိုင်ငံလုံးယူဆလေလျှင် တနှစ်အတွင်း၊ ကမ္ဘာမြေပြင်ပေါ်တွင်ကျောက်ခဲ ရှာမရလောက်အောင် ရှားပါးသွားနိုင်လေသည်၊ ။စကားပြောခြင်းမှာ ငွေ၊ ဆိတ်ဆိတ် နေခြင်းကားရွှေ ဟုသိုးဆောင်းစကားပုံတခု ရှိလေသည်၊ စကားမှာပြောဘန်များလျှင် စကားထဲက ဇာတိပြတတ်လေသည်။

ဘုရင်မင်းခေါင်ထံသို့သွင်းသော ရှင်မဟာသီလဝံသ ရေးမေတ္တာစာတွင်၊ ။စကားခြောက်ခွန်း လူ့ဒွိ ထွန်း လေးခွန်းကိုပယ် နှစ်ခွန်းတယ်ဟု ပါရှိလေသည်၊ ထို စကားခြောက်ခွန်းမှာ.......

၁။ ဟုတ်မှန် အကျိုးရှိ သူနာလိုသောစကား။
၂။ ဟုတ်မှန် အကျိုးရှိ သူမနာလိုသောစကား။
၃။ ဟုတ်မှန် အကျိုးမရှိ သူမနာလိုသောစကား။
၄။ မဟုတ်မှန် အကျိုးရှိ သူနာလိုသောစကား။
၅။ မဟုတ်မှန် အကျိုးရှိ သူမနာလိုသောစကား။
၆။ မဟုတ်မှန် အကျိုးမရှိ သူမနာလိုသောစကား။

တို့ဖြစ်ရာအမှတ်(၁)ဖြစ်သောဟုတ်မှန်အကျိုးရှိသူနာလိုသောစကားနှင့်အမှတ်(၂)ဖြစ်သောဟုတ်မှန် အကျိုးရှိ



www.burmeseclassic.com

www.burmeseclassic.com



၍၊ သူကားမနာလိုသောစကားတို့ကိုသာပြောဆို၍ ကျွန်လေးမျိုးကို၊ရှောင်ရှားရမည်ဟုဆိုလိုလေသည်။

ဤကားဘုရားအလိုတော်နှင့်ကိုက်ညီဘိတောင်း။

စကားပြောရာတွင် ဘုရားစူးပါစေရဲ့ မိုးကြိုးပစ်ပါစေရဲ့ သေစေရဲ့ စသည်ဖြင့်ကျိန်တွယ်၍ပြောလေ့ ရှိကြလေသည်၊ ထိုသို့ကျိန်တွယ်ပြောဆိုသူများမှာ များသောအားဖြင့် လူသိမ်များ ဖြစ်ကြလေသည်၊ ၎င်းတို့၏ သဏ္ဍာန်ကပင် မှုမမှန်သဖြင့် မိမိတို့မှသားကို သူတပါး ရိပ်မိသွားမည်ကို စိုးရိမ်ကြီးစွာဖြင့်၊ ကြိုတင် ကာကွယ်ကြသူများ ဖြစ်တတ်လေသည်။ အကျိန် ရဲသူများမှာ ကျွန်ုပ် ယခုအကျိန် ပလ္လင်ခံ၍ ပြောသော စကားများသာ မှန်ကန်ပေ၏။ ရှေးကကျွန်ုပ်ပြောခဲ့သော အကျိန်ပလ္လင်ခံမပါသော စကားများမှာ မုသားများသာ ဖြစ်၏။ နောင်မကျိန်ဘဲ ပြောသောစကားများ မုသားချည်းဟု ယူဆကြပါ ဟုမိမိကိုယ်ကို မုသားကုန်းကြီးဖြစ်ကြောင်း ဝန်ခံရာရောက်ပေတော့၏။

အချို့မှာမူလူမယုံမည်ကို အစိုးရိမ်လွန်သဖြင့်ဘုရားအဆူဆူချွတ်၍ မကျွတ်ရဘဲရှိပါစေ၊ ငါ့အမေငါ့မယားဖြစ်ပါစေရဲ့ စသည်ဖြင့်မအပ်မရာ မကြားကောင်းမခံသာပင် ကျိန်ရဲသူများကိုတွေ့ဘူးလေသည်၊ မွေးသမိခင်ကိုပင် မယားအဖြစ်ထည့်၍ ကျိန်ဝန့်ပြီဖြစ်ရကား ထို



သူများမှာ အဘယ်မကောင်းမှုကို မလုပ်ဝန့် ရှိတော့အံ့နည်း။

တည်ကြည်ဖြောင့်မှန်သော သူများမှာမူ အမှန်ပြောရန်မှာငါ့တာဝန် ငါ့ဝတ္တရားယုံသို့မယုံသို့မှာ နားထောင်သူ၏ဝတ္တရားဖြစ်၍ ငါအမှန်ပြော၍မှ သူမယုံချင်ငါမတတ်သာပြီ၊ ငါကားအမှန်ကိုသာပြောနိုင်၏ ယုံအောင်ကားမလုပ်နိုင်ချေ၊ ဟု သဘောပိုက်၍ အမှန် ကို သာအကျိန်အတွယ်မပါဘဲ အရိုးခံပြောတတ်လေသည်။

အိမ်ထောင်သားမွေးမှုစသော လောကီ သားတို့နှင့် မကင်းနိုင်ရာသော အကြောင်းတို့ကို အကြောင်းအားလျော်စွာ ပြောရရေးရ ပြသလမ်းညွှန်ကြရမည်ဖြစ်ပေကြောင်း၊ လောကကြီးတွင် နေထိုင်သူမျှကာလ ပတ်သိုးလောက အကြောင်းကိုလည်း တတ်သိလိမ္မာမှသာလျှပ်ပျော်ရွှင်ကြွနိုင်ကြမည်ဖြစ်ပေကြောင်း။

စကားတွက်ရိုင်းလှသည် မောင်နှင့်နှမ သားနှင့်အမိ မကြားကောင်းမနာသာဟူ၍ချွင်းချန်၍ထားခဲ့ပါ မှုကမ္ဘာပျက်ခါနီးမှ ယောင်တီးယောင်တ လူ့ဘဝကိုရကြသော သူများကဲ့သို့လူမှုရေးရာတွင်မကျွမ်းကျင်သဖြင့်လင်ကွာမယားကွာ ရိုးရောက်၊ ကန်ရောက်၊ ဖြစ်တတ်ကြလေသည်၊ ထိုမောင်နှင့်နှမသားနှင့်အမိတို့တွင်လည်းတဦးစီတဦးစီ စာရာဝါသကိုမလွတ်ကင်းနိုင်ကြရကား လမ်းမှားလွန်မြောက် လမ်းမှန်သို့ ရောက်စေလိုသော မေတ္တာဆန္ဒ၊ မွန်မြတ်သောစိတ်ဖြင့် ဖေါ်ပြကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကာမသျှတ္တရကျမ်း၊ ကာမသိဒ္ဓိကျမ်း၊ ကာမရတနကျမ်း၊ ဇူတ္တိယလက်စွဲကျမ်း၊ သားဂုဏ်ရည်သမီးဂုဏ်ရည်၊ အပျိုလမ်းညွှန်း စသောကျမ်းတို့ကို အမျိုးသားအမျိုးသမီးတိုင်းလက်မလွှတ်တမ်း ဘတ်သင့်ကြပေသည်။ ထိုကျမ်းများမှာ၊ကာမကိုဘွပေးသဖြင့်၊ ရာဇသတ်ပုဒ်မ ၃၇၅ ထောင်တန်းနှောင်အိမ်တို့သို့ ရောက်အောင်အားပေးထားသော ကျမ်းများမဟုတ်ပေ၊ လောကသားတို့ သိသင့်လိုက်သည့်တို့ကိုကို အကွက်ကျကျဘော်ပြထားသဖြင့် အိမ်ထောင် သက်ရှည်ခြင်း အချစ် မပြယ်ခြင်း အထင်မှားအမြင်မှားမရှိစေခြင်း၊ ထိုကြောင့်အပြစ်ကင်းသောလောကနိဗ္ဗာန်ကို တည်ထောင်ပေး၍ ထောင်တန်းနှောင်အိမ် လင်ကွာ မယားကွာ ဆွေကွဲမျိုးကွဲ စသောချောက်ကမ္ဘားတို့အတွင်းမှ ကယ်တင်သော တိုင်းပြည်ပြုစုသည့်၊ စာစောင်များဖြစ်ပေသည်။

ဆိုရေးရှိက၊ ဆိုအပ်လှ၏ဆိုစများလျှာ၊ ႏထားပချေမိ၊ ငါ့ဝန်ရှိ၏။

ရှင်မဟာရဋ္ဌသာရ

ယဉ်ကျေးခြင်းဟူသောစကားမှာ ကမ္ဘာပေါ်ရှိလူမျိုးတိုင်းတို့၏လက်သုံးစကားဖြစ်ပေ၏၊ ကမ္ဘာလောကကားဆန်းကျယ်လှ၏၊ တကယ်အမှန်ကား သဘ္ဘာကားရှိသည့်မှန်ပေ၏၊ သို့သော်အယူအမျိုးမျိုး ဝါဒအဖြာဖြာကွဲပြားလျက်ရှိသော ကမ္ဘာ့သူ ကမ္ဘာ့သားများ၏ အသိဉာဏ်မှာတကယ်အမှန်သို့မရောက်နိုင်ကြပေ ပညာအရှိ



ဆုံး အမြော်အမြင်အရှိဆုံးသော လောကီ သားတို့၏ ထက်မြက်သောဉာဏ်မှာတကယ်အမှန်နှင့် အနီးကပ်ဆုံးသော အမှန်မျှသာဖြစ်ပေသေး၏။

ဥပမာ "ယဉ်ကျေးခြင်း" ဆိုသောစကားကိုဆန်းစစ်ကြစို့၊ မြန်မာလူမျိုးများတွင် သက်ကြီး ဝါကြီးများအားကိုင်းရှိုင်းရိုသေခြင်း၊ အပြော အဆို အသွား အလာ မကြမ်းတမ်းခြင်း၊ မိန်းမတို့အဘို့မှာ ခြေသလုံး မပေါ်အောင် ဝတ်ဆင်ကြခြင်းစသည်ဖြင့်၊ သူ့ဒေသနှင့်သူ့ခေတ်လိုက်ယဉ်ကျေးသည်ဟု ခေါ်ဆိုကြ၏၊ ရှေးခေတ်မြန်မာပြည်၏၊ယဉ်ကျေးခြင်းနှင့် ယခုခေတ်မြန်မာပြည်၏ယဉ်ကျေးခြင်းမှာပင် များစွာကွာခြားလျက် ရှိပေပြီ၊ ဤနှစ်ခုအပတ်အဆင်မှာ ငင်စစ်ယဉ်ကျေးခြင်းဟု မခေါ်ဆိုထိုက်ပေ။ ခေတ်ဆန်ခြင်းမျှသာဖြစ်၏၊ သို့သော်အများအခေါ်ပညတ်အတိုင်းယဉ်ကျေးခြင်းဟုသုံးပေလတံ့။

ရှေးခေတ်ကယဉ်ကျေးခဲ့သောအင်္ကျီခါးရှည်၊ တမိန်ရင်ကွဲ၊ မြကလေးဆံထုံးတို့မှာ ယခုအခါ အမြင်အားဖြင့် ရိုင်း၍ အင်္ကျီတို အော်လံဆံထုံး ကိုယ်လုံးပေါ် ဇာပေါင်းချောင်အင်္ကျီတမီတို့နှင့်သားရေအိပ်လက်ဆွဲကာ ရွှတ် ရှက်ဖွတ်ဒက် မျိုးကိုသာ ယဉ်ကျေးသည်ဟု ယူဆကြပေပြီ၊ရှေးမှီ နှောက်မှီအဘိုးကြီးအဒေါ်ကြီး များပင် ရှေးအဝတ်အစားကို သဘောကျနေရာက တဖြေးဖြေး ရွေ့ရှားနေသော ခေတ်၏ရေအယဉ်တွင် မျောမှန်းမသိ မျောလာတော့သဖြင့် တက်ခေတ်အဝတ် အစားများကို

www.burmeseclassic.com

www.burmeseclassic.com



ပင်မျက်ဖိပကာရ၍ ဖါးဖါးဝေနေသော အင်္ဂလိပ်ရှည်များကို မကြည့်လိုတတ်ပေ၊ အဝတ် အဆင် ရိုင်းသည် ဟုသောမှတ်ချက်ကလေးများကိုပင် ချစပြုလာခဲ့လေပြီ။

အနောက်နိုင်ငံ၏ ယဉ်ကျေးမှုမှာမူ လူကြီးများ ရှေ့တွင်လည်း တောင့်တောင့် တင်းတင်း ဆပ်ဆပ် လပ်လပ် ဖြင့်၊ ပြောရဲ ဆိုရဲ လုပ်ရဲခြင်း၊ မိန်းမသားတို့အားညွှတ်သောအမျိုးအစား --ဟုသဘောထားကာ အထူးအရေးပေးခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်း၊ ပွေ့ဖက် နမ်းရှုံ့ခြင်းတို့ဖြင့် တန်ဆာဆင်ရကား။ လူပြည့်ကြပ်နေသော ပွဲလမ်းတွင် မိန်းမများအားနေရာထိုင်ဖယ်မပေးသော မြန်မာများကို အနောက်နိုင်ငံ သားတို့က ရိုင်းသည်ဟု မှတ်ချက်ချသကဲ့သို့ပင် အင်္ဂလိပ်တို့၏မောင်နှမအချင်းချင်း ဖက်ရမ်းနမ်းရှုံ့ခြင်း၊ ဘခင်၏မျက်နှာနားတွင်ထဲ၍နေသော သား၏ဘိနပ်များကိုမြင်က မြန်မာများမျက်စိတွင်ကြည့်၍မရဖြစ်ပေတော့၏။

မြန်မာပြည်၌ ဖြစ်ထူမကြီးဟု အထင်သေးခံရသော နှုတ်ခမ်းထူသော မိန်းမများမှ ချောသည် လှသည် ယဉ်ကျေးသည်ဟု နီဂရိုးလူမျိုးတို့က အသိအမှတ် ပြုကြလေသည်။

ထို့ကြောင့်ယဉ်ကျေးခြင်းမှာ လူတမျိုး တတိုင်းပြည်နှင့်သာ သက်ဆိုင်၍ တလောက တကမ္ဘာကိုခြုံ၍ မစဉ်းစားနိုင်တော့သဖြင့် ယဉ်ကျေးခြင်းမှာ ဘာကိုခေါ်သည်ဟု အဘည့်တကျမပြောနိုင်ကြတော့ပေ။ အေးသောထိုင်း



ပြည်သို့ ရောက်ကာမှပြီးလျှင် ပူသောတိုင်းပြည်သို့ ညွှန်၍၊ မိုးများသော ဒေသတွင် မဲသော အရောင် ရှိသော ဝတ်သင်ကဲ့သို့သူ့ ဒေသနှင့် သူ့ ကာလကိုလိုက်၍မှန်သည် ချည်းဖြစ်ပေ၏။

ထိုသို့ လူတမျိုးနှင့် တမျိုး၊ တဘာနှင့် သဘာသာ၊ တတိုင်းပြည်နှင့် တတိုင်းပြည်တွင် အပြုအမူ အနေအထိုင် အစားအသောက်မှစ၍ ခြားနားကြရကား။ တည်ခင်း ကျွေးမွေးသောဧည့်ခံပွဲတွင် အရက် မသောက်သော မြန်မာအား အင်္ဂလိပ်ကအပြစ်မတင်မူ၍တမိမ်းပေါက်ျားနှင့်တွဲ၍ ကနေသော အင်္ဂလိပ်မကိုလည်း မြန်မာများက ရိုင်းသည်ဟု မယူဆမှသာလျှင် တရားနည်းမှန် ဖြစ်ပေ၏။ မနုဿဝါဒ တရားအတိုင်း နည်းမှန်ပေ၏၊

ယဉ်ကျေးခြင်းကို လူမျိုးစရိုက်နှင့်လိုက်၍သုံးမှ အဘိုးတန်ပေမည်၊ တခါက လယ်တီဆရာတော် ဘုရားကြီး တရားဟောပြ ဆုံးမနေစဉ် အင်္ဂလိပ်လူမျိုး အရေးပိုင်မင်းတာ စတီဗင် လာရောက်ရာ ဧည့်ခံ လူကြီးများက တရားနာလိုမူ ခင်းထားသော ကော်ဇောများ ပေါ်တွင် ထိုင်၍နာနိုင်ကြောင်းပြောသဖြင့် အရေးပိုင်နှင့်အိမ်သားတစုတို့မှာ ဘောင်းဘီဝတ်များဖြစ်၍ ကော်ဇောပေါ်တွင် ထိုင်ရန်မဖြစ်နိုင်သောကြောင့်၊ အခက်တွေ့၍ နေတော့၏။ ထိုအခါဆရာတော်ဘုရားကြီးက တကာတို့ လူတဦးအားငင်း၏ဓလေ့ထုံးစံအလိုက် ခရီးဦးကြိုပြုနိုင်မှ ဝါတို့မှာ ဧည့်ဝတ်ကျေ၍ ယဉ်ကျေးခြင်းဖြစ်နိုင်ပေသည်ဟု ဆုံးမ

www.burmeseclassic.com

www.burmeseclassic.com



တော် မှုသဖြင့် လူကြီးများက ကုလားထိုင် ပေးသော အခါမှ မစ္စတာစတီဗင်တို့မှာ ဖြောင့်တန်းစွာ တရားနာနိုင်ကြလေသည်။

ယဉ်ကျေးမှုနှင့် ပတ်သက်၍ ကွယ်လွန်သူ ဗိတိုရိယဘုရင်မကြီးက မိမိ၏လက်အောက်ခံနိုင်ငံများတွင် မှီတင်းနေထိုင်သူတို့၏ ကိုးကွယ်သော ဘာသာ အယူဝါဒ ထုံးတမ်း စဉ်လာ ယဉ်ကျေးမှု အလေ့အလာတို့အပေါ်တွင် ချုပ်ချယ်ခွင့်မရှိစေရ သဘောအတိုင်း လုပ်ခွင့်ရှိစေရမည်ဟု ခွင့်ပြုထားခဲ့လေသည်။

ဓလေ့ထုံးစံအယူဝါဒနှင့် ပတ်သက်၍ တမျိုးကတမျိုးကိုဖြင်း၊ တနိုင်ငံကတနိုင်ငံကိုဖြင်း၊ များစွာအကျိုးယုတ်စေသော အယူဝါဒမျိုး မဟုတ်ပါက စွတ်စွဲ ပြစ်တင်ခြင်း မပြုသင့်ကြပေ။

အိန္ဒိယပြည်၏ ထုံးတမ်းစဉ်လာ ဓမ္မတာအယူဝါဒတို့ကို များစွာပြစ်တင် ရှုတ်ချသော (၁)'အမိအိန္ဒိယပြည်ခေါ်' စာအုပ်တအုပ်ကိုအမေရိကန်ပြည်သူ (မစ္စမေယိုး) ဆိုသူက ရေးသားထုတ်ဝေခဲ့၏၊ ထိုအခါအိန္ဒိယတိုင်းသား (ကေအက်(စ)ကောဗါး)ဆိုသူကလည်း အမေရိကန်ပြည်သူပြည်သားတို့အား ၎င်းတို့ အကျင့် စရိုက် ပေါင်းသင်းဆက်ဆံရေး ယဉ်ကျေးခြင်းတို့နှင့် ပတ်သက်၍ အပြင်းအထန်ရှုတ်ချရေးသားထားသော၊ (၂)ဦးလေးကြီးလူညာ

၁။ Mother India by Miss Mayo

၂။ Uncle Sham. by K.S Cowba.



ခေါ် စာအုပ်ကိုထုတ်ဝေခဲ့၏။ ကာလဲ့စားသည့် ပြင်းထန်၏ဟူသောစကားကဲ့သို့ အိန္ဒိယ၏ဂုဏ်ကို၊ မစ္စမေယိုး၊ ချိုးဖဲ့သည့်ထက် များစွာပြင်းထန်လျက် အကွက် ကျကျရေးသား ထားရကား။ အမေရိကန်တပြည်လုံး ဆတ်ဆတ်ခါနာကျည်းသဖြင့် လူမျိုးအချင်းချင်း အမုန်း များမည်ကိုစိုးရိမ်ရကား ထိုဦးလေးကြီး လူညာစာအုပ်ကို အပြင်းအထန် ကန့်ကွက်၍ အမေရိကန် ပြည်တွင်းသို့ တင်သွင်းခွင့် မပြုဘဲ ပိတ်ထားလိုက်ရပေတော့ကြောင်း။

လူ့ဘဝတွင် အရေးကြီးသော လုပ်ငန်းတခုရှိပေသေး၏၊ ၎င်းကား အိမ်ထောင်မှုဖြစ်ပေသည်။

အချစ်သည် သဘာဝတရားတို့အား လှအောင် ပြုပြင်တန်ဆာဆင်သည်နှင့်တူပေ[illegible]မြေမှဖြစ်သောပိုးတောက်ဖတ်ကို တိမ်ညွန့်စားပန်းလိပ်ပြာဖြစ်စေ၏၊ အဝိဇ္ဇာတာက ဖြစ်သော သဘာဝတရားများပင်လျှင် အချစ်၏ပြုပြင်ခြင်းကိုခံရသဖြင့် ပန်းများမှာရောင်စုံပွင့်လျက် ရှိခဲ့လေပြီ။

A man cannot have any greater blessing than a good wife, or any great curse than a bad one.

\- Simonides

မိန်းမလောက် ကောင်းမွန်သော လာဘ်သည်မရှိ၊ မိန်းမလောက်ဆိုးသော ဂြိုဟ်ဆိုးသည်လည်း၊ လောကတွင်မရှိပေ။

ဆင်မိုနိုက်

www.burmeseclassic.com

www.burmeseclassic.com



တန်သည့်ပေး၍ ဝယ်ကြရ၏။ တခါတရံလေလံကဲ့သို့ဖြစ်၏၊ ပဋ္ဌမသမီးရှင်က ၅၀၀ဝိပေး၍ ဒုတိယ သမီးရှင်က ၈၀၀ဝိ၊ ပေးနေစဉ် တတိယသမီးရှင်က ၁၀၀၀ ဝိပေးက တတိယသမီးရှင်ထံသို့ ၀ ကွက်ခါရောင်းစား ကြတော့၏သမက်လောင်းအား ပညာသင်စရိတ်ထောက်ပံ့ခြင်း ဖြင့်လည်း၊ အရစ်ကျ ကျန်ဝယ်နည်းစံနစ်တခု ရှိပေသေး၏။ ထိုကျန်ဝယ်နည်းစံနစ်အရသူဌေးသမီးအားလုပ်ကျွေး ရန် အဝယ်ခံရသူမှာ ရှင့်ငွေလား၊ ရှင့်ဖြင့်ဒီက ပညာခံ သင်ရတာ၊ ရှင့်မိဘကိုဒီက ၁၀၀၀ဝိ တောင်ပေးရတာ ရှင့်၊ နားလည်လား ငွေ-ငွေ အလကားရတာမဟုတ်ဘူး၊ စသည်ဖြင့် ငွေကြေးအချက်ပေါ်တိုင်း ကြေးသံ၊ ငွေသံ စနသံဖြင့် ပြောဆိုခြင်းခံနေရရှာ၊ သူ့ဆန်စားသူ့ကြက် ဟူသကဲ့သို့ ယောကျ်ားလုပ်သူမှာ အပင်ပန်းခံခါရှာဖွေ၍လည်းပေးရသေး၏၊ အထက်သံဖြင့် အစေခံတို့အား ပြောသော အပြောမျိုးဖြင့်လည်း အပြောခံရတော့၏၊ အချို့မှာပစပ်ကပင်ဖွင့်၍ မပြောစေကာမူ အမူအရာ အားဖြင့်ပေါ်လွင်နေတော့သဖြင့် ယောကျ်ားလုပ်သူမှာ မည်မျှစိတ်ဆင်းရဲပင်ပန်းမည်ကိုသိနိုင်ကြပေ၏။

ငွေမရှိတဲ့အိမ်ထောင်ပြုပါကလည်း မျှော်မှန်းခဲ့သလို မပျော်ရွှင်ရသည့်အပြင် စိတ်ဒုက္ခပင် ရောက်ရပေ သေး၏၊ လောကတွင် တကယ်အချစ် အချစ်စစ် အချစ် နှစ်ဟူ၍မရှိပေ။ တကယ့်အချစ်မှာ ချစ်နေသမျှ ကာလ



ပတ်လုံးမှန်၍ မုန်းစိတ် ဝင်လိုက်သည့် အချိန်က စ၍ တကယ့်အမုန်းဖြစ်နိုင်ပေသည်။

ရာဂေါ မေတ္တာယာဝဋ္ဋေဟိ

ရာဂေါ တပ်မက်သာယာတတ်သော၊ ရာဂ တဏှာသည် မေတ္တာ-မေတ္တာယောင်ယောင် ဝဋ္ဋေဟိ၊ ဟန်ဆောင်လှည့်ပတ်ဖြားယောင်းတတ်၏။

အိမ်ထောင်ပြုလိုက်ရလျှင် ချစ်သူနှစ်ဦးမှာ တယောက် မျက်နှာတယောက်ကြည့်ကာ တူနှစ်ကိုယ် ယှဉ်တွဲ၍ ပျော် ပွဲကြီးခင်းကြရမည်ဟု တွေးတောတတ်ကြ၏။ ထိုလောက နိဗ္ဗာန် စိတ်ကူးမှာ လူငယ်များ၏ တကယ်တန်း ဖြစ်နိုင်ခဲ သော စိတ်ကူးမျှသာဖြစ်၍ တကယ်တွေ့ကြုံက စိတ်မသက် သာစရာများစွာနှင့် ရင်ဆိုင်တိုးမိရက်သားဖြစ်တတ်လေ သည်

ထမင်းရေကိုလျက်ကာ စားရစေတော့၊ တူနှစ်ကိုယ် တဲအိုပျက်မှာ ခွဲလျက်ပျော်မှာ ဟူ သော စကားမှာ တေး သွားများသာဖြစ်၏။ တကယ်ကားမဟုတ်ပေ။ အချစ်ကို အရေးကြီးဆုံးဟု ယူဆကြသော လူငယ်များမှာ မဟာ အမှားတော်ကြီးကို မှားလျက်ရှိကြ၏၊ ‘အချစ်ဆုံး’ ထက် ‘အချစ်ကိုရာသက်ပန်စောင့်ထိမ်းရန်’ မှာပို၍ဝန်လေး၏၊ ပို၍ခက်ခဲ၏။ ဟာလာဟင်းလင်း အစာနှင့် ကင်းသော ဝမ်းဖြင့် အဘယ်မည်သောအချစ်မှာ အရသာရှိတော့အံ့ နည်း။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်မှုမှာ လူတို့ဓမ္မတာ ပြုလုပ်ရသော မလွဲမကင်းသာသော လုပ်ငန်းတခုဖြစ်ရာ ဘာကြောင့်အိမ်ထောင်ပြုရမည် ဟူသောပြဿနာကိုရှင်းရပေမည်၊အချို့က မိန်းမကလေးကလှ၍ သနားစရာကောင်းသို့ ဆင်းရဲလို့ပညာတတ်လိမ္မာလို့ပိုက်ဆံရှိ၍ စသည်ဖြင့် အမျိုးမျိုးပြောကြသော်လည်း၊ အိမ်ထောင်ဘက်ခြင်းမှာ လောကီစီးစိမ်ကိုလို၍သာ ပြုလုပ်ကြခြင်း ဖြစ်ပေ၏။ (ဆင်ခြေမတက်ပါနှင့်ဓိတ်သွေး၊စေ့စေ့တွေးပါ)သို့သော်ပျော်ရွှင်ရန်ကိစ္စအတွက် အရမတော်ငွ့ရန်လိုပေ၏။ ဝမ်းရေးဖူမလုံဝတ်ရေးမပြည့်စုံ နေရာထိုင်ခင်းမသာယာဘဲ အဘယ်ပုံပျော်ရွှင်နိုင်ကြမည်နည်း၊

စါဏကျ ဆရာကြီး၏၊ အလိမ္မာမှု ပုဏ္ဏပ၊ ယောဇနာဒါရာ ဒါရာ၊ အိမ်သူမယားတို့မည်သည်၊ ပုတ္တပယောဇနာ။ သားသွီးအကျိုးရှိကုန်၏။ သားသွီးရခြင်းငှာ အိမ်သူမယားရှာရယည်ဟု ဆိုလိုပေ၏။

ဆော်လမွန်က၊ အိမ်ထောင်ပြုရာတွင် ဆင်းရဲကိုချမ်းသာ ဖြစ်စေရန် နာမကျန်းမှုကို ကျန်းမာမှု ဖြစ်စေရန် ရှိုးမြေကျ ချစ်ခင်ပေါင်းသင်း ပျော်ရွှင်ခြင်း ဖြစ်စေရန် သဘောထား၍ အိမ်ထောင်ပြုရမည်၊ဟု ဆိုထားလေရာ၊ တကိုယ်ရေ တကာယ နေခြင်းထက်ပင် မိတ်သောကရောက်ဘွယ်ရာဖြစ်သော မဖွတ်သထက်ညစ်သော ဇာတ်ခင်းသည့်ပမာ အိမ်ထောင်ဘက်ကိုလည်းမရှာသင့်ကြပေ။



၊ အိမ်ထောင်မှု ဘုရားတည့် ဆေးမှင်ရည် ရတ်ထိုးဟူသောစကားကို လက်သုံးပြု၍ အဆောဘလျင်မစုံးစမ်းဘဲ အိမ်ထောင်မပြုသင့်ကြပေ။ လူမှာအဖြစ်တရားကိုချည်း တွေးမနေရာ၊အပျက်တရားတို့ကိုလည်း ရှုဖန် ရှုခါ မိတ်ကူးသင့်ကြပေ၏။ ကုန်ရောင်းရာတွင် ဝီသျှင် ၄ဲ မြတ်ငွေ ၁၀ိ လျှင် ၅-၆ဲ တရာလျှင် ၂၅ ကျပ် ဘသောင်းလျှင် ၂၅၀၀ိ စသည်ဖြင့် အမြတ်ဘက်ချည်းတွက်၍၊ပျော်၍ ပစ်လိုက်ရသော သကြားအတွက်မည်မျှ မိုးရို မှိတက်၍ လျှော့ရောင်းရသော လဘက်ချောက် အတွက် မည်သို့၊ ဘောင်းမရ၍ ဆုံးသောကြွေး၊ အဘယ်လောက် အမြတ်တော်ကြေး က ဘယ်ရွှေ့၊ ယောက်ဖတရာ ဝါးတရာ အတိုင်း ပေးရကမ်းရသည်ကိုမည်ပုံ စသည်ဖြင့် အရှုံးဘက်မတွက်သောကုန်သည်များမှန်းခြေမပေါက်သကဲ့သို့ဖြစ်တတ်လေသည်။

အိမ်ထောင်မှုမှာ အခိုလွှယ်၍ အရိုက်ခက်သော ကိစ္စမျိုးဖြစ်ကြောင်း။ ရှေးအခါက ဘုန်းကြီး တပါးသည် လူထွက်ပြီး မိန်းမယူရလျှင် ပျော်ရွှင်မည့် အရေးတို့ကို တပုံတခေါင်းကြီး တွေး၍ လူထွက်ခါ မိန်းမယူလေ၏။ ၎င်းမှာ သားတယောက်မွေးသည့်တိုင် အလုပ် အကိုင် အတည်တကျမဟုတ်ရကား မယားက ရှာကြံလုပ်ကျွေးရာဘုန်းကြီးလူထွက်မှာ အိမ်တွင်းအလုပ်ကို လုပ်နေရတော့၏။ တနေ့သောအခါ ထမင်းအိုးဘူနေခိုက် ကလေးကငို၍ ကလေးကိုအမြန်သွား၍ ချော့သော်လည်း၊ အငို

www.burmeseclassic.com

www.burmeseclassic.com



မတိတ် မိန်းမတယောက်ကလည်း ကြွေးတောင်းလာ၍ လက်ခံစကားပြောရ၊ ကလေးကလည်း ချီးတွေသေးတွေ နှင့် ကစားနေ ထမင်းအိုးမြဲနေသဖြင့်၊ ထမင်းအိုးဆီပြေး ခိုက် ငါးကိုခွေးကဆွဲသဖြင့်၊ ပိုလိုက်ရခလိုသည့်လိုက် မလို ကတောင်ချောက်ခြား စိတ်သောက များပြီးလျှင် မလုပ်တတ် မကိုင်တတ်ဖြစ်နေသဖြင့် စိတ်ပျက်ပျက်ထိုင် ခါ- ဟင်း— ဟုသက်မကြီးချ၍ ငါအရင်မိန်းမ မယူခင် တွေးတုံးက ဒါမျိုးတွေမပါဟု ညည်းငြူ လိုက်လေ သတည်း။



## ခေတ်ဝါဒ

ခေတ်ဟူသည်မှာ ခေဋ္ဌဟူသော ပါဠိပျက်မှ ဆင်း သက်လာသော အချိန်အခါ ကာလ သမယဖြစ်၍ ဝါဒ မှာအယူအဆ အထင်အမြင်ဖြစ်လေသည်။

ရှေးခေတ်ကအယူနှင့်ယခုခေတ်အယူမှာဘယ်နည်း နှင့်မျှ မတူနိုင်ကြပေ၊ မြို့ပြ တော တောင် ရေ မြေ ဝေါ ဟာရသဏ္ဌာရာဇ်တို့ ပြောင်းလဲ လာသလောက် ခေတ် လည်းပြောင်းလဲလာခဲ့လေပြီ။

အနောက်နိုင်ငံများတွင် ရှေးအခါက ရာဇဝတ်သား များကို ကျောက်ခဲကြီးများဖြင့် ဖိ၍သတ်၏၊ အစာငတ် ခံထားသော ကျားရဲ၊ ခြင်္သေ့များသိုအိုင့်လဲသို့ ဝင်စေ၍ သတ်၏၊ မြွေဆိုးများ မွေးထားသော တွင်းထဲသို့ချ၍ သတ်၏၊ယခုခေတ်မှာမူကြိုးဒါက်ဖြင့်ရင်း ထိုင်နေရင်း သတိမထားမိဘဲ သေစေသော ဓါတ်ကုလားထိုင်တွင် ထိုင်စေ၍သတ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှေးခေတ်က ဘာသာရေး အယူဝါဒ မတူသော ကြောင့်၊ တဘာသာကတဘာသာကို ပျောက်ကွယ်တိမ် မြုပ်စေလိုသောကြောင့်စစ်ဖြစ်ကြ၏၊ ဘာသာရေးစစ် ပွဲများဘာသာရေးနှန်းတက် ပွဲများ ဘာသာရေး ကွပ် မျက်မှုများမှာ ဥရောပ ရာဇဝင်တွင် အပြည့်ရှိ ပေ၏၊ ယခုခေတ်မှာမူကုန်ရိုင်းများ ရလိုမှုကုန်ပစ္စည်းများ ရောင်း ချလိုမှုစသောစီးပွားရေးကြောင့်၊ စစ်ဖြစ်ကြ၏၊ စီးပွား ရေးကြောင့်နိုင်ငံရေးတွင်ကြ၏။

ရှေးခေတ်က အသုံးအဆောင် အကျင့်အမူတို့မှာ ယခုခေတ်အလိုက် ဆိုလျှင်ရိုးလေပြီ၊ရိုင်းလေပြီ၊ အသုံး မဝင်တော့ပြီ၊ အပြောင်းအလဲမြန်သောကမ္ဘာမှာ ခေတ် တည်းဟူသောအချိန်ထွဲရာသို့ လိုက်ပါရတော့၏၊ ခေတ် တည်းဟူသောရေအယဉ်တွင်လိုက်ပါ၍မျောရတော့၏၊ ခေတ်နှင့်ရင်ဘောင်တန်းလိုက်နိုင်သော တိုင်းပြည်မှသာ လျှင်ကမ္ဘာမြေပုံတွင် တိုင်းပြည်တပြည်အဖြစ် တည် ရှိနိုင်၍၊ခေတ်နှင့်လျော်စွာ ကြီးစားနိုင်သော လူမျိုးမှသာ မတိမ်ကော မပပျောက်ဘဲ ခံနိုင်ပေ၏။

ရှေးခေတ် ခြေလျင်တော်များမှာ ဘယ်နည်း နှင့်မှ မော်တော်ကား၊ မီးရထား၊ ရေယဉ်ပျံတို့ကို၊မှီနိုင်မည် မဟုတ်၊ သဝဏ်များကို မည်မျှမြန်သော မြင်းသည် ကျော်နှင့်ပင်ပို့စေကာမူ၊ ယခုခေတ်၊တယ်လီဖုံး၊ကြေး နန်း၊ ကြိုးမဲ့ကြေးနန်းများလောက် မြန်နိုင်မည် မဟုတ် ပေ။



ထိုသို့ခေတ်အလျောက် ထွန်းကားလာသော လော ကဓါတ်ပညာ၏၊ ဆန်းကျယ်မှုကြောင့် ယခုနေအခါ၊ မြန်မာဘုရင်များရှိလျှင်လည်း ခေတ်မမှီသဖြင့်၊ သူ့ကျွန် ပင်ဖြစ်ရမည်ကဲ့သို့ပြောဆိုကြသည်ကို ကြားသိရပေ၏၊ စင်စစ်မှာမူ အချိန်ကာလ နှင့်တကွ ပတ်ဝန်းကျင်က သင်ကြားပြသပြီးဖြစ်၍ခေတ်မှီကြီးပွားမည်မှာ မလွဲပေ၊ မြန်မာတို့လက်အောက်သို့ အကြိမ်ကြိမ် ရောက်ခဲ့သော ယိုးဒယားပင် ဤအခြေမျိုးသို့ရောက်ခဲ့နေပါလျှင်၊ မြန်မာ ဦးစွန်းမှာထိုထက်ပင်မြင့်ဘွယ်ရာရှိပေကြောင်း။

ကမ္ဘာ အရှေ့ဘက်နိုင်ငံများတွင် မိန်းမများကိုမျှား စွာအထင်သေးသော ဝါဒတခုရှိလေသည်၊ မယဒေဝပျို လောကနီတိကျမ်း ဟိတောပဒေသကျမ်း ဇာ႐ုပ္ပါပုရိသ သျှဿရကျမ်းစသည်တို့၌မိန်းမသည် ခွေးဝင်းလောက်မှ မဖြတ်အောင်ရေးသားထားပေကြောင်း၊ မနု သဗ္ဗဘာဝ ဒုလ္လဘ ဟူသောဖြစ်ခေါင် ဖြစ်ခဲစွာသော လူဘဝကိုရ ပါလျက် အဟိတ်တိရိစ္ဆာန်ဖြစ်သော ခွေးထီးလောက်မှ မဖြတ်ဟု အထင်သေးခံရသော မိန်းမသားတို့မှာ သနား ဘွယ်ကောင်းလေစွ မိခင်မျိုးဟုယူဆခါ အရေးပေးခြင်း ခံရသော အနောက်နိုင်ငံသူများနှင့် နှိုင်းစာသော် များစွာ ကွာခြားလှပေ၏၊ လူဘဝ တည်းဟူသော နိဗ္ဗာန်ကူတို့ ဆိပ်တွင် ဆင်ခြင်တုံတရားနှင့် ပြည့်စုံသောလူတယောက် ဖြစ်လာပါလျက် မည်သည့်နည်းနှင့်မျှ ခွေးထီးထက် ယုတ်ညံ့စရာမရှိပေ။

www.burmeseclassic.com

www.burmeseclassic.com

လောကနီတိ၌ သဗ္ဗတိရော၊ ကရေပါပံ၊ လဘာမာနေ့ နိဝါတကော၊ သဗ္ဗတိရော၊ ခပ်သိမ်းသော မိန်းမတို့သည် နိဝါတကေဆိုလိုငြိမ်ခွင့်ကို လဘာမာနေ ရသည်ရှိသော် ပါပံမကောင်းမှုကို ကရေပြုမြဲတည်း၊ ဟုဆိုထားလေ သည်။ ဤဆိုတ်ငြိမ်ခွင့်ကိုရတိုင်းပေါ်ပြန်မြဲ ဖြစ်သည်မှာ ပါက ကာမထားပြတိုက်သော လူယုတ်မာများမှာ ဌာ လာရုံးစသည်တို့သို့ မရောက်သဖြင့် မုဒိန်းမှု ဟူသည် ကြားမှုကြားဘူးကြမည် မဟုတ်တော့ချေ။

မိန်းမတို့သည်၊ယောကျ်ားများထက် ကာမရာဂအား ဖြင့်ရှစ်ဆမျှကြီးသည်ဟု ဆိုထားပြန်ရကား မိန်းမဟု သမျှတို့မှာမိမိ၏ကာမပိုင်လင်ယောကျ်ား တဦးတည်းနှင့် မတင်းတိမ် မကြေနပ်နိုင်မှု၍ ကြေးစား ပြည့်တန်ဆာ ချည်းဖြစ်ဘွယ်ရာ ရှိပေတော့၏။ ဤကိစ္စတွင် မိန်းမများ က တဏှာကာမကြီးလွန်း၍မဟုတ် ယောကျ်ားတို့၏ တကိုယ်ကောင်းကျင့်ကြံမှုကြောင့်သာ ဖြစ်ပေကြောင်း ယောကျ်ားနှင့်မိန်းမတို့လောကဓမ္မတာ ပျော်ပါးကျခြင်း မှာကုန်ကူးသကဲ့သို့ဖြစ်၍၊ ကုန်ကူးရာဝယ် မြတ်သူက အလွန်မြတ်ရှုံးသူက၊အလွန်ရှုံးခဲ့လျှင်ထိုရောင်းဝယ်မှုမှာ ပျော်ရွှင်ဘွယ်ရာ မဖြစ်တာရှည်မိုင်ခန့် နိုင်မည်မဟုတ် သကဲ့သို့ အချင်စလို မိမိအလို ပြည့်ရုံသာ ပျော်ပါး၍ တဘက်သား မယားခမြာ၏ ဆန္ဒပြည့်ဝသည် မပြည့်ဝ သည်ကို မသိတတ်သော လင်ယောကျ်ား များကြောင့်



မိန်းမတို့မှာ သနားစဘွယ်အားငယ်ကြရ၏၊ ဆန္ဒမပြည့် ဝသဖြင့်ငြိုးငယ်ကြရှာ၏။

(မိန်းမကိုချိုးပဲ့၍ အမျိုးမျိုးစာဖွဲ့ ထား ကြသော နီတိ ကျမ်း လောကီကျမ်းတို့ကို မြန်မာလူမျိုးများက ဘုရား ဟောဟုမှတ်ထင်ခါ ယုံကြည်တတ်ကြ လေသည်၊) စင် စစ်မှာမူ ဟိန္ဒူဆရာကြီးများ၏ အယူမှုသာဖြစ်သဖြင့် ထိုအယူမှာ ဗုဒ္ဓဘာသာ အယူမဟုတ်၊ ဟိန္ဒူဆရာကြီး များ၏အယူဝါဒသာ ဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာမြန်မာလူ မျိုးတို့သိသသိထိုကောင်းရှင်းကြစေလိုပါကြောင်း။

မိန်းမတို့၏အရှမှာ ၂၈ တောင်မှုသာ ရှည်သဖြင့် ငါး တိုမိန်း ကြီးသော ရမက်ထုပြောသော [illegible] ကြောင်း၊မြစ်တို့ကောက်ကွေ့သကဲ့သို့ မိန်းမ[illegible] ကောက်ကျစ်စဉ်းလဲ သောသဘော ရှိကြောင်း[illegible] ဝက်၊နဗ္ဗဝက် ဟူ၍ရင်း ''မိန်းမဆိုတာ[illegible] ပြောမယ်၊ဟည္ဆိတို့သဘောနှယ်၊ မနေ့ဝယ် [illegible] ထဲကငါးသွားရာလို၊ ခြားနားခါ မှတ်ခက်သည့် ဟူ၍ ရင်း သူတမျိုးဒါတဖုံ ရှုတ်ချကဲ့ရဲ့ကြကုန်၏

ပရိယာယ်တထောင် မာယာတသိန်း ပဒိန်းအနှံ့ ဟူ၍ရင်းမိန်းမမာယာ၊ ထဲကိုးဖျာဟူ၍ရင်းဆိုကြသေး၏ မိန်းမထက်ပင် မာယာများလျက်သဲ ဝဝ ဖျာ မာယာ သမားဘိန်းစားခွဲ၂ခွဲ၂သောယောကျ်ားများ အကြောင်း မည် သူကမျှစာမဖွဲ့ခဲ့ကြချေ။

www.burmeseclassic.com

www.burmeseclassic.com



ကာလီဒါသစသော ရှေးဟိန္ဒူကြီးများမှာ မိန်းမများအားရှုတ်ချရာဝယ် ပါရဂူ မြောက်ပေတော့၏၊ တလင်သေချောင် တလင်မနေရသော ဟိန္ဒူတို့၏ ဝါဒကြောင့် များလှစွာသော အမျိုးသမီး များမှာ၊ အချိန် ကောင်းအရွယ်တန်၊ နုနုပျိုပျိုကာလကပင် မုဆိုးမဖြစ်၍ ငြိးငွေ့ဘွယ် ကောင်းလှသော၊ မုဆိုးမ ဘဝဖြင့်ပင် အသက်ထက်ဆုံးနေထိုင်၍ သွားကြရရာ (ကာမဘောဂ) လောကီဘုံသားတို့၏ ဓမ္မတာနှင့်၊ မည်မျှ ဆန့်ကျင်နေသည်ကို တွေ့ရှိနိုင်ကြ ပေကြောင်း။

မိမိ လင်ယောကျ်ား သေချောင် လိုက်၍သေရသော အယူတခုလည်း ရှိပေသေး၏။ ထိုအယူကို ဟိန္ဒူဝါဒအားဖြင့်(သတိ) ဟုခေါ်ဆိုပေကြောင်း။ ဘင်္ဂလားပြည်ရှိ နယ်တနယ် တနယ်တွင်ပင် တနှစ်လျှင် မုဆိုးမ-၇၀၀-ကျပင်သင်္ဂြိုဟ်ရာ၊မီးပုံတွင်းသို့ ခုန်ဆင်းကာ အသက်ကို စွန့်လွှတ်ကြရပေသည်။ အိန္ဒိယ ဘုရင်ခံချုပ် လော့(ဒ)ဝီလျံဘင်တစ်လက်ထက်သို့ရောက်သောအခါမှသာလျှင် ထိုအယူအကျင့်ကို၊ ဥပဒေနှင့် ထားမြစ် ပိတ်ပင်လိုက်သဖြင့် ပပျောက် သွားရတော့ကြောင်း။

ချိုရို၏တတ်သစ်ကမ္ဘာ့အိန္ဒိယရာဇဝင်......

ထိုဝါဒ်အရ မိန်းမတို့အားမည်မျှ အောက်တန်းစားအနေသဘောထားသည်ကို အကြောင်းသင့်သဖြင့် ထည့်သွင်းဘော်ပြပါလတံ့။



ယာ ဝိ ယာ —အကြင်လင်၌ ကြည်ညိုလင်ကိုချစ်ခင်တရားမင်သော မိန်းမများသည်-ဝိဧစ တန်-ဝိညာဏ်အသက်ယှဉ်းပျက်ကင်းကွာ သေလေပြီးသော အရှင်သခင်ငယ်ချစ်လင်ကိုဝိထေမီးသင်္ဂြိုလ်ရန် စိမ်ဆောင်ရွက်ထင်းပုံထက်၌ပရိသသ္တအာလင်္ကာယ ပိုက်ပွေ့ကဲ့လျက် လည်နွဲပက်၍အဘွားနေသမိမိ၏ [illegible]ဟံ၊ ရုပ်နံ့နှစ်ဖြာကိုယ်ခန္ဓာကိုပုဋ္ဌတိ ရက်ရက်စက်စက်ငဲ့ကွက်မတွန့် လွှတ်လွှတ်စွန့်၍၊ သောကျူးတွိအမြဲချစ်ခင် မိမိလင်နှင့် အစဉ်တစိုက် သေ၍လိုက်သေသမိန်းမသည်၊ သူတလက်ခံမှန်းဆ တွက်ကိန်းသိန်းပေါင်းများစွာ၊ အရာမကသောပါပ ယုတ်မာညစ်ကျူးမကောင်းမှုကိုကတာပါ၊လွန်ကြူးခါခါ ပြုခဲ့ပါသော်လည်း၊ပတိ၊ အရှင်သခင်မိမိလင်ကို ဟာပေါတွာ၊ အတူမလင့်ယူဆောင်ပင့်၍၊ သုရလောက၊ဘုန်းကံအရှင်၊ပျော်ရွှင်ခိုလှုံ၊နတ်တို့ဘုံသို့၊အဂတာသဟိ၊ အာဂတာဌေ၊ အမြဲရောက်သည်သာလျှင်တည်း။

ဟိတောပဒေသာကျမ်းဝိဂ္ဂဟာဘာသာ

ဤသည်ကိုထောက်၍ မိန်းမသားခမြာတို့မှာ မည်မျှသနားစဘွယ်ကောင်းကြောင်းကိုသိနိုင်ပေတော့၏။

ဘင်္ဂလားပြည်ရှိနယ်တနယ်တွင်ပင်တနှစ်လျှင် ၇၀၀ မျှသောမုဆိုးမတို့အသက်ကို စွန့်လွှတ်ကြရလျှင်ဂင်္ဂါမြစ်ဒေမီးတလျှောက် ဟိန္ဒူဝါဒပျံ့နှံ့ရာ နယ် ပယ် အားလုံးတို့တွင်၊မည်မျှ များပြားမည်ကိုဘု သုံးကိန်းအရတွက်ကြည့်နိုင်တော့၏။ ဤအတိုင်းနှစ်စဉ်နှစ်တိုင်းမြောက်များ

www.burmeseclassic.com

www.burmeseclassic.com



စွာသောအမေမျိုးဖြစ်သည့်၊ မိန်းမများသေကြေရခဲ့သော် မကြာမြင့်မီလူမျိုးတုံးသွားဘွယ်ရာရှိပေ၏။

လူတကာတို့သွား၊လာ ပျော်၊ပါး သောက် သုံး နိုင် သောမြစ်ဆိပ်ရေအိုးစင် ပွဲသဘင်၊စသော၊ ဘုံပါသက ပစ္စည်းမျိုးဖြင့် နှိုင်းထားခြင်း ခံရပြန်ကား ထိုသဘော အရဆိုလျှင် မိန်းမဟူသမျှမှာ ဘုံပစ္စည်းဖြစ်တော့သဖြင့် ယောကျ်ားတို့မှာစရိတ်အကုန်ခံ၍ အဘည်တကျအိမ်သူ ဇနီးရှာမြီးထားရန်လိုတော့မည်မဟုတ် ကြိုးရာစခမ်းတွင် ကိစ္စကိုပြီးမြောက်လျက်နေကြပေတော့အံ့။

မိန်းမဖျက်ပြည်ပျက် ဟူသောစကားလည်းရှိရာ ထိုစကားမှာ မှန်သင့်သလောက်မှန်ပေဦးမည်။ ယောကျ်ားများမှာမိန်းမသား၏လောက်အသုံးမကျ၍ပြည်ပျက်ရသည် ဟူ၍လည်းဆိုနိုင်ပေကြောင်း၊ မိန်းမဆောင်မှအောင်သည် ဟူသောစကားကိုလည်းသတိထားသင့်ကြပေ၏။

စိတ်မချရဖြင့် မိမိမယားကို- နှုတ်တွင်ပုံသားသော တာနေ့သဘီလူးကိုပင် လှည့်ပတ်ဖျားယောင်း၍ ပိဋကာနှင့် တွက်ကာပျော်ပါးသော မိန်းမမျိုး၊ ဗုဒ္ဓပါဠိဇာတ်တော် လာမင်းသို့သေသောက်ကြူးသွေးဆောင်ရာသို့လိုက်ပါ သော သဗ္ဗကာပါဒ ပရမိတ်မ စသော မိန်းမယုတ်များ ရှိသည်ကားမှန်ပေ၏။ ထိုကဲ့သို့ယုတ်မာသောယောကျ်ား ရှိသည်ကိုလည်း၊ ငြင်းနိုင်ကြပါ၏လော။

တော်ဝင်သော အမရာ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဗူလ တို့ ကဲ့သို့သော မိန်းမများ ကောသလမင်းကြီးသည်၊ ဒုသ သော ဟူသော အသံဆိုးကြီးတို့ကြောင့်၊ ပုဏ္ဏားတို့ လျှောက်တင်ချက်ဖြင့် သတ္တဝါများ၏ အသက်ဖြင့် ယဇ်ပူဇော်မည် ရှိရာ မြတ်စွာဘုရားထံသို့ ခေါ်ဆောင်၍ ဘုရားကျောင်းမှဘက်သို့ ယိမ်းယိုင်လာအောင် လမ်းကြောင်း ညွှန်ကြားပေသော မလ္လိကာဒေဝီ သာသနာတော်တွင် မကြည်ညိုသော မိမိလင်ဖြစ်သူ ပုဏ္ဏဝနနှင့် တကွ ယောကျ်ားမ မိဂါယသူဌေးကြီးတို့အား ဒိဋ္ဌိဘောင်မှ ဆွဲကယ်တင် ဆောင်၍ မြတ်စွာဘုရား၏ အဆုံးအမခံ တည်စေသော ဝိသာခါ သတို့သမီးတို့ကိုလည်း ဝံနမှုနာ ထားကာ မိန်းမတို့အားများစွာ အဆိုးမဆိုသင့်ကြပေ။

မဒ္ဒီဒေဝီကဲ့သို့ နူးညံ့စွာသော နန်းထက်ပွားမင်းသမီး မှာ မိမိ၏လင်ဖြစ်သူ ဝေဿန္တရာမင်းကြီး ဝင်္ကဘာနိုင်ခွင် သို့ ဝင်မည်ရှိရာ သင်းနန်းချမ်းသာ ရိပ်ငြိမ်ရာတွင် စံစား ရစ်ပါမည့်အကြောင်း အတန်တန်တောင်းပန် ကြသော်လည်း၊ ဆင်းရဲအတူ၊အတူ၊ချမ်းသာအမျှ ဟူသောပတိဗ္ဗတာ ဂုဏ်ရှိသူဖြစ်၍ တောရပ်မြိုင်ခွင်သို့ လိုက်ပါလုပ်ကျွေး ဘူးလေသည်။ သောဏ္ဍသေနမင်းကြီးသည် [illegible] သဖြင့် တောရပ်သို့ထွက်သွားရာ သင်းနန်းချမ်းသာကို တကိုယ်တည်း မခံစားလိုသော သမ္ဗူလမိဘုရားမှာ လင်ရှိရာသို့ လိုက်ပါပြုစုဘူးလေသည်။

ယောကျ်ားများက မိန်းမ များအား ပြဆိုခဲ့သည့် အတိုင်း ရှုံ့ချ ပြောဆိုကြသောအခါ မိန်းမတို့လည်း ငါ တို့ ဟာ အရတိုမျိုး၊အ မျိုး ကိုယ် က ယုတ် သံ့ တာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပင် ကြိုးစားသော်လဲ ဒီအခြေက တက်မည် မဟုတ်ဟုစိတ်ပျက်ကာ မကြိုးစားမပြုပြင်ဘဲ နေပါက အဘယ်မှာတိုးတက်စရာ ရှိတော့အံ့နည်း၊ ငါတို့သည် အကျင့်သီလ အာစရတည်းဟူသော တံတိုင်းကြီးဖြင့် ကာဆီးကာ ပြုပြင်ကြအံ့ဟု အားတင်း နိုင်တော့မည် မဟုတ်သဖြင့် မိခင်များ၏စိတ်ဓါတ်အင်အား သေးသိမ်ခဲ့သော် ၎င်းမှ ပေါက်ဖွားလာ သော သားသမီးများမှာ လည်း၊စိတ်အင်အားဖွံ့ဖြိုးရန် နည်းလမ်းမရှိတော့ချေ၊

''ကျွန်ုပ်တို့၏ ဝါဒအရဆိုသော် ရပ်ချောင်ခမ်းဝါ ဆိတ်ငြိမ်ရာသို့- ပျက်ချော်မိန်းမ- ဒုသီလတို့'' ဟုဆို ထားရကား အကျင့်-သီလ-စာရိတ္တ ဍုန္ဒြေ မရှိသောမိန်း မများသာလျှင်သွေလွဲဖောက်ပြန်ကြောင်း အကျင့်သီလ ရှိသောမိန်းမများမှာ ဖောက်ပြန်မည် မဟုတ်ကြောင်း ယုံကြည်လေသည်၊ စန္ဒကိန္နရီမည်သောကိန္နရာမကိုဆိတ် ငြိမ်ရာဖြစ်သော လူသူမနီး တောကြီးထဲတွင် မြဲသူဒတ် မင်းက အတင်းအကြပ်ဖျားယောင်းသော်လည်း မဖောက် ပြန်သကဲ့သို့ များစွာသောမိန်းမတို့သည်လည်း မိမိတို့၏ အကျင့်ကို စောင့်စည်းထိမ်းသိမ်းကြသည်ဟုယုံကြည်ပါ ၏။

အချုပ်တရားမှာမူဟီရိဩတပွဲ တရားသာအရေးကြီး ပေ၏၊ဟီရိဩတပ္ပမဲ့မူ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ဖောက်ပြန်တတ်လေသည်။ မိန်းမများသာ သူယုတ်မာ



မများဖြစ်၍ ယောကျ်ားတို့မှာ တကယ်မြင့်မြတ်ကြသော လူသူတော်ကောင်းကြီးများမဟုတ်ပေ။

အိမ်တွင်းမှုလုပ်၊သိမ်းထုပ်သေချာ၊ မိန္မာကြည်ရှောင်၊ လျှောင်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့် အပ်ရာ၊ ဟူသော မယားဝတ်ငါးပါးမှာ မာတိမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊မိန္မာမများ၊ဝတ်စားဆင်ယင်၊ မြတ်နိုးကြင် ငါးအင်လင်ကျင့်ရာ၊ ဟူသောလင့်ဝတ်ငါးပါး ကြေပွန် သောလင်ကိုမှ မယားကလည်း မယားဝတ် ကြေပွန်နိုင် ပေသည်။ လင်ဖြစ်သူက ကြေးငွေတပြားမှ မပေးဘဲ၊ အရက်သောက်၊ မြင်းလောင်း အပျော်လိုက်၍ နေပါက မယားမှာ ဝတ်တရား ကြေပွန်တို့ရန် များစွာ ခဲယဉ်းလေ သည်။

လျှော့ခါးသုံးထစ်ဆင်းလုပျိုဟူသောစကား၏၊၎င်းအရ ယောကျ်ားတို့မှာ အိုသည်ဟူ၍ပင်မရှိသကဲ့သို့ ဖြစ်တော့ ၏။ ယောကျ်ားပျိုတယောက်မှာ မိန်းခလေးတဦးနှင့် ချစ် ကြိုက် ကြူးလွန်ကြသည်ကို အပြစ်အနာ မယူသည့်သာ မက တော်တဲ့ကောင် ဘယ်နှစ်ယောက်ကျပြီ စသည်ဖြင့် အားပေး အားမြှောက် စကားပြော သလောက် မိန်း ကလေးများကိုမူ ကောင်မ ကိုယ်က ရိုးစားနဲ့ ဘာနဲ့ ဘယ်ကောင်းနိုင်တော့မှာလဲဟု အ ပြစ် တင်သံ ကြီးနှင့် တဘက်စီးနင်းပြောတတ်ကြလေသည်။

ထိုသို့တဘက်သတ်အားပေးခံရသောယောကျ်ားများ မှာ အမျိုးသမီးကလေးများအား လိုက်လံဖျက်ဆီး ကြပြီး

www.burmeseclassic.com

www.burmeseclassic.com



လျှင် ၎င်း၏ဒိမ်ထောင်ရေးကိစ္စသို့ကျသောအခါ အမျိုးစစ်ကိုလိုက်၍ရှာတတ်ကြလေသည်။ သူတပါးနှင့် ကင်းကင်းရှင်းရှင်း အပြစ်ကင်းကလေးမှကြိုက်တယ်ဟူသော လေသံထွက်လာ၏။ အမျိုးစစ်မှယူရအောင် ထိုမင်းသားမှာ လူမျိုးမစစ်ရှိသံမကာ ၁၀ ပတ်ရစ် ၁၅ ပတ်ရစ် တိုက်ဒွေး ချေးတင် လယ်ပတ်ကိုမခွဲရဲသော ဘင်ကောင်၊ စစ်ပုလိပ်ကောင်များဖြစ်နေကြောင်းကို တွေ့ရလေသည်။ လောကတွင် အမျိုးစစ်များမရှိအောင်လိုက်လံဖျက်ဆီး နေသောတရားခံများကပင် အမျိုးစစ်မှ လိုချင်သည်ဆိုသောစကားမှာ မျှားစွာအံ့ဘွယ် ကောင်းသေသည်၊ ယောကျ်ားများမှာ တဘက်သတ် သွားများဖြစ်၍ တလောက လုံးနှင့် သက်ဆိုင်သော မနုသ ဝါဒကို ယောကျ်ားဇာတ် တဇာတ်ထည်းအတွက် အသုံးပြုလိုကြဟန် လက္ခဏာရှိလေသည်။

မိန်းမများမှာ ယေဘုယအားဖြင့် ယောကျ်ားများလောက် စိတ်မခိုင်မြဲ အကြံဉာဏ်မရှိ ဝန်တို မိစ္ဆာကြီးသည်ကား မှန်ပေ၏။ သို့သော် ပြင်းပြင်း ထန်ထန် ရှုံ့ချခြင်းငှာ မသင့်ပေကြောင်း။ တလောကလုံး၏ အပြစ်ကိုမိန်းမသားတို့အပေါ်တွင်သာဖို့မချသင့်ပေ၊ ယောကျ်ားများကလည်း ငါ့အမေမျိုး ငါ့နှမငါ့နှမကလေးတွေပါဟူသဘောကြီးကြီး ထားနိုင်မှနှစ်ဦး နှစ်ဝ ကောင်းနိုင်ကြပေမည်။



အဒွေမတို့ …… စိတ်မပျက်ကြကုန်လင့် မကြောက်ကြကုန်လင့်။ မိန်းမတို့၏အပြစ်ကိုဖွဲ့နွဲ့စီကုံးကာ ရေးစပ်ခဲ့သူများမှာ ယောကျ်ားစာရေးဆရာများသာဖြစ်၍ တမင်အပြစ် ဖို့ကာ ရေးသားခဲ့ကြ၏၊ အဒွေမ တို့လည်း ယောကျ်ားများ ယုတ်မာပုံကို ကလောင်စွမ်း ပြနိုင်ကလိုလျှင်တဘက်သတ်တို့မှာ ဤမျှခံ့စားတော့မည် မဟုတ်ချေ၊ သူတို့ ပြောတိုင်းလည်း အားမငယ် ကြကုန်လင့်၊ အဒွေမတို့၏တန်ဘိုးကို သူတပါးပြုပြင်၍မရ၊ အဒွေမတို့ကိုယ်တိုင်ကိုသာအားကိုးဘွယ်ရာရှိပေ၏။ ထို့ကြောင့် ယနေ့မှစ၍ (ငါတို့သည်သူတို့ပြောတိုင်းမဟုတ်၊ သူတို့ပြောတိုင်းမည့် ငါတို့၏ဇာခြွေသိက္ခာကို ယနေ့မှ ၂၅ နှစ်အတွင်း သင်းတို့တတွေထံမှ (မိန်းမသည်မြင့်၏၊ မိန်းမသည်မြတ်၏၊ မိန်းမသည် ကမ္ဘာ့ကြီးကိုင် အဖွဲ့ဖြစ်၏။ မိန်းမနှင့် တူသော ရတနာသည် မရှိ) ဟူသော ဝါဒပြောင်းစာများကိုတွေ့ရတော့အံ့ဟု အကြွင်းမဲ့ ယုံကြည်ကာ ယနေ့မှစ၍ ကြိုးစားကြပါကုန်၊ ဘုရားလောင်းပင်လျှင် မိန်းမ ဝမ်းကြာတိုက်မှ သန္ဓေယူရ ပေသေး၏၊ ကြိုးစားက ဘုရားပင်ဖြစ်နိုင်၏။

ဤခေတ်ကား တနာရီကို ၂ မိုင်မျှသာရောက်နိုင်သော တအိအိ မြည်နေသည့် လှည်းခေတ် မဟုတ်၊ တရက်လုံးသွား၍မှခရီးမိုင် ၂၀ မပေါက်သော လှေခေတ် ဘုံကင်းခေတ် ပိန်းကောမခေတ် မဟုတ်တော့ချေ၊ တနာရီလျှင်မိုင် ၂၀ အစ၊ မိုင် ၂၅၀ အထိပြေးနေသောစက်ခေတ်၊ မော်

www.burmeseclassic.com



တိုကါးခေတ်၊ လေယျာဉ်ပျံခေတ်ဖြစ်၍၊ ရှေးကာခုလကျော် သွားရသော ရန်ကုန်မန္တလေးခရီးကိုယခု ၁၅ နာရီဖြင့် ရောက်နိုင်လေပြီ၊ မိုင်ပေါင်း၈၀၀၀က ဝေးသော သတင်းကိုလည်း ၈ နာရီအတွင်းအညာပ ခမ်းသား တို့သိနိုင်လေပြီ။ ။ရှေးကမူ ကမ္ဘာဇာတ်တန်ခိုးနှင့်သာ ဖြစ် နိုင်သောပိုင်ယာ အသံဘမ်းရေဒီယိုများဖြင့် ကမ္ဘာကြီး မှာမြန်နိုင်သမျှ အမြန်တိုးတက်လျက်ရှိလေပြီး လူမျိုးကဲ့ တို့သည်ရေကြောမြေကြောကို ရှုံ့နိုင်ချုံ့နိုင်၍ ကျွန်ုပ်တို့ မြန်မာများတွင်ကားလှည်းခေတ်၊ လှေခေတ်၊ ဖေ့နံရွေး ခေတ်မှပင်မတက်နိုင်ကြသေးပေ။

(ခေတ်ဆန်မှဟန်ပေမည်)ဆိုရာ၌နေရာ တကာ တွင် ခေတ်ဆန်ရမည်ဟုမဆိုလိုချေ။ဘာလာကျင်းသျက်နေလေ့ ရှိသော အနောက်နိုင်ငံ နေပူလှုံအသင်းများ၊ (ဘောင်- ဒန့်စ်)ခေါ်မြို့စုံဒိုစုံတွဲ၍ကသောကပွဲများ အဝတ်အဆင် များကိုအတုမခိုးသင့်ကြပေ၊ တနိုင်ငံလုံး တမျိုးလုံးသက် ဆုံးတိုင်အကျိုးရှိစေမည့် စက်မှုကြိယာ လောကဓါတ် ပညာတို့အားလေ့လာဆည်းပူးအသစ်တွင်ခြင်းအားဖြင့် အပြေးမြန်သောခေတ်တွင် နောက်ကျ မကျန်ရစ်အောင် ကြိုးစားသင့်ကြလေသည်။

ခေတ်ဟူသမျှတို့နှင့် သင့်တင့်အောင် နေထိုင်ရမည် ဟူ၍၎င်း (Be a Roman while you live in Rome) ရောမ တွင်နေထိုင်က ရောမ လူမျိုးများကဲ့သို့ကျင့်ပါ ဟူ၍၎င်း ရှေးဟောင်းစကားပုံများရှိလေသည်၊အဓိပ္ပါယ်မှာရောမ



တွင်နေစဉ် ရောမသားတို့ ဘာသာ စကားအကျင့်အမူ အယဉ်အကျေးတို့ကို အတု ယူခါမှုတအောင် ပေါင်း သင်းနေထိုင်သွားမှ ယဉ်ကျေးရာ ရောက်တော့ကြောင်း ဆိုသိုလေသည်၊ ရှင်မဟာရဋ္ဌသာရကလည်း (ကာလ အလိုက် သူ့အကြိုက်ကို စရိ[illegible]ညီတွေ ကျင့်တတ်စေ)ဟု ဆုံးမတော်မူဘူးလေသည်။

ကျွန်ုပ်တို့ မြန်မာပြည်တွင် ဘုန်းကြီးပျံ ဘုရားပွဲ စသော အခမ်းအနားတို့တွင် ကြေးငွေများစွာ အကုန် အကျခံသောစံနစ်ကြီးတခုရှိလေသည်။ထုံးတမ်းစဉ်လာ အရပြသာဒ်ကြီးတလားကြီးများကိုများစွာ အကုန်အကျ ခံ၍လှပစွာပြုပြင်ခြယ်လှယ်ပြီး ၄-၅ ရက်အတွင်းတွင်မီး တိုက်ရသဖြင့်၅၀၀ဝိ/တန်၊ ၁၀၀၀ဝိ/တန်၊ ပြာပုံကြီး များကိုတွေ့ရလေသည်၊စေတနာခံကမ္ပဘိက္ခဝေဟူသော ပါဠိအရထိုအလုပ်မျိုးကိုအကျိုးမရှိဟူ၍ကား မဆိုလိုချေ သို့သော် ပြာကိုတန်ဆာဆင်ခြင်းထက်ပို၍ အကျိုးထူး သောနေရာများတွင် သုံးကသော၍ကျေးဇူးများ နိုင်လေ သည်။

ဘလားကြီး ပြသာဒ်ကြီးတို့ကို ပြုလုပ်ရာတွင်လည်း စေတနာသက်သက်ဖြင့် ပြုလုပ်ကြသည်မဟုတ်ဘဲ တရွာ နှင့်တရွာတမြို့နှင့်တမြို့အားကျမခံသူ့ရွာကသာသည်ငါ့မြို့ ကသာသည်ဟုဂုဏ်ပြိုင်လိုသောစိတ်ဖြင့်ပြုလုပ်ကြသည် ကို များသောအားဖြင့် တွေ့မြင်ရလေသည်၊ ဂုဏ်ပြိုင် သောအလှူအကျော်အစောကို ရှေ့ရှုသော အလှူများမှာ

www.burmeseclassic.com

www.burmeseclassic.com



ညောင်ပင်လောက်လှူ၍မှ ညောင်စေ့လောက် မရသော အလှူမျိုးဖြစ်ကြောင်းကျမ်းဂန်တို့၌လာကုန်၏။

ထိုကဲ့သို့မျိုးအတွက် ပြည်တွင်းဖြစ် ပစ္စည်းများကိုသုံးခြင်းဖြင့်၊ ပြည်တွင်းမှငွေများ ပြည်ပသို့ မထွက်လျှင်ကား တော်ပေသေး၏၊ ယခုမှာမူ ပန်းချီလက်ခနှင့် ဝါးအနည်းငယ်အဘိုးသာ ပြည်တွင်းတွင် ကျန်ရစ်၍၊ ဆေးဘိုး စက္ကူဘိုး၊ သံဘိုးများအတွက် နိုင်ငံခြားသို့ အများဆုံး တင်ပို့နေရ၏။ ရှေးခေတ် မြန်မာ့ပြည်တွင်ပစ္စည်း ဥစ္စာ အတွက် များစွာ ကြောင့်ကျ ပူပန်စဘွယ် မရှိရကား မထောင်းသာချေ၊ ယခုမှာမူ ငွေရေးကြေးရေး များစွာ ကြပ်တည်းလာပြီ ဖြစ်ရကား အကျိုး မများလွန်းသော ကိစ္စတို့တွင်ငွေကြေးမြောက်များစွာအကုန်အကျခံသင့် ကြတော့ပေ။

အခန်း။ ၁၁၀

# လူတို့တာဝန်

လူတို့၌ မွေးဖွားသည့် အချိန်မှ သေသည့်တိုင်အောင် အခါမပြတ် အထပ်ထပ် လုပ်ရမည့် အလုပ်ကြီး-၂-ရပ် ရှိပေ၏၊ ၎င်းတို့ကား ဝတ္တရား နှင့် တာဝန်ဖြစ်၏။

ဝတ္တရားဆိုသည်မှာ တာဝန် တမျိုးဖြစ်သော်လည်း တာဝန်ထက်တန်ခိုးအနည်းငယ်လျော့လေသည်၊ လူတဦး တယောက်က အခြား တဦးတယောက်ကို၎င်း၊ လူတစု ကို၎င်း၊ ပြုလုပ်သင့် ပြုလုပ်ထိုက်သော အလုပ်သာဖြစ်၍၊ မလုပ်သော်လည်း များစွာ အရေးမကြီးလှ ခွင့်လွှတ်နိုင် ခွင့်ရှိ၏၊ မိဘက သား သမီးများအား ဆရာက တပည့် အား လင်က မယားအား ပြုလုပ်အပ်သည့် ကျင့်ဝတ် တို့မှာ ဝတ္တရားပင် ဖြစ်ပေ၏၊ မိဘတို့မှာ သားသမီးများ အား အမွေ ခွဲဝေပေးရမည့် ဝတ္တရား ရှိရာ သော ကြောင်းအားဖြင့် အစိုးရ တရားရုံးသို့ ရောက်သော အခါ



www.burmeseclassic.com

www.burmeseclassic.com



ပေးရသော်လည်း သံသရာကြောင်းအားဖြင့် ပေးရမည် မဟုတ်ချေ (ဝါ) မပေးကလည်း သံသရာ ပန်လေးမည် မဟုတ်ချေ။

မိတ် သင်္ဂဟတို့အားထောက်ပံ့ခြင်း၊ အိမ်နီးခြင်းတို့၏ အကျိုး၊ ဆွေမျိုး ညာတကာတို့၏ အကျိုး၊ တိုင်းကျိုး၊ ပြည်ကျိုး၊ သာသနာတော် အကျိုးတို့ကို မျှော်ကိုး၍ အများနှင့်ပါတ်သက်သောကိစ္စတို့တွင်ပါဝင်ဆောင်ရွက်ခြင်းမှာ လူ့ဝတ္တရား ကြွေပြွန်သည်မည်၏။

ဘာဝန်မှာမူ အများဆုံးလိုအပ်၍ မလုပ်လျှင် မဖြစ် မလွဲတမ်းလုပ်ရမည် ဝတ္တရားအကြီးစားကို ဆိုလိုလေသည်၊ လူဖြစ်လာလျှင်ပင် တ ၁မ်း တခါး လှ အောင် ဝအောင်စားသောက်ဝတ်ဆင်ရန်အတွက် အသက်မွေးမှုကရဲ့ကိုလုပ်ကိုင်ရမည်မှာ မလွဲမကင်းသာသော တာဝန်ဖြစ်၏။

ယခုခေတ်မှာ (Survival of the fittest)ခေါ် အသက်သွေးခဲမြဲဖွဲ့မိမ့်သောဌာမီးကုန်ယမ်းကုန် ကြိုးစားရသော ခေတ်ဖြစ်သဖြင့် ကိုယ့်ဝန်ကိုယ့်တာကိုအဘက်ဘက်က မလစ်ဟင်းရအောင် ကြိုးပမ်းတကုတ် အားထုတ်ကြရ လေသည်။

ကိုယ့်တာဝန်မှာ ကိုယ့်အရေးဖြစ်၍ ဝတ္တရားမှာအများအရေးဖြစ်လေသည်။တာဝန်ပျက်ကွက်ကကိုယ်ချေး နစ်နာသကဲ့သို့ ဝတ္တရားပျက်ကွက်ကအများအကျိုးဆုတ် ယုတ်တော့သဖြင့်ဝတ္တရားကိုလည်း တာဝန်အမှတ်(၂)တ



ယူဆသဘောထား၍ အရေးတကြီး ဆောင်ရွက်သင့်လေသည်။

လောကဩလူလေးမျိုးရှိ၏။၎င်းတို့ကား……

၁။ ကိုယ်ကျိုးကိုသာ ကြည့်တတ်သောအတ္တဟိတ ပုဂ္ဂိုလ်။
၂။ သူတပါးအကျိုးကိုသာ ကြည့်တတ်သော ပရဟိတပုဂ္ဂိုလ်။
၃။ အကျိုး ၂ ပါးလုံးကို ကြည့်တတ်သော အတ္တဟိတ ပရဟိတပုဂ္ဂိုလ်။
၄။ အကျိုး ၂ ပါးလုံးကိုမကြည့်တတ်သော နေဝန အတ္တဟိတ ပရဟိတပုဂ္ဂိုလ်တို့ဖြစ်၏။

ထိုပုဂ္ဂိုလ်လေးမျိုးတွင် ကိုယ့်အကျိုးသက်သက် ကိုသာကြည့်သောသူကိုလည်း ကိုယ်ချင်းမစာနာသူ ကိုယ်ကောင်းကြံတတ်သူဖြစ်၍ မချီးမွမ်းထိုက်။ ကိုယ်ကျိုးမပါဗလာသက်သက် သူတပါးအကျိုးကိုသာ ရွက်ဆောင်တတ်သောသူမှာလည်း ကိုယ်ကျိုးများစွာ နစ်နာတတ်သဖြင့်များစွာမချီးမွမ်းထိုက်အကျိုး ၂ ပါးလုံးကိုမဆောင်ရွက်သောသူမှာကား လူအချီးအနှီးဖြစ်သဖြင့် မချီးမွမ်းထိုက်။ ကိုယ့်အကျိုးသူ့အကျိုးကို မြော်မြင်၍အမျိုးသားတို့၏ဟိုးပွားရာတိုးပွားကြောင်းကောင်းမြတ်သော မနသိဆန္ဒဖြင့်ဆောင်ရွက်တတ်သော သူကိုသာများစွာ ချီးမွမ်းထိုက်လေသည်ဖြစ်ကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်အောင် ပါရမီဖြည့်ကျင့်တော်မူသည်မှာပင်......

၁။ ဗုဒ္ဓတ္ထစရိယ ကိုယ်တော်၏အကျိုးငှာဝင်း။

၂။ ဉာတတ္ထစရိယ ဆွေတော်မျိုးတော်တို့အကျိုး ငှာဝင်း။

၃။ လောကတ္ထစရိယ လောက၏ အကျိုးငှာဝင်း ဖြည့်ကျင့်တော်မူခဲ့လေသည်။

တကိုယ်ကောင်းကြီးလိုသူများမှာ သူတပါး အတွက် အနည်းငယ်မျှငဲ့ကွက် သူများမဟုတ်ကြချေ၊ "သူတည်း တယောက်၊ ကောင်းဘို့ရောက်မူ၊ တယောက်မှာသာ ပျက်လင့်စသာ၊ မွေတာတည်း" ဟူသကဲ့သို့ရင်း 'တယော် ချမ်းသာ၊ ကိုယ်ဘို့ရှာသော် သတ္တဝါအပေါင်း၊ ဆင်းရဲ ကြောင်း" ဟူသကဲ့သို့တယောက်အတွက် အခြားတယော် ကနစ်နာရမြဲဖြစ်လေသည်။

သူတပါးမယားမျက်ရှေ့ကျမှ ကိုယ့်မယားထမင်းဝ သည် ဟူသောစကားပုံမှာ ကိုယ့်ဘက်သို့သာ ယက်၍ သူတပါးအတွက် ငဲ့ကွက်ထောက်ညှာခြင်း မရှိသော လိပ်မျိုးများအတွက်ဖြစ်လေသည်၊ ရုံးစာရေးတယောက် ကိုတွေ့ဘူး၍၊ ၎င်းအထက်တွင် အလုပ် လုပ်နေသော စာရေးကြီးမှာ၎င်းအား အလုပ်သွင်းပေးသောကျေးဇူး ရှင်ကြီးဖြစ်ပါလျက် ထိုနေရာကိုလိုချင်သော သောဘာ မျက်စိကျယ်လှရကားစာရေးကြီးအပေါ်တွင်ရှိသမျှသော အဖြစ်တို့ကိုဖေါ်၍ဖြစ်စာရေးရကားကျေးဇူးရှင်ကြီးမှာ



အလုပ်ပြုတ်ထောင်ကျ အရှက်တကွဲအကျိုးနဲ့ ဖြစ်ရလေ သည်၊ ထိုသူမှာ အလုပ်ပြုတ်သွားသော စာရေးကြီး၏ နေရာတွင်ခန့်ထားခြင်းခံရသဖြင့် မော်တပြုံးပြုံး ပျော် မဆုံးဖြစ်နေတော့၏၊ ကျေးဇူးရှင်၏ မျက်ရှေ့နှင့်အမှုဖြစ် သောရာထူးကို မြိန်ရေရှက်ရေဖြစ်နေခြင်းမှာ ကျေးဇူး ရှင်မို့ ကျေးဇူးဆပ်လိုသောစိတ်မိုက် စိတ်ရိုင်းအခမ္ဘလေ ဘ ဓိတ်ကြောင့်ပင်ဖြစ်ပေ၏၊ ဤကဲ့သို့ ကျေးဇူးရှင်များအား ကျေးဇူးဆပ်၍ ကိုယ်ကောင်းကြံတတ်သောသူများမှာ ယခု အခါအမြှိုမြိုအရွာရွာတွင် အနှံ့အပြားရှိပေ၏၊ လာတ် ပေးလာတ်ယူများသောခေတ် မျက်နှာလိုက်သော ခေတ် ဖြစ်သဖြင့်ထိုလူယုတ်မာတို့ဒမိအခွင့်သာလျက်ရှိပေ၏။

ထိုသူများမှာ ကျေးဇူးရှင် မိတ်ဆွေ၊ မိဘ၊ ဟူ၍မရှိဘဲ ဘနုမှုးသိုက်ဘူးမည့်သားများဖြစ်ကြ၏။

How sharper than a serpent's tooth it is, to have a thankless child

- Shakespare

ကျေးဇူးမဲ့သော သူများမှာ မြွေဆိုးမြွေဟောက်များ ထက်ကြောက်မက်ဘွယ် ကောင်းကြောင်းရှိတ်စပီးယား ကပြောခဲ့ လေသည်။ မြန်မာ စာပေ တို့၌ လည်း ကျေးဇူးရှင်ကိုပြစ်မှားသောသူတို့အား 'အစာကျွေးသော ကျေးဇူးရှင် ၏လက်ကိုကိုက်သောခွေးများ' နှင့် နှိုင်းယှဉ် ထားလေသည်။

လူဖြစ်လာလျှင် လူ၏တာဝန် ဝတ္တရားတို့ကို ထမ်း ဆောင်ရပေလိမ့်မည်၊ တာဝန်ကိုကြောက်၍ မယားမယူ

www.burmeseclassic.com

www.burmeseclassic.com



သောယောက်ျားများမှာသဘ္ဘာနည်းရကျပေ၏) ထိုသော် ထိုကိစ္စမျိုးအတွက် ပဋ္ဌမဝင်ငွေရှိအောင် ကြိုးစားရာ၏။ ထိုဝင်ငွေရှာခြင်းပင်လျှင် တာဝန်ကို ထမ်းဆောင်နေသည်လည်းမည်ပေ၏။ တာဝန်သည်၊ သဘ္ဘာကိုဖြစ်စေ၏။ တာဝန်ကြောင့်ဝီရိယသည်ပို၍လာပေ၏၊ ဉာဏ်သည်ပို၍ထက်မြက်လာ၏။

အသင်သည် လူဖြစ်လာရပေဘဲ့ အသင်လူဖြစ်လာရလို့ သည်လောကကြီးမှာဘာမှအကျိုးမထူးလျှင် အသင်လူဖြစ်လာရခြင်းသည်အချိးနှီးဖြစ်တော့၏၊

- ဂျာမန်ပရမတ်ဆရာကြီး နီရှေး

လူတို့တွင်လူ့တာဝန်ရှိပေ၏ဘုရားတွင်လည်းဘုရား၏တာဝန်၊နတ်တွင်လည်းနတ်တို့တာဝန်ရှိပေ၏၊ တာဝန်ကိုကြောက်သူသည်မိမိကိုယ်ကိုအသုံးမကျစိတ်မချ တုံ့ပေါပြရ ရောက်ပေတော့၍၊ နေမင်းသည် ၎င်း၏တာဝန်ဝတ္တရားအတိုင်းသက်ရှိသက်မဲ့ ဆင်းရဲချမ်းသာ မရွေး ရဲတိုက်၊ နန်းတော်၊ တဲကုတ်၊ကွင်းပြင်၊ ကင်းကင်းစင်အောင်တသောင်းသောင်းစကြာဝဠ ကို မိမိရောင်ခြည်ဖြင့် ထွန်းသင်ခဲ့စေပြီ၊ နွားသည်လည်းနွားအလျောက် ဆင်သည်လည်း ဆင်အလျောက်လယ်ထွန်ခြင်း သစ်ဆွဲခြင်းတို့ကိုအသီးသီးတာဝန်ကြေပွန်စွာဆောင်ရွက်၍ နေကြလေပြီ။ လူတို့မှာသာ ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်သွားရန်လိုပေတော့သည်။



ခြင်္သေ့အမျိုးဟာခြင်္သေ့အကောင်းအဆိုးနှင့် နေသလို ယုန်အမျိုးဟာလဲ ယုန်အကောင်းအဆိုးနှင့် နေသဖြင့် လူတို့မှာလည်းလူ၏အကောင်းအဆိုးနှင့်နေရပေမည်။

-နီရှေး။

တာဝန်မဲ့နေသူတို့အား အဖျင်းတွေ အမှိုက်သရိုက်တွေဟုရှေးလူကြီးများကဲ့ရဲ့ခဲ့ကြ လေသည်၊ အချို့မှာ ပတ်ဝန်းကျင်အား အပြစ်ဖို့လျက် အရောင်း အဝယ်မကောင်းကြောင်း၊ လခစားခေတ်မရှိကြောင်း ငြီးငြူ၍ အချိန်ကုန်ခံတတ်ကြလေသည်။

ရှေးခေတ်မြန်မာလူမျိုးတို့၏ဝါဒမှာမူ ယောက်ျားမှာ အသက် ၂၅ နှစ်ပြည့်လို့မှမိမ္မလည်း မယူဘုန်းကြီးလည်း မလုပ်လျှင် အသုံးမကျတော့ဘူးဟု ယူဆကြလေသည်။

Accuse not Nature. She hath done her part, do thou but thine. Milton

သဘာဝတရားကို အပြစ်မတင်ပါနှင့်၊သဘာဝကား ၎င်း၏တာဝန်ကိုကြေပွန်ခဲ့လေပြီ။သင့်ဘက်ကသာလိုပေတော့၏ ဟု(မီလ်တန်)ကပြောခဲ့လေသည်။

မိုက်သောသူကိုလိမ္မာစေရန်မှာ လိမ္မာပြီးသူတို့၏တာဝန်ဖြစ်ပေ၏။ မျက်စိအမြင်၊ သေးသိမ်သေးသော သူတို့အား ဗဟုသုတဖြစ်စေရန်မှာ အမြင်ကျယ်ပြီး သူတို့၏တာဝန်ဖြစ်ပေ၏။မယဉ်ကျေးသေးသော သူတို့အားယဉ်ကျေးစေရန်မှာယဉ်ကျေးပြီးသောသူတို့၏တာဝန်ဖြစ်၏၊ ထိုကြောင့်လိမ္မာယဉ်ကျေး အမြင်မသေးကြသော ပုဂ္ဂိုလ်

www.burmeseclassic.com

www.burmeseclassic.com



တို့မှာ အောက်ကျနောက်ကျအသိအလိမ္မာဉာဏ်အမြော်အမြင်နည်းပါးလှသော ဇမျိုးသားတို့အား- (တောသားကျွဘာမှမသိဘူးဟု)အပြစ်မတင်ကြဘဲ ထတ်အားသမျှသင်ကြားလမ်းညွှန်သင့်ကြလေသည်။

လူ့အမျိုးလိုးအနက်တယောက်စနှစ်ယောက်စကောင်းစားရုံနှင့်အနိုင်ငံလုံး ကောင်းစားသည် မဟုတ်ပေ၊မြန်မာလူမျိုးထဲမှ ဆာ ဂျေ အေ ဘုရင်ခံဖြစ်သော်လည်း တောသူတောင်သားဆင်းရဲသားတို့ အခြေမှာ မတိုးတက်ပေ၊မြန်မာ လူမျိုးထဲမှ ထို့အတူ ယစ်မျိုး မင်းကြီး ဖြစ်သည်ဟူ၍မြန်မာလူမျိုး ဘိန်းစားဦးရေ ယုတ်လျော့သွားသည်မဟုတ်ပေ၊တယောက်ကောင်းစားလျှင်ထိုသူကိုမှီခိုအားနေထားရသော ဆွေမျိုးတစုမျှသာ အကျိုးဖြစ်ထွန်းလေသည်။ဆင်းရဲသား လူများစုတို့ သက်သာ ချောင်ချိမှသာလျှင် နိုင်ငံကောင်းစားသည်ဟု ခေါ်ဆိုနိုင်ရကား လူနည်းစုဘို့အကျိုးငှာလူများစုတို့အကျိုး မနစ်နာစေရန် ကြံဘန်ကြိုးစားသင့်ကြလေသည်။

လူဘိုင်းကမ္ဘာကို တုလှုပ်စေနိုင်သော သဘိုကောင်းများမဖြစ်နိုင်ပေ၊ ထိုလူမျိုးမှာ မည်သူကိုမျှမမှုဘဲ အစွန့်ကြီး စွန့်ကြသူများဖြစ်ကြလေသည်။သူတပါးကဲ့ရဲ့မည်ကိုမှုလောက်မှ မကြောက်ကြသူများဖြစ်ကြ၏။ကျွန်ုပ်တို့မှာ ထိုကဲ့သို့ပင်မစွန့်စားနိုင်ကြစေကာမူ စင်ကြယ်သောအလုပ်ဖြင့် မိမိတို့တာဝန်ကိုကြေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်၏။



လူတို့သည်သေခြင်းတရားမှ ရှောင်လွှဲ၍မရ၊ဂုဏ်သိမ်ကြက်သရေကား ကုန်ဆုံးသည်ဟုမရှိရကား အန္တရာယ်ဘေးကိုကြောက်၍ တိုင်းပြည် အတွက်သော်၎င်း၊ မိမိကြက်သရေ ဂုဏ်သိမ်အဘို့ သော်၎င်း၊ ကျရောက်လာသောတာဝန်တို့ကို ခေါင်းရှောင်တိမ်းလွှဲ၍ မနေသင့်ကြပေ။

Cowards die many times before death, but brave die once only.

သူရဲဘောနည်းသော သူတို့မှာ ဟဘာဝ ထည်းတွင် အကြိမ်များစွာသေကြသော်လည်း သတ္တိကောင်းသူများမှာမူ တသက်တွင်တကြိမ်သာသေကြရ၏။

England expects every man to do his duty.

အင်္ဂလန်ပြည်သည် လူတိုင်းအား မိမိတို့၏တာဝန်ကိုအသီးသီး ထမ်းဆောင် လိမ့်မည်ဟု မျှော်လင့်ကြောင်း၊ ဟူသောစကားမှာ အင်္ဂလိပ်လူမျိုးတို့၏ လက်သုံးစကားဖြစ်၍ အဓိပ္ပါယ်မှာ အင်္ဂလန်ပြည်ရှိ လူတိုင်း လူတိုင်းမိမိတို့တာဝန်ကို သိသောအားဖြင့် စစ်တွင် ဝင်ရောက်အမှုထမ်း လိမ့်မည်ဟု မျှော်လင့်ကြောင်း ဟူသတည်း၊ ထိုစစ်ကြွေးကြော်သံဖြင့်ပင် အင်္ဂလိပ်တို့သည် နပိုလီယန်နှင့် ဖြစ်သောစစ်ပွဲများတွင် အောင်ပန်းကို ဆွတ်ခူးနိုင်ခဲ့လေသည်။

တိုင်းပြည်အတွက် ဆောင်ရွက်ရခြင်းမှာ ရှိဘန်ရံခါဘေးအန္တရာယ် များသည်ကား မှန်ပေ၏။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်သော အေးလစ်ခွင့်၊ သက်သာခွင့် တို့ကိုသာ ခွန့်လှတ်ရန် လိုပေသည်။ တခါတရံမှု တိုင်းပြည်အတွက် အကျိုးရှိမည်မထင်ရသော ကိစ္စတို့တွင် တိမ်ယောင်နှင့် နက် ဟူသကဲ့သို့ အကျိုးထူးတရားများ ခံစားကြရသေးသည်။

အများအတွက်လုပ်ရသော အလုပ်တို့မှာ အချိန်ဖြုန်းတီးခြင်း မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုလုပ်ငန်းမျိုးမှာ သွေးတူခြင်း ချစ်ခင်မှုကို ပွားများစေခြင်း တို့ကို ဖြစ်စေ၏၊ လူတို့အမှားကိုရပ်တန့်စေ၏။ ပိတ်သောကကို ငြိမ်းစေ၏။ ယုံမှားသံသယကိုပျောက်စေ၏။

Peace, plenty, freedom, healthful seasons are the blessings w ich we share common with others.

- Bishop Beiller

ငြိမ်းချမ်းခြင်း၊ ပေါများခြင်း၊ လွတ်လပ်ခြင်း၊ ရာသီဥတုနှင့် သင့်ဘော် မျှတခြင်း စသည့် တို့မှာ အများအတွက် လုပ်ရသော အလုပ်တို့မှ ခံစားရသော အကျိုးတရားများဖြစ်၏။

သူ့အကျိုးကို ရှာလိုသော သဘောအစစ် အမှန်တို့မှာ ကောင်းကျိုး ချမ်းသာတို့နှင့် ပြည့်နှက်လျက် ရှိပေ၏။ လူတဦး ကတဦးကို ချစ်သည်ဆိုရာ၌ ၎င်း၏ပျော်ရွှင်ခြင်း ဝမ်းနည်းခြင်းတို့ကို မိမိတို့ကိုယ်တိုင်ခံစားနေရသကဲ့သို့ အများကောင်းကျိုးကို ဆောင်လိုသော ဆန္ဒမှာလည်း အများသော သတ္တဝါတို့အား သနားချစ်ခင် မေတ္တာဝင်စေ၏။

အဆွေတို့၏ ဝတ္တရားတာဝန်တို့ကို ဖြောင့်ဖြောင့်ကြီး ထမ်းဆောင်နိုင်ရန် ရသင့်ရထိုက်သော အခွင့်အရေးတို့ကို တောင်းဆိုရန် အမြဲသတိရှိပါစေ၊ တိုင်းကြီးသားတဦး၏ ယဉ်ကျေးခြင်းကို ရယူရန်အတွက် မိမိပိတ်ကို နေထားတကျ ပြုရပျိုးထောင်ခြင်း၊ ရက်ရောသောပိတ် ဝင်ကြယ်သောနှလုံးတို့ကို မွေးမြူရလေသည်။ လူ့ပဋိမျိုးလုံး[illegible]ပြု၍ ချမ်းသာစည်ပင်ရေး ကို့ လူတို့ဘဝတွင် တဘယ်တမ်း ပျော်ရွှင်စေလိုသောဆန္ဒတို့ကို ဖြည့်ဆွက်ကူညီရန်မှာ ကိုယ့်ပြည် ကိုယ့်အမျိုးသားကို ချစ်ခင်လေးစားလျက် ယဉ်ကျေးသော သူတိုင်းတို့၏ တာဝန်ဖြစ်ပေ၏။

အမျိုးကောင်း သား ယောက်ျားဗိုလ် အာဇာနည်များမှာ တယောက်ကောင်း သက်သာရာကို ရှာလေ့မရှိကြချေ၊ ကိုယ့်အကျိုးသူ့အကျိုးကို မြော်မြင်စွာ ဆောင်ရွက်တတ်သောကြောင့် ထိုပုဂ္ဂိုလ်မျိုးကိုမှီ၍ တမျိုးသားလုံးကြီးပွားရလေသည်။ ။မဟာသမ္မာ တည်းဟူသော အာဇာနည်ယောက်ျားကောင်း တယောက် ပေါ်ပေါက်သဖြင့် ဗုဒ္ဓနိဗ္ဗာန်ဟူ အမွန်ရှိခဲ့သော တရားဟောခင်း အပေါင်းတို့၏ ဘေးရန်မှ ပိဒေပဋ္ဌာရာဇ်မင်းကြီးနှင့်တကွ တိုင်းသူပြည်သားများ ချမ်းသာရအူးလေသည်။

လူသားစား ပေါရိသာဒ၏ ဘေးရန်မှ ကိုးဆဲ့ကိုးယောက်သော မင်းတို့၏အသက်စည်းစိမ်ကို အကြောင်း

www.burmeseclassic.com



တော် သုတသောမ မင်းကြီးကယ်တင်တော်မူခဲ့ဘူးလေသည်။

မန်ချူးဘုရင်တို့၏ လက်အောက်တွင် နှစ်ပေါင်းများစွာ ကျွန်ဘဝဖြင့် နေရရှာသော တရုပ်ပြည် ကြီးမှာ ဒေါက်တာစွန်ယက်ဆင် တည်းဟူသော သားကောင်းတယောက်အတွက် ကျွန်ဘဝမှ လွတ်မြောက်ခဲ့ရလေပြီ။

မြတ်စွာ ဘုရားတည်း ဟူသော မျိုးချစ်အာဇာနည် ပညာရှင်ကြီးတဆူကြောင့် များလှစွာသော သတ္တဝါတို့မှာ အဝိဇ္ဇာမှောင်မှ ဖယ်ခွါရှောင်းကွင်းလျက် မြတ်သော နိဗ္ဗာန်သို့ရောက်ခဲ့ရလေပြီ။

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ မှာ လည်း မုဆိုးဘိုရွာမှ အခြေပြု၍ တလိုင်းတို့၏ ရန်ကို ချခ်ကာကွယ်လျက် တတိယ မြန်မာ နိုင်ငံကြီးကို ပြုစုပျိုးထောင်သော နိုင်ငံပြု အာဇာနည်ကြီးကြောင့် မြန်မာများ ဘုန်းရောင်တောက်ခဲ့လေပြီ။

ထိုသို့ ပြည်ကြီးဝန်ကို ထမ်းဆောင်လေ့ ရှိသော အမျိုးကောင်းသား ယောက်ျားတို့ကို ရည်၍ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည်—

ရန့်ကြိုင်လွှင့်သစ်တပင်၊ တောတွင်ရှိလေရာ။
တောလုံးအနံ့ အချုံပျံ့ ရန့်ကြိုင်လို့ဖြာ။
ထိုသူတဦး မျိုးသားထူး၊ ပွားလူးပေးသောခါ။
တမျိုးလုံးပင်၊ အေးကြည်လင်၊ ဂုဏ်အင်တိုးထိမ့်မှာ။



ဟူသောဆောင်ပုဒ်ကိုဥင်း—

ဧကေနာပိ၊ သုရုက္ခေန။
ပုပ္ဖိတေန၊ သုဂန္ဓိနာ။
ဝါသိတံ၊ တံဝနံသဗ္ဗံ။
သုပုတ္တေန၊ ကုလံယထာ။

သုဂန္ဓိနာ၊ ကြိုင်လှိုင်သောရနံ့ဖြင့်။ ပုပ္ဖိတေန၊ ပွင့်လျက်ရှိသော။ ဧကေနာပိ၊ တပင်တည်းသာဖြစ်သော၊ သုရု[illegible]န၊ ကောင်းသောချယ်သား စကားသရဖီစသော သစ်ပင်ကောင်းဖြင့်၊ တံဝနံသဗ္ဗံ၊ ထိုသစ်ပင်ကောင်းရှိသော တောတောလုံးကို၊ ဝါသိတံယာတာ၊ ကြိုင်လှိုင်လေဘိ[illegible] ကဲ့သို့၊ တထာ ထို့အတူ။ သုပုတ္တေန၊ အမျိုးကောင်း သား[illegible]ယောက်အတွက်ကြောင့်၊ ကုလံ၊ တမျိုးတနွယ်လုံး၊ ငြ[illegible]ာ[illegible]န်း တင့်တယ်လျက်။ သုခံ ချမ်းချမ်း[illegible] သာ[illegible]ဝရှတ်၊ ကြီး[illegible]ရလေသည်ဟူ၍ဥင်းရေးသားတော်မူခဲ့[illegible]လေ[illegible] ည်၊

အိမ်သူမိန်းမတို့၏တာဝန်မှာလည်းများစွာ ရှိပေ[illegible] သ[illegible] ၏၊ မိန်းမသည်ဗီဇဖြစ်၏၊ မိန်းမ မရှိက[illegible]ကမ္ဘာမှာ မျိုးစေ့မရှိသဖြင့် ပျက်စီးသွားရပေမည်၊ ဘခင်ဖြစ်သူမှာ အိမ်ပြင်သို့ထွက်၍ ကြေးငွေ ရှာကြံနေရသူ ဖြစ်[illegible] မိခင်များသာလျှင်သားသမီးများနှင့် လက်ပွန်းတ[illegible] နေရလေသည်၊ ကလေးများ၏သ[illegible]ာန်တွင်[illegible] ကိန်းဝပ်သေးသည်မဟုတ်ရကား ပ[illegible]မတွေ့သော အပြုအမူတို့ကို အတုယူတတ်လေသည်၊ ပျင်းပျင်း ရိရိဖြင့် [illegible] နေတတ်သောမိခင်၏ ကလေးမျ[illegible]းမှာအပျင်းကလေး[illegible]

www.burmeseclassic.com

www.burmeseclassic.com



အဖျင်းကလေးတွေဖြစ်လျက် ရတနာ ၃ ပါးကိုင်းရှိုင်းသောမိခင်၏ရင်ခွင်မှ ကြီးပြင်းလာရသော ကလေးမှာ (ဥတိပိ သောဘဂဝါ)ကိုရွတ်တတ်ပေလိမ့်မည်။

သံများကိုမီးဖုတ်၍နီရဲနေစဉ် လိုရာပုံကို ပြုပြင်ရန် လွယ်ကူသလောက် အေးသွားသောအခါ ပြုပြင်ရန်ခက်လေသည်၊ ငယ်စဉ်ကမြင်ရ ကြားရသော အရာတို့မှာ ဦးနှောက်တွင် သံမှိုစွဲထားသကဲ့သို့ နောင်ကြီးပြင်းလာသော်လည်း၊ ဖျောက်ဖျက်ပစ်ရန်ခဲယဉ်းလေတော့သည်။ ထို့ကြောင့်''လက်ဦးဆရာမည်သိုက်ဖွာသား ပုဗ္ဗာစရိယာ မိနှင့်ဘ''ဟုရှေးစကားဟောင်းတခုရှိလေသည်။

ကျောင်းဆရာများမှာ မိခင်များက အကျင့်စရိုက်ကို ပြုပြင်ပြီးဖြစ်သော ကလေးများကိုသာ သွန်သင်ပြသခွင့်ရှိသဖြင့်အကျင့်စာရိတ္တနှင့်ပတ်သက်၍ များစွာတတ်နိုင်ကြသည်မဟုတ်ပေ။

ကြီးကျယ်ထွန်းကားသော လူများမှာ လိမ္မာသော မိခင်၏ ရင်ကြားမှ ကြီးပြင်းလာကြ၏၊ (သိုးဆောင်းစကားပုံ)။

များစွာသောမိခင်များမှာ ကလေးများဆော့မိသဖြင့် တခုခုပျက်စီး ကွဲပျောက်သောအခါ နောက်တခါ လုပ်အုံးမလား အတွင်သာမေးပြီးလျှင် ရိုက်တတ်ကြလေသည်၊ကလေးမှာ တုတ်ကိုကြောက်၍သာ မလုပ်ပါဘူးဟုဝန်ခံကြသော်လည်း ဘာကြောင့် မလုပ်သင့်ကြောင်း မသိဘဲ နေတတ်ကြလေသည်၊ သို့အဆုံး အမခံရသော



ကလေးမှာပဋ္ဌမမီးခဲကိုကိုင်၍ အရိုက်ခံရလျှင် ဒုတိယမီးလျှံကိုကိုင်ပေတော့မည်။ ပဋ္ဌမပုဂ္ဂိုလ်၍ အရိုက်ခံရလျှင် နောက်တကြိမ်တွင်ဖလားကိုခွဲပေလိမ့်မည်။

ကလေးအချင်းချင်း ဆိတ်ဆွဲ ရိုက်ပုတ် ကစားသောကြောင့်ရိုက်ရုံသာရိုက်၍ဆုံးမခံရသောကလေးမှာလူကြီးများရှေ့တွင်သာနားထောင်၍ လူကြီးများ ကွယ်ရာတွင် ဆိတ်မြဲဆိတ်တော့၏။ မဆိတ်က ရိုက်ပုတ် ကြတော့၏၊ ဆိတ်တတ်သောကလေးကိုအနည်းငယ် ဆိတ်ပြီးလျှင်နာသလားဟုမေးကနာပါတယ်ဟုဖြေမည်ပင်၊ ထိုအခါမင်းအသားဆိတ်လို့နာယင် သူများလဲသူ့အသားကို ဆိတ်တော့နာလိမ့်မယ်နာတာကိုမင်း ခံချင်လားဟုမေးက မခံချင်ဘူဟုပြောမည် ဖြစ်သောကြောင့်၊ ကဲ မှတ်ထားသူ့ကိုဆိတ်လျှင်သူကနာသို့ မခံချင်၊ သူမခံချင်တာ မနာလိုတာကိုယ့်မှာဘာမှအကျိုးမရှိဘဲမလုပ်နဲ့ ဆိတ်လဲမဆိတ်နဲ့ ရိုက်လဲမရိုက်နဲ့၊ ကန်လဲမကန်နဲ့၊ စသည်ဖြင့်အကျိုးအကြောင်းပြ၍ဆုံးမလိုက်ပါကထိုအမှုကိုသာ မကနည်းတူအမှုမျိုးတို့ကိုလည်းလုပ်တော့မည်မဟုတ်ချေ။

အလောင်းဘုရား၏မိခင်မှာသားသွန်းဆုံးမရာ၌အလွန်လိမ္မာလှစွာ၏။ ၎င်း၏လိမ္မာမှု၊ ဆုံးမမှု တို့ကြောင့်ပင်၊ အလောင်းဘုရားမှာအထွဋ်အထိပ်သို့ ရောက်ရသည်ဟု ဆိုကများစွာမှားမည်မဟုတ်ချေ။

တနေ့သ၌ အိမ်ပေါ်သို့ ကြက်တကောင် တက်လာရာ အလောင်းဘုရားဖြစ်မည့် ကလေးကား တုတ်ဖြင့်ချောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြင့်လိုက်၍ရိုက်၏၊ ကြက်မှာခွေးခြေပေါ်၌ တင်ထားသော ဆံတောင်းဘတောင်းပေါ်၌ နားနေရာကလေးက နောက်ကဘဖန် ရိုက်ရန် လိုက်သောကြောင့်၊ ကြက်က အတောင်းကန်၍ပြေးသောကြောင့် ဆံတောင်း မှောက်ကျ တော့၏။ ထိုအခါမိခင်ကသားအား ရိုက်ပုတ် မောင်းနှင် ခြင်းမပြုမူ၍ ....

မိခင် ငါ့သားကြက်ကိုဘာဖြစ်လို့ရိုက်သလဲ၊

သား ဘာမှမဖြစ်ပါဘူး။

မိခင် ကြက်ဟာနာတတ်တယ်ဆိုတာသိရဲ့လား။

သား သိပါတယ်။

မိခင် မင်းကိုရိုက်လို့နာရင်မင်းခံချင်မလား။

သား မခံချင်ပါ။

မိခင် ဒါဖြင့် နောက်တခါ ကြက်ကိုဖြစ်စေ လူကိုဖြစ်စေကိုယ်အကျိုးမရှိဘဲ မရိုက်နဲ့ မသတ်နဲ့။

သား ဟုတ်ကဲ့မရိုက်ပါဘူး။

မိခင် ကြက်ကိုတအားလိုက်ရင် တောင်းကို ကန်ပြေးလို့ တောင်းမှောက်၊ တောင်း မှောက်တော့ဆံတွေ ဖိတ်ကုန်မယ် ဆိုတာ သိရဲ့လား။

သား မသိပါ။

မိခင် အဲဒါ ငါပြောပြမယ်၊ နားထောင်၊ ကြက်က အားနဲ့ ကန်ရောဘောင်းဟာ တဘက်ကလေးမြှီး စောင်း မှောက်သွားတယ်၊ ဘာမဆိုဒီလိုဘဲအားနဲ့ လုပ်လိုက်ယင် စောင်းလို့ မှောက်လို့သွားတယ်၊ ဒီတော့အနန့်အများ ပျက်စီးဆုံးပါး သွားတတ်တယ်၊နစ်နာတယ် တာကြောင့် နောင်ခါ ဒီလိုကြက်ကိုလဲ မလိုက်နဲ့နွားကိုလဲမလိုက်နဲ့၊ ဆံတောင်းဖြစ်ဖြစ် ပန်းကန်တောင်းဖြစ်ဖြစ် စောင်းလို့ မှောက်သွားပြီး ပျက်စီးပျောက်ရှကုန်မယ်ဆိုရင် အထူး သတိထားရတယ် ကြက်ကိုမောင်းချင်ရင်အခုံး ဖြေးဖြေး သက်သာနဲ့ လုပ်ရတယ် မှတ်ထား၊ နောင်ကို ဒါမျိုး မလုပ်နဲ့ဟု ဆုံးမလိုက်လေရာ ကလေးမှာ ကြက်နှင့် ဆံတောင်းကိုသာမဟုတ် ခွေးနှင့် အုန်းသီးဘမ်းကိုင်း နွားနှင့်ရေအိုးကိုပင် သဘောပေါက်အောင် သိသွားပြီ ဖြစ်၍နောင် အစဉ်လိမ္မာသွားပေတော့၏။

တနေ့တွင်လည်းအလောင်းဘုရားကလေးက (မေမေ ကျွန်တော်ရှင်ဘုရင်ဖြစ်ချင်တယ်၊ ရှင်ဘုရင်ကြီး ဖြစ်နိုင် ပါ့မလား)ဟုမေးရာ မိခင်က ငါ့သားဘုရင်ဖြစ်လိုက ဖြစ် နိုင်တယ်၊ သို့ပေမဲ့ ဘုရင်ဖြစ်လိုတဲ့လူဟာ အိပ်နေလို့ ကစားနေလို့ မဖြစ်ဘူး၊ တကယ် ဖြစ်လိုတဲ့ စိတ်နဲ့ ဘကယ်ကြိုးစားရမယ်၊ ကြိုးစားရင် ဘုရင်မက ဘုရား တောင် ဖြစ်နိုင်တယ် ဟုအားပေး စကားပြော သဖြင့် အိမ်ရှေ့ ကွပ်ပြစ်ပေါ်တွင်[illegible]သော ဘခင်ကြီးက (အင်း -----ဒီသား၊ ဒီအမေနဲ့ ငါတော့ ကြေးတိုက်ကြီးနှိုး နေတော့ဒါဘဲ)ဟုပြုံးပြုံးဘူးလေသည်။





www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် မိခင်လုပ်သူက 'ဟဲ့ကောင် ကလေး မပြောအပ်တာတွေ လာမပြောနဲ့၊ နင့်ရာဇဝတ် သင့်လိမ့်မယ်၊ ဒီကောင်းကလေးနဲ့ငါခက်တာဘဲ၊ တနောက်ခါ ဒါမျိုးမပြောနဲ့ ပြောရင်နင့် ရှင်ဘုရင်ကြီးလာပြီ ဒါးနဲ့ ခုတ်လိမ့်မယ်၊ မကြောက်လား' ဟု ပြောလိုက်မိက သားငယ်မှာ စိတ်အပျက်ကြောက်သွေးဝင်ခါ နောင်အခါရန်သူတို့ကိုနှိမ်နင်းနိုင်တော့မည်မဟုတ်ချေ၊

မိခင်များသည် သားသမီးငယ်သွီးငယ်တို့အား ကုလားကြီးလာလေရဲ့၊ အင်္ဂလိပ်ကြီးလာလေရဲ့၊ တရုတ်ကြီး လာလေရဲ့၊ ကြောက်ပါတယ်စသည်ဖြင့် ချောက်လှန့်ကာ ကလေးများ၏ အညွန့်ကိုချိုးပဲ့ ပစ်ကြဟန်၏၊ ကလေးများမှာ ကြီးပြင်းလာသောအခါ ကုလားကြီးကိုမြင်လျှင် ကြောက်ရတော့မလို အင်္ဂလိပ်ကိုမြင်လျှင်ရှိုးရတော့မလို ကြောက်ဒူးတုန်လျက် ဆုံးရှုံးနစ်နာကြရလေသည်။

အမျိုး၏ဇာတိမာနကိုမည်သည့်နည်းနှင့်မှ ချိုးပဲ့ခြင်းငှါမသင့်တော့ပေ၊ ယောကျ်ားစိတ်၊ ခြင်္သေ့စိတ်တို့ကိုမွေးမြူပေးရမည့်အချိန်တွင် ကလေးများအားတဘဝလုံး နှလုံးမထူနိုင်အောင် အညွန့်တုံးစေသော မျိုးဖျက်စကားမျိုးဖြင့်ကလေးများအား မချောက်လှန့်သင့်ကြပေ၊ မြန်မာတို့၏ ဂုဏ်ရောင်ကိုမြှင့်တင်ခဲ့သော အလောင်းဘုရား၊ ဘုရင့်နောင်၊ မင်းရဲကျော်စွာ၊ မဟာဗန္ဓုလ၊ စသောသူရဲကောင်းတို့အကြောင်း၊ ပညာရှိကြီးများအကြောင်းတို့ကို နားထောင်ချင့်စဖွယ် ပုံဝတ္ထုများပြောပြခြင်း၊ စာအုပ်



များဖတ်စေခြင်း၊ ဇာတိမာန် ဇာတိသွေး တဖွေးဖွေး ထစေသောအချပ်ကားများကိုကြည့်စေခြင်းဖြင့်ကြောက် မွေးပါ ဇာကန နှင့်နှုတ်ရမည့်သတ္တိကောင်း အာဇာနည် များ ဖြစ်သင့်ကြလေသည်။

The hands that rock the cradle rules the world.

ပုခက်ကို လွှဲသောလက်များသည် ကမ္ဘာကို အုပ်စိုးတော်၏ဟုအင်္ဂလိပ်စကားပုံတခုရှိလေသည်၊ ဆိုလိုရင်းမှာမိခင်များသည်ကမ္ဘာကိုပြုပြင်နိုင်၏၊ ကမ္ဘာ့ကံကြမ္မာကိုဖန်တည်းနိုင်၏၊ မိခင်များလိမ္မာလျှင် လိမ္မာလျောက် မလိမ္မာလျှင်မလိမ္မာလျောက်လူတို့မှာကြီးပွားရ၏၊ ယုတ်လျော့ရ၏၊ ကောင်းမြတ်သောမိခင်များ ထွန်းကားသော ခေတ်တွင် ကမ္ဘာကြီးစည်ကား တိုးတက်လျက်၊ မိခင် ယုတ်တို့ပေါများသောခေတ်တွင် ကမ္ဘာကြီးမှာ ဆုတ် ယုတ်ရတော့သည်ဟုဆိုလိုလေသည်။

တစ္ဆေပုံ၊ သူရဲပုံ၊ လျှောကြီးနဲ့ပုံတွေကို ကော်၍ကြမ်း ကြွားမှုကောင်ပုံ၊ တလားကြီးနှင့်လိုက်ပေါက်ပုံ စသော ကလေးတို့၏ သူရဲသည်းကိုချိုးနှိမ်လျက် လူညွန့်တုံးစေ သောစကားများကိုကလေးများ ကြားလောက်သော နေ ရာတွင်မပြောဆိုမိကြရန် မိခင်များ၏ တာဝန်ဖြစ်လေ သည်။

As the morning shows the day, so the boy shows the man.

www.burmeseclassic.com

www.burmeseclassic.com



နံနက်ချိန်သည်မည်သည့်နံနက်မျိုးဖြစ်မည်ကိုတင်ကြို၍ပြသကဲ့သို့ကလေးသည်လည်း မည်ကဲ့သို့သောလူကြီးမျိုးဖြစ်မည်ကိုပြပေ၏။

—မီလ်တန်

ကလေးသူငယ်များမှာအမျိုး၏ အညွန့်အဖူးများဖြစ်ပေသည်။ အနာဂါတ်ကာလအမျိုး၏ ကြီးပွားမှု သည် လက်ရှိ ခလေးများ အပေါ်၌ တည်၏ ဟူသောစကားရုံ အရ၊ ကလေးများထွန်းကားလျှင် ထွန်းကားသလောက်နွေး ကွေးလျှင်နွေးကွေးသလောက်တိုင်းပြည်လည်း ထွန်းကား ဆုတ်ယုတ်ရလေသည်။

ယနေ့ခေါင်းဆောင်လျက်ရှိသော ပြည်သူ့ ခေါင်း ဆောင်များမှာ ရှေ့ကို နှစ်ပေါင်း ၂၀ အပြင် နေကြရ တော့၏ မည်မဟုတ်သဖြင့် တိုင်းပြည်၏ ကံကြမ္မာကို ခြယ်လှယ်ဖန်တည်းမည့် ခလေးများအား မွေးသမိခင် ကျေးဇူးရှင်များက စိန်ကျောက်တရတည့် အာဇာနည် များဖြစ်စေရန် ကမ္ဘာ့မိခင်များဟု ခေါ်ဆိုအပ်သော အမျိုးသမီးပညာရှင်တို့၏ကြီးလေးမြင့်မြတ်သောတာဝန် ကြီးဖြစ်ပေ၏။

အခန်း ၁၁။

## လောကနိဗ္ဗာန်

လူ့ဘဝကိုရရန်၊ နတ်ဘဝ၊ ဗြဟ္မာဘဝ တို့ထက်ပင် ခဲယဉ်းကြောင်းကို မနုဿတ္တ ဘဝ ဒုလ္လဘ ဟူသော ပါဠိဖြင့် ရှင်တော်ဘုရား ဟောကြားတော်မူခဲ့၏။

လူ့ဘုံမှာဒုတိယနတ်ဘုံဖြစ်၏။ တသက်လျှာအတွင်း ကာယသုခ စိတ္တသုခဖြစ်အောင် မနေတတ်သူများမှာ ဘဝ ရှုံးသူ၊ လူဖြစ်ရှုံးသူဟု ခေါ်သင့်ပေသည်၊ အချို့က တရားသဖြင့် ပျော်ပျော်နေခြင်းကို အာသုသိဒ္ဓိဟု ထင် မှတ်၍ လူ့ဘဝ လူ့အိုး လူ့အိမ်နှင့် နေထိုင်လျက်ပင်- ဘုရားဖြစ်ကြောင်းကြီးလွန်းလှလျက် ဝါတော်-၄၀-ရ ထေရ် ကြီး ရဟန်းကြီး တွဲသို့ မပြုံး မရယ်ဘဲ နေတတ် လေရာ၊ ၎င်းတို့မှာ ရပ်မှီသော ယောဂီပုဂ္ဂိုလ်ကြီး များလည်း မဟုတ်သဖြင့် ထိုယောဂီတို့ ခံစားရသော လောကုတ္တရာ ပျော်ရွှင်မှု မွေ့ပီတိ)နှင့်လည်း မပြည့်စုံ၊ လောကီ ပျော်ရွှင်မှုဖြင့်လည်း၊ မပြည့်စုံဘဲ ဖြစ်တတ် လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပျော်ပျော်နေတိုင်းအားလုံးသို့လော်ဖြစ်ရမည်ဟုမဆိုနိုင်ချေ၊ ကျမ်းဂန်တို့၌ ပုညဝ္ဗ တန်ခိုးဖြင့် ရအပ်သော စည်းစိမ် ချမ်းသာတို့ကို တင်းတိမ်အောင် ခံစား၍ ဘုရားအစ ရှိသော ရတနာသုံး အမြတ်ဆုံး တို့အား ကြည်ညိုနေကြ သူများကို တွေ့ရလေသည်။

ပျော်ရွှင်ခြင်းသည်စည်းစိမ်ဥစ္စာနှင့်ချည်းမသက်ဆိုင် သကဲ့သို့ ငွေကြေးချို့တဲ့ခြင်းမှာလည်း စိတ်သောကပူပင် ခြင်းနှင့်ချည်း သက်ဆိုင်သည် မဟုတ်ပေ။

ဝိသာခါ သူဌေးမကြီးသည် သားမြေးပေါင်းများစွာနှင့် တသက်လုံး ပျော်ပျော်ကြီး နေလေ့ရှိ၏၊ အခါတပါး ဘုရားရှင်အား ကျောင်းတော်ဆောက်လုပ် လှူဒါန်း၍ သံဃာတော်တို့အား ဆွမ်းခဲဘွယ်တို့ဖြင့် ကပ်လှူပြီး ရေစက်ချရာတွင် ကျောင်းတော်ကိုပတ်၍ ဝမ် ဗိုက်ကို စည်အမှတ် တီးခတ်လျက် ကခုန်၍ ကုသိုလ်အဟုန်ဖြင့် ကြည်နူး မြူးထူးကြောင်း ကျမ်းဂန်တို့၌ လာလေသည်၊ သို့သော် တံခါးမရှိ ဒါးမရှိ ပျော်ခြင်းတိုင်း ပျော်နေရမည် ဟုမဆိုလိုကြောင်းကို (ပေါလာပဟိကမ္မနာသာယ) ပုဒ်ဖြင့် ပြဆိုခဲ့လေပြီ။

သေခြင်းတရားသည်သတ္တဝါတို့နှင့် မကင်းကောင်း ပေ၊ သန္ဓေယူ၍ဘဝသစ်တဘန်းကြီး မွေးဖွားလာကြပြီဖြစ် ရကား သေကြေပျက်စီးခြင်း မရှိက ကမ္ဘာဘုံ လူဦး ရေဆန့်တော့မည် မဟုတ်ချေ၊ မွေးသူက မွေး သေသူက သေကြရမည်ပင်။ သေခြင်းတရားသည် နေ့ကဲ့သို့ကျင့်၏



နေမင်းသည် မိမိ၏ အရှိန်တန်ခိုး ထွတ်ရာ တသောင်း သောစကြဝဠာတိုက်၌၊ သက်ရှိသက်မဲ့ ဆင်းရဲချမ်းသာ ကြီး ငယ် မရွေး အရာဝတ္ထုဟူသမျှတို့ အပေါ်၌ ထွန်း လင်း တောက်ပ သကဲ့သို့ သေခြင်း တရားမှာလည်း မျက်နှာရှိ မျက်နှာမဲ့ လူကြီး လူငယ် မရွေးတတ်ပေ။ (အမှည့် တဝင်းဝင်း အကင်း တမြိုက်မြိုက်) ဟူသကဲ့သို့၊ ကြီး၍သေရမည်၊ ငယ်၍အသက်ရှင်နေရမည် ဟု ဥပဒေ အသေမရှိချေ။

လူတို့မှာသေခြင်းတရားကို ကိုယ်တိုင် တွေ့ကြုံဘူး၍ ကြောက်ကြသည်မဟုတ်၊ မိမိတို့၏ပျော်ရွှင်ဘွယ်ရာ ဘဝ ကိုစွန့်လွှတ်လျက် အစ မထင်သော သံသရာ ဖြင့်ကျယ် ပင်လယ်ခရီးဟူ၍ ဘယ်အဖြစ် ဘယ်ဘဝမျိုးသို့ ရောက် မည် မသိသောကြောင့်၊ ကြောက်ရွံ့ကြကုန်၏။ အကယ် ၍သေသည့်၏ အခြားမဲ့၌ အတုမရှိသော နတ်မင်း၏ စည်းစိမ်နှင့်စံစားရမည်ဟု ဘုရားဗျာဒိတ်တမျှ သေချာ လှသော ဟောကိန်းရှိပါက သေရန်များစွာ ကြောက်ရွံ့ ကြမည်မဟုတ်ချေ။

သေခြင်းတရားကို စကြာဝတေး မန္ဓာတ်မင်းမှသည် ငတ်တလှည့်ပြတ်တလှည့် တောင်းခံ စားသောက်ရသော သူတောင်းစားထိကြောက်ရွံ့ကြကုန်၏။ သူတောင်းစား တို့၌လည်း မိမိတို့ဘဝကို အသီးသီးခင်မင် တွယ်တာကြ ကုန်၏။ ယခုပင်မပျော်ရသေးစေကာမူ ရှေ့အဖို့တွင်

www.burmeseclassic.com

www.burmeseclassic.com

ပျော်ရွှင်ဘွယ်တို့ကို တမျှော်တခေါ်ကြီး တွေးထားကြ သူများဖြစ်ကြ၏။

လူ၌ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းဟူ၍နှစ် မျိုးနှစ်စားရှိရာ ကိုယ်၏ ဆင်းရဲခြင်း ကြောင့် သေမင်း ကိုရင်ဆိုင် တိုးဝံ့သူများ မရှိကြချေ၊ စိတ်ဒုက္ခရောက် လွန်းမှသာလျှင် ကိုယ့်ကိုယ်ကိုသတ်သေကြ၏။

မည့်မျှဆင်းရဲစေကာမူ မနေလိုကြဘဲ မိမိတို့ဘဝကို ခင်မင်တွယ်တာကြကုန်၏၊ ထိုခင်မင်မှုကို ဘဝတဏှာဟု ကျမ်းဂန်တို့၌ ဆိုလေသည်။

လောကီနိဗ္ဗာန်ဟု ခေါ်ဆိုအပ်သော စိတ်၏ ချွင်ငြိမ့် ချမ်းသာခြင်းကို ရှာကြံကြရာ၌ ပုဂ္ဂိုလ်ကိုလိုက်၍နှစ် မျိုး နှစ်စားရှိ၏။ ပဌမအမျိုးကား လောကီကို ခင်တွယ်ဘတ် သောင်စရာ တွယ်စရာဖွဲ့ရှာတတ်သောတဏှာကြီးစကို ဖြတ်သျှက်လောက ရုရာတရားတို့ဖြင့် ပျော်မွေ့သော ပုဂ္ဂိုလ်ကြီးများ ဖြစ်၏။ ၎င်းတို့မှာ ရသင့် ရထိုက်သော ပစ္စည်း တို့ဖြင့် သာလျှင် သန္တုဋ္ဌိ သဘောဖြင့် ရောင့်ရဲ လွယ်ကြ၏။ အေးမြကြည်လင်သော စိတ်၏ ချမ်းသာကို ရှာသူများဖြစ်ကြ၏၊

လောကီပကာသန ၅၅-၅၆ မိန့်ကျောက် တိုက်ဘာ လယ်မြေစသော ရတနာတို့ထက် အရောအထောင်မြတ်လှ စွာသော ဗိဇ္ဇာသုခ ရတနာ လာဘ်ကြီးကို ရှေးရှုတော်မူ လျက် တရားကိုကျင့်၏။ သို့ကျင့်ရာဝယ် သြောင်းညား သော ဝေဒနာစသည်တို့မှာ သူတပါးတို့အဘို့ ဒုက္ခဟု



ထင်မှတ်ဘွယ်ဖြစ်သော်လည်း ၎င်းတို့အဘို့မှာ သုခသာ ဖြစ်၏။

အချို့သော ယောဂီကြီးများမှာ ကိုယ်ခန္ဓာကြောင့် ဒုက္ခဖြစ်ရသည်ဟုထင်၍ (ဓါ ရူပံ) ဟူသောအယူအရ ရုပ် ရုပ်သည်၊ ဓါ၊ စက်ဆုတ်ဘွယ်ကောင်း၏ဟု ဆုံးဖြတ်ကြ သဖြင့် သေသည်၏အခြားမဲ့၌ နာမ်သာရှိ၍ ရုပ်မရှိသော အရူပ ဘုံတို့၌ ဖြစ်ရကုန်၏။ ထို့အတူ အချို့မှာလည်း နာမ်ကြောင့် ဒုက္ခဖြစ်ရသည်ဟု (ဓါ စိတ္တံ) စိတ္တံ စိတ် သည်၊ မိ ရုံ့ရှာဘွယ်ကောင်း၏ဟု စက်ဆုတ် တော်မူ ကြသဖြင့် ကွယ်လွန်သောအခါ ရုပ်တုံးရုပ်ခဲကြီးသာရှိ၍ နာမ်မရှိသောရူပဘုံတို့၌ ဖြစ်ရ၏။

ထို့ကြောင့် သိုးဆောင်းစကားပုံတခုက "စိတ်ကူး သည်၊ တကယ့်အဖြစ်အပျက်ထက် ပျော်စရာကောင်း လေသည်"ဟုဆိုထားလေသည်၊ Imiginalion is hettacr than F-uition, ပညာရှိကြီး(အိမာဆင်)ကလူတို့သည်လေ ထဲ၌တိုက်အိမ်ဆောက်ရမည်ဟုပြောဘူးလေသည်၊ Man must build castles in the air,

နပိုလီယံဘုရင်သည် ဘုရင် မဖြစ်မီကပင် ဘုရင့် အခြေအနေများကို အမြဲတမ်း ပျော်ရွှင်စွာ စိတ်ကူးခဲ့၏၊ အ လောင်း ဘုရား မှာ ကလေး ဘ ဝ က ရှင် ဘုရင် အကြောင်း၊ မင်း ရာဇ်အကြောင်း ပြောခဲ့၏၊ ထီးသုံး နန်းသုံးများ ပြောခဲ့ လိုင်းတို့ရန်ကို ချခံရင်းပင်သား


www.burmeseclassic.com

www.burmeseclassic.com



များအား သားတော်ကြီး သားတော်လေး စသည်ဖြင့် ခေါ်ဝေါ်ခဲ့လေသည်။

ယခုခေတ်တွင်လေယာဉ်ရေယာဉ်ရေဒီယိုစသည့်ခေတ်မှီ အသုံး အဆောင်တို့မှာ စိတ်ကူးယဉ်သူ (ဝါ)စိတ်ကူး ကောင်းသူတို့၏ လက်ရာများဖြစ်ခဲ့ပေသည်၊ အနည်း ဆုံးကြိုးစားမှုမရှိဘဲဘယ်ပုံစကားပြောမည်နည်းဟုစိတ် မျှပင် မကူးသူတို့ဘယ်နည်းနှင့် ဝါယာသက်ကို ကြံဆ လုပ်ကိုင်နိုင်ပါမည်နည်း။

"လူနေချိုကြွား စိတ်နေဘုံဖျားဆိုသော စကားကို မကဲ့ရဲ့ထိုက်ပေ" လူကလည်းချုံကြွားမှုနေ၍ ဘုံဖျားသို့ စိတ်မကူးသူသည် တသက်လုံးချုံကြွားမှ ထွက်ရန်လမ်း မရှိတော့ပေ။

မြတ်စွာဘုရားသည် မင်္ဂလာတရားတော်တွင် မိမိ ကိုယ်ကိုကောင်းစွာဆောက်တည်ရခြင်းကို အတ္တသမ္မာ ပဏိဓိစ မင်္ဂလာတရားဖြင့် ဟောကြားတော်မူခဲ့လေရာ မိမိကိုယ်၏တန်ဘိုးကိုပင်၊ အလုပ်၏တန်ဘိုးငင်း၊ စိတ်၏ တန်ဘိုးကိုငင်း၊ အခါအလျောက် စောင့်သိရှိသောရမည် ဟု ဆိုလိုလေသည်။

မိမိဂုဏ်နှင့် သိက္ခာကိုစောင့်ခြင်းသည် မိမိကိုယ်ကို စောင့်ရှောက် ခြင်းပင်ဖြစ်၏။ ဂုဏ်နှင့်ဒြပ်မှာ ခွဲခြား၍ ရကောင်းသည် မဟုတ်ပေ။ အကြောင်းပြယုဂ် မရှိဘဲ ဂုဏ်လုပ်ခြင်းသည် မိမိကိုယ်ကို အလွဲသုံးစား ပြုလုပ်ကြ သူများသာ ဖြစ်သည်။ ထိုသူများမှာ အရပ်မရှိဘဲ အရိပ်



ထွက်လိုသူ ဝမရှိဘဲ ဝိလုပ်ချင်သူ များသာ ဖြစ်သဖြင့် အကျိုးမဲ့ သာလျှင်ဖြစ်စေ၏။

မိမိကိုယ်ကို ချီးမြှောက် ကြွားဝါသော အတ္တုက္ကံသ တရားကို ပညာရှိတို့မနှစ်မျို့ကုန်။

ဒုတိယ ပုဂ္ဂိုလ်မျိုးမှာ လောကနိဗ္ဗာန်ကို လူ့မှက်၍ လူ့ဘဝ၌ပင် ရှာကြံရွေးနှုတ်၍ ပျော်မြူးကြသူများဖြစ်၏၊ လောကဓာတ်ခုံတွင် မိမိတို့ ရွှမ်းသန်သည့် ဘက်က နှန် အားပြုရင်း သုခချမ်းသာကို ခံစားကြကုန်၏။ ၎င်းတို့မှာ အသက်ရှင်မှုအတွက် ကြိုးပန်းတကုတ် အားထုတ်လုပ် ကိုင်ကြ၏၊ အကျိုးပေးညံ့လှ၍ ထင်တိုင်း မပေါက်သော အခါ၌လည်း တဘမ်းတတ မခံစားရလေခြင်းဟု အာ သာ ရမက် ငန်းငန်းတက် မဖြစ်ကြပေ။ ကြိုးစား၍မဖြစ် မြောက်ကလည်း လောကဓံကိုခံနိုင်ရည်ရှိသဖြင့် သန္တုဋ္ဌိစ၊ ဂုဏ်ဖြင့် ပြည့်စုံကြကုန်၏။

လောကီသားသည် လောကုတ္တရာ သမားကို မတု အပ်၊ ပြည့်တန်ဆာဖြစ်လျက် အမျိုးကောင်း သွီးကဲ့သို့ မကျင့်အပ်။ ရဟန်းသည် မင်းကျင့်မကျင့်အပ် သကဲ့သို့ မင်းသည်လည်း ရဟန်းကဲ့သို့မကျင့်ရာ။

ပျော်ရွှင်သည်ဆိုရာ၌လည်း လွန်ကြူးခြင်းဟုဆိုအပ် သော ရတနာတရားလေးပါးကိုပါယ်ရှားအပ်၏၊ ၎င်းတရား လေးပါး......

(၁) …ဣရုတ္တ - ကာမဂုဏ်၌ အလွန်အကျွံ ပျော် ပါးခြင်း။

www.burmeseclassic.com

www.burmeseclassic.com



(၂) သုရာရုဏ္ဏ- သေရည်သေရက်၌ မျှားစွာမွေ့လျော်ခြင်း၊
(၃) အက္ခရုဏ္ဏ- လောင်းကစား ခြင်း၌ အလွန်အကြူးပျော်ပိုက်ခြင်း၊
(၄) ပါပသဟာယ- ပညာ အမြော်အမြင်ကင်းမဲ့သော လူပေါ့လူလေတို့ဖြင့် ပေါင်းဖော်ခြင်း။

အထက်ပါတို့မှာ အပါယ်ငရဲသို့ သွားရာ လမ်းဝတံခါးဝ ဖြစ်သဖြင့် (အပါယမုခ) တရားသေးပါးဟု ရှေးလူ ဟောင်းတို့သရုတ်ခဲ့ကြလေသည်။

လူ့ဘဝကို ရရန် နတ်ဘဝ ဗြဟ္မာဘဝတို့ထက်ပင် ခဲယဉ်းကြောင်း မနုဿတ္တဘာဝ ဒုလ္လဘာ ဟူသောပါဠိဖြင့် ရှင်တော်ဘုရားဟောကြားတော်မူခဲ့၏။

လူ့ဘဝမှာ နတ်ဘဝမျှဖြစ်၍၊ တသက်လျှာ အဘို ကာယသုခ စိတ္တသုခ ဖြစ်အောင် မနေတတ် သူများမှာ ဘဝရှုံးသူ လူဖြစ်ရှုံးသူဟု ခေါ်သင့်ပေသည်။

အချို့ကတရားသဖြင့် ပျော်ပျော်ရွှင်ရွှင် နေခြင်းကိုပင် ဆိတ္တာမရှိဟုမှတ်ယူ၍ လူ့ဘဝ လူ့အိုး လူ့အိမ်နှင့် ပင်လျှင် ဇာရေဒ္ဓသိက္ခာကြီးလွန်းလှလျက် ဝါတော် ၅၀ ရှိ ထေရ်ကြီး ရဟန်းကြီးများကဲ့သို့ မပြုံးမရယ်ဘဲ နေတတ် ပေရာ ၎င်းတို့မှာ တောရပ်မှီသည့် ယောဂီ များလည်း မဟုတ်သဖြင့် အကြွင်ယောဂီ ပုဂ္ဂိုလ်များ ခံစားရသော



လောကုတ္တရာပျော်ရွှင်မှု(ဝမ္မပီတိ)နှင့်လည်းမပြည့်စုံရဘဲ လောကီပျော်ရွှင်မှုနှင့်ကင်းဝေးရပေမည်။

ပျော်ပျော်နေခြင်းသည် အပြစ်မဟုတ် ကျွမ်းဂန်များတွင် ပုညဉ့်တန်ခိုးဖြင့် ရအပ်သော စည်းစိမ် ချမ်းသာ တို့ကို ရောင့်ရဲအောင်ခံစား၍ ဘုရားအစရှိသော ရတနာသုံး အမြတ်ဆုံးတို့အား ကြည်ညို့နေကြသူများကို တွေ့ရလေသည်၊

ပျော်ရွှင်ခြင်း ဆိုတိုင်း စီးပွားဥစ္စာနှင့် မသက်ဆိုင်သကဲ့သို့ စီးပွားချို့တဲ့ခြင်းဆိုတိုင်း စိတ်သောက ပူပင် ခြင်းများနှင့် ချည်းသက်ဆိုင်သည်ဟု မဆိုသာချေ။

ဝိသာခါ သူဌေးမကြီးသည် သားမြေးပေါင်း များစွာ နှင့် တသက်လုံးပျော်ရွှင်စွာ နေလေ့ရှိကြောင်း။ အခါ တပါး ဘုရားရှင်အား ကျောင်းတော် ဆောက်လုပ် လှူဒါန်း အုမ်းခဲဘွယ်ဆက်ကပ်ပြီး ရေစက်ချပြီးနောက် ကျောင်းတော်ကိုပတ်၍ ဝမ်းမြောက်ကိုစည်အမှတ် တီးခတ် လျက် ကခုန်ကာ ဂုသိုလ်အဟုန်ဖြင့် ကြူးနှူး မြူးတူးဘူး ကြောင်း သိမှတ်ရလေသည်။ သို့သော် တံခါးမရှိ ဒါးမရှိ ပျော်ခြင်တိုင်း ပျော်ခနေ ရမည်ဟု မဆိုသို ကြောင်းကို (ဟောလာဟိ ကမ္မနာသယ) ပုဒ်ဖြင့်ပြဆိုခဲ့လေသည်။

သေခြင်းတရားသည် သတ္တဝါတို့နှင့် မကင်းကောင်း ပေ။ သန္ဓေယူ၍ တသိတတန်းကြီး မွေးဖွား လာကြပြီ ဖြစ်ရကား။ သေကြပျက်စီးခြင်းသာမရှိပါဟ ကမ္ဘာ တွင် လူ[illegible]ရသန့်တော့မည်မဟုတ်ချေ။ မွေးသူကမွေး

www.burmeseclassic.com

www.burmeseclassic.com



သေသူကသေကြရမည်ပင်၊ သေခြင်းတရားသည် နေကဲ့သို့ ကျင့် ၍။ နေမင်းသည် မိမိ၏အရှိန်တန်ခိုးကို လွှတ်ရာ၌ တသော်င်းသော စကြာဝဠာတိုက်၌ သက်ရှိ သက်မဲ့ ဆင်းရဲချမ်းသာမရွေး အရာဝတ္ထုဟူသမျှတို့အပေါ်တွင် တွန်းသင်းတောက်ပသကဲ့သို့ သေခြင်းတရားမှာလည်း မျက်နှာရှိ မျက်နှာမဲ့ လူငယ် လူကြီးမရွေးတတ်ပေ။

( အမှည့်တဝင်းဝင်းအကင်းတဖြိုက်ဖြိုက် )ဟူသကဲ့သို့ ကြီး၍သေရမည်၊ ငယ်၍မသေရသေးဟု ဥပဒေ အကန့်အသတ်မရှိချေ။

★

BURMESE CLASSIC

www.burmeseclassic.com